
www.burmeseclassic.com

လှသမိန်

# တူနှစ်ကိုယ် သုခချမ်းသာ



APK
1999

www.burmeseclassic.com

www.burmeseclassic.com

# တူနှစ်ကိုယ်သုခချမ်းသာ

လှသမိန်

BURMESE CLASSIC .com

ပဉ္စမြားမောက်စာပေ
အမှတ်-၁၆၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၂၈၃၃၈၇

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်

အုပ်ရေ – ၁၀၀၀

၂၀၀၁ – ခုနှစ်

တန်ဖိုး - [redacted]

စာမူခွင့်ပြုချက်အမှတ် - ၆၂၉/၂၀၀၁(၆)

မျက်နှာဖုံးခွင့်ပြုအမှတ်- ၇၉၁/၂၀၀၁(၉)

အတွင်း/အဖုံးပုံနှိပ် - ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်-၁၇၁၊ ၃၃ လမ်း၊
ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ်(၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်း။

မျက်နှာဖုံးဒီဇိုင်း - နေမင်းဦး

ကွန်ပျူတာစာစီ - သန်းသန်းရီ

ပြည်လုံးကျွတ်ဖြန့်ချိရေး

ပဏ္ဏမြားငမောက်စာပေ

အမှတ်-၁၆၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# မာတိကာ


–။ ဤမှစ၍ဖတ်ပါ ၆
၁။ အိမ်ထောင်ရေးဟူသည်အဘယ်နည်း ၇
၂။ အဘယ်ကြောင့် အိမ်ထောင်ပြုသနည်း ၉
၃။ အိမ်ထောင်ရေး ရည်မှန်းချက်များ ၁၇
၄။ အိမ်ထောင်ရေး၏ ခရီး ၂၃
၅။ အိမ်ထောင်ရေးနှင့် လူမှုရေးအမြင် ၂၉
၆။ အိမ်ထောင်ပြုသူများ၏ အခြေခံ ၄၅
၇။ အိမ်ထောင်ရေးနှင့် ဥပဒေရေးရာ အမြင် ၇၁
၈။ အိမ်ထောင်ရေးနှင့် အသက်အရွယ်ကွာခြားမှု ၈၁
၉။ အိမ်ထောင်ဘက် ရွေးချယ်ခြင်း ၉၁
၁၀။ အိမ်ထောင်ရေးနှင့် အချစ်သဘောတရား ၁၀၇
၁၁။ အိမ်ထောင်ရေးနှင့် သားသမီးပြဿနာ ၁၀၉
၁၂။ အိမ်ထောင်ရေးနှင့် သားသမီးကန့်သတ်မှုပြဿနာ ၁၂၃
၁၃။ အိမ်ထောင်ရှင်တို့၏ ကျန်းမာရေး ၁၃၅
၁၄။ အိမ်ထောင်၏ ပျော်ရွှင်မှု ၁၄၇
၁၅။ အိမ်ထောင်သာယာမှု စွဲမြဲရေး ၁၅၃
၁၆။ အချစ်သဘောတရား ၁၆၅


www.burmeseclassic.com

www.burmeseclassic.com



# ဤမှ စ၍ဖတ်ပါ

စာရေးသူသည် လူ့လောကကို တစ်နည်းတစ်ဖုံအကျိုးပြုမည့် စာမျိုးကို ထောင့်အမျိုးမျိုးမှ ရေးသားခဲ့ဖူးလေသည်။ ထိုသို့ရှုမြင်သုံးသပ်သော ထောင့်များတွင် လူ့လောက၏ အိမ်ထောင်ရေးရှုထောင့်သည်လည်း ပါဝင်ပေသည်။ အိမ်ထောင်ရေးသည် လူ့အရေးပင်ဖြစ်ပေသည်။ ရှေ့တန်းသို့တင်သည်ဖြစ်စေ၊ နောက်ကွယ်၌ထားသည်ဖြစ်စေ၊ အိမ်ထောင်ရေးသည် လူနှင့် ထိတွေ့ရဆုံးသော အရေးပင်ဖြစ်၍ နိုင်ငံရေးကိုသာ ဦးစားမပေးသူဖြစ်ပါက အိမ်ထောင်ရေး သည် ထိုသူ၏ ရှေ့တန်းအရေးပင် ဖြစ်ရပေမည်။ ထိုအိမ်ထောင်ရေးအတွက် သိစရာ၊ တတ်စရာ၊ မှတ်စရာတို့ကလည်း များလှပေသည်။

စာရေးသူသည် **"လင်တော်လင်ကောင်း"**နှင့် **"မယားထူးမယား မြတ်"**ဟူသော အိမ်ထောင်ရေးစာအုပ်များအပြင် **"ဇနီးမောင်နှံနိုင်မြဲရေး"** ဟူသော စာအုပ်ကိုလည်း ရေးခဲ့ပေသည်။ ထိုစာအုပ်များ ပေါ်ထွက်ပြီးနောက် တွင်ကား အိမ်ထောင်ရေးနှင့်ပတ်သက်သော ဆွေးနွေးအကြံဉာဏ် တောင်းသည့်စာများ၊ အိမ်ထောင်ရေးနှင့် အခြေပြု၍ စာအုပ်များ ရေးသားထုတ်ဝေရန် တိုက်တွန်းစာများကို အဆက်မပြတ် ရရှိခဲ့ပေသည်။ အိမ်ထောင်ရေးလောက အတွက် သိစရာများ (ဝါ) ပြဿနာများ အတော်များများပင် ရှိနေသည်ကို ပို၍ ထိတွေ့နားလည်ခဲ့ရလေသည်။ သို့ရာတွင် အလုပ်တာဝန်များပြားသူဖြစ်သောကြောင့် လိုနေသောဆန္ဒကို ယခုမှပင် ဖြည့်နိုင်ခဲ့သည်ဟု ဆိုရပေမည်။

အိမ်ထောင်ရေးသည် ပညာတစ်ရပ်အနေဖြင့်ကား မထင်ရှားခဲ့သေးပေ။ သို့ရာတွင် အရေးကြီးသော လေ့လာမှတ်သားဖွယ်ရာကားမှန်ပေသည်။ သီးခြားပညာတစ်ရပ် အသွင်ဖြင့် သင်ကြားပို့ချမှုမရှိခဲ့သေးခြင်းမှာ အိမ်ထောင်ရေးပြဿနာများသည် အကြောင်းအရာများစွာနှင့် နီးနှောဆက်စပ်နေခြင်းကြောင့်ပင် ဖြစ်လေသည်။

အချို့က လိင်ပညာသည် အိမ်ထောင်ရေးအသိပညာပင် ဖြစ်သည်ဟု ယူဆကြပေသည်။ အိမ်ထောင်ရေးတွင် လိင်ကိစ္စသည် တစ်စိတ်တစ်ဒေသ ပါဝင်စေကာမူ၊ အိမ်ထောင်ရေးသည် လိင်ကိစ္စချည်းမဟုတ်ဘဲ၊ အခြားရေးရာကိစ္စများလည်း ဆက်စပ်နေပေသည်။ ပေါင်းသင်းဆက်ဆံရေးနှင့်လည်း မကင်းပေ၊ စီးပွားရေးသဘောတရား၊ နိုင်ငံရေးအယူအဆ သဘောတရားနှင့်လည်း မကင်းပေ။ ကျန်းမာရေးဆေးပညာ၊ စိတ်ပညာ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုတို့နှင့် နှောယှက်သည့်နေရာတွင်လည်း နှောယှက်နေပေသည်။ လူမှုရေးအမျိုးမျိုးသည် အိမ်ထောင်ရေးရာတွင် ဆက်စပ်ခြင်း၊ ဂယက်ရိုက်ခြင်း ရှိပေသည်။

အိမ်ထောင်ရေးကို အခြားအရေးများ မပါဘဲ သီးခြား,ကွက်ထုတ် သုံးသပ်၍ မရပေ။ တကယ့်အိမ်ထောင်ရေးသည် အချစ်ရေးမျှထက် ပို၍ပင် လေးနက်ကျယ်ပြန့်သည်ကိုလည်း နှလုံးသွင်းရပေမည်။ မည်သို့ပင်ဖြစ်စေ ဤစာအုပ်တွင် အိမ်ထောင်ရေးကို တတ်နိုင်သမျှ ရုပ်လုံးပေါ်စေ၍ အိမ်ထောင်နှင့် ဆက်စပ်သော သိစရာတို့ကိုလည်း အထိုက်အတန် ရရှိနိုင်လိမ့်မည်ဟု ယုံကြည်စွာဖြင့် စေတနာအပြည့်အဝထားကာ ပြုစုလိုက်ပေသည်။

လှသမိန်



# အိမ်ထောင်ရေးဟူသည် အဘယ်နည်း

အိမ်ထောင်ရေးဟူသည် စကားကို တိုတိုနှင့် ဖွင့်ရလျှင် ဖိုနှင့်မ နှစ်ဦးတို့ အတူပေါင်းသင်းဆက်ဆံ၍ ဘဝတစ်ခုထူထောင်ကြသည့် အရေးပင် ဖြစ်ပေသည်။ အိမ်ထောင်တစ်ခုတွင် ဓာတ်လိုက်(ဝါ)ကာယကံရှင်မှာ ယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦးတို့ပင် ဖြစ်ပေသည်။ သူတို့နှစ်ဦး ပြေလည်စွာ အသက်ထက်ဆုံးမခွာ–မကွဲဘဲ တွဲနိုင်ဖို့အရေးသည် အိမ်ထောင်ရေးပင် ဖြစ်လေသည်။

ဤသို့ဆိုလျှင် အိမ်ထောင်ရေးသည် အလွန်လွယ်ပေလိမ့်မည်။ ယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦးသည် အတူပူးတွဲရန် နှစ်ဦးလုံး၏ ဆန္ဒဖြင့် အိမ်ထောင်ဖွဲ့စည်း စိုက်ထူလိုက်ကြပြီးသော် အိမ်ထောင်ရေးတွင် ပြဿနာဟူ၍ ချဲ့ထွင်စရာ လိုပါသေးသလော။ သဘောတရား ဆရာများ၊ သုံးသပ်လေ့လာသော စာရေးဆရာများက မရှိသည်ကို အရှိလုပ်ကာ ပြဿနာတစ်ခုအဖြစ် စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားနေကြခြင်းကြောင့်ပင် အိမ်ထောင်ရေးသည် ပြဿနာ ဖြစ်နေရပါသလော။

အိမ်ထောင်ရေးနှင့် ပြဿနာသည်ကား ဒွန့်တွဲ၍ နေပေသည်။ အိမ်ထောင်ရေးသည် လူနှစ်ဦး၏ ပေါင်းဖွဲ့ရေးပင်ဖြစ်ပေသည်။ လူနှစ်ဦးဟု ဆိုကတည်းက ထိုနှစ်ဦးတို့၏ တစ်မျိုးတစ်ဘာသာစီ ကွဲပြားသော စိတ်, ဆန္ဒ, ယုံကြည်ချက်, မျှော်မှန်းချက်, အကြိုက်, အလေ့အထ စသည့် အကြောင်းအရာများသည် ပြဿနာပင် ဖြစ်၍လာရပေလိမ့်မည်။

www.burmeseclassic.com



ထိုနှစ်ဦးအနက် တစ်ဦးစီ၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများကလည်း ရှိပေဦးမည်။ ထိုမှ တစ်ပါး ထိုနှစ်ဦးသည် သက်ရှိသတ္တဝါများဖြစ်ကြ၍ စိတ်ရောရုပ်ပါ တစ်နေ့နှင့်တစ်နေ့ တစ်ပုံစံတည်း၊ တစ်ထပ်တည်း ညီညာရပ်တည်၍ နေမည်မဟုတ်ဘဲ ပတ်ဝန်းကျင်၏ ဖန်တီးမှုအရ အစဉ်ပြောင်းလဲနေပေဦးမည်။

ထိုသို့သော အကြောင်းများကြောင့် တစ်မျိုးတစ်မည်စီ ရွေ့လျားနေသော အရာဝတ္ထုနှစ်ခုကို မျဉ်းပြိုင်လမ်းကြောင်းအတွင်းသို့ရောက်အောင် နှစ်ဖက်ညှိသွင်းရသော အရေးအရာသည်မှ ပြဿနာမဖြစ်ခဲ့လျှင် အဘယ်အရာသည် ပြဿနာ ဖြစ်ပါတော့မည်နည်း။

အိမ်ထောင်ရေးကို ပေါ့ပါးတွေးလျှင် သို့မဟုတ် အစိတ်အပိုင်းအဖက်ဖက်မှတွေးလျှင် လွယ်၍၊ လေးလေးနက်နက် ချိန်ညှိ၍ စဉ်းစားလျှင် ခက်ပေသည်။ မည်သို့ပင် ခက်စေကာမူလည်း လူ့ဘဝတွင် အရွယ်ရောက်လာလျှင် လောကီမှုကိုသာ မစွန့်ပယ်ပါက ထိုအခက်ပြဿနာကိုပင် ရင်ဆိုင်နေကြရပေသည်။ ခက်သည်ဟူ၍ နောက်ဆုတ်အရှုံးပေးရန် မလိုဘဲ အခက်အခဲကိုပင် အောင်မြင်စွာ ကျော်ဖြတ်ကြရပေသည်။

အိမ်ထောင်ရေးပြဿနာများကို မစဉ်းစားမီ အိမ်ထောင်၏ သဘောသရုပ်ကိုလည်း လေးနက်စွာ စဉ်းစားရပေဦးမည်။ အိမ်ထောင်ရေးသည် ဖိုနှင့် မ,တို့၏ ပေါင်းဖွဲ့ရာ အဖွဲ့အစည်းပင်ဖြစ်သည်။ သို့သော် မည်သည့်ရည်ရွယ်ချက်၊ မည်သည့်နည်းစနစ်မျိုးနှင့် ဖွဲ့လေသနည်း၊ မည်ကဲ့သို့တည်ဆောက်၍ မည်ကဲ့သို့ ထိန်းသိမ်းပေမည်နည်း။ အိမ်ထောင်တစ်ခုစီ၏ ပြဿနာသည် ထိုအိမ်ထောင်တစ်ခုစီ၏ ဖွဲ့စည်းသည့် ပုံသဏ္ဌာန်ပေါ်တွင်သာ တည်ပေသည်။

ထို့ကြောင့် အိမ်ထောင်ဖွဲ့စည်းပုံနှင့် အိမ်ထောင်၏ မျှော်မှန်းချက်တို့ကိုပင် ခွဲခြမ်းစိတ်ဖြာ၍ စဉ်းစားလေ့လာရန် လိုအပ်ပေသည်။

❤



# အဘယ်ကြောင့်အိမ်ထောင်ပြုသနည်း

ယောက်ျား၊မိန်းမတို့သည် အရွယ်ရောက်၍ ဘဝတွင် အဆင်ပြေမှုရှိသည့်အခါ အပြေအလည်ညှိ၍ အိမ်ထောင်ဟူ၍ ထူထောင်ကြပေသည်။

ကမ္ဘာဦးခေတ်က လူတို့၏ သဘာဝကို ဆန်းစစ်လျှင် ယောက်ျား၊ မိန်းမဟူသော အသွင်နိမိတ်ပေါ်ပေါက် ရင့်ကျက်လေကြီးသောအခါကစ၍ ကာမဂုဏ်တပ်မက်သော စိတ်ဆန္ဒဖြင့် ဖိုနှင့်မတို့ အတူပေါင်းဖက် ဆက်ဆံခဲ့ကြပေသည်။ လူရိုင်းကို့၏ ခေတ်တွင် မိမိ၏ အဖော်အဖက်ဟူ၍ သီးသီးခြားခြား အစဉ်ထာဝရ တွဲဖက်မှုမရှိဘဲ၊ တိရစ္ဆာန်များပမာ အခါအခွင့်နှင့် ဆန္ဒကိုလိုက်၍ ဆက်ဆံခဲ့ကြပေသည်။ အင်အားသာလွန်သူက အင်အားနည်းပါးသူကို အနိုင်ယူကာ ဆက်ဆံသည်လည်း ရှိခဲ့ပေသည်။

သို့ရာတွင် အစုအအုပ်နှင့် နေတတ်လာကြသောအခါ စိတ်ဓာတ်အယူအဆအနေနှင့် မြင့်၍လာသည်နှင့်အမျှ စိုးပိုင်လိုသော ဆန္ဒနှင့် ထိန်းသိမ်းစောင့်စည်းတတ်သော အသိတရားများ ဝင်စားလာပေရာ ဖိုနှင့်မတို့ သီးသီးခြားခြား အဖော်အဖက်ပြု၍ ဆက်ဆံနေထိုင်သော အလေ့ရှိလာခဲ့ပေသည်။

ထိုသို့ သီးခြားတွဲဖက်သူများကို ပတ်ဝန်းကျင်ကလည်း ဆန့်ကျင်တိုက်ဖျက်ခြင်း မပြုဘဲ လိုက်လျောခွင့်ပြုလာခဲ့ကြပေသည်။ ဤနည်းအားဖြင့် ဖိုနှင့်မတို့၏ အတွဲအဖက် ဒွိယတို့သည် အိမ်ထောင်ဟူသော ပုံသဏ္ဌာန်ဖြင့် ရပ်တည်လာခဲ့ကြလေသည်။ ယဉ်ကျေးမှုတိုးတက်လာသည်နှင့်အမျှ အိမ်ထောင်နှင့်ဆိုင်ရာ လူမှုရေးကျင့်ဝတ်များသည်လည်း ပွားများ၍လာရလေသည်။

www.burmeseclassic.com



ထို့ကြောင့် မျက်မှောက်ခေတ်၏ အိမ်ထောင်ရေးရည်ရွယ်ချက်ကို ဆန်းစစ်လျှင် ကမ္ဘာဦးက ကာမရမက်တစ်ခုတည်းကိုသာ အခြေခံသော အိမ်ထောင်ရေးနှင့် ကွဲပြားခြားနားလာခဲ့ရလေသည်။

လူသတ္တဝါတို့သည် အခြားသက်ရှိ သတ္တဝါများနည်းတူ အရွယ်ရောက်၍ ကိုယ်အင်္ဂါပြည့်ဖြိုး ထွားကြိုင်းလာခဲ့လျှင် သဘာဝ ဇီဝဖြစ်သော ကာမဂုဏ်စိတ်ဆန္ဒများ ပေါ်ပေါက်လာမြဲပင်ဖြစ်လေသည်။ ပတ်ဝန်းကျင်မှ တုယူသင်ကြားမှု မရှိဘဲနှင့်ပင် ထိုဇီဝစိတ်သည် ဖွံ့ဖြိုးရပေသည်။

ပတ်ဝန်းကျင် ရုပ်ဝတ္ထုများ၊ အတွေ့အမြင်စသော အာရုံများက သွေးထိုးပေးသောအခါတွင်ကား ပို၍ ထက်သန်လာရပေသည်။ ကာမဂုဏ်စိတ်သည် ကိုယ်ခန္ဓာသွေးသားတို့၏ ပြောင်းလဲလှုပ်ရှားမှုနှင့် သက်ဆိုင်ကြောင်းကို ဆေးပညာအနေဖြင့် အထင်အရှား ပြနိုင်ပေသည်။

သို့ဖြစ်သောကြောင့် အရွယ်ရောက်လာလျှင် ကာမဂုဏ်သာယာမှု ပြည့်ဝရေးအတွက် ဖိုက,မကို၊ မက,ဖိုကို အဖော်အဖက်ပြုလိုကြပေသည်။ ထိုအခါတွင် ချစ်တတ်,ကြိုက်တတ်သောစိတ်များနှင့် ကာမဂုဏ်နှင့် ပတ်သက်၍ စိတ်ကူးယဉ်တတ်မှုများ ဖွံ့ဖြိုးလာတတ်ပေသည်။ ဤကား လူ့သဘာဝပင် ဖြစ်ပေသည်။

သို့ရာတွင် ထိုဆန္ဒအာရုံ တစ်ခုတည်းဖြင့် အိမ်ထောင်ရေးကို လွှမ်းမိုးသည်ကား မဟုတ်ပေ။ ထိုဆန္ဒသည် အိမ်ထောင်ပြုရေးအတွက် အခြေခံပင်ဖြစ်သည်ဟူ၍လည်း တစ်ထစ်ချ မယူဆသာပေ။ ထိုဆန္ဒသည် နောက်ဆုံးအိမ်ထောင်ရေးကို ဦးတည်သည်ဟူ၍လည်း ဧကန်မပြောနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် လူမှုရေးအခြေအနေနှင့် ပတ်ဝန်းကျင်က ရောင်ပြန်ဟပ်သော အသိတရားအရ၊ ကာမဂုဏ်ဆန္ဒ တစ်ခုတည်းဖြင့် အိမ်ထောင်ရေးကို မချိုဝဲ၊ မလွှမ်းသာအောင် ရှိနေသောကြောင့် ဖြစ်လေသည်။ ထို့မှတစ်ပါး ကာမဂုဏ်ရေးရာနှင့် အိမ်ထောင်ရေးရာသည် အားလုံးထပ်တူလည်း မဟုတ်သောကြောင့် ဖြစ်လေသည်။

ယောက်ျားနှင့် မိန်းမနှစ်ဦးသည် အပြန်အလှန် တပ်မက်ချစ်ခင်နေရုံနှင့် မစဉ်းမစား အိမ်ထောင်ပြုဝံ့ကြမည် မဟုတ်ပေ။ ဖိုနှင့်မတို့အဖို့ ရမက်နှင့် ဆက်ဆံရေးမှာ ပြဿနာတစ်ခုဖြစ်၍ အိမ်ထောင်ထူထောက်ရေးမှာ ပြဿနာတစ်ခုလည်း ဖြစ်နေတတ်ပေသည်။ ချစ်ရေး, ကြိုက်ရေးသည် အိမ်ထောင်ရေးပင်ဖြစ်သည်ဟု နားလည်ထားသူများ အများအပြားရှိစေကာမူ ချစ်ရေး, ကြိုက်ရေးကို အိမ်ထောင်ရေးနှင့် မဆက်စပ်ဘဲ သာမန်စဉ်းစားသူများလည်း ရှိလေသည်။



ယဉ်ကျေးမှုနှင့် လူမှုရေးစနစ် ပြောင်းလဲလာသော မျက်မှောက်ခေတ်တွင် အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် အိမ်ထောင်ရေးပြဿနာကို စဉ်းစားကြရပေသည်။ ထိုအချိန်တွင် အိမ်ထောင်ရေးကို သဘောမပေါက်ဘဲ၊ စိတ်လွင့်မှုနှင့် ဆန္ဒတက်ကြွမှုတစ်ခုကိုသာ အရေးထားတတ်သော ရူးရူးမိုက်မိုက် မြီးကောင်ပေါက် အပျိုသင်ငယ်ရွယ်သူများမှအပ အမြော်အမြင်ရှိသူများသည်ကား အချစ်ကိုကျော်၍ အိမ်ထောင်ရေးဒထိ လှမ်းမျှော်ကြရပေသည်။

အချစ်ဟုဆိုလျှင်ပင် သာမန်ကာမအာရုံ တက်ကြွမှုမျိုးထက် လေးနက်၍ ဆင်ခြင်ဉာဏ် ယှဉ်၍လာပေသည်။ ကာမဂုဏ်ဆန္ဒ ဖြည့်စွမ်းရေးတွင် ဆန့်ကျင်ဘက် လိင်တစ်ဦးဦးဖြစ်ပါက ရည်မှန်းချက် ပြည့်မြောက်နိုင်သော်လည်း အချစ်သဘော ကိန်းဝင်လာသောအခါ ချစ်ရလောက်သော အရည်အချင်းနှင့် အခြေအနေကို ဆက်စပ်စဉ်းစား၍ လာမည်ဖြစ်လေသည်။

ဖိုသည်မ,တိုင်းကိုလည်းကောင်း၊ မသည် ဖို,တိုင်းကိုလည်းကောင်း ချစ်၍မရသည်ကို တွေ့ရှိလာမည် ဖြစ်လေသည်။ အိမ်ထောင်ရေးရည်မှန်းချက် ဝင်၍လာပါမူကား ထိုထက်ပင် လေးနက်စွာ စဉ်းစားလာမည်ဖြစ်၍ ပြဿနာသည်လည်း ကျယ်ပြန့်လာမည် ဖြစ်ပေသည်။

ယေဘုယျအားဖြင့် တွက်ချက်သော် ခေတ်၏ အိမ်ထောင်ရေးသည် အချစ်ရေးတစ်ခုတည်းနှင့် အဆုံးအဖြတ်မရောက်သည်သာ များပေသည်။ ထိုထက်တစ်ဆင့်တက်၍ ဆိုပါမူ ချစ်ရေး,ကြိုက်ရေးတို့သည်ပင်လျှင် သာမန်ကာမဂုဏ် စိတ်ဆန္ဒထက် အခြားသော လူမှုရေးအကြောင်းတရားတို့ပါ အခြေခံ၍နေသည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ရိုင်းခေတ်တွင် ချစ်၍ ချစ်ကြသည်မှန်သော်လည်း ယဉ်ကျေးသော ခေတ်၌ ချစ်သင့်သောကြောင့် ချစ်ကြသည်သာ ဖြစ်လေသည်။ ချစ်၍ ချစ်ကြသူလည်း ရှိစေကာမူ နည်းပါးပေလိမ့်မည်။

ထို့ကြောင့် အိမ်ထောင်ရေးသည် သာမန် ကာမဂုဏ်ကိစ္စတစ်ခုတည်းသော ရည်ရွယ်ချက်နှင့် ထူထောက်ခြင်း မဟုတ်သည်ကို သိနားလည်ရန် လိုပေသည်။ လူသည် လူ့ရိုင်းဘဝမှ လူယဉ်ကျေးဖြစ်၍ လာခြင်းကြောင့် ဆောင်ရွက်တန်တာဝန်များ၊ မျှော်မှန်းချက်များ၊ အလိုဆန္ဒများသည် ထွေပြား၍လာလေသည်။

ဂူလိုဏ်တွင် တူပြိုင်ချစ်၍ နေရုံမျှနှင့် မပြီးပေ၊ အမဲလိုက်ကာ၊ သစ်သီးဆွတ်ကာ အသက်ရှင်၍ နေနိုင်သောခေတ်လည်း မဟုတ်ပေ။ ထို့ကြောင့် ဘဝရေးရာတွင် သာယာပျော်ပါးမှု တစ်ခုတည်းကိုသာ အာရုံမစိုက်နိုင်ဘဲ၊ ဘဝရပ်တည်မှုကိုပါ တွေး၍, ကြံ၍, အားထုတ်၍ နေရလေသည်။ ဘဝတည်တံ့မှလည်း အချစ်နှင့်ကာမဂုဏ်အာရုံတို့ကို ခံစားနိုင်ပေမည်။

ဘဝတည်တံ့ရေးမှာလည်း ရှေးကထက် ခက်ခဲနက်နဲ၍ လာလေသည်။ ထို့ကြောင့် ကာမဂုဏ်တို့ထက် အခြားသော ဘဝရေးရာတို့က လူသားတို့အား ဖိစီး လာခဲ့ပေရာ အိမ်ထောင်ရေးတွင်လည်း ထိုတာဝန်နှင့် အသိများ ဝင်၍လာရပေတော့သည်။

ထို့ကြောင့်ပင် အိမ်ထောင်ရေးကို စဉ်းစားသည့်အခါ ဘဝပြဿနာများ၊ ဘဝရေးရာများကို မေ့ပျောက်၍ ကာမဂုဏ်တစ်ခုတည်း၏ နောက်သို့ မလိုက်ဝံ့ကြပေ။ ဘဝ၏ အသိတာဝန်များကြောင့် အချို့သော လူများတွင် ကာမဂုဏ်ရေးမှာ နောက်ပိုင်းသို့ပင် ရောက်နေကြရပေသည်။ အိမ်ထောင်ရေး၏ ရည်ရွယ်ချက်များသည် ခေတ်အလျောက် ပြောင်းလဲလာရသည်ကိုပင် တွေ့နိုင်ပေသည်။

ရှေးအခါက မိဘတို့သည် အရွယ်ရောက်သော သားသမီးတို့အတွက် အိမ်ထောင်ရေးကို တာဝန်ယူ၍ စဉ်းစားကြပေသည်။ သား,ယောကျ်ားကလေးအတွက် ဇနီးတစ်ယောက်အား လုပ်ကျွေးပြုစုနိုင်သော အလုပ်အကိုင် အခြေအနေရှိပါက အိမ်ထောင်ပြုပေးရန် ကြံရွယ်ကြပေသည်။ သမီး, မိန်းကလေး အတွက်မူ အရွယ်ရောက်၍ အိမ်မှုကိစ္စ နိုင်နင်လျှင် အိမ်ထောင်ချသင့်ပြီဟူ၍ ယူဆကြပေသည်။

သဘောရင်းအချက်မှာ သား,သမီးတို့သည် တစ်အိုးတစ်အိမ်ထောင် ထူထောင်နိုင်သောအခြေရှိပြီဖြစ်၍ လူ့ဘဝတွင် အလုပ်လုပ်ကာ စားသောက်ကာမျှနှင့် အချိန်မကုန်စေအပ်။ ကာမဂုဏ်စိတ်ကိုလည်း လူ့သဘာဝအတိုင်း ရယူခံစားကြရန် အချိန်တော်ပြီ၊ ထိုကိစ္စကို အချင်းချင်း ချစ်ခင်ကျေနပ်စွာဖြင့် သာယာစွာ ဆက်လက်ခံစားကြ၍ လူ့လောကကို ပွားဆက်ကြလေဟူ၍ တာဝန်ချထားခြင်း၊ အခွင့်လွှတ်ခြင်း၊ ဖြည့်စွမ်းပေးခြင်းသဘောပင် ဖြစ်ပေသည်။

ဤသို့ အခြေကျသွားပါက ကာမဂုဏ်ရမက်ကြောင့် သားတို့၊ သမီးတို့တွင် စိတ်မချမ်းသာခြင်း၊ အပေါင်းအသင်းမှားခြင်း၊ မဖြစ်သင့်သည်တို့ဖြစ်ခြင်း၊ ရောဂါအန္တရာယ်ဖြစ်ခြင်း စသည်တို့မှ ကင်းလွတ်အေးချမ်းသွားလေပြီဟူ၍လည်း စိတ်နှလုံးချကြပေသည်။

သို့ရာတွင် ခေတ်သည်ပြောင်း၍ မိဘတို့၏ အတွေးအခေါ်နှင့် မျှော်မှန်းချက်ကလည်း ပြောင်းလဲကာ သား,သမီး လူငယ်လူရွယ်တို့၏ အယူအဆကလည်း ပြောင်းလဲလာလေသည်။

လူသည် တစ်ဦးတည်း ရပ်တည်နေခြင်းမရှိ။ ကူညီမည့်သူ၊ အကြံပေးမည့်သူ၊ ယုယပြုစုမည့်သူ၊ မှီတွယ်အားကိုးရမည့်သူ၊ တိုင်ပင် ညှိနှိုင်းရမည့်သူဟူ၍ လိုလာပေသည်။ တိုးတက်လာသော လူ့အသိဉာဏ်၌ ထိုလိုအပ်ချက်ကို ဘဝ၏လိုအပ်ချက်ဟူ၍ပင် အသိအမှတ်ပြုလာကြပေသည်။

ဤအသိသည် အိမ်ထောင်၏ အယူအဆကိုလည်း လေးနက်လာစေပေသည်။ ဖိုသည်,မအတွက် ကာမဂုဏ်ဖြည့်စွမ်းရန်အတွက်သာမဟုတ်၊ ဘဝအတွက် အနည်းနည်း အဖော်အဖက်ရသူအဖြစ် နားလည်လာပေသည်။

ထိုနည်းတူပင် မသည်လည်း ဖိုအတွက် ကာမ အဖော်အဖက်မျှသာမဟုတ်၊ ဘဝခရီးဖော်ဖြစ်သည်ဟူ၍ သဘောထားလာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝခရီးဖော်ဟု ဆိုရာတွင် အဘယ်မျှလောက် တာဝန်ကြီးသော ဘဝဖြစ်သည်ကို သိလာရလေလေ ခရီးဖော်၏ တန်ဖိုးကိုလည်း ပို၍ လေးစားလာလေလေ ဖြစ်လာလေသည်။

လူရှိင်းများခေတ်ကပင်လျှင် ဖိုသည် အမဲလိုက်၊ အစာရှာရ၍ မသည်, အိုးအိမ်ကို ပြုပြင်ကာ စားသောက်ဖွယ်ရာ စီမံပြုပြင် ထိန်းသိမ်းသည့် တာဝန်ကို တစ်ဖက်စီ ခွဲဝေယူခဲ့ကြပေသည်။ ယဉ်ကျေးလာသော ကာလတွင်ကား ဖို,မတို့၏ လူ့တာဝန်များကို အချိုးအဆများစွာ ခွဲဝေတာဝန်ယူကြရပေသည်။

ထို့ကြောင့် အိမ်ထောင်အဖော်အဖက် တွဲဖက်သည့်ကိစ္စတွင် ကာမဂုဏ်ဆန္ဒ တစ်ခုတည်းကိုဦးတည်၍ မရတော့သည်ကိုလည်း နားလည်လာကြလေသည်။ သို့ရာတွင် ယဉ်ကျေးသောခေတ်အထိ ကာမဂုဏ်ကိစ္စတစ်ခုတည်းကိုသာအရေးထားကာ ဖိုသည်,မ၏ ဖြည့်စွမ်းရာ၊ မသည်, ဖို၏ စိတ်အာရုံခံရာအနေနှင့် လူ့ဘဝ၏ တာဝန်များနှင့် များစွာသော တန်ဖိုးစွမ်းအင်ကို ဖယ်ရှားကာ တွက်ချက်ယူဆနေသူများ ရှိပေသေးသည်။ အိမ်ထောင်ရေးတွင်လည်း ထိုရည်ရွယ်ချက်ကို ရှေ့တန်းတင်၍ စဉ်းစားသူများလည်း ရှိပေသည်။

မည်သို့ပင်ဖြစ်စေ ယဉ်ကျေးသောခေတ်၌ အိမ်ထောင်ရေး ရည်ရွယ်ချက်များတွင် ကာမဂုဏ်ရေးနှင့် ဘဝထူထောင်ရေး ရည်ရွယ်ချက် နှစ်ရပ်လုံးပါဝင်၍ အိမ်ထောင်ဖက်ရွေးရာတွင်လည်း ထိုရည်ရွယ်ချက် နှစ်ရပ်လုံးအရ ရွေးချယ်လာကြပေသည်။

အချို့သော လူများသည် ထိုကိစ္စနှစ်ရပ်တွင် တစ်ရပ်ရပ်ဘက်သို့ တစ်ဖက်စွန်းရောက်အောင် အလေးပေးသူများလည်း ရှိလေသည်။ အိမ်ထောင်ရေးပြဿနာများသည် ရည်ရွယ်ချက်နှင့် ရွေးချယ်မှုကို အကြောင်းပြု၍ အမျိုးမျိုးပေါ်ထွက်ကြပေလိမ့်မည်။

ခေတ်သည် တိုးတက်လာသည်နှင့်အမျှ အမျိုးသမီး၏ ဘဝသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာခဲ့ပေသည်။ ဤအချက်သည် အိမ်ထောင်ရေးပုံစံကို အကြီးအကျယ် ပြောင်းလဲစေခဲ့ပေသည်။





ရှေးအခါက မိန်းကလေးတစ်ယောက်အပေါ်တွင် ငါး,ပဉ္စကော
ခြင်းတို့ကို ဖွဲ့နွဲ့၍ အလှကိုသာ တန်ဖိုးဟူ၍ သဘောထားခဲ့ကြပေသည်
**ရူပ** **ရုပ်** **မန်** ဟူသော လောကနီတိ ကောက်ချက်တို့သည်သ
ခေတ်စားခဲ့ပေသည်။ အလှအပဆိုသည်မှာလည်း စင်စစ်အားဖြင့် ကာမဂုဏ
ရမက်ကြွစေသော ဆွဲဆောင်မှု (ဝါ) မက်လုံးပင် ဖြစ်ပေသည်။

မိန်းမဟူသည်မှာ ကာမဂုဏ်၏ အလုပ်အကျွေးသာ ဖြစ်သည်ဟူသေ
အယူအဆကြောင့် မိန်းမအဖို့ ရမက်ကြွစေသော အလှကိုသာ အရေးထ
သည့် အစဉ်အလာတည်ခဲ့ရလေသည်။ အပြန်အလှန်အားဖြင့် အလှကိုသ
မြတ်နိုးတတ်သော ကျဉ်းမြောင်းသည့်အသိ၊ သို့မဟုတ် အလှတစ်မျိုးသာလျှ
တန်ဖိုးတင်ပြနိုင်သော အမျိုးသမီးငို့၏ အခြေအနေကြောင့်လည်း မိန်း
တို့အား ကာမဂုဏ်ဆိုင်ရာ ရုပ်ဝတ္ထုအဖြစ်နှင့်သာ သဘောထားခဲ့ကြရ
သည်။ အမျိုးသမီးများ၏ အခြေအနေ ပြောင်းလဲလာသောအခါတွင်
အမျိုးသမီးများအပေါ်တွင် ထားရှိသည့် သဘောထားကိုပါ ပြောင်းလဲ
ကြရလေသည်။

ရှေးအခါက နီတိကျမ်းများ၊ သျှတ္တရကျမ်းများသည် မိန်းမများအာ
တစ်ဖက်သတ် ဖိနှိပ်ခဲ့ကြပေသည်။ ဟိန္ဒူပြဟ္မဏဝါဒီတို့၏ ဇာတ်ခွဲခြားမှ
များ၊ ဖို-မ အနိမ့်အမြင့် ခွဲခြားမှုများ၏ ဂယက်ရိုက်ဟပ်ခြင်း ခံရသော
နိုင်ငံများတွင် မိန်းမတို့အား ခွေးထီးလောက်မှ မမြတ်ဟူသော သဘော
ယုတ္တိကင်းမဲ့သော တစ်ဖက်သတ်နှိမ့်ချသည့် အယူအဆများက တွင်ကျယ်
လာခဲ့ပေသည်။

သို့ရာတွင် မိန်းမများသည် ယောကျ်ားများနှင့် ရင်ဘောင်တန်းလာ
ခဲ့၍ မီးဖိုချောင်နှင့် အိမ်ခန်းတာဝန် လုပ်ငန်းခွင်တွင်တို့သာ မနေဘဲ
လူ့လောကထူထောင်မှုလုပ်ငန်း အရပ်ရပ်တွင် စွမ်းလွန်းတမာ ဆောင်ရွက်
နိုင်ခဲ့ကြသောအခါ မိန်းမများသည် အိမ်ရှင်မအနေဖြင့်သာမကဘဲ ယောကျ်ား
များနှင့် တစ်ဖက်တစ်လမ်းအားဖြင့် လူ့လောကကို ထူဆောက်နိုင်သူများ
ဖြစ်ကြောင်း အသိအမှတ်ပြုကြရလေသည်။

အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုကို အထင်သေး၍ မရတော့သော
အမျိုးသမီးများအား အခွင့်အရေးပိတ်ပင်ထားသော ဥပဒေများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com

ပြင်ဆင်ရ၍ ယောကျ်ား မိန်း မ အခွင့်အရေး တန်းတူရရှိထိုက်သည်ဟူသော သဘောတရားကို လက်ခံလာခဲ့ကြလေသည်။

ထို့ကြောင့် မိန်းမများ၏ အသုံးဝင်မှု ကျယ်ပြန့်လာသည်နှင့် အညီ အိမ်ထောင်ရေးတွင်လည်း မိန်းမတစ်ယောက်အပေါ်၌ မျှော်မှန်းချက်များ မှာ ကာမဂုဏ်အလှအပ အမြင်တစ်ခုတည်းဖြင့် မကြည့်ဘဲ အခြားအရည်အချင်းတို့ကိုပါ အရေးထား၍ လာကြပေသည်။ အိမ်ထောင်ရေးအမြင်နှင့် အိမ်ထောင်ရှိ မိန်းမ၏ နေရာသည်လည်း ပြောင်းလဲလာရပေသည်။

ထိုမျှသာမက ကာမဂုဏ်ကိစ္စတွင် မိန်းမတို့သည် ယောကျ်ားတို့အား ဖြည့်စွမ်းရန်သာ ဖြစ်သည်ဟူသော အယူအဆမှ မိန်းမတို့တွင်လည်း သူတို့၏ လိုဆင်ဆန္ဒ ပြည့်မြောက်အောင် ရယူနိုင်ခွင့်ရှိသည်ဟူသော အယူအဆ၊ (ဝါ) ကာမဂုဏ်ကိစ္စတွင် တစ်ဖက်သတ် မဖြစ်စေဘဲ တစ်ဦး၏ ဆန္ဒကို တစ်ဦးက အပြန်အလှန်ဖြည့်စွမ်းရန် တူမျှသော တာဝန်ရှိသည်ဟူသော အယူအဆ ပေါ်ပေါက်လာခဲ့ရလေသည်။

❤



## အိမ်ထောင်ရေး ရည်မှန်းချက်များ

ရှေးအခါကစ၍ ယနေ့အထိပင် ကာမဂုဏ်ရေးအမှုတွင် ယောကျ်ားများက တစ်ဖက်သတ် အသာယူခဲ့ကြလေသည်။ ဘုရင်စနစ် ထွန်းကားစဉ်ကမှ ဘုရင်နှင့် မင်းညီမင်းသားတို့သည် မိန်းမဟူသည်မှာ ယောကျ်ားတို့ ဆန္ဒဖြည့်စရာများသာ ဖြစ်သည်ဟူသော အယူအဆဖြင့် မိမိတို့ဆန္ဒဖြည့်ရန် အတွက် မိဖုရား၊ ကိုယ်လုပ်၊ မောင်းမပေါင်းများစွာ ထားရှိခဲ့ကြပေသည်။ ရှားနှင့်ချို၍ပင် ရေတွက်မရအောင် အလှအဖူးတို့ကို အာဏာဖြင့် သိမ်းပိုက်ကာ ထားလိုရာ အဆောင်သို့ ကူးခဲ့ကြပေသည်။

သူတို့၏ အလိုဆန္ဒရှိသမျှကား ပြည့်ဝခဲ့ပေသည်။ သို့ရာတွင် ရက်ပေါင်း, လပေါင်း အတန်ကြာမှ အဆောင်တော်သို့ ကြွလာသော မင်းတရားတို့ကို စောင့်မျှော်ကာ မင်းတရားတို့ အလိုကိုသာ ဖြည့်နေရရှာသော ကိုယ်လုပ်မောင်းမ မိန်းမသားတို့၏ ဆန္ဒမှာကား မည်သည့်နည်းနှင့်မျှ ပြည့်ဝမည် မဟုတ်ပေ။

မိမိယူရလိုချိန်တွင် ရယူခွင့်ရှိသော မင်းတရားတို့သည် ထိုသို့ ရယူခွင့်မရှိရှာဘဲ ဆန္ဒမပြည့်မဝဖြင့် ကြိတ်မှိတ်ပူဆာနေရသော ရွှေ, ငွေ ရတနာ အဆောင်အယောင်တို့၏ အကြားမှ မင်းမိန်းမတို့အပေါ်တွင်ကား ကိုယ်ချင်းစာရကောင်းမှန်း မသိချေ။ ထိုမျှသာမက လူ့သဘာဝအရ ဆန္ဒ၏ တွန်းကန်ရာသို့ လွင့်စင်ဖောက်ပြန်ကြလေမည့် အရေးကို ရိပ်စားမိလေသောကြောင့် မင်းမိန်းမတို့စံမြန်းရာ အနောက်ဆောင်သို့ ယောကျ်ားဟူ၍

www.burmeseclassic.com



ါ:နှစ်ရှယ် ကလေးဆက်ကြီးသူ မည်သူမျှ ဝင်ခွင့်မရအောင် လုံခြုံစွာ
ာကွယ်စောင့်ကြပ်ထားကြပေသေးသည်။

မိန်းမစိုး၊ အနောက်ဝန်၊ အနောက်စာရေးတို့မှာ ယောကျ်ားအမှုထမ်း
ျားပင်ဖြစ်စေကာမူ စိတ်ချရလေအောင် သင်းကွပ်ထားပြီး၍ ကာမဂုဏ်ကိစ္စ
ို တစ်စုံတစ်ရာ မဆောင်ရွက်နိုင်သူများသာ ဖြစ်လေသည်။ ဤကျင့်ထုံး
ခစဉ်အလာမှာ မြန်မာနိုင်ငံတွင်သာမက အခြားသော ဧကရာဇ်စနစ်
ှန်းကားရာ နိုင်ငံများ၌လည်း ရှိခဲ့ပေသည်။ ဤမျှထိအောင် တစ်ဖက်သတ်
ခွင့်အရေးယူခဲ့ကြရာတွင် မိန်းမများ၏ အခွင့်အရေးကို အသိအမှတ်မပြု
သာအလေ့သည် သာမန်အရပ်သားတို့ လောကအထိပါ လွှမ်းမိုးခဲ့လေသည်။

ယောကျ်ားတစ်ဦးသည် မိန်းမအား ယူခြင်းကို အပြစ်ဟု မယူဆဘဲ
န်းမအဖို့မူကား လင်တစ်ဦးထက် ပိုမည်ဆိုပါက အယုတ်ညံ့ဆုံးသော
ျူးလွန်မှုအဖြစ် သဘောထားကြပေသည်။ လူမှုရေးစနစ်တွင် အစဉ်အလာ
ပင်လျှင် တစ်ဖက်သတ်ကျခဲ့သောကြောင့် ထိုမှောက်မှားသော အယူအဆ
ှ်သည် အိမ်ထောင်ရေးပြဿနာများတွင် မပြေလည်မှုများကို ဖြစ်စေခဲ့ပေ
ည်။ လူမှုအခွင့်အရေး ညီမျှလာသည်နှင့်အမျှ ယောကျ်ားတို့၏ အတွေး
ခေါ်လည်း ပြောင်းလဲလာခဲ့ပေရာ အိမ်ထောင်ရေးအမြင်သည်လည်း
ပြောင်းလဲလာခဲ့ရပေသည်။

အမှန်အားဖြင့် အမျိုးသမီးများအပေါ်တွင် အိမ်ထောင်ရေးအမြင်
ထားရှိပုံမှာ သာမန်အရပ်သားတို့နှင့် မင်းညီ, မင်းသားတို့၏ အမြင်သည်
တူညီခဲ့ပေ။ မင်းညီမင်းသားတို့က စည်းစိမ်ခံရန် ရည်ရွယ်ချက်ဖြင့်
အချောအလှကို ဦးစားပေး၍ ကောက်ယူခဲ့သော်လည်း သာမန်အရပ်သားတို့
ာမူ မိန်းကလေးတစ်ယောက်အပေါ်တွင် အလှတစ်ခုတည်းကိုသာ အခြေခံ
မပြုဘဲ အကျင့်၊ ဣန္ဒြေ၊ အိမ်ထောင်ထိန်းသိမ်းမှု၊ အချက်အပြုတ်,
အလျှော်အဖွတ်၊ စိတ်နေသဘောထား၊ မွေးချင်းဝေါက်ဖော် စသည့်
အခြားသော ပြည့်စုံဖွယ်ရာ လိုအပ်ချက်များကိုပါ စီစစ်ခဲ့ကြပေသည်။

မိဘများက ချွေးမလောင်း ရွေးရာတွင်လည်း ထိုသို့သော အရည်
အချင်းများကိုပါ ထည့်သွင်းစဉ်းစားခဲ့ကြပေသည်။ ဤသည်မှာ အိမ်ထောင်
ရေးအမြင် ကျယ်ပြန့်ခြင်းကို ဖော်ပြသည့် သဘောလက္ခဏာပင် ဖြစ်ပေသည်။





ဤတွင် ယောကျ်ားများက မိန်းမများအပေါ်တွင် အိမ်ထောင်ရေး
အမြင်နှင့် မျှော်လင့်ချက်ထားခဲ့ပုံများကိုသာ လေ့လာတင်ပြခဲ့၍ မိန်းမများက
ယောကျ်ားများအပေါ်၌ ရှုမြင်ပုံကိုကား မဖော်ပြရသေးဘဲ ရှိနေပေသည်။

စင်စစ်အားဖြင့် မိန်းမများက ယောကျ်ားများအပေါ်တွင် အိမ်ထောင်
ရေးမျှော်မှန်းချက်ထားပုံမှာ သဘောအခြေခံ ပြောင်းလဲခြင်းများစွာ မရှိခဲ့ပေ။
မိန်းမများသည်လည်း ပုထုစဉ်လူသားများပင်ဖြစ်၍ အိမ်ထောင်ပြု၍
ကာမဂုဏ်ရေးရာတွင် စွမ်းဆောင်နိုင်မည့် အရည်အချင်းကို မိမိတို့ အိမ်
ထောင်ဖက်များအပေါ်၌ ထည့်သွင်းစီစစ် အရေးထားကြပေမည်။

သို့ရာတွင် ယေဘူယျအားဖြင့် မိန်းမများသည် အားနွဲ့သူများဖြစ်၍
အားကိုးအားထားပြုရန် လိုပေသည်။ မိမိဝမ်းစာကို ကိုယ်တိုင်လုပ်ကိုင်
ရှာဖွေသည်ထက် တစ်စုံတစ်ယောက်က ပြုစုလုပ်ကျွေးခြင်းကို ခံယူရမည်ဟု
သော အသိကိုလည်း စွဲပိုက်ထားတတ်ကြပေသည်။

ထိုမှတစ်ပါး ပတ်ဝန်းကျင်အသိအမြင် နည်းပါး၍ ရိုးသားသော
အမျိုးသမီးများက အိမ်ထောင်ပြုခြင်းသည် မိမိအား လုပ်ကိုင်ကျွေးမွေး
မည့်သူကို ပြောင်းလဲမှီခိုခြင်းဖြစ်၍ ထိုသို့လုပ်ကိုင်ပြုရမည့်တာဝန်သာ
ရှိသည်ဟူသော အယူအဆဖြင့် မိမိတို့၏ ဆန္ဒရေးကို လုံးဝ ပယ်ဖျောက်
ထားတတ်ကြပေသည်။

မိန်းမဟူသည် ကာမဂုဏ်မှုကို လိုလားခြင်းမရှိသင့်၊ အရှက်
အကြောက်ကြီးမားမှ တန်ဖိုးရှိသည်၊ မိမိတို့က ဦးဆောင်ခြင်း၊ ရမက်ပြုခြင်း
သည် လော်သည် လျှပ်ပေါ်ရာကျသည် စသည်ဖြင့် ကာမဂုဏ်မှုကို
နောက်တန်းထား၍ စဉ်းစားတတ်ကြပေသည်။ ဤသို့အားဖြင့် ယောကျ်ား
တစ်ယောက်သည် အလုပ်အကိုင် စည်းစိမ်ဥစ္စာ ပြည့်စုံလျှင် လင်ယောကျ်ား
ပြုရန် လုံလောက်ပြီဟူ၍ပင် သဘောထားတတ်ကြပေသည်။ ဤအယူအဆ
သည် များစွာပြောင်းလဲခြင်း မရှိခဲ့သေးပေ။

ထိုအကြောင်းကြောင့်ပင်လျှင် အိမ်ထောင်ရေးတွင် ပြဿနာများ
ပေါ်ကြရသည်ကိုလည်း တွေ့ရှိကြရပေမည်။

ဤအခြေအနေအထိ ယောကျ်ား, မိန်းမတို့၏ အိမ်ထောင်ရေး
မျှော်မှန်းချက်မှာ ယောကျ်ားသည် အလှမက်၍ မိန်းမသည် စည်းစိမ်ဥစ္စာ

www.burmeseclassic.com

www.burmeseclassic.com



မက်သည်ဟူသော ယေဘူယျကောက်ချက်အတွင်း၌သာ ရှိနေပေသည်။ ခေတ်, အခြေအနေအရကား ထိုထက်ပိုလွန်သော ရည်မှန်းချက်များ ရှိလာပြန်ပေသည်။

အိမ်ထောင်ရေး ရည်မှန်းချက်တွင် ယောကျ်ား, မိန်းမ နှစ်ဦးနှစ်ဖက်လုံးတွင် ပကာသန၊ သို့မဟုတ် ဂုဏ်ဟူသော မျှော်လင့်မှန်းထားချက်ကြီးမားစွာ ဝင်၍နေကြလေသည်။ ဂုဏ်မက်ခြင်းမှာ ယခုမှသာ မဟုတ်ဘဲ ရှေးရှေးအခါများကလည်း ရှိခဲ့ပေသည်။

လူဆိုသည်မှာ တိုးတက်မြင့်မားမှု၊ သာယာမှုတို့ကို လိုလားကြသည်သာ ဖြစ်လေသည်။ ဆင်စီး၍ မြင်းရံလိုကြသည်။ ထို့ကြောင့်လည်း ရှေးခေတ်ကပင်လျှင် ရာထူးဂုဏ်သိမ် စည်းစိမ်တို့ကို တန်ဖိုးထားကြလေသည်။ အိမ်ထောင်ရေးတွင် ကာယကံရှင်၏ အချစ်မေတ္တာနှင့် စိတ်ကြိုက်ရွေးချယ်မှုကိုပင် ဦးစားမပေးဘဲ မိဘတို့က မိမိတို့ဂုဏ်ရှိမည် ထင်သလို စီမံကြလေသည်။

ကာယကံရှင် သား,သမီးတို့က အကြောင်းအမျိုးမျိုးကြောင့် မနှစ်သက်နိုင်ကြစေကာမူ၊ မိဘများက မိမိတို့အမြင်၊ မိမိတို့ ကောင်းစားစေလိုသော စေတနာ၊ မိဘဟူသော လွှမ်းမိုးမှုတို့ဖြင့် အတင်းနှားချ၍ ပေးစားကြလေသည်။ ဂုဏ်တစ်ကွက်ကိုသာ တန်ဖိုးထားခြင်းကြောင့် အမှားအယွင်းများ ရှိခဲ့သည် မှာလည်း ရေတွက်၍ မဆုံးနိုင်ပေ။

ခေတ်ရှင်စနစ်၏ လောင်းရိပ်အောက် ဂုဏ်ပကာသနကို တန်ဖိုးထားမှုမှာ ပို၍မြင့်မားလေသည်။ စည်းစိမ်ခံစရာဝတ္ထုပစ္စည်း၊ အလှအပပစ္စည်း၊ အမော်အကြွားပစ္စည်း စသည်တို့ကိုလည်း အလျှံပယ် ထုတ်လုပ်ကြလေသည်။ လူတို့၏ လိုအင်ဆန္ဒနယ်သည် ကျယ်ဝန်းသည်ထက် ကျယ်ဝန်းလာလေသည်။

ထို့ကြောင့် ပကာသန အဆောင်အယောင်များကို တပ်မက်မှုကလည်း ကြီးမားပြင်းထန်လာလေသည်။ တပ်မက်မှုပြင်းထန်လာသောအခါ အိမ်ထောင်ရေး ရည်မှန်းချက်ပျက်စီး၍ လူမှုလောကကြီးပါ ပျက်စီးလာရလေသည်။ တန်စိုးလက်ဆောင်ကြောင့် အပျိုရည်ပျက်ကြရသည်။ အမော်အကြွားကြောင့် အစော်ကားခံကြရသည်။ အဆောင်အယောင်မက်၍





လှည့်ကွက်ကို ကြုံရသည်။ ပကာသန နောက်သို့ လိုက်မိလေသောကြောင့် ဘဝပျက်စီးရသည်။

ထိုမျှသာမက **"ကိုယ်ပိုင်ကားစီးရရင် တော်ပါပြီ၊ အငယ်အနှောင်းပဲဖြစ်ရဖြစ်ရ"**ဟူသော စိတ်ထားမျိုးလည်း ဝင်လာလေသည်။ ရောဂါသည်တစ်ယောက် ဖြစ်စေကာမူ တင့်တောင်းတင့်တယ် နေရမည့် စည်းစိမ်ကိုမြင်လျှင် ရက်ရက်ရောရောကြီး လက်ထပ်ဝံ့ပေသည်။ ဤနည်းဖြင့် အိမ်ထောင်ရေးဟူသော အပိုင်းအခြားမှာ ဖောက်ပြန်ပျက်စီးသွားရလေသည်။

ထိုမျှမက အချို့မှာ အိမ်ထောင်ရေးကို လုံးဝ မစဉ်းစားဘဲ ရွှေ, ငွေနှင့် ကာမဂုဏ်ကို အလဲအလှယ် ပြုသည့်သဘောမျိုးဖြင့် ကိုယ်ခန္ဓာကို ရောင်းကုန်အရင်းအနှီးအဖြစ် သဘောထားလေသည်။ ယောကျ်ားတို့ကလည်း အိမ်ထောင်ဟူသည်ကို စိတ်မဝင်စားဘဲ ကာမဂုဏ်သာယာမှုကို ရင်းနှီးဝယ်ယူလာကြလေသည်။

ပြည့်တန်ဆာလောက ဖြစ်ပေါ်လာရခြင်း တွင်ကျယ်ပြန့်သော အကြောင်းတရားများစွာ ရှိသော်လည်း၊ အိမ်ထောင်ရေး သဘောထားခံယူချက် လွင့်ပြယ်ရခြင်းသည်လည်း ပြည့်တန်ဆာလောကကို ရှေးရှုစေခဲ့ပေသည်။

အိမ်ထောင်တစ်ခုကို မျှော်လင့်ချက်၊ အကျိုးတူညီနိုင်းချက်၊ တာဝန်ခွဲဝေခံယူချက်များနှင့် မထူထောင်ဘဲ **"ဆန်ပေး၍ ဆေးရသည်"**ဟူသော သဘောနှင့် ရုပ်ဝတ္ထုပစ္စည်း ရွှေ, ငွေနှင့် ကာမဂုဏ်ကို အလဲအလှယ် အရောင်းအဝယ်ပြုနေကြသောအခါ မေတ္တာဟူသည်မှာလည်း အဓိပ္ပာယ်မရှိပေ။ ခိုင်မြဲမှုဟူသော အရိပ်အရောင်လည်းမသန်းပေ။ **"ပေးလျှင်ရသည် ဝယ်လျှင်ရောင်းသည်"**ဟူသော သဘောသာလျှင် ကြွင်းကျန်ပေမည်။

ဥစ္စာပစ္စည်း သို့မဟုတ် ငွေနှင့်ချိန်စက်၍ ရယူသော အိမ်ထောင်ရေးသည် ပြည့်တန်ဆာစနစ်နှင့် ဘာမျှ မခြားနားချေ။ ကွဲပြားသည်မှာ ပြည့်တန်ဆာသည် မည်သူမည်ဝါဟူ၍ တစ်ဦးတစ်ယောက်နှင့် အမြဲတမ်းကြာရှည်စွဲမြဲဆက်ဆံခြင်းမရှိဘဲ အများပိုင်ပစ္စည်းအဖြစ် ရပ်တည်၍ ငွေကြေးဥစ္စာမက်၍ အိမ်ထောင်ပြုသူမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ပုဂ္ဂလိကအသုံးဆောင်ခံသည်သာ ထူးခြားလေသည်။ တန်ဖိုးထား၍ ယုံလှယ်သည့်

www.burmeseclassic.com

သဘောမှာကား အတူတူပင် ဖြစ်ပေသည်။ အိမ်ထောင်ရေး၏ ရည်မှန်းချက်သည်ကား ထိုသို့ မဖြစ်စေရပေ။

လူ့လောကထူထောင်မှုအတွက် စွမ်းအင်၊ လုပ်အားနှင့် အရင်းအနှီး လိုပေသည်။ ထို့ကြောင့် အိမ်ထောင်ရေးတွင် အခြေခံစီးပွားရေး၊ (ဝါ) စီးပွားအင်အားသည် လိုအပ်ချက်တစ်ခုအနေနှင့် ပါဝင်ရပေမည်။ **"တူနှစ်ကိုယ် တဲအိုပျက်မှာ နေရစေတော့"** ဟူသော စကားမှာ အခိုက်အတန့်အတွက်သာ မှန်ပေမည်။ ထာဝရ ရပ်တည်မှုအတွက် မမှန်ကန်ပေ။ ထို့ကြောင့် အိမ်ထောင်ရေးတွင် စီးပွားရေး၊ (ဝါ) လူမှုအခြေခံ အရင်းအနှီးအတွက် မိန်းမ,ယောကျ်ားနှစ်ဦးနှစ်ဖက်လုံးက ထည့်သွင်းစဉ်းစားကြသည်မှာ သဘာဝကျပေသည်။

သို့ရာတွင် အိမ်ထောင်၏ အခြားလိုအပ်ချက်များကို လုံးဝပမာမပြုဘဲ၊ ငွေ,စီးပွားရရှိရေး၊ တစ်ဖက်သတ် အကျိုးခံစားရရေး တစ်ခုတည်းကိုသာ ဦးတည်စဉ်းစားခဲ့လျှင် အိမ်ထောင်ရေးကို အလွဲသုံးစားပြုလုပ်၍ အမြတ်ရှာခြင်း၊ အိမ်ထောင်ဖက်အပေါ် ခေါင်းပုံဖြတ်ခြင်းသာလျှင် ဖြစ်ပေလိမ့်မည်။

ငွေရှိမှု၊ ဂုဏ်ရှိမှု၊ အရာအထူးရှိမှု စသည်ဖြင့် ထိုလိုလားချက်တို့ကိုသာ ရှေ့တန်းသို့ တင်ခြင်းအားဖြင့် ကာယသုခ ရှိစေကာမူ စိတ္တသုခရှိမည်ဟု အတပ်မပြောသာချေ။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ဟူသည်မှာ ထိုအရာများချည်းသာ သက်ဆိုင်ဖွဲ့စပ်ထားသောအရာ မဟုတ်ပေ။ ထိုအရာများလည်းရှိမည်၊ ကျန်အိမ်ထောင်ရေး၏ ပြည့်စုံစရာများနှင့်လည်း ပြည့်စုံမည်ဆိုပါမူကား အတိုင်းထက်အလွန် ကောင်းပေလိမ့်မည်။

အိမ်ထောင်ကို တည်ဆောက်သူတိုင်းသည် အဘယ်ကြောင့် အိမ်ထောင်ပြုကြသည်ဟူသော ရည်ရွယ်ချက် အမှန်အကန်ကို သဘောပေါက်ထားရပေလိမ့်မည်။

❤



# အိမ်ထောင်ရေး၏ ခရီး

လူမှုရေးအသိအမြင် အတွေးအခေါ်အရဆိုပါမူ အိမ်ထောင်ပြုခြင်းသည် ဖို,နှင့်မ, နှစ်ဦးတို့ အကျိုးတူရင်းနှီးစွာ ပေါင်းဖွဲ့၍ ဘဝတစ်ခုကို ပူးတွဲထူထောင်ခြင်းသာ ဖြစ်ပေသည်။ လင်နှင့်မယား ဖြစ်လာသော ထိုဖိုနှင့်မ နှစ်ဦးတို့သည် စီးပွားရှာမှု၊ စီးပွားထိန်းသိမ်းမှု၊ စားဝတ်နေထိုင်မှု တို့တွင် အညီအညွတ်တာဝန်ခွဲဝေ ထမ်းဆောင်ကြပေမည်။

တစ်ဦးဆန္ဒကို တစ်ဦးလိုက်လျော ညှိနှိုင်းကာ အတူ့အပြန်ကူညီ၍ တာဝန်များ ထမ်းဆောင်ကြပေမည်။ ချစ်ကြည်သာယာစွာ နေထိုင်ကြပေမည်။ တစ်ဦးကိုတစ်ဦး ကာကွယ်စောင့်ရှောက်ကြပေမည်။ တစ်ဦးအပေါ်တစ်ဦး စေတနာ၊ မေတ္တာနှင့် ကြင်နာမှုအပြည့်အဝ ထားရှိပေမည်။ သို့ကြည်စိတ်ချရဆုံးသော ဘဝခရီးဖော်များ ဖြစ်ကြပေမည်။ ဤသို့သော ဘဝသစ်အတွက် ပေါင်းဖွဲ့ကြခြင်း ဖြစ်ပေသည်။

ဤတွင် သဘာဝဆန္ဒအရ ဖြစ်ပေါ်လာသော ကာမဂုဏ်ဆန္ဒနှင့် ဖတ်သက်၍လည်း လင်နှင့်မယားသည် အပွင့်အလင်း အရင်းအနှီးဆုံး ကူညီသုံးယဖော်များ ဖြစ်ကြပေရာ၊ ဖို,နှင့် မ,ပင် ဖြစ်သည့်အတိုင်း ပွင့်လင်းစွာ ဆန္ဒဖြည့်တင်းလိုက်လျောကြပေလိမ့်မည်။ နှစ်ဦးနှစ်ဝ ကျေနပ်သာယာမှုကို အရှက်အကြောက်ပယ်၍ ဆောင်ရွက်ကြပေလိမ့်မည်။

ထိုသဘောတရားအရ ဆိုပါမူ--၊ ပေါင်းဖွဲ့ထူထောင်ရေးသည် ပထမကိစ္စဖြစ်ပေသည်။ ဆက်ဆံပေါင်းသင်းမှုမှာ ပထမကိစ္စ၏ အကြောင်းပြု၍ ဆောင်ရွက်သည့် ဒုတိယကိစ္စသာ ဖြစ်ပေသည်။ ဤသဘောတရား

www.burmeseclassic.com



သည်သာ မှန်ကန်သော အိမ်ထောင်ရေးခံယူချက် ဖြစ်ပေသည်။ ဘဝတစ်ခုလုံးကို သိပ်သည်းစွာ ပေါင်းစည်းမိစေသော သဘော၊ ကိစ္စဆန္ဒ အလုံးစုံကို နှစ်ဦးနှစ်ဖက်တည်းအကြားတွင် ပြည့်စုံကုံလုံစေသည့် သဘောပင် ဖြစ်လေသည်။

အိမ်ထောင်ရေးတွင် ဘဝထူထောင်မှုကို အလေးအနက်ထား၍ စဉ်းစားယူဆပါမှလည်း ဘဝတစ်ခု၊ အိမ်ထောင်တစ်ခုဟူ၍ ပေါ်လာပေလိမ့်မည်။ သာမန်အားဖြင့် ပျော်ရုံပါးရုံ သဘောတိုက်ဆိုင်ခိုက် ဆန္ဒဖြည့်ရုံဆက်ဆံကြခြင်းဖြင့် ဘဝနှင့် အိမ်ထောင်သည် ပေါ်ပေါက်ထွန်းကားလာမည် မဟုတ်ပေ။

အရွယ်ရောက်လာသည့်အခါတွင် ဦးစွာ စဉ်းစားရန်မှာ အိမ်ထောင်တစ်ခု ထူဆောက်ရေးအတွက် ထိုက်လျော်သော အဖော်အဖက် ရှာဖွေရေး၊ ယှဉ်တွဲရေးသာ ဖြစ်ရပေမည်။ တက်ကြွသောဆန္ဒ ဖြေသိမ့်ရေးအတွက်ကိုသာ ဦးစားပေး၍ အဖော်အဖက် မရှာသင့်ပေ။ ဘဝခရီးဖော်ကိုရှာခြင်း၊ ယှဉ်တွဲခြင်းဖြင့် ဆန္ဒဖြည့်ရေးမှာလည်း အလိုအလျောက် အကြုံးဝင်ပြီး ဖြစ်ပေမည်။ လိုအပ်လျှင်ကား ဘဝရည်မှန်းချက်အတွက် ဖြည့်စွမ်းနိုင်စွမ်းနှင့် ကာမဂုဏ်ဖြည့်စွမ်းနိုင်စွမ်း နှစ်ရပ်လုံးပြည့်မှီသူကိုပင် ရှာဖွေရပေလိမ့်မည်။ အမျိုးသားရော၊ အမျိုးသမီးပါ ဤနည်းအတိုင်းပင် သဘောထားနိုင်ပေသည်။ သို့ရာတွင် တစ်ဖက်အစွန်းကျသော အလေးပေးမှုမျိုးကား မဖြစ်သင့်ပေ။

ဘဝကို ဦးစားပေးလွန်းသူသည် ဘဝ၏ ခရီးဖော်ကောင်းကို ရနိုင်ပေမည်၊ ကာမဖော်ကောင်းမှုကား ဖြစ်ကောင်းမှ ဖြစ်ပေမည်။ ရောင့်ရဲလွယ်သူ၊ ကာမဂုဏ်ကို ဦးစားမပေးသူဖြစ်ပါမှုကား သူ၏ ဘဝသည် အစဉ်သာယာပေမည်။ ထိုသို့မဟုတ်မှုကား ထိုအိမ်ထောင်ရေးသည် ဆီလျော်အပေါက်ရှာ၍ မကျေချမ်းမှုမှအစ၊ မပြည့်ဝခြင်းက စတင်တတ်ကြပေသည်။ တစ်ဖန် ကာမဂုဏ်မှုကိုသာ ဦးစားပေးလွန်းပါကလည်း ရွှေကျောင်းပြောင်ပြောင် ဝမ်းဟောင်းဟောင်းဖြစ်၍ လာသောအခါ မကျေမချမ်းမှုများ ပေါ်လာပေမည်။ အစဉ်ပြောင်းလဲနေသည့် ရုပ်နာမ်ကိုမှီ၍ သခါရနယ်အဝင် ဖြစ်သော ကာမသုခသည် ဘဝသုခကို အပြည့်အဝပေးနိုင်ကောင်းမှ ပေးနိုင်လာပေလိမ့်မည်။ ထိုအခါ ဘဝ၏အက်ကြောင်းတို့သည် ပေါ်လာလိမ့်မည်။



အိမ်ထောင်ရေး ရည်မှန်းချက်သည် အကြောင်းရင်းနှစ်ဖက် မျှတအောင် လိုအပ်ပေသည်။ ထိုမှတစ်ပါး ပွင့်လင်းရဲရင့်၍ ပြတ်သားရန်လည်း လိုပေသည်။ များသောအားဖြင့် အိမ်ထောင်ပြုရေးကို ရှက်စရာ လျှို့ဝှက်စရာဟု ထင်မှတ်နေတတ်ကြပေသည်။

လူ့လောကတွင် လူသားတို့အနေနှင့် သူသူငါငါ တရားဝင်ဆောင်ရွက်ကြရသော လူ့အရေးပင်ဖြစ်ရာ ရှက်ရွံ့နေဖွယ်မဟုတ်ပေ။ အိမ်ထောင်ရေးအတွက် ဖွင့်ဟတိုင်ပင်ခြင်း မပြုဝံ့စရာ မရှိပေ။ အိမ်ထောင်ရေးကို စိတ်ကူးသည်ဟု အထင်ခံ အတွေးခံရလျှင်ပင် ရှက်စရာဖြစ်မည်ဟု တွေးကာ စိတ်မလုံသူများ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ရေးဆိုသည်နှင့် တစ်ပြိုင်နက် ဖို၊မကိစ္စဟူ၍ အတွေးပေါက်ကာ ရှက်စရာ၊ ကြောက်စရာများအဖြစ်သာ တွေးဆတတ်ကြပေသည်။

လူ့သဘာဝရေးရာတစ်ရပ်ဟူ၍ ရင့်ကျက်ယဉ်ပါးခြင်း နည်းပါးပေသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း အိမ်ထောင်ရေးကို ကျယ်ပြန့်စွာမယူဆဘဲ ဖို၊မ နီးနှောမှုကိစ္စတစ်ခုအနေဖြင့် ထွင်းထုတ်၊ ရှုကြည့်နေကြသောကြောင့်ပင် ဖြစ်လေသည်။

ယောက်ျား၊ မိန်းမတို့သည် အရွယ်ရောက်၍ တရားနည်းလမ်းတကျ အိမ်ထောင်ပြုကြခြင်းမှာ ရှက်စရာမဟုတ်ပေ၊ ပုဆိုးတန်းတင် လူသိရှင်ကြား အကြင်လင်မယားအဖြစ် အိမ်ယာထောင်ခြင်းဖြင့် ကာမဂုဏ်ပြုကြသည်ကိုလည်း ဖောက်ပြန်မှုဟူ၍ အမှတ်မထားကြပေ။ ဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ခုအနေဖြင့် အသိအမှတ်ပြု၍ အားပေးကြပေသည်။

ဖောက်လွှဲ၊ဖောက်ပြန်ပြုခြင်း၊ တရားဥပဒေ၊ လူမှုရေး၊ကျင့်ဝတ်တို့နှင့် ဖီလာဆန့်ကျင်ပြုခြင်း၊ အရှက်သိက္ခာမစောင့်စည်းဘဲ လွန်ကျူးခြင်းစသည်တို့မှတစ်ပါး အိမ်ထောင်ပြုခြင်းသည် သာမန်ကိစ္စထက် မပိုပေ။ အပြစ်လည်း မဟုတ်ပေ၊ ရှက်စရာလည်း မဟုတ်ပေ။

အနောက်နိုင်ငံများတွင် အိမ်ထောင်မပြုမီ အိမ်ထောင်ရေးအကြံပေး ဌာနများတွင် ဆွေးနွေး၊အကြံဉာဏ်တောင်းလေ့ ရှိကြပေသည်။ သက်ဆိုင်ရာ ကာယကံရှင်တို့ကလည်း လိုအပ်သည်တို့ကို ပွင့်လင်းစွာ ညှိနှိုင်းပြင်ဆင်ကြပေသည်။ မြန်မာနိုင်ငံတွင်လည်း အိမ်ထောင်ရေးအတွက် ကြိုတင်

www.burmeseclassic.com



ပြင်ဆင်မှုများ ကာယကံရှင် အချင်းချင်း ညှိနှိုင်းဆွေးနွေးမှုများ ရှိလာကြပြီ ဖြစ်ပေသည်။

ရှေးဆန်သူများနှင့် အရှက်အကြောက် ကြီးသူများမှာ အိမ်ထောင်ရေးကို မိဘတို့အပေါ်တွင်ဖြစ်စေ၊ အခြားစေ့စပ်ဆက်သွယ်ပေးသူများ အပေါ်တွင် ဖြစ်စေ၊ တာဝန်ထားတတ်ကြပေသည်။ ခေတ်မမီသော မိဘတို့ကလည်း သား,သမီးများအရေးတွင် ကာယကံရှင်၏ ဆန္ဒကို ဦးစားမပေးဘဲ ကိုယ့်လက်,ကိုယ့်ခြေ၊ ကိုယ့်အမြင်နှင့် ဆောင်ရွက်ပေးတတ်ကြလေသည်။

အများယွင်းဆုံးသောအယူအဆမှာ လူငယ်များက လေးလေးနက်နက် နှစ်သက်ခြင်းမရှိစေကာမူ ပေါင်းသင်းလာကြလျှင် ပြေလည်သွားကြလိမ့်မည်ဟုပင် ထင်မှတ်ကြခြင်းဖြစ်လေသည်။ အစမကောင်းပါဘဲလျက် အနှောင်းသေချာခြင်းမျိုး ရှိနိုင်သော်လည်း မသေချာသည်ကသာ များပေသည်။

တိုးတက်ခေတ်မီသော မိဘများအနေနှင့်ကား၊ မိမိတို့ သား,သမီးကို လမ်းမှန်ပြ၍ ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရုံမှအပ လူငယ်များ၏ ဆန္ဒကို ဖွက်ဖက်ခြင်း မပြုတတ်ကြပေ။ အရွယ်ရောက်လျှင် လူငယ်တိုင်း၌ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့်ရှိ၍ မိဘများမှာ ကောင်းစွာ ဖန်တီးတတ်အောင် သွန်သင်ပေးခဲ့ရန် တာဝန်သာ ရှိပေသည်။

အိမ်ထောင်ပြုမည့်သူသည် မိမိ အဘယ်ကြောင့် အိမ်ထောင်ပြုသည်ကိုကား သိနားလည်ထားရပေမည်။ ဘဝအခြေတည်မိအောင် ပြုသည်ဖြစ်စေ၊ ချစ်သူနှင့် ဝေးကွာသွားမည်စိုး၍ ပြုသည်ဖြစ်စေ၊ သဘာဝ, ဆန္ဒစေ့ဆော်မှုကြောင့် ပြုသည်ဖြစ်စေ၊ အိမ်ထောင်အတွင်းသို့ ဝင်လာလျှင် မိမိတို့အကြောင်းရင်းအတွက် သာမက၊ အိမ်ထောင်တစ်ခုလုံး၏ တာဝန်ကိုပါ သိရှိလက်ခံရလိမ့်မည်ပင် ဖြစ်ပေသည်။

ရည်ရွယ်ချက်၊ ကြိုတင်မှန်းထားချက်မရှိဘဲ ဖြစ်သလို၊ ကြုံသလို အိမ်ထောင်ပြုလိုက်သူများမှာ တစ်သက်တာလုံးပင် အိမ်ထောင်၏ ရည်မှန်းချက်ကို အကောင်အထည် ဖော်ရကောင်းမှန်း မသိဘဲ၊ **"ကံဆုံညားရှဲ–ကံကုန်သွား"**ဟူသော ဆက်ဆံရေးမျိုးနှင့်သာ အဆုံးသတ်တတ်ကြပေသည်။

အိမ်ထောင်ပြုသည်မှာ အများနည်းတူ တစ်အိုးတစ်အိမ် ထူထောင်သည်၊ အိမ်ထောင်မရှိလျှင် မတင့်တယ်၍ အိမ်ထောင်ပြုသည်၊ စသည်ဖြင့်



ပေါ့ပေါ့ဆဆ၊ မှုန်ဝါးသော ရည်ရွယ်ချက်နှင့် ပြုခြင်းသည် ဘဝကို ဖျက်ဆီးပစ်သည်နှင့်သာ တူပေသည်။

အိမ်ထောင်ပြုကြသူများတွင် ဖြစ်လာသော အခြေအနေအရ အကြောင်းအမျိုးမျိုးပင် ရှိပေသည်။ ယောကျ်ားကလေးများတွင် မိဘက ပျက်စီးမည်စိုး၍ အိမ်ထောင်ချထားပေးသဖြင့် ပြုရသူ၊ ယောက္ခမလောင်း၏ ပညာသင်စရိတ်ကို မျှော်၍ပြုရသူ၊ ကျူးလွန်မိသော ရည်းစားအား သိက္ခာဆည်ရန်ပြုရသူ၊ အမျိုးသမီး၏ ဆွဲဆောင်မှုကို အသာစွဲလန်း၍ပြုရသူ၊ မခံချင်စိတ်နှင့် အရယူမည်ဟု ပိုးပန်းကာ အခွင့်သာ၍ ပြုရသူ၊ သနားကြင်နာရမည့်သူအား ဖေးမကူညီရန် ပြုရသူ၊ စာရေး,နေရေး အခက်အခဲကြောင့် အမှီရ၍ ပြုရသူ စသည်ဖြင့် အမျိုးမျိုးပင် ရှိပေလိမ့်မည်။

ထိုသို့သော သူများတွင် အိမ်ထောင်ရေးအမြင်၊ အိမ်ထောင်ရေး ဦးတည်ချက်သည် အစ,အရင်းခံ၍ လာမည်မဟုတ်ပေ။ ဖြစ်လာမှပင် အဆင်ပြေသလို ရပ်တည်သွားပေလိမ့်မည်။

မိန်းကလေးများတွင်လည်း လက်တွေ့အိမ်ထောင်ပြုလိုက်ရသည့် အကြောင်းအမျိုးမျိုး ရှိပေသည်။ မိဘက အနာဂတ်ရေးအတွက် ပူပန်၍ နေရာချပေးသဖြင့်ပြုရသူ၊ မိဘက ဂုဏ်ပကာသနကိုမက်၍ အတင်းပေးစားသောကြောင့် ပြုရသူ၊ အမှီအခိုကင်းမဲ့၍ ပြုရသူ၊ လိမ်လည်လှည့်ဖြားမှုကို အထင်ကြီးယုံမှတ်မိ၍ပြုရသူ၊ ယုံကိုးမိမှား၍ ရေတိမ်နစ်ကာ ပြုရသူ၊ ဓားကားခံရ၍ အရှက်ကို ကာကွယ်ရန် ပြုရသူ၊ အနိုင်အထက် ခြေတော်တင်၍ ပြုရသူ၊ ကြွေးမြီမဆပ်ပေးနိုင်၍ ပြုရသူ၊ အခြေမကျဘဝကို အဖတ်ဆည်ရန်ပြုရသူ၊ အန္တရာယ်များကို ကာကွယ်နိုင်ရန် ပြုရသူ၊ ခွဲလမ်းမှု, ရင့်သန်လေ၍ ပြုရသူ၊ အရွယ်လွန်တော့မည်စိုး၍ ပြုရသူ၊ စည်းစိမ်,ဥစ္စာကို မက်၍ ပြုရသူ၊ အထိအတွေ့ သာယာ,ယဉ်ပါးလာ၍ မဆောင့်စည်းနိုင်တော့၍ ပြုရသူ စသည်တို့ဖြင့် အမျိုးမျိုးရှိပေသည်။

ထိုသူများတွင်လည်း အိမ်ထောင်ရေး၏ အခြေခံသဘောတို့ ထင်လင်းပေါ်လွင်သာမည် မဟုတ်ပေ။ အိမ်ထောင်ဟူသည်မှာ မည်သို့သော သဘောရှိသည်၊ အိမ်ထောင်ဖြစ်လာလျှင် မည်သို့ ပူးတွဲတည်ဆောက်ရမည်၊ တွေ့ဆိုင်လာသော ပြဿနာများကို မည်သို့ ဖြေရှင်းမည် စသည်ဖြင့် သိနားလည်မှု နည်းပါးပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေပေးလာ၍ အိမ်ထောင်ဖြစ်လာရသည်မှာ ရည်ရွယ်ချက်ဖြင့် အိမ်ထောင်တည်ဆောက်ရသည်နှင့် လွန်စွာခြားနားပေသည်။ အိမ်ထောင်ဖက် တစ်ဦးအား မိမိစိတ်တိုင်းကျ လေ့လာစမ်းသပ်ပြီးမှ ရွေးချယ်ရသည်နှင့် အခြေအနေအရ ကြုံသူကို အဖော်အဖက်ပြုလိုက်ရသည်မှာ ခြားနား ပေသည်။

မီးရထားပေါ်တွင် တွေ့ရရုံ၊ သင်္ကြန်ပွဲတွင် ဆုံမိရုံနှင့် တစ်ခါတည်း လက်ထပ်ပေါင်းသင်းလိုက်ကြသော ဇနီးမောင်နှံများကို တွေ့ဖူးပေသည်။ အစဦးတွင် နတ်ဖက်သည့် ဖူးစာဟူ၍ ကြည်နူး,ပျော်မြူး၍ မဆုံးအောင်ရှိကြလေသည်။ သွေးတက်ရက်ကုန်လွန်လာသောအခါတွင်ကား တစ်ဦးပေါ်တစ်ဦး မကျေနပ်စရာများကိုသာ တွေ့လာကြရလေသည်။

နဂိုက သံယောဇဉ်နှောင်ဖွဲ့ခြင်း မရခဲ့လေရာ မကျေနပ်မှုများသည် ကျဉ်းကျုံ့မသွားဘဲ ကြီးမားလာရလေ၊ အစေးမရှိသော ကော်ကဲ့သို့ ငြီးငွေ့မှု ဝင်လာသော ကာမဂုဏ်သာယာမှုတို့သည်လည်း ဖွယ်၍လာလေသည်။ ပြင်းပြသော ရမက်တို့က လျော့ပျက်၍လာကာ အခြားသော ပြဿနာများကသာ ကြီးစိုး၍လာလေသည်။ အသစ်သည် အဟောင်းဖြစ်လာ၍ တန်ဖိုးလျော့ပျက်လာရလေသည်။ ထို့ကြောင့်လည်း နဘ်ဖက်သော ဖူးစာမဖြစ်ဘဲ နတ်ဖျက်သော ဖူးစာ ဖြစ်သွားကြရလေသည်။

မိမိအဘယ်ကြောင့် အိမ်ထောင်ပြုသည်ကို အခြားသူများအား အမှန်အတိုင်း ပြောမပြလိုစေကာမူ မိမိကိုယ်တိုင်ပြတ်သားစွာ သိထားရပေလိမ့်မည်။ သို့မှလည်း မိမိအသိ၊ မိမိဆန္ဒအတိုင်း တစ်ဖက်သားကယုံကြည်လက်ခံကာ ရည်ရွယ်ချက်ချင်း တူမျှအောင် ကြိုးစားရပေလိမ့်မည်။

တစ်ဦးနှင့်တစ်ဦး ဆန္ဒမညီနိုင်းဘဲ လင်မယားဟူ၍ ထုံးစံအတိုင်းသာ အတူနေထိုင်ဆက်ဆံကာ သူကလည်း သူ့တွက်ကိန်းနှင့် အမြတ်ထုတ်၍၊ ကိုယ်ကလည်း ကိုယ့်တွက်ကိန်းနှင့် အမြတ်ထုတ်နေကြလျှင် အိမ်ထောင်နှင့်မတူဘဲ သူခိုးနှစ်ဦး တစ်ယောက်ကိုတစ်ယောက် ဘေးတွေ့အောင် ကြံကြသကဲ့သို့နောက်ဆုံးတွင် ဘဝနှစ်ခုလုံးပင် ပျက်ပြားဆုံးရှုံးရမည်သာ ဖြစ်ပေသည်။

❤



# အိမ်ထောင်ရေးနှင့် လူမှုရေးအမြင်

အိမ်ထောင်ရေးသည် ဖို,မ လူသားနှစ်ဦးတို့၏ ဆက်ဆံရေးပ
ဖြစ်သည့်အတိုင်း လူမှုရေးအနေနှင့် တာဝန်ကျရောက်ပုံများကိုလည်
သုံးသပ်ရန် လိုပေမည်။ လင်နှင့်မယားဟူ၍ အိမ်ထောင်ဖက်များ ဖြစ်လာ
ကတည်းကပင် တစ်ဦးအပေါ်တွင် တစ်ဦး ပြုစုကူညီ၍ နှစ်ကိုယ့်တစ်စိတ်
ဖြစ်ရပေလိမ့်မည်။

ဗုဒ္ဓဘာသာ တရားဥပဒေတို့၌ လင်နှင့်မယား ပစ္စည်းပိုင်ဆိုင်မှုတွင်
ပါရင်း, လက်ထက်ပွား နှစ်ပါးစုံ စသည်ဖြင့် ခွဲခြားပိုင်ဆိုင်မှု အသီးသီးကို
ပြဆိုထားကာမူ ယေဘူယျအားဖြင့် အတူအညီပိုင်ဆိုင်ကြသည်သာ ဖြစ်ပေ
သည်။ တရားဥပဒေအရ လင်နှင့်မယားကို အကြားတွင် တစ်ဦးတစ်ယောက်
သည်သာ သီးခြားပိုင်ဆိုင်သော သင်းသီးပစ္စည်းဟူ၍ မရှိချေ။ လင်နှင့်
မယားတို့သည် တစ်ဦးပစ္စည်းကို တစ်ဦးအကျိုးခံစားခွင့် ရှိသောကြောင့်
ဖြစ်လေသည်။

လင်မယားတို့တွင် မိန်းမ, ယောကျ်ားတို့အနေဖြင့်လည်း အခွင့်အရေး
ခွဲခြားခြင်း မရှိပေ။ မြန်မာတို့တွင် ရှေးအစဉ်အဆက်ကတည်းကပင်
တန်းတူအခွင့်အရေး ရခဲ့ကြပေသည်။ အိမ်ထောင်မှုကိစ္စများတွင် ယောကျ်ား
နှင့်မိန်းမ အခွင့်အရေး ကွာခြားမှုများမှာ--

www.burmeseclassic.com

www.burmeseclassic.com

ထိမ်းမြားနိုင်သော အသက်ကန့်သတ်ချက်၊ (ယောကျ်ားအတွက် ကန့်သတ်ချက်မရှိ၊ မိန်းမအတွက် အုပ်ထိန်းသူ ခွင့်ပြုလျှင် ၁၄-နှစ်၊ မပြုလျှင် အသက် ၂၀)။

ထိမ်းမြားမှု တရားဝင်ခွင့် (မိန်းမ၌ မပြတ်စဲသော တရားဝင် လင်မရှိစေရ၊ ယောကျ်ားအတွက် ကန့်သတ်ချက်မရှိ)။

ကွာရှင်းခွင့် (လင်ဖြစ်သူသည် တစ်ပါးသော မိန်းမနှင့် ကျူးလွန်လျှင် မယားဖြစ်သူ၌ ကွာရှင်းခွင့်မရှိ၊ မယားဖြစ်သူက တစ်ပါးသူနှင့် ကျူးလွန်လျှင် ကွာရှင်းခွင့်ရှိ၏)။

ပြတ်စဲချိန် (မယားကို လင်ကစွန့်လျှင် ၃-နှစ်ကြာ မဆက်သွယ်က ပြတ်စဲ၏၊ လင်ကို မယားက စွန့်လျှင် ၁-နှစ်ကြာ မဆက်သွယ်က ပြတ်စဲ၏)။

စသည်ဖြင့် ခေတ်ဟောင်း၏ အယူအဆအရ၊ ယောကျ်ားတို့အား ဦးစားပေးသယောင်ရှိသော ကွာခြားချက်အနည်းငယ်သာ ရှိပေသည်။ ယေဘုယျအားဖြင့်ကား လင်နှင့်မယားတို့သည် ဗုဒ္ဓဘာသာ တရားဥပဒေအရ တန်းတူအခွင့်အရေး ရရှိပေသည်။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုမှာ ပတ်သက်လာလျှင် *"ပူးတွဲပိုင်ဆိုင်သူများ"မဟုတ်ဘဲ "အတူပိုင်ဆိုင်သူများ"ဖြစ်ကြလေသည်။

ထို့ကြောင့် အိမ်ထောင်ဖက် အချင်းချင်းတွင် လင်ယောကျ်ားကို မိမိက ဥစ္စာစီးပွားရှာဖွေ လုပ်ကိုင်ရသူဖြစ်၍ ပို၍ စားမည်သုံးမည်၊ မိမိက အိမ်ရှင်, လင်ယောကျ်ားဖြစ်၍ အိမ်ဦးနတ်ဖြစ်သည်။ မိမိ စီမံသမျှကို လိုက်နာရမည် စသည်ဖြင့် မဆိုသာပေ။ မယားဖြစ်သူကလည်း မိမိအား သာလျှင် လွှဲအပ်ယုံမှတ်ရမည့် တာဝန်ရှိ၍ မယားသည်သာ ပစ္စည်းဥစ္စာ စီမံထိန်းသိမ်းထုခွဲမှု ပြုလုပ်နိုင်ခွင့် ရှိသည်ဟူ၍လည်း မဆိုသာပေ။ လင်နှင့်မယားသည် အိမ်ထောင်တွင် နေရာလုခြင်း၊ အာဏာလုခြင်း၊ ဦးစားလုခြင်း ပြုလုပ်ရန် မလိုပေ။

---

* ဗုဒ္ဓဘာသာ တရားဥပဒေ(ဦးမြစိန်)၊ စာမျက်နှာ-၆၄။
\+ ၎င်း-စာမျက်နှာ-၅၈။





ရှေးအခါက အမျိုးသမီးများသည် စာပေမတတ်၊ ပေါက်ရောက်နှံ့စပ်ခြင်းမရှိသဖြင့် အရာရာမှာလိုပင် ယောကျ်ားသည်သာ ရှေ့ဆောင်၍ မိန်းမက နောက်မှလိုက်ခြင်းကို အစဉ်အလာကောင်းတစ်ခုအဖြစ် လက်ခံခဲ့စေကာမူ တိုးတက်နိုးကြားလာသော အမျိုးသမီးခေတ်တွင် မိန်းမများက အမြဲတစေ နောက်လိုက်အဖြစ်နေကြလိမ့်မည် မဟုတ်ပေ။

အိမ်ထောင်တွင် လူ့အခွင့်အရေးကို မှုတစွာ မသုံးသပ်တတ်ကြသော ပညာတတ် လင်နှင့်မယားတို့တွင် နယ်လုပွဲ၊ အခွင့်အရေးတိုက်ပွဲများကား မပြတ်ဖြစ်၍ နေတတ်ကြပေသည်။ အချို့အိမ်ထောင်များတွင်ကား လင်ဖြစ်စေ၊ မယားဖြစ်စေ, နိုင်ကွက်ရှိသူ, အနိုင်ယူတတ်သူများက တစ်ဖက်စီးနင်း အနိုင်ယူကြသည်လည်း ရှိလေသည်။

ရှေးခေတ်က အချို့လူရိုင်းများသည် မယားဖြစ်သူအား အစေခံသဖွယ် သဘောထားကာ ရိုက်နှက်ခိုင်းစေခြင်း၊ မိမိတို့ဆန္ဒ ဖြည့်ရုံသာမက ညီနောင်သားချင်းတို့အားလည်း ဆန္ဒဖြည့်စေခြင်း၊ ရက်စက်, ကြမ်းကြုတ်စွာ ပြုမူခြင်း စသည်ဖြင့် အစေခံမယားမျိုး ထားရှိခဲ့လေသည်။

ဤခေတ်ရိုင်းသည် ကုန်လွန်ခဲ့ပြီဖြစ်သော်လည်း ယဉ်ကျေးသောနိုင်ငံများ၌ပင် ပြည့်တန်ဆာခေါင်းတို့သည် မယားအဖြစ် ယူထားသော မိန်းမကို နှိပ်စက်, ခြိမ်းခြောက်၍ အခြားယောကျ်ားများနှင့် ပျော်ပါးစေခြင်း၊ မယားကို တည်ကြက်အဖြစ် မြှူဆွယ်ပျော်ပါးစေ၍ ဒုစရိုက်မှု ကျူးလွန်ကြခြင်းစသည်ဖြင့် မယားအပေါ် ကမ်းကုန်အောင် ရက်စက်ယုတ်မာတတ်သော လင်များလည်း ရှိပေသေးသည်။

၎င်းတို့အနေနှင့် မယားအဖြစ် လှည့်ဖြားထိန်းယူထားရုံမျှသာ ဖြစ်သည်ဟူ၍လည်း မဆိုနိုင်ပေ။ နှစ်,ကာလ ကြာရှည်ပေါင်းသင်းလာခဲ့သော မယားကို ဖောက်ဖောက်ပြန်ပြန် ခိုင်းစေခြင်းနှင့် ထိုသို့ ပျော်ပါးခံမိန်းမနှင့်ပင် အတူတကွ ပေါင်းသင်းနေထိုင်ခြင်းမျိုးလည်း ရှိသည်ဖြစ်ရာ ဤသို့အားဖြင့် မိမိ, သားမယားအပေါ်၌ ဆိုးသွမ်းယုတ်မာခြင်းနှင့် လင်,အနေဖြင့် အိမ်ထောင်ရေးအသိနှင့် လူမှုရေးမျှတမှု ခေါင်းပါးမိုက်မဲသောကြောင့်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများအား လူမှုအခွင့်အရေးနှင့် တန်းတူညီမျှ ပေးရေးကို တိုးတက်သော နိုင်ငံတိုင်းကပင် လက်ခံခဲ့ကြပြီး ဖြစ်လေသည်။ အနောက်တိုင်းအိမ်ထောင်များတွင် အမျိုးသမီးများမှာ ရှေးအခါက မြန်မာအမျိုးသမီးများထက် အခွင့်အရေး ဆုံးရှုံးခဲ့၍ အချို့နိုင်ငံများတွင်ဆိုလျှင် ယောကျ်ားတစ်ပါးကို မျက်နှာမပြရဟူသော ပညတ်ချက်နှင့်ပင် အိမ်တွင်းပုန်းခဲ့ကြရပေသည်။ အလိုဆန္ဒမတူသော မိန်းမများကိုပင် ဝယ်ယူ၍ တရားဝင်မယားပြုနိုင်ခွင့်ထားရှိခဲ့ကြပေသည်။

သို့ရာတွင် ထိုခေတ်သည် နိဂုံးချုပ်ခဲ့ပေပြီ။ ထိုခေတ်၏ အတွေးအခေါ် အမျှင်,အတန်းများကိုပါ သုတ်သင်ပယ်ရှင်းကြရပေမည်။ ကမ္ဘာ့နိုင်ငံအသီးသီးက မိန်းမများ၏အခွင့်အရေးကို တိုးမြှင့်ပေးခဲ့ကြရာ ကုလသမဂ္ဂတွင် ပဋိညာဉ်စာချုပ်အရ လူမှုအခွင့်အရေး ကော်မတီကလည်း အပြည်ပြည်နှင့် ညှိနှိုင်း၍ အမျိုးသမီးများ၏ အဆင့်အတန်း၊ အခန်းကဏ္ဍကို တရားဝင်သတ်မှတ် ကြေငြာပေးခဲ့လေသည်။

* အိမ်ထောင်ရှင် အမျိုးသမီးများနှင့် ပတ်သက်လျှင် အိမ်ပြင်တွင် အလုပ်လုပ်ခွင့်၊ ပစ္စည်း,ဥစ္စာ အတူတကွ ပိုင်ဆိုင်ခွင့်၊ ခံစားခွင့်၊ ကွာရှင်းခဲ့လျှင် ပစ္စည်း, အညီအမျှ ခွဲဝေပိုင်ဆိုင်ခွင့်၊ မိမိရှာဖွေ ရရှိသော ဝင်ငွေကို လင်ယောကျ်ား၏ အခွင့်ခံယူရန် မလိုဘဲ သုံးစွဲနိုင်ခွင့်၊ မယားဖြစ်သူသည် မိမိနိုင်ငံရင်းသားအဖြစ် ဆက်လက်ခံယူပိုင်ခွင့်၊ သား, သမီးများအပေါ်တွင် အညီအမျှ ဩဇာသက်ရောက်စေခွင့်၊ စောင့်ရှောက်ထိန်းသိမ်းနိုင်ခွင့်၊ ကွာရှင်းရေးကို တရားရုံးတော်မှသာ အမိန့်ချ၍ တရားဝင်ဖြစ်စေခွင့်၊ ကွာရှင်းခြင်းနှင့် လက်ထပ်မှု ဖျက်သိမ်းရာတွင် နှစ်ဖက်လုံး၌ တူညီသော ဆန္ဒပြုခွင့်၊ စွဲဆိုခွင့်၊ အစစ်ခံခွင့်၊ နှစ်ဦးသဘောတူမှ ကွာရှင်းနိုင်ခွင့်၊ ပညာသင်ကြားနိုင်ခွင့်၊ တန်းတူပညာသင်ကြားခွင့်နှင့် လုပ်ခရယူခွင့် စသည်တို့ကို ၁၉၅၃–ခုနှစ်မှ ၁၉၆၇–ခုနှစ်အထိ အဆင့်ဆင့်ပြဋ္ဌာန်းဆောင်ရွက်ပေး၍ အပြည်ပြည်ဆိုင်ရာ အစိုးရများကိုလည်း လိုက်နာရန် အကြံပေးမေတ္တာရပ်ခံထားခဲ့လေသည်။

---

* The united nations and human rights Pg. ၁၈, ၁၉။



အမျိုးသမီးများသည် မီးဖိုခန်းနှင့် သားဖွားခန်း၌သာ နေရာယူရသည် မဟုတ်တော့ချေ။

ခေတ်ကြီးနှင့် ကမ္ဘာကြီးသည် မည်သို့ပြောင်းလဲနေစေကာမူ အယူသည်းသော ခေတ်နောက်ပြန်နေသော ယောကျ်ား, မိန်းမများကား ရှိမည်သာပင် ဖြစ်လေသည်။ ရှင်းလင်းစွာဆိုရလျှင် မိန်းမတစ်ယောက်အား တူညီသော အခွင့်အရေးပေး၍ မျှတစွာ သဘောထား ဆက်ဆံနိုင်ခြင်း မရှိသောသူသည် အိမ်ထောင်မပြုဘဲ နေရန်သာရှိပေသည်။

အိမ်ထောင်ပြုရ၍မျှ လင်နှင့်တန်းတူ အခွင့်အရေးမရရှိသော မိန်းမသည် ဆုံးရှုံးသော မိန်းမပင်ဖြစ်၍ အိမ်ထောင်၏ အကျိုးကျေးဇူးခံစားရသူ မဟုတ်ပေ။ ဇာတ်ရှိသော နိုင်ငံခြားသားကို လင်ပြုမိသော မိန်းမအချို့မှာ ညအချိန်၌ တစ်အိပ်ယာတည်း အိပ်ခွင့်ပင်မရ၊ တစ်အိုးတည်းအတူ လက်ဆုံစားခွင့်မှ မရဘဲ၊ သူ့ဆန္ဒရှိသည့်အခါမှသာ ပျော်တော်ဆက်နေရသည်ကို တွေ့ရဖူးလေသည်။

ဤသည်မှာ သူလိုရာကိုကား သဘောရှိ ထိကိုင်သုံးသပ်လေပြီးမှ မလိုသည့်အခါ ဇာတ်ကို အကြောင်းပြုကာ မထိရ, မကပ်ရ ပြုနေကြောင်း သိလာလေသည်။ လူသားအချင်းချင်း သာမက၊ မိမိ၏ အိမ်ထောင်ဖက်အပေါ်တွင်ပင် ဤသို့နှိမ့်ချဆက်ဆံခြင်းမျိုးကို အမြစ်ဖြတ်ရန်လိုပေသည်။

ထို့နည်းတူပင် မယား,ဆွေတော် မင်းဆွေးပါသူမိန်းမများနှင့် သာမန်အသည်သားဆင်းရဲသား လင်ယောကျ်ားတို့ ဆက်ဆံရာ၌လည်း အဆင့်အတန်း ခွဲခြားသော စည်းကမ်းသတ်မှတ်ချက်များကို ကြားသိခဲ့ရဖူးပေသည်။ မည်သို့ပင်ဖြစ်စေ ဤခေတ်၊ ဤအခါ၊ ဤမြန်မာနိုင်ငံတွင်ကား လင်နှင့်မယားတို့သည် လင်မယားမဖြစ်မီ မည်သို့ပင်ခွဲခြားမှု ရှိခဲ့စေကာမူ လင်မယားအရာ၌ အဆင့်အတန်း ခွဲခြားရန် မလိုအပ်တော့ပေ။

အိမ်သေ၊ အိမ်ဖော် စသည့် အမျိုးသမီးကလေးများကို သိမ်းပိုက်သော လင်ယောကျ်ားတို့တွင် ထိုမိန်းကလေးအား မယားကြီးဖြစ်သူကလည်းကောင်း၊ ဆွေမျိုးသားချင်းများကလည်းကောင်း၊ အခွင့်အရေးတန်းတူ၊ အဆင့်အတန်းတူအဖြစ် သဘောမထားဘဲ အိပ်ယာနေရာမှစ၍ အနိမ့်အကျထားခြင်းများလည်း ရှိပေသည်။

www.burmeseclassic.com



အမှန်အားဖြင့် အဆင့်အတန်း မတူဟုထင်လျှင်လည်း မိမိတို့ ဆော်လည်မှုကို ထိန်းကွပ်ထားသင့်ပေသည်။ ဇနီးမယားအရာ ရောက်လေပြီးမှ ပတ်ဝန်းကျင်၌ အသိအမှတ်မပြုလိုခြင်း၊ တန်းတူဆက်ဆံနေထိုင်မှု မပြုခြင်းတို့မှာ အလွန်မမျှတ၍ ကြင်နာစိတ်ကင်းမဲ့သော စရိုက်မျိုးဖြစ်ပေသည်။

အိမ်ထောင်ပြုသည်နှင့်တစ်ပြိုင်နက် လင်နှင့်မယားသည် အလိုအလျောက် အဆင့်အတန်းတူ လာရပေသည်။ အိမ်ထောင်ဖက်နှစ်ဦးတို့တွင် တစ်ဦးဦးက ပညာအရည်အချင်း အပြတ်အသတ် ကွာခြားပေမည်။ ဥစ္စာအင်ချင် ပြည့်စုံခဲ့သူက ပြည့်စုံခဲ့ပေမည်။ ရာထူးနိမ့်မြင့် ကွာခြားကောင်း ကွာခြားပေမည်။ သို့ရာတွင် လင်နှင့်မယား အနေဖြင့် ဆက်ဆံရာ၌ ထိုအဆောင်အယောင်၊ အရည်အသွေးတို့ကို မေ့ဖျောက်ဖယ်ချန်ထားရပေလိမ့်မည်။

ပညာဂုဏ်၊ ဓနဂုဏ်၊ ရူပဂုဏ် စသော မာနကလေးများ တလူလူနှင့်သာ ဆက်ဆံနေပါက လင်မယားအဖြစ် ပြေလည်ညီညွတ်မည် မဟုတ်ပေ။ လင်နှင့်မယားသည် ကာမဂုဏ်ဆက်ဆံရာ၌ အခြားမရှိသကဲ့သို့ လူချင်းဆက်ဆံရာ၌လည်း အခြားရှိစေရန် မလိုပေ။ အတူမဆက်ဆံနိုင်လျှင်လည်း အစကတည်းကပင် အိမ်ထောင်ဖက်မပြုသင့်ပေ။

လင်နှင့်မယားတို့သည် အရည်အချင်း၊ အခြေအနေခြင်း တတ်နိုင်သမျှ တူညီရန်လိုအပ်ခြင်းမှာ ဤသို့သော ဆက်ဆံရေးပြဿနာကြောင့်ပင် ဖြစ်လေသည်။ အချို့မိန်းမများမှာ အလှကြောင့် ဂုဏ်တက်ခြင်း၊ အရွယ်ကြောင့် မာန်တက်ခြင်းများ ရှိတတ်သေရာ၊ အခွင့်အရေးကို အကြောင်းပြု၍ လင်ကို လင်အရာဖြင့် သဘောမထားတော့ဘဲ အနိုင်ကျင့်၍ အခွင့်ကောင်းယူကာ အမြတ်ထုတ်ရမည့် ရာဂ,အိုးကြီးများအဖြစ် သဘောထားလာတတ်ပေသည်။

အလိုလိုက်မှု၊ အခွင့်အရေးပေးမှုများကိုပင် အလျှော့ပေး ခယမှုအဖြစ် သဘောထားကာ နောက်ဆုံးတွင် လင်မယားအဖြစ်မှ ကာမဂုဏ်အရောင်းအဝယ်သမား၊ ညှင်ကျများအဖြစ်သို့ရောက်ကာ ရှေ့မှောက်ရော၊ နောက်ကွယ်တွင်ပါ မှောက်မှားဖောက်ပြားတတ်ကြလေသည်။

ဆက်ရန်ရှိသေးသည် ... ဆောက်တာပေ

အရွယ်ငယ်သော လင်သားများကလည်း သက်ကြီး,ဇနီးများအပေါ်တွင် ထိုသို့သဘောထား ဆန်းပြားဖောက်ပြန်တတ်လေသည်။ လင်ကိုလင်ကဲ့သို့၊ မယားကို၊ မယားကဲ့သို့ အတူသမျှ ကြင်နာလေးမြတ်ခြင်းရှိမှသာ အိမ်ထောင်ရေး ပြေလည်ပေမည်။

လင်နှင့်မယားတို့၏ အကြားတွင် နေ့စဉ်တွေ့ဆိုင်ရသော ပြဿနာများကား မရေမတွက်နိုင်အောင် ရှိပေသည်။ ပြဿနာမည်မျှပင် များပြားစေကာမူ နှစ်ဦးအညီအညွတ် အပေးအယူမျှတစွာ ဆက်ဆံဖြေရှင်းခဲ့လျှင် မပြေလည်နိုင်စရာ မရှိပေ။

လင်သည် ပစ္စည်းဥစ္စာ ရှာဖွေရပေသည်။ ထို့ကြောင့် ပင်ပန်းနွမ်းနယ်ရသည်ကား မှန်ပေသည်။ သို့ရာတွင် အိမ်တွင် စီမံချက်ပြုတ်လျှော်ဖွပ်ရသော မယား၏ အလုပ်သည် လင်၏ အလုပ်မျှလောက် ပင်ပန်းခြင်းမရှိဟူ၍ကား မမှတ်ယူသာပေ။ မယားဖြစ်သူက လုပ်ကိုင်ရှာဖွေကျွေးမွေးသော အိမ်ထောင်လည်း ရှိပေမည်။

မယားသည် လင်နှင့်မယား ဒူးထူပေါင်ဖက် စီးပွားရှာဖွေလုပ်ကိုင်သော အိမ်ထောင်လည်း ရှိပေမည်။ လင်နှင့်မယားတွင် မည်သူကပို၍ ပင်ပန်းသည်ဖြစ်စေ၊ ထိုပင်ပန်းမှုကို အကြောင်းရှာ၍ အခွင့်အရေးပို၍ ယူရန်မသင့်ပေ။ နှစ်ဦးစလုံး လုပ်ကိုင်ဆောင်ရွက်သမျှမှာ အိမ်ထောင်၏ သာယာတိုးတက်ရေးအတွက်ပင်ဖြစ်ရာ တတ်နိုင်သူက နိုင်ရာတာဝန်ကို ရွက်ဆောင်ရမည်သာ ဖြစ်ပေသည်။

အိမ်ထောင်အတွက်ဆောင်ရွက်သမျှမှာ ဘဝတွင် ခံယူထားသော တာဝန်ပင်ဖြစ်စေ၊ ထိုတာဝန်ကို ဆောင်ရွက်ရာ၌ ကျေးဇူးတင်ခံရန် အကြောင်းမရှိပေ။ ညည်းတွားရန်လည်း မလိုပေ။ အိမ်ထောင်ပြုသူသည် အိမ်ထောင်၏ တာဝန်ကို ရင်ဆိုင်ရပေမည်။ တစ်ကိုယ်ရည် တကာယနေထိုင်သည့် ဘဝထက် တာဝန်များ ပိုလာမည်သာ ဖြစ်ပေသည်။ ထိုသို့သော တာဝန်ပိုသည်မှာ အကျိုးမဲ့ မဟုတ်ချေ။

အိမ်ထောင်သည် ဘဝတွင် မိမိအိမ်ထောင်ဖက်၏ အကူအညီကို ရရှိသည်မှာ တစ်ကိုယ်ရည်ဘဝထက် ထူးကဲပေသည်။ ချောက်ချားရာရှိလျှင် နှစ်သိမ့်အားပေးဖော်ရှိလေပြီ။ မမာမကျန်းဖြစ်လျှင် ပြုစုမည့်သူ ရှိလေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ငြိုငွေ့စရာအချိန်များ၌ ကြည်ကြည်နူးနူး ပြောဆိုရန် အဖော်အဖက် ရှိလေပြီ။ သာယာမှုအာရုံကိုလည်း စိတ်တိုင်းကျ ကျေကျေနပ်နပ် ခံစားနိုင်လေပြီ။ ဘဝအတွက် တိုင်ပင်ညှိနှိုင်း၍ လက်တွဲရမည့် ယုံကြည်စိတ်ချရသော မိတ်ဆွေကောင်းလည်း ရှိထားသင့်လေပြီ။ ဤသို့သော တိုးပွားလာသည့် ချမ်းမြေ့မှုများအတွက် ကျရောက်လာသော တာဝန်များကိုလည်း ထမ်းဆောင်ရန် ဝန်လေး၍ ရမည်မဟုတ်ပေ။

အိမ်ထောင်ရေးဘဝသည် သာလျှင်သာ စံ၍၊ နာလျှင်မခံဘဲ ရှောင်လွှဲရမည့်ဘဝ မဟုတ်ပေ။ လင်နှင့်မယား အေးအတူပူအမျှ ပေါင်းသင်းသွားရမည့်သူများ ဖြစ်လေသည်။ မယားသည် လှပနုပျိုချိန်တွင် ချစ်ရေးယုယသာယာ၍ ချိနဲ့ ပိန်ကျုံ၍ လာချိန်၌ စက်ဆုတ်ရွံရှာပြီး နေရန်မသင့်ပေ။ လင်ကိုလည်း စည်းစိမ်ဥစ္စာပြည့်စုံသည့်အခါ၌ ပုထိုးတစ်ဆူ ဂူတစ်လုံးကဲ့သို့ ပြုစု၍ စီးပွားပျက်စီးလေသောအခါ စူဆောင့်ငြိုငြင်နေရန်လည်း မသင့်ပေ။ လင်နှင့်မယားသည် ရာသက်ပန်ဆွေစစ် ကြင်ဖော်များဖြစ်ရာ၊ တစ်ဦးအပေါ် တစ်ဦး သေတပန်သက်ဆုံး ကြင်နာမှုရှိရပေမည်။ ဤသည်မှာ လူမှုဆက်ဆံရေး၏ ကျင့်ဝတ်ပင် ဖြစ်လေသည်။

တစ်ဦးနှင့်တစ်ဦး အဖော်အဖက်မပြုမီကပင် နောင်တစ်သက်တာ အနိမ့်အမြင့်၊ အတက်အကျ တာဝန်များ အခြေအနေများကို သုံးသပ်ဆင်ခြင်ပြီး ဖြစ်ရပေမည်။ အရာခပ်သိမ်းတို့သည် သင်္ခါရသဘောနှင့် မကင်းသည်ကို နားလည်ရပေမည်။ အခြေသာခိုက်တွင် အတူတွဲ၍ အခြေမသာသောအခါ ခွဲမည်ဟု မပြုသင့်ပေ။ လင်မယားဘဝတွင် ဖြစ်လာသမျှ အကောင်းအဆိုး၊ အကျိုး,အပြစ်ကို ဆီး၍ ခံမည်ဟုပင် သဘောထားရပေမည်။

တစ်ခုသောအိမ်ထောင်တွင် အထက်တန်းကျခဲ့သော လင်သားသည် မမျှော်လင့်ဘဲ နိမ့်ကျသွားရလေသည်။ အိမ်ထောင်တစ်ခုတွင် လက်ထပ်ပြီး၍ မကြာမီပင် လင်ဖြစ်သူက မျက်စေ့ကွယ်သွားပေသည်။ တစ်ခုသော အိမ်ထောင်တွင် ပေါင်းသင်း၍ ကာလကြာမှ အပျိုစင်မဟုတ်ခဲ့ကြောင်း သိရပေသည်။ တစ်ခုသော အိမ်ထောင်တွင် လင်ဖြစ်သူသည် ဟန်ဆောင်ကြွားဝါခဲ့သော အလုပ်လက်မဲ့တစ်ယောက် ဖြစ်ကြောင်း သိလာရပေသည်။





မည်သို့ပင်ဖြစ်စေ ဖြစ်လာပြီးသော ကိစ္စ၌ ရိုးသားစွာဖြင့် တိုင်ပင်ဆောင်ရွက်၍ ဖြစ်လာသမျှ အခြေအနေတွင် ပျော်မွေ့နိုင်အောင် နှစ်ဦးပေါင်းကြံဆောင်ကြိုးစားရပေလိမ့်မည်။ ဤသည်မှာ လူမှုရေးအနေနှင့် လင်နှင့်မယားတို့ ခင်တွယ်နှောင်ဖွဲ့မှု မပြတ်အပ်သော ကျင့်ဝတ်ပင်ဖြစ်ပေသည်။

လူ့လောကတွင် သစ္စာရှိဆုံးသော မိတ်ဆွေကို ဖော်ပြပါဟုဆိုလျှင် အိမ်ထောင်ဖက်ကိုပင် ဖော်ပြရပေမည်။ သို့ရာတွင် အိမ်ထောင်ဖက်တိုင်းသည် မိတ်ဆွေကောင်းများ ပီသကြသည် မဟုတ်ပေ။ ဤသို့ဖြစ်ရခြင်းမှာ အိမ်ထောင်လူမှုရေးစနစ်, ဖောက်ပြန်ခြင်းကြောင့်သာ ဖြစ်ပေသည်။ အိမ်ထောင်ကို လူမှုအဆောက်အအုံ တစ်ခုအနေဖြင့် တန်ဖိုးမထားသမျှ အခြေခိုင်သော အိမ်ထောင်သည် မပေါ်ပေါက်နိုင်ပေ။

လူဆိုသည်မှာ အသစ်အဆန်းကို မက်မောသလောက် အဟောင်းအမြင်းကို ငြီးငွေ့လာတတ်သူမျိုး ဖြစ်ပေသည်။ မိမိအိမ်ထောင်ဖက်အပေါ်တွင် တွေ့စ, ကြုံစ, ဆက်ဆံစတွင် မြတ်နိုးသော မြတ်နိုးမှုမျိုးသည် နောင်အခါ တွေ့ကြုံရဖန်များသောအခါ၌ ခိုင်မြဲစွာ တည်နေရန်မှာ မလွယ်ပေ။ ကာမဂုဏ်စည်းစိမ်သည်ပင် ကြာရှည်လာသောအခါ ရိုး၍လာတတ်ပေသည်။

သို့ရာတွင် အိမ်ထောင်ဖက်နှစ်ဦးတို့အား ဘဝခရီးဆုံးအထိ ဆက်တွဲဆောင်နိုင်သောအရာရှိပေသည်။ ထိုအရာကား လူမှုရေးကျင့်ဝတ်ပင် ဖြစ်ပေသည်။ တစ်ဦးကိုတစ်ဦး မခွဲမခွာတမ်း သစ္စာရှိရမည်ဟူသော ခံယူချက်၊ တစ်ဦးအပေါ်တစ်ဦး အနွံအနာခံ၍ ကူညီပြုစုရမည်ဟူသော အိမ်ထောင့်ဝတ္တရားနှင့် တစ်ဦး၏ကြင်နာမှုကို တစ်ဦးက တန်ဖိုးထားသော တုံ့ပြန်ချက်စေတနာတို့ကြောင့်သာလျှင် အိုမင်းသည်အထိ တစ်လင်တစ်မယားအနေဖြင့် အိမ်ထောင် ခိုင်မြဲရခြင်း ဖြစ်လေသည်။

လူမှုဝတ္တရားအနေဖြင့် ကြင်နာခြင်း၊ သစ္စာရှိခြင်း၊ တွယ်တာခြင်း၊ လေးစားသိခြင်း စသည်တို့ဖြင့် မနှောင်ဖွဲ့ဘဲ စည်းစိမ်ကို မက်၍ဖြစ်စေ၊ ကာမဂုဏ်ကို ခုံမင်၍ဖြစ်စေ၊ ယာယီအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ပေါင်းဖွဲ့သော အိမ်ထောင်သည် ကြာရှည်ခိုင်မြဲခြင်း ရှိမည်မဟုတ်ပေ။

www.burmeseclassic.com



အိမ်ထောင်တွင် ပါဝင်သော လင်နှင့်မယားတို့သည် တစ်ဦးကိုတစ်ဦး လည်း ညှာတာကြမည်၊ မိမိတို့အကျိုးတူဖြစ်သော အိမ်ထောင်၏ အကျိုး စီးပွားကိုလည်း ထိန်းသိမ်းစောင့်ရှောက်မည်၊ တစ်ဦးနှင့်တစ်ဦး အလိုဆန္ဒ တူညီအောင်လည်း ညှိနှိုင်းမည်၊ မခိုမကပ် လက်ညီတက်ညီ မိမိတို့တာဝန် ကျေအောင်လည်း ကြိုးစားကြမည်ဆိုလျှင် ထိုအိမ်ထောင်သည် ခိုင်မြဲမည် ဖြစ်၍ လူမှုရေးအနေနှင့်လည်း မျှတပြေလည်မည်သာ ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် မိမိလုပ်အား၏ တန်ဖိုးထက်ပို၍ သို့မဟုတ် မိမိ လုပ်အားမစိုက်ထုတ်ဘဲ အကျိုးခံစားလိုသော ခေါင်းပုံဖြတ်စနစ်၊ အချောင်စား စနစ်ကို အတိအလင်း ရှုတ်ချသည်ဖြစ်ရာ၊ ထိုစနစ်သည် စီးပွားရေးနှင့် လုပ်ငန်းလောကတွင်သာ ရှိသည်မဟုတ်ဘဲ၊ လင်နှင့်မယား အကြားတွင် လည်း တည်ရှိတတ်သည်ကို သတိပြုရပေမည်။

အချို့ယောကျ်ားသည် မိန်းမ၏ အမွေကိုမျှော်လင့်၍ မချစ်နှစ်သက်ဘဲ ချစ်ဟန်ဆောင်ကာ အိမ်ထောင်ပြုကြသည်။ အချို့မိန်းမသည် လင်ယောကျ်ား ၏ စည်းစိမ်ဥစ္စာကို အရယူလိုသဖြင့် ချစ်ဟန်ဆောင်၍ ပေါင်းသင်းကာ နောက်ဆုံးတွင် လင်ငယ်တစ်ယောက်နှင့်ပေါင်း၍ မိမိလင်ကို သေကြောင်း ကြံစည်လေသည်။

လူနှင့်လူချင်း ပေါင်းသင်းသည်ထက် ငွေကြေးဂုဏ်ကို ငမ်းငမ်း တက်၍ လက်ထပ်ကြလေသည်။ ဤသို့ စရိုက်ပျက်၊ ရည်ရွယ်ချက် မှားယွင်းကြလေသောအခါ အိမ်ထောင်နှင့် ဘဝ၏ တည်တံ့မှုသည် မရှိနိုင်တော့ပေ။ အိမ်ထောင်ရေးအမြင်ထက် မိမိတစ်ဦးတည်း အကျိုးခံစား လိုသော တစ်ကိုယ်ကောင်းစိတ်က လွှမ်းမိုးလိုက်သောအခါ အိမ်ထောင်ရေး အခြေပျက်ရပေသည်။

ထိုမျှမက အိမ်ထောင်ရေးအရခြေားကာ မတရားစီးပွားရှာရာလည်း ရောက်လေသည်။ အိမ်ထောင်ရေး ရည်မှန်းချက်မရှိဘဲ တစ်ဖက်သား၏ စည်းစိမ်ဥစ္စာကို ကာမဂုဏ်ဖြင့် ဖြားယောင်း၊ အယုံသွင်း၍ ဖဲ့ထုတ်သော တည်ကြက်အလုပ်မျိုးမှာ လူမှုရေးလောကတွင် ယုတ်ညံ့သော သစ္စာဖောက်မှု ဝင် ဖြစ်လေသည်။





စီးပွားရေးသည် လူ့အရေးဖြစ်သည်ကား မှန်ပေသည်။ လူတိုင်းဖင် ကြီးပွားချမ်းသာ၍ ဂုဏ်, ပကာသနဖြင့် မျက်နှာပွင့်လိုကြသည်လည်း မှန်၏။ သို့ရာတွင် အရာရာတွင် မိမိ၏ စီးပွားရေး တစ်ဖက်တည်းကိုသာ ကြည့်၍ ဘဝတစ်ခုလုံးကိုပင် စီးပွားရေးနှင့် လဲလှယ်,စတေးလိုက်မည်ဆိုလျှင် ကား မှားယွင်းပေတော့မည်။

လောကတွင် ဓနဥစ္စာ ရှာဖွေခြင်းမှာ သာယာအေးချမ်းသော ဘဝကို ထူထောင်ရန်အတွက်သာ ဖြစ်ပေသည်။ စစ်မှန်သော ပျော်ရွှင်မှု၊ တရားမျှတသော လူ့သိက္ခာ အပျက်ခံ၍ ဓန,ဥစ္စာနောက်သို့ တစ်ဟုန်ထိုး လိုက်ခြင်းဖြင့် ဘဝ၏ ထာဝရ ချမ်းမြေ့မှုသည် မပေါ်ထွက်နိုင်ပေ၊ ငွေရှိလျှင် ဘဝ,သာယာသည်ဟု အထင်ရှိသူများသည် မကြာမြင့်မီ ထိုအမှားကို နောင်တရကြမြဲ ဖြစ်လေသည်။

တစ်ဖက်တွင် ဘဝ၏ သာယာမှုမှာ ငွေကြေးဓန ရှိသူရော၊ မရှိသူပါ၊ မိမိတို့ ဖန်တီးရယူတတ်လျှင် စိတ်ချမ်းမြေ့မှု ရရှိနိုင်ကြသည်သာ ဖြစ်လေသည်။ ဘဝ၏ ပျော်ရွှင်ချမ်းမြေ့မှုသည် အခါခပ်သိမ်း ဓန,ဥစ္စာသာ လျှင် မဟုတ်ပေ။

လူ့ဘဝတွင် ကျန်းမာရေးလည်း လိုသည်၊ ပေါင်းသင်းဆက်ဆံရေး ပတ်ဝန်းကျင်လည်း လိုသည်၊ မိတ်ဆွေကောင်းလည်း လိုသည်၊ ရည်ရွယ် သည့် လုပ်ငန်းနှင့် ဝါသနာကို ထူထောင်ဖို့လည်း လိုသည်။ ကာမဂုဏ် စည်းစိမ်ချမ်းသာလည်း လိုသည်။ ဤသို့လျှင် အားလုံးကို ငွေကြေးဓန တစ်ခုတည်းဖြင့် မှန်ကန်စွာ ရရှိနိုင်မည်မဟုတ်ပေ။ ငွေကြေးဓနဟူသည် မကုန်ခမ်းနိုင်သောအရာ၊ ထာဝရတည်သော အရာလည်း မဟုတ်ပေ။ ငွေနှင့် ရနိုင်သော လိုအင်ဆန္ဒတို့သည် သတ်မှတ်ချက်အတွင်း၌သာ ရှိပေလိမ့်မည်။

ငွေကြေးဓနကြောင့် ဝိုင်းဝိုင်းလည်နေသော မိတ်ဆွေများကား ထာဝရမိတ်ဆွေမဟုတ်ပေ။ ငွေကြေးဓနဖြင့် ရယူသော ကာမဂုဏ်စည်းစိမ် သည်လည်း အနှစ်မပါသော အကာမျှသာဖြစ်၍ မတန်တဆ ရင်းနှီးရလိမ့်မည် သာ ဖြစ်လေသည်။ တကယ့်လောက၏ ချမ်းသာမှုကား ငွေကြေး,ဓနပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် မမိဘဲ ဖို,မ နှစ်ဦးတို့၏ ပြေလည်သော ဆက်ဆံမှုအိမ်ထောင်မှ အကုန်အကျသက်သာစွာဖြင့်ပင် ရရှိနိုင်ပေသည်။

မိန်းမများသည် မိမိတို့က မှီခိုရသူများအနေနှင့် ယောကျ်ားတစ်ယောက်မှာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံပါက၊ မိမိသည် ထိုသူကို မှီတွယ်ရချေသော် စိတ်ချမ်းသာဖွယ်ရာ စည်းစိမ်ပြည့်ဝလိမ့်မည်ဟူသော စိတ်ကူးယဉ်ချက်ဖြင့် ထိုသူသည် မည်မျှ အရုပ်ဆိုး, အကျင့်ပျက်၍၊ ရောဂါဝေဒနာရှင် ဖြစ်နေစေကာမူ မိမိ၏ အလှနှင့် ခန္ဓာကိုယ်ကို မျက်စိမှိတ်၍ စတေးဝံ့ကြပေသည်။

သို့ရာတွင် မိမိအပေါ်၌ မည်သို့ ချစ်ခင်စုံမက်၍ အနွံအတာခံကာ ဘစ်သက်တာ မြတ်နိုးယုယမည့်သူ ဖြစ်စေကာမူ အခြေအနေ နိမ့်ကျခဲ့လျှင် မတုမတန် သဘောထားကာ ဝေးနိုင်သမျှ ဝေးအောင် ရှောင်တတ်ကြပေသေးသည်။

ထိုသို့သော မိန်းမများအဖို့တွင် ဝတ်ရ, စားရ၊ မော်တော်ကားပိုင်စီးရ၍ ကတော်အခေါ်ခံရသည်ကိုသာ စည်းစိမ်အရသာဟူ၍ ထင်စားနေမိခြင်းကြောင့် ဖြစ်လေသည်။ ထိုသူများတွင် တကယ့်ဘဝ ချမ်းသာရသူလည်းရှိ၍၊ မရဘဲ စိတ်ဆင်းရဲရသူများလည်း ရှိပေသည်။

* စည်းစိမ်ချမ်းသာရှိသော သူတိုင်းသည် နိမ့်ကျယုတ်မာသူ၊ အသည်းနှလုံးမရှိသူများ မဟုတ်ပေ။ သို့ရာတွင် အိမ်ထောင်ရေးသုခသည် စည်းစိမ်ချမ်းသာရှိမှသာ ရနိုင်သည်ဟူသော အယူအဆသည် တစ်ထစ်ချ မဟုတ်ကြောင်းကိုသာ ထင်ရှားစေလိုပေသည်။ စည်းစိမ်ချမ်းသာလည်းရှိ၍ ဘဝ၏ သာယာမှုလည်း ရှိမည်ဆိုလျှင်ကား အကောင်းဆုံးပင် ဖြစ်ပေမည်။

မိန်းမများသည်သာ မဟုတ်ဘဲ ယောကျ်ားများသည်လည်း အိမ်ထောင်ရေး၌ စည်းစိမ်ဥစ္စာကို အခြေတည်တတ်ကြပေသေးသည်။ လခ, ဝင်ငွေကောင်းသော အရုပ်ဆိုး၊ အကျည်းတန်, အရွယ်လွန် မိန်းမတစ်ယောက်ကို ပပဝတီကဲ့သို့ စာဖွဲ့ကာ အရအမိလိုက်၍ မေတ္တာသိုက်တူးသူ ရှိပေသေးသည်။

အရွယ်မတူသော မိန်းမကြီးများပင်ဖြစ်စေကာမူ စည်းစိမ်ဥစ္စာရှိသူများကို ယုယကြင်နာ စောင့်ရှောက်ချင်ကြသူများလည်း အများပင်ရှိလေသည်။ လူကို ချစ်နိုင်စရာ တစ်ကွက်မှ မရှိစေကာမူ ရွှေ, ငွေ, စည်းစိမ်ကို





ပင် အောင့်အည်း၍ ချစ်နိုင်ကြပေသည်။ သို့ရာတွင် စည်းစိမ်ပျက်ပြားသော အခါတွင်ကား သွေးဝသော မျှော့ပမာ တစ်ချက်တည်း ကွာကျလေတော့သည်။

လူ့ဘဝ၏ အိမ်ထောင်ရေးသည် ကိုယ်ကျိုးအတွက် အမြတ်ထုတ်စရာ၊ ရင်းနှီးစရာ အရင်းအနှီးမဟုတ်ပေ။ လူတစ်ဦး၏ လှည့်ဖြားစရာ မက်လုံးမဟုတ်ပေ။ လူတစ်ယောက်၏ ဘဝမှာ ကျီစားစရာ လက်နက်မဟုတ်ပေ။ လူတစ်ဦး၏ဘဝကို နစ်မွန်းအောင် ပြုစရာလက်သည် မဖြစ်စေရပေ။

အိမ်ထောင်ရေးသည် လူနှစ်ဦးတို့၏ သာယာချမ်းမြေ့မှုကို ဖန်တီးထုတ်ယူရမည့် ပြဒါးရှင်လုံးပင် ဖြစ်လေသည်။ အိမ်ထောင်ရေးသည် ဆင်းရဲ, ချမ်းသာမရွေး လူအားလုံး၏ သာယာမှုတည်ဆောက်ရာ ပစ္စည်းကိရိယာပင် ဖြစ်ရပေသည်။

အိမ်ထောင်ရေးသည် စင်စစ်အားဖြင့် ဖို–မ လူသတ္တဝါအားလုံးအတွက် သာယာမှု ဗိမာန်ပင် ဖြစ်လေသည်။ လူသည် ဘဝပေးတာဝန်အရ မိမိ,တိုးတက်မှုနှင့် မိမိအပါအဝင် လူသားတို့၏ တိုးတက်မှုအတွက် ထုတ်လုပ်မှု လုပ်ငန်းများတွင် မရှောင်မလွဲသာဘဲ ပါဝင်ဆောင်ရွက်ရပေသည်။

လူသည် လောကအတွက် လုပ်သားတစ်ယောက်ပင် ဖြစ်လေသည်။ ထိုသို့ မပြတ်မလတ် လုပ်ကိုင်ဆောင်ရွက်နေသည့် ကာလအတွင်း၌ အသက်ရှင်ကျန်မှုအတွက် စားရပေသည်၊ အိပ်ရပေသည်၊ ဘဝ၏ ချမ်းမြေ့မှုအတွက် ကာမဂုဏ်အာရုံ,ခြောက်ပါးတို့ကို ခံစားကြရပေသည်။

လူ့ဘဝအခြေခံ ယူဆချက်တွင် လူသည် စည်းစိမ်ခံရန် ဖြစ်လာသည်ဟု ဆိုကြသည်။ အချို့က လူသားလောကအတွက် အလုပ်လုပ်ရန် ဖြစ်လာသည်ဟု ဆိုကြသည်။ စင်စစ်ကား ထိုအကြောင်းနှစ်ပါးသည် မျှတစွာ ပေါင်းစပ်နေပေသည်။ စည်းစိမ်သာယာမှုမရှိဘဲ အလုပ်ကိုချည်း တပင်တပန်း လုပ်မနေနိုင်ပေ။ အလုပ်,မလုပ်ဘဲ ရှိသမျှအချိန်တိုင်း စည်းစိမ်ခံနေ၍လည်း မဖြစ်နိုင်ပေ။

www.burmeseclassic.com



ကိုယ်လုံးကိုယ်ပေါက် တင့်တင့်တယ်တယ်နှင့် ဝတ်စားပုံ ဝင့်ကြွားသော မိန်းကလေးဖြစ်လျှင် ချစ်ကြိုက်၍ သူငယ်ချင်းအိမ်သို့ ခိုးသွားခြင်းဖြင့် အိမ်ထောင်စခန်းသို့ လှမ်းဝင်လိုက်ကြလေသည်။

သို့ရာတွင် မိမိလက်တွင်းရောက်မှ ချောချောနှင့် ကလက်သော ချောကလက်, အမျိုးသမီးဖြစ်နေ၍ ထိန်းသိမ်း၍လည်းမရ၊ ဆုံးမ၍လည်း မနိုင်ဘဲ နောက်ဆုံး စိတ်သောကရောက်ရသည်လည်းရှိလေသည်။ အိမ်ထောင်ရေးရည်မှန်းချက်မရှိဘဲ ပေါ်ပင်လိုက်၍ ချစ်ကြိုက်, အိမ်ထောင်ပြုသူများသည် ကြက်ကန်းဆန်အိုးတိုးသည့်ပမာ သာယာမှုရခွင့် အလွန်, ကြုံကြိုက်ခဲပေလိမ့်မည်။

အိမ်ထောင်ပြုသည် ဆိုသည်မှာ လွယ်ကူသော အလုပ် မဟုတ်ပေ။ စိတ်တစ်ခြား, လူတစ်ခြားဖြစ်သော သူစိမ်းတစ်ဦးနှင့်အတူ နေထိုင်ယှဉ်တွဲမှုပေါင်းရသည့်ကိစ္စပင် ဖြစ်ပေသည်။ သမီးရည်းစားဘဝတွင် ဟိတ်ဟန်ထုတ်၍ ရပေသည်၊ ဝါကြွားရပေသည်၊ ကိုယ်ပေါ်က ရောဂါကွက်ကို အဝတ်တန်ဆာ, ဖုံးလွှမ်းထား၍ ရပေသည်။ အပြစ်မကင်းသော မျိုးရိုးကို ကွယ်ဝှက်၍လည်း ရလေသည်။ ပါးစပ်နံလျှင်ပင် ဗလရှင်ဆေးပြားငုံထား၍ ရလေသည်။ တကယ့် လင်မယားဘဝတွင် ဟန်ဆောင်သမျှ ရုပ်လုံးပေါ်သည်သာ ဖြစ်လေသည်။ ပျားရည်ဆမ်းသော အလိုလိုက်မှု၊ သည်းခံမှု၊ အကြိုက်ဆောင်မှုများသည်လည်း ကွင်းလုံးကျွတ် ကွာရလေသည်။

❤



# အိမ်ထောင်ပြုသူများ၏ အခြေခံ

အိမ်ထောင်ပြုမည်ဟူ၍ စိတ်ဆုံးဖြတ်လေပြီးသော ယောကျ်ား, မိန်းမတို့တွင် ပြည့်စုံရမည့်အချက်များ အမြောက်အများရှိပေသည်။ အိမ်ထောင်ပြုနိုင်သော အရွယ်ရောက်ရုံမျှနှင့် ကိစ္စမပြီးသေးချေ၊ ပြည့်စုံသင့်သော အခြေခံများ မပြည့်စုံဘဲ အိမ်ထောင်ပြုပါက သာယာမှု သုခအမှန်မတွေ့ဘဲ တစ်နေ့နေ့တွင် ဒုက္ခနှင့်သာရင်ဆိုင်ရမည် ဖြစ်လေသည်။

အိမ်ထောင်ပြုရာတွင် ယောကျ်ားဉ္ပ ပြည့်စုံရန်လိုသော အခြေခံ၊ မိန်းမများတွင် ပြည့်စုံရန် လိုသောအခြေခံနှင့် နှစ်ဦးနှစ်ဖက်လုံးတွင် ပြည့်စုံရန်လိုသော အခြေခံတို့ကို တင်ပြဆွေးနွေးရပေလိမ့်မည်။

ယောကျ်ားတစ်ယောက်သည် အိမ်ထောင်၏ စားဝတ်နေရေးကို ဦးဆောင်တာဝန်ယူရသူဖြစ်သည့်အတိုင်း မယားတစ်ယောက်အား သင့်တင့်စွာ ကျွေးနိုင်၊ ဆင်ယင်နိုင်၊ နေရာချထားပေးနိုင်သော အခြေအနေ ရှိရပေမည်။ မိမိကိုယ်ပိုင်ဝင်ငွေ, အလုပ်အကိုင်နှင့် အလုပ်စွမ်းရည် သို့မဟုတ် ပညာတို့နှင့် ပြည့်စုံရပေလိမ့်မည်။

ဤကား အနည်းဆုံး သတ်မှတ်ချက်ပင် ဖြစ်ရပေမည်။ မိမိတွင် လုပ်ပိုတစ်ယောက်ကို လောလောဆယ် တင်၍ ကျွေးနိုင်ရေးကို အပထား၍ မိမိဝမ်းကိုပင် မိမိ,မကျောင်းနိုင်ဘဲ မှီခိုကပ်ရပ်နေရသူ၊ မိဘ၏ စည်းစိမ်ကို မှီခိုကပ်ရပ်ကာ နို့သက်ခံစို့နေသူများသည် လုံးဝ အိမ်ထောင်မပြုထိုက်သေးပေ။

www.burmeseclassic.com



နောင်တစ်နေ့ဖြစ်လာလိမ့်မည်၊ ငတ်သေသော မသာမရှိ၊ လူထွင်သောခံတွင်းမဟုတ်၊ နတ်ထွင်းသော ခံတွင်းဖြစ်သည် စသည်ဖြင့် အနာဂတ်ကို အရမ်းမဲ့ ယုံကိုးနေ၍မရပေ၊ တစ်ဖက်သားတွင် ရှိနေသော သူပိုင်သို့မဟုတ် မိဘပိုင်ဥစ္စာပစ္စည်းကို အားကိုးသွားရည်ကျနေ၍လည်း မဖြစ်ပေ၊ ယောကျ်ားပီသသော လူတစ်ယောက်အနေဖြင့် မိမိက အလုံးစုံတာဝန်ယူနိုင်အား ရှိရပေမည်။

စား,ဝတ်,နေရေး တာဝန်အတွက် ကြွားကြွားဝင့်ဝင့် အသင့်ပြင်ပြီးဖြစ်ရပေမည်။ "မောင်းလျှင် မမူးနှင့်၊ မူးလျှင် မမောင်းနှင့်"ဟူသောစကားကဲ့သို့ ဝင်ငွေ, လုပ်စာ, စီးပွားမရှိလျှင် အိမ်ထောင်ပြုလိုစိတ်ကို နှိပ်ကွပ်ငုံ့လင့်ရပေမည်။

ထိုစိတ်ကို နှိပ်ကွပ်၍ မရလျှင်လည်း လူတစ်လုံးသူတစ်လုံး ဖြစ်အောင် ကြိုးစည်ကြိုးစားရပေလိမ့်မည်။ လူ့ဘဝ၏ ရပ်တည်ရေးမှာ စား, ဝတ်, နေရေးပင် ဖြစ်ရာ ထိုအရေးကို အခြေခံထားရပေလိမ့်မည်။

ယခုခေတ်တွင် အမျိုးသမီးများသည် တစ်ဖက်တစ်လမ်း လုပ်ကိုင်ကြိုးစား၍ စီးပွားရှာလျက် ရှိကြလေသည်။ ယောကျ်ားများနည်းတူ အရွယ်ရောက်လျှင် ဝင်ငွေရှိသော အလုပ်အကိုင် လက်ရှိနှင့် ဖြစ်နေတတ်ကြပေသည်။ သို့ရာတွင် ထိုအကြောင်းမျှကြောင့် ယောကျ်ားတို့က အိမ်ထောင်ရေးအတွက် အသင့်ပြင်ဆင်ရာတွင် မိမိကိုယ်တိုင် ဝင်ငွေနှင့် အလုပ်အကိုင်ရှိပြီးဖြစ်ရန် မလိုဟူ၍ မဆိုနိုင်ပေ။

အိမ်ထောင်သည် ဘဝတွင် မိန်းမသည် ပြင်ပအလုပ်ကို ဆက်လက်၍ လုပ်နိုင်ကောင်းမှ လုပ်နိုင်ပေမည်။ ထိုမှတစ်ပါး သူသည် တစ်ကိုယ်ရေ, တစ်ကာယဖြစ်၍ သူ့ဝမ်းကို သူကျောင်းရသည့် အခြေအနေ၌ အလုပ်လုပ်ကိုင်နေရစေကာမူ အိမ်ထောင်ရှင်ဖြစ်လာပါက လင်ကိုသာ အားကိုး၍ အိမ်ထောင်ဝန်ကိုသာ ထမ်းလိုပေလိမ့်မည်။ တစ်ဖက်တစ်လမ်းဆက်လက် လုပ်ကိုင်ရှာဖွေလိုသူပင်ဖြစ်စေကာမူ လင်ယောကျ်ားက မယား၏ လုပ်စာကိုသာ မှီတွယ် စားသောက်နေရန်လည်း မသင့်ပေ။

ထို့ကြောင့် မိမိအိမ်ထောင်ဖက်တွင် အလုပ်ရှိသည်၊ မရှိသည်မှာ ပြဿနာမဟုတ်ဘဲ ယောကျ်ားဖြစ်သူကမူ အလုပ်ရှိအောင် ရှာကြံလုပ်ကိုင်ပြီး





ဖြစ်ရပေမည်။ ထိုမျှသာမက မရောင်မလွဲသာသော အိမ်ထောင်မ,တည်စရိတ်အတွက် စုပြီး,ဆောင်းပြီး အထိုက်အတန် ရှိသင့်ကလည်း ရှိရပေဦးမည်။

မိန်းမတို့ကလည်း ကိုယ်ပိုင်ဝင်ငွေနှင့် အလုပ်ရှိသူကိုသာလျှင် ရဲရဲဝံ့ဝံ့ ယုံကိုးအားထားနိုင်ကြမည် ဖြစ်ပေရာ, ယောကျ်ားတို့က မိန်းမတစ်ဦးတစ်ယောက်ကို ရည်မှန်းရာတွင် ကိုယ်ခံ, အခြေအနေရှိပြီး ဖြစ်မှလည်း မိမိမှန်းထားသူက မိမိအား ပြန်လည်ရွေးချယ်မည့် အလားအလာ ပို၍ရှိပေလိမ့်မည်။

လိမ္မာပါးနပ်သော မိန်းကလေးသည် အလုပ်အကိုင် အခြေတကျမရှိသေးသော ယောကျ်ားကလေးတစ်ယောက်အား မည်သည့်နည်းနှင့်မျှ အိမ်ထောင်ဖက်အဖြစ် ရည်မှန်းလိမ့်မည် မဟုတ်ပေ။

အထူးသဖြင့် ကျောင်းထွက်၍ ပညာ, အထိုက်အတန် တတ်မြောက်ပြီးစေကာမူ အလုပ်ရရန် စောင့်စားရှာဖွေ ကြိုးစားရသေးသည်ဖြစ်ရာ၊ ပညာတတ်ရုံနှင့်ပင် ချက်ချင်းယုံမှတ် အားကိုးရာ မဖြစ်နိုင်သေးပေ။ ထို့ကြောင့် အိမ်ထောင်ပြုလိုသော ယောကျ်ားသည် ဝင်ငွေနှင့် အလုပ်အကိုင်တစ်ခုခု အခြေတကျ ဖြစ်ရပေလိမ့်မည်။

အလုပ်အကိုင်ဆိုရာ၌ လခစား အလုပ်မျှသာမဟုတ်ဘဲ ပုံမှန်ဝင်ငွေရနိုင်၍ တရားဥပဒေနှင့် ညီညွတ်သော လုပ်ငန်းဟူသမျှ အကျုံးဝင်ပေသည်၊ ဤတွင် လခစားအဖြစ် ထိုမျှမက အစိုးရလခစားအဖြစ်ကိုမှ တန်ဖိုးထားလိုသူ၊ အဆင့်မြင့်သော အရာရှိ, အရာခံအလုပ်ကိုမှ တန်ဖိုးထားလိုသူတို့လည်းရှိမည်သာ ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ၊ ယောကျ်ားတစ်ယောက်တွင် အလုပ်တစ်ခုခုရှိလျှင် လုံလောက်ပြီပင် ဖြစ်ပေသည်။

မည်သည့် အလုပ်အကိုင်ရှိသူကိုမှ ချစ်မြတ်နိုးလိုသည် ဆိုသည်မှာကား မိန်းမသားတို့၏ ရွေးချယ်မှုပင် ဖြစ်ပေလိမ့်မည်။ မိမိဘဝအတွက် အဆင့်မြင့်သည်ထက် မြင့်အောင် ကြိုးစားရမည်မှာ ယောကျ်ားတိုင်း၏ တာဝန်ပင်ဖြစ်ရာ လိုရာအဆင့်သို့ မပေါက်ရောက်သေး၍ အိမ်ထောင်ဖက် မပြုနိုင်သေးဟုဆိုလာသော မိန်းမတစ်ယောက်ရှိပါက ထိုမိန်းမ၏ ချစ်ကြည်သည်

www.burmeseclassic.com

www.burmeseclassic.com



အထိ ကြိုးစား၍ စောင့်နိုင်က စောင့်ရန်ဖြစ်၍ မစောင့်နိုင်က လက်ရှိအခြေအနေကိုပင် လက်ခံနိုင်သော မိန်းမတစ်ယောက်ကိုသာ ရှာဖွေရပေလိမ့်မည်။

ဝင်ငွေအလုပ်အကိုင် မရှိပါဘဲလျက် ချစ်ကြိုက်အိမ်ထောင်ပြုလိုသူ မိန်းမတစ်စုံတစ်ယောက် ရှိလာမည်ဆိုပါက ထိုမိန်းကလေးသည် မည်သည့် မိန်းကလေးဖြစ်သည်ကို စဉ်းစားရပေလိမ့်မည်။

တစ်နေ့တွင် မိမိအား ဒုက္ခပေးလိမ့်မည်ကိုလည်း ကြိုတင်နားလည်ရပေမည်၊ အလွယ်အသင့် မိန်းမတစ်ယောက်ရလေပြီဟူ၍ ယူလိုက်လျှင် မိမိဘဝကို နိမ့်ချနစ်မြုပ်ပစ်လိုက်ရာ ရောက်၍ အိမ်ထောင်၏ ဒုက္ခများနှင့် သာလျှင် ရင်ဆိုင်ရလိမ့်မည် ဖြစ်ပေသည်။

ယောကျ်ားတစ်ယောက်အဖို့ အလုပ်အကိုင်နှင့် ဝင်ငွေကိုသာ အခြေခံထား၍ တင်ပြခဲ့သော်လည်း အခြားအသင့်ဖြစ်ရမည့် တာဝန်များကို ချန်လှပ်ထား၍ မဖြစ်နိုင်ပေ။ အိမ်ထောင်ပြုမည့် ယောကျ်ားတစ်ယောက်သည် မိန်းမများ၏ ယေဘုယျသဘောကို သိနားလည်၍ မိမိအိမ်ထောင်ရှင်၏ စိတ်သဘော အယူအဆမှစ၍ အတွင်းအပြင်ကို တတ်နိုင်သမျှ သိနားလည်ထားရန် လိုပေသည်။ မိန်းမအကြောင်းကို နားမလည်သေးပါက လေ့လာရပေဦးမည်။

များစွာသော ယောကျ်ားများသည် စာအုပ်စာတမ်း ဖတ်ရှုမှုနှင့် မိန်းမတို့အကြောင်းကို သိလှပြီဟု မိမိတို့ကိုယ်ကို အထင်ကြီးတတ်ပေသည်။ စင်စစ်အားဖြင့် မိန်းမဦးရေများသလောက် သဘောဆန္ဒ အမျိုးအစားလည်း များပေသည်။ တစ်ယောက်အတွက် သိမြင်ထားချက်တို့မှာ အခြားတစ်ယောက်အတွက် ပုံသေမမှန်ကန်တတ်ပေ၊ ထို့ပြင်သာမက မိန်းမ ၁၀– ယောက်အဖို့ တစ်ပြေးတူညီသော သဘောထားသည်ကိုပင် ၁၁–ယောက်မြောက်သော မိန်းမတစ်ယောက်အတွက် ကွဲပြားနိုင်ပေသည်။

အသိခက်သော မိန်းမတို့အကြောင်းကို တကယ်သိသည်ဆိုသူသည် အစိတ်အပိုင်းမျှသာ သိခြင်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် မိမိ အိမ်ထောင်ဖက်၏ စိတ်နေသဘောထားကို မယူမီလည်းကောင်း၊ ယူပြီးနောက် အသက်ထက်ဆုံးသော်လည်း လေ့လာစူးစမ်းရပေလိမ့်မည်။ ထိုသို့ သိနေပါမှသာ သူတို့၏ အလိုဆန္ဒနှင့် လိုက်လျောအောင် ဆောင်ရွက်နိုင်ပေလိမ့်မည်။





ထို့ပြင်သာမက အိမ်ထောင်၏ တာဝန်ကိုလည်း သိနားလည်ထားရပေလိမ့်မည် ဖြစ်လေသည်။ ယောကျ်ားတစ်ဦးသည် အိမ်ထောင်၌ မည်သည့်တာဝန်ယူရမည်၊ မည်သို့ သဘောထားရမည်ကိုလည်း သိနားလည်ထားရပေလိမ့်မည်။

"ငါ့ကို ပြုစုကျွေးမွေး အလုပ်အကျွေး ပြုမည့်သူတစ်ဦး ရလေပြီ" ဟူ၍သာ သဘောမထားအပ်ပေ၊ မိမိအဖို့လည်း ပြုစုယုယမည့်သူတစ်ဦး တိုးလာပေလိမ့်မည်၊ မိန်းမတစ်ယောက်ကို မိန်းမသားတစ်ယောက်၏ လိုအင်ဆန္ဒအတိုင်း ဖြည့်စွမ်းနိုင်ရပေလိမ့်မည်။

နှစ်ဦးသားဆက်ဆံရေးတွင် မိမိတစ်ယောက်တည်း ပြတ်သားသည်၊ ဒေါင်ဒေါင်မြည်သည်ဟု ယူဆနေရုံနှင့် မပြီးပေ။ သူ့သဘောကို လိုက်လျောရမည့် အရေးကိုလည်း ကြိုတင်၍ သိနေရပေမည်။ မည်သူ့ကိုမျှ အလျှော့မပေးနိုင်ဟု ဆိုသူသည် မိမိမယားကို အလျှော့ပေးရန် ချွင်းချက်ထားရပေလိမ့်မည်။ သို့မဟုတ်ပါကလည်း အိမ်ထောင်မပြုဘဲ နေသင့်ပေသည်။

အိမ်ထောင်တွင် ယောကျ်ားသော်လည်းကောင်း၊ မိန်းမသော်လည်းကောင်း၊ တစ်ဖက်သတ်အပေါ်စီး မရယူသင့်ကြောင်းကို ဖော်ပြခဲ့လေပြီ။ အပေါ်စီးရမည်အထင်၊ ရလိုမှုနှင့် အိမ်ထောင်ပြုလျှင်လည်း အခြေကျလိမ့်မည် မဟုတ်ပေ။

ထိုမှတစ်ပါး အိမ်ထောင်ပြုမည့် ယောကျ်ားသည် ကာမသုတ္တန္တရဆိုင်ရာ သိမြင်နားလည်မှုများလည်း ရှိရပေလိမ့်မည်။ အိမ်ထောင်ရေးတွင် ကာမဂုဏ်ကိစ္စသည် ပါရှိနေပေသည်။ မိမိကလည်း သာယာမှုရယူလိုပေမည်။ တစ်ဖက်သားကလည်း ရယူရန် မျှော်လင့်ပေလိမ့်မည်။

ဤကိစ္စတွင် အရှက်အကြောက်တရား ရှိသင့်သည်၊ သိုသိပ်သင့်သည်၊ လော်လီမှုကင်းသင့်သည်ဟု ဆိုရသော်လည်း လင်နှင့်မယားအကြားတွင် ပွင့်လင်းမှု၊ နားလည်မှု၊ အပြည့်အဝ ရှိရပေလိမ့်မည်။ လင်နှင့်မယားကိစ္စကို အခြားသူများသိစေ၊ မြင်စေရန် မဟုတ်သော်လည်း မိမိတို့အချင်းချင်းမှာ ပွင့်လင်းခြင်းရှိရပေလိမ့်မည်။ ကာမဂုဏ်ကိစ္စတွင် ကျွမ်းကျင်ခြင်း သိတတ်ခြင်း၊ အပေးအယူမျှခြင်း၊ လိုက်လျောခြင်း၊ ပွင့်လင်းလှစ်ဟခြင်းတို့

www.burmeseclassic.com



ရှိရပေမည်။ သမီးရည်းစား **အချစ်ကုန်၊** လင်မယား **အရှက်ကုန်** သည်ဟု ဆိုရိုးရှိပေသည်။

ထိုမှုမက မယားကောင်းတို့သည် ပြည့်တန်ဆာကဲ့သို့ လုပ်ကျွေးပြုစုရမည်ဟူသောစကား၊ ကာမဂုဏ်ကိစ္စတွင် အရှက်အကြောက်မထားအပ်ဟူသော နီတိစကားများလည်း ရှိပေသည်။ **"အချစ်နှင့် စစ်ပွဲတွင် ဘာမဆို တရားသည်"** ဟူသော အနောက်တိုင်းစကားပုံလည်း ရှိပေသည်။

ထို့ကြောင့် လင်မယား, ဆက်ဆံမှုကိစ္စတွင် နှစ်ဦးဆန္ဒတူမျှလေသမျှ မည်သည့်ကိစ္စမျှ၊ ရှက်ဖွယ်၊ တားမြစ်ဖွယ်၊ မလိုလားဖွယ်၊ ကဲ့ရဲ့ဖွယ် မရှိပေ။ မိမိတို့နှစ်ဦးစိတ်တူရာ ဆောင်ရွက်နိုင်ခွင့်ရှိပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် သျှတ္တရဆိုင်ရာ အသိပညာသည်များစွာ အထောက်အကူပြုပေသည်။

အထူးသဖြင့် ကာမဂုဏ်မှုကိစ္စတွင် လင်ယောကျ်ားများက ရှေ့ဆောင်ကြပေသည်။ မြန်မာအမျိုးသမီးများမှာ ကာမဂုဏ်မှုကို ရှက်ကြောက်ဖွယ်၊ ယုတ်ညံ့သော အပြုအမူအဖြစ် နှစ်ကာလရှည်စွာ သိနားလည်ထားခြင်းကြောင့်လည်းကောင်း၊ မိန်းမတို့သည် တစ်ဖက်သားပြုသမျှ နုရမည့်သူများဖြစ်သည်ဟူသော အသိများများကြောင့်လည်းကောင်း၊ ကာမဂုဏ်မှုတွင် မည်သို့မျှ မဖော်မထုတ် မဆိုမမြွက်ဘဲ တစ်ဖက်သား၏ ဆန္ဒကို လိုက်လျောရုံမျှသာ တာဝန်ထမ်းဆောင်ရမည်ဟု သဘောထားလာခဲ့ကြပေသည်။

ကာမဂုဏ်မှုကို မိမိလင်ယောကျ်ားအပေါ်၌ပင် ဖုံးဖိမျိုသိပ်၍ ထားတတ်ကြပေသည်။ မိမိလင်ယောကျ်ားအပေါ်၌ပင် သိက္ခာဆည်၍ ဣန္ဒြေရှင်ကြီးများလုပ်ကာ ဝင့်ခံနေတတ်ကြပေသည်။ ကာမဂုဏ်ကိစ္စကို ဆွေးနွေးညှိနှိုင်းရမည့်အရေး၊ ဆန္ဒကို ဖော်ထုတ်ရမည့်အရေးမှာ မိမိလင်သားအဖို့ပင်လျှင် ရှက်ကြောက်ဖွယ်၊ အထင်သေးခံရဖွယ်၊ ယုတ်နိမ့်ဖွယ်ဟူ၍ အမှတ်ထားတတ်ကြပေသည်။

ထို့ကြောင့် ယောကျ်ားများအဖို့တွင် မိမိမယားများထံမှ နားလည်ခွင့်၊ သိခွင့်ရရန် မလွယ်တတ်ပေ။ ဣန္ဒြေကြီးရင့်သော မိန်းမများမှာ ကာမဂုဏ်မှုကို မလွဲမရှောင်သာ၍ အရုပ်ကဲ့သို့ လိုက်လျောရသည်မှတစ်ပါး နှုတ်ဖြင့်ဖွင့်ဟ၍ ပြောဆိုဆွေးနွေးခြင်း လုံးဝမပြုအပ်ဟု သဘောထားကာ နှုတ်ဆိတ်





နေရုံသာမက ဆန္ဒကို ချုပ်တည်းမျိုသိပ်ကာ ကာမဂုဏ်ပွင့်မြူးသော အရိပ်အငွေ့မျှ မသန်းရအောင် အရာရာတွင် ထိန်းချုပ်ဟန်ဆောင်နေတတ်လွန်းပေသည်။

ကာမဂုဏ်ကိစ္စတွင် အကျင့်ပျက်ခြင်း၊ ဖောက်ပြန်လော်လီခြင်းသည် ရှက်စရာပင် ဖြစ်ပေသည်။ သို့ရာတွင် လူသားတစ်ဦးအနေဖြင့် ဆန္ဒရှိခြင်းသည် ယုတ်ညံ့လော်လီခြင်း မဟုတ်ပေ။ ဆန္ဒရှိခြင်းအတွက် အပြစ်မရှိပေ။ သွေးသားနှင့် ဖွဲ့ထားသော ကိုယ်ခန္ဓာသည် သွေးသားစိတ်နှင့် ပတ်ဝန်းကျင်၏ စေစားလှုံ့ဆော်မှုကို ခံရမည်သာ ဖြစ်ပေရာ အာသဝေါမကင်းသူများသည် တဏှာကျေးကျွန်များပင် ဖြစ်ပေသည်။

ထိုဆန္ဒကို တရားဝင် လင်နှင့်မယားတို့အကြား၌ ဖွင့်ဖော်ခြင်း၊ ဖြည့်စွမ်းခြင်းသည် လော်လီမှု မဟုတ်ပေ။ လျှို့ဝှက်စွာ ဆောင်ရွက်ကြစေကာမူ လင်မယားဟူ၍ အသိအမှတ်ပြုထားသူများအားလုံးက ရိပ်မိနားလည်ကြပြီး ဖြစ်ပေသည်။ လင်မယား၏ ပြင်လွင်တစ်ပါး၌ ဖောက်ပြန်လော်လီခြင်းသာလျှင် လွန်ကဲခြင်း၊ ရှက်ကြောက်ဖွယ် မှောက်မှားခြင်း ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ကာမဂုဏ်ကိစ္စတွင် လင်နှင့်မယားတို့ ပွင့်လင်းစွာ အသိပေးခြင်း၊ တိုင်ပင်ခြင်း၊ တောင်းခံခြင်း၊ ဆန္ဒအကြိုက်ဖော်ထုတ်ညှိနှိုင်းခြင်း၊ စူးစမ်းခြင်း၊ တစ်ဦးအလိုကို တစ်ဦးလိုက်လျောခြင်း၊ ကြံဆနည်းလမ်းရှာခြင်း၊ အရှက်အကြောက်မထားဘဲ ပြည့်ပြည့်ဝဝ ဆောင်ရွက်ခြင်းစသည်တို့ ရှိရပေမည်။ ထိုသို့သော ကိစ္စရပ်များအတွက် လင်ယောကျ်ားသည် သိနားလည်ထားသင့်သမျှကို သိနားလည်ထားရန် လိုပေသည်။

လေ့လာသိကျွမ်းခွင့်မရသော မယားဖြစ်သူအားလည်း ရှင်းလင်းပြောပြ သိနားလည်အောင် ဆောင်ရွက်ရပေလိမ့်မည်။

လိင်ပညာသည် အိမ်ထောင်ရှင်တို့ သိအပ်သော ပညာပင်ဖြစ်၍ ကမ္ဘာ့နိုင်ငံများတွင် ပွင့်လင်းစွာ ရေးသားခြင်း၊ လေ့လာခြင်းများ ရှိနေကြပေသည်။

လိင်ပညာ၏ အန္တရာယ်မှာ အရွယ်မရောက်သူများအတွက် ဗဟုသုတအနေဖြင့် မဟုတ်ဘဲ၊ ကာမဂုဏ်စိတ် ပြင်းထန်နိုးကြွအောင် လှုံ့ဆော်ထားရာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်စေမည့်အရေးပင် ဖြစ်ပေသည်။ အိမ်ထောင်ရှင်များ ပွင့်လင်းစွာ သိနားလည်ရန် လိုအပ်စေကာမူ၊ အန္တရာယ်မှာ အိမ်ထောင်ရှင် မဟုတ်သေးသော ပျိုရွယ်သူ ယောကျ်ားကလေး၊ မိန်းကလေးတို့ လက်တွေ့စူးစမ်းလိုစိတ်ပေါ်၍ ဖောက်ပြန်ပျက်စီးမည့်အရေးအတွက် အန္တရာယ်ဖြစ်နိုင်စရာရှိခြင်းပင် ဖြစ်ပေသည်။

ထိုမျှမက တိုင်းပြည်အတွက် ပညာရေး၊ ကုန်ထုတ်လုပ်ရေးတို့ကို တစ်ဖက်တွင် အားသွန်ကြိုးပမ်းရန်တာဝန်ရှိသည့် လူသားတို့အား ကာမဂုဏ်စိတ်ချည်းသာ ထူပြော၍ လိုသည်ထက်ပို၍ ကာမဂုဏ်ကို လိုက်စားကာ ကျန်တာဝန်များ လစ်ဟင်းစေမည့်အရေးလည်း ရှိပေသည်။ ထိုမှတစ်ပါး လင်နှင့်မယားဟူ၍ ဆက်ဆံခွင့်မရှိသော လူပျိုရွယ်သူများ၊ ကာမဂုဏ်သောင်းကျန်းလွန်ကဲသူများကြောင့် မုဒိန်းမှု၊ ပြည့်တန်ဆာမှုနှင့် မလိုလားအပ်သော ရာဇဝတ်ပြစ်မှုများ ပေါ်ပေါက်လာမည့်အရေးလည်း ရှိပေသည်။

အရွယ်ရောက်သူတိုင်း အိမ်ထောင်ပြုရန် မလွယ်ကူသော အခြေအနေရှိခြင်းကြောင့်လည်း လိင်ပညာကို အထူးတလည် အားမပေးခြင်းသာဖြစ်ပေမည်။ ထိုမှတစ်ပါး လိင်ပညာ၏ ကျန်းမာရေး၊ ဆန္ဒပြည့်ဝသာယာရေးတို့ကို အခြေခံသော်လည်း ထိုနယ်ကိုကျော်လွန်၍ ကာမဂုဏ်စိတ် ထိုးဆွနှိုးဆော်သည့် အခြေအနေသို့ရောက်အောင် သရုပ်ပျက် ညစ်ညမ်းသည့် ညာသဘောမပါသော အပြာစာပေတို့ကလည်း လိင်ပညာအရေခြုံကာ ရောယောင်ပါဝင်လာတတ်ပေသည်။ ကာမဂုဏ်မှုမှာ တန်ဆေးလွန်ဘေး, ဟူသော သဘောမျိုးရှိပေရာ ကျေနပ်ပြည့်ဝသည့် အတိုင်းအဆထက် ပိုလွန်လိုက်စားပါမူကား--ကာယအား၊ ဉာဏအား၊ ဆုတ်ယုတ်ကာ အသက်ကိုပင် အန္တရာယ်ဖြစ်စေနိုင်ပေသည်။

ထိုကြောင့် အရှက်အကြောက်ကို လိုသည်ထက်ပိုကဲ၍ လိင်ကိစ္စကို ဆေးအပ်၊ မဖတ်အပ်၊ သိစရာမလိုဟုဆိုသော အယူသည်းရှေးဆန်သူများနှင့် လိင်ကိစ္စကို လိုသည်ထက် အပိုချဲ့ကာ မိမိစီးပွားရေးအတွက် ပြည်သူကို မှားယွင်းချောက်ချားအောင် ဆွဲချတတ်သောသူများ၏ အကြားတွင် လင်မယားတို့ အမှန်အကန်သိသင့်သိထိုက်သော အကျိုးများသည့်ကိစ္စနှင့် ဆိုင်သည့် လိင်ပညာမှာ မပေါ်လွင်သာတော့ဘဲ တိတ်တခိုးစာပေအဖြစ်သာ



ရောက်ရှိခဲ့ရပေသည်။ အင်္ဂလိပ်ဘာသာနှင့် စာအုပ်စာတမ်းများကား မြန်မာဘာသာ စာအုပ်စာတမ်းများထက်ပင် ပွင့်လင်းစွာ ဆွေးနွေးသင်ပြထားသည်ကို တွေ့ရှိနိုင်လေသည်။

အရွယ်ရောက်လာသော လူများသည် အသိုက်ဆောက်သောငှက်ငယ်ရေကူးတတ်သော ငါးကလေးတို့ကဲ့သို့ လိင်ကိစ္စကို အလိုအလျောက်တတ်မြောက်နားလည်လာလိမ့်မည်ဟု ယူဆတတ်ကြပေသည်။ ထို့ကြောင့် ဖခင်က သားကိုလည်းကောင်း၊ မိခင်က သမီးကိုလည်းကောင်း၊ လိုအပ်သည်တို့ကိုပင် မပြောဘဲ၊ နှုတ်မထွက်ရဲကြပေ။ မပြုအပ်သော အမှုကြီးကဲ့သို့ လျှို့ဝှက်၍ ထားခဲ့ကြပေသည်။

ထို့ကြောင့် လူငယ်လူရွယ်များမှာ အိမ်ထောင်ပြုလာကြသည်အထိ လိင်ကိစ္စကို သာမန်အခက်အခဲမရှိသော ကိစ္စတစ်ရပ်အဖြစ် သိတတ်သမျှနှင့် လုံလောက်ပြီဟု ယူဆထားခဲ့ကြပေသည်။ အချို့လည်း အတွေ့အကြုံရှိသော သက်ကြီးလိင်တူ ယောကျ်ားကြီး၊ မိန်းမကြီးများကို အမေးအမြန်းထုတ်၍ သိသင့်သလောက် သိနားလည်ထားကြသည်လည်း ရှိလေသည်။

မသိဘဲ ကျန်သည်လည်း ရှိပေသည်။ သိပြန်သော်လည်း အလွဲလွဲအမှားမှား ဖြစ်နေသည်များလည်း ရှိလေသည်။ ဆေးပညာ၊ ကျန်းမာရေးပညာနှင့် ယှဉ်သောအသိလည်း မပြည့်ဝဘဲ ရှိလေသည်။

အမှန်အားဖြင့် လိင်ကိစ္စသည် လွယ်အောင်တွေးလျှင် လွယ်သောကိစ္စပင်ဖြစ်ပေသည်။ အခက်ခဲကားမရှိပေ၊ သို့ရာတွင် ခံစားမှုသုခပြည့်ဝခြင်း၊ မပြည့်ဝခြင်းတို့သည် လိင်ပညာ, အပေါ်၌သာ တည်လေသည်။ သာမန်အသိသည် ထိုမျှလောက် ကျယ်ဝန်း,လုံလောက်စွာ ပို့ဆောင်မပေးပေ။ လင်နှင့်မယားတို့သည် ဤကိစ္စတစ်ခုတည်းအတွက်သာ ဆက်ဆံကြခြင်း မဟုတ်သည်မှာ မှန်ပေသည်။

ထိုမျှသာမက လိင်ကိစ္စ မကျေနပ်မှု၊ ဆန္ဒမပြည့်ဝ မတိုက်ဆိုင်မှုကို အကြောင်းပြု၍ ရုံးပြင်ကနားတွင် ကွာရှင်းခွင့် တောင်းခံခြင်းမျိုးလည်း အတိအလင်းမပေါ်ထွက်ခဲ့ဘူးပေ။ လင်မယားပြတ်စဲလျှင် စိတ်သဘောချင်း မတိုက်ဆိုင်မှုကြောင့်၊ သို့မဟုတ် အခြားအကြောင်းတစ်ခုကြောင့်ဖြစ်ကြောင်းကိုသာ လူသိနှုတ်ကြား အကြောင်းပြကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ရှိမယား၊ မယားရှိလင် ဖောက်ပြန်မှုတို့တွင်လည်း မိမိတို့လင်၊ မိမိတို့မယားအပေါ်၌ လှုပ်လယ်၌ ကြားကောင်းသော အကြောင်းပြတို့ဖြင့်သာ ဆင်ခြေကန်ကြပေသည်။ ထိုအကြောင်းပြ ဆင်ခြေတို့၏ အောက်လွှာမှ အမှန်အကန် အကြောင်းအရာများကိုကား ဖွင့်ဟပြောဆိုခြင်း မပြုကြပေ။

လင်နှင့်မယား မတိုက်ဆိုင်မှု၊ မကျေနပ်မှု၊ အဆင်မပြေမှုများတွင် လိင်ကိစ္စများသည် မည်မျှ အကြောင်းရင်းခံသည်ကို ဓာတ်သိများသာ သိကြပေသည်။ ထိုကိစ္စများသည် ဗာရာဏသီချဲ့စရာ ကိစ္စမဟုတ်ဟူ၍လည်း ယူဆကြပေသည်။ တစ်ဦးနှင့်တစ်ဦး ပြေလည်အောင် မကြိုးစားဘဲ အဆင်မပြေလျှင် တစ်ဦးနှင့်တစ်ဦး ပြတ်စဲပြီး တစ်ဖန် အိမ်ထောင်ဖက်အသစ်ရှာခြင်းဖြင့်သာ ပြဿနာဖြေရှင်းကြပေသည်။

စင်စစ်သော်ကား ကာမဂုဏ်မှု၌ မပြေလည်မှုမျိုးကို မိန်းမသားများ မဆိုထားဘိ၊ ယောက်ျားများကပင် မိမိအလိုမကျ၊ ဆန္ဒမပြည့်မှုကို မယားဖြစ်သူအား ဖွင့်ဟပြောပြခြင်း မရှိတတ်ပေ။ ထိုသို့ပွင့်လင်းစွာ မညှိနှိုင်းဘဲ မကျေနပ်ချက်များကို အခြားဆက်စပ်ရေး အကြောင်းကိစ္စများပေါ်သို့ လွှဲပြောင်းကာ အပြစ်ရှာခြင်း၊ ရန်စောင်ခြင်း၊ ပြင်ပတွင် ဖောက်ပြန်ခြင်း၊ မကြည်မသာနေခြင်း စသည်တို့ဖြင့် လမ်းလွှဲတတ်ကြလေသည်။

မိန်းမများမှာလည်း ထိုနည်းနှင့်မခြားပေ၊ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး အဆက်ဖြတ်ရသည်အထိ ထိုမကျေနပ်ချက်ကို တစ်ဦးအပေါ်တစ်ဦး ဖွင့်ဟအပြစ်မတင်ဝံ့ကြဘဲ မျိုသိပ်ထားကြပေသည်။ ပြဿနာ၏ အစကိုပင် ရှာမရအောင် ဖြစ်တတ်ကြပေသည်။

အမှန်အားဖြင့် လင်နှင့်မယားသည် လိင်ကိစ္စအဆင်ပြေ ညီညွတ်ခဲ့သော် အခြားသော လူမှုရေးကွဲလွဲမှုများကိုပါ သည်းခံပြေလည်အောင် ညှိနှိုင်းကြပေသည်။ ဖောက်ပြန်မှုများကို အတိုင်းအဆအားဖြင့် ဟန့်တားပိတ်ဆည်း၍ရပေသည်။ တော်ရုံသာရုံအပြစ်ကို ခွင့်လွှတ်တတ်ပေသည်။ တော်ရုံတန်ရုံသာမက တဘုန်းဘုန်း ရိုက်နှက်နှိပ်စက်မှုကိုပင် သည်းခံနေကြသူများ ရှိပေသည်။



အိမ်ထောင်ရေးတွင် ကာမဂုဏ်ကိစ္စကို ရေးကြီးခွင်ကျယ်လုပ်ရန် မလိုသော်လည်း အမှန်တရားနှင့် သဘာဝစရိုက်များကိုကား ဖုံးကွယ်ထားရန် သင့်မည်မဟုတ်ပေ။ ကာမဂုဏ်ကိစ္စသည် လင်မယားရေးရာတွင် အရေးပါတန် သလောက် အရေးပါသည်ဟုပင် ဆိုရပေလိမ့်မည်။

လိင်ပညာကို အရေးပေးသူတို့က လိင်ကိစ္စသည် လောကကြီး တစ်ခုလုံးတွင် ထိပ်တန်းအရေးကြီးသော ကိစ္စဖြစ်သည်ဟု ဆိုစေကာမူ ထိုမျှလောက်မူကား အရေးထားရန်မဟုတ်ပေ။ သို့ရာတွင် လိင်ကိစ္စ ပြေလည်မှုကြောင့် ဘဝဆက်ဆံရေးပြေလည်ခြင်း၊ အိမ်ထောင်ခိုင်မြဲခြင်း၊ နှစ်ဦးလုံး ကျေနပ်သာယာခြင်း၊ သာမန်ခံစားမှုထက် ထူးကဲစွာပြည့်ဝ ခွမ်းဆောင်နိုင်ခြင်း၊ မကျေနပ်မှုများ နည်းပါးခြင်း၊ ပြဿနာများကို ပြေလည်အောင် ညှိနှိုင်းလိုသော နှစ်ဖက်ဆန္ဒရင့်သန်ခြင်း စသော အကျိုးတရားများ ရှိသည်မှာကား သေချာပေသည်။

ထိုမှတစ်ပါး လိင်ကိစ္စများတွင် တတ်သိသူသည် သာမန်သိနားလည်သူထက် သာယာချမ်းမြေ့မှုကို ထူးကဲစွာ ရယူနိုင်သည် ဆိုသည်မှာလည်း သေချာပေသည်။ ထို့ကြောင့် အိမ်ထောင်ပြုမည့် ယောက်ျားတစ်ယောက်သည် ကာမဂုဏ်ရေးရာတွင်လည်း ပြည့်ပြည့်ဝဝ တတ်ကျွမ်းနားလည်ထားရန် လိုပေသည်။

အချို့သော သူများသည် အလိုလိုတတ်သိနားလည်သည်ဟူ၍ ထင်တတ်ကြပေသည်။ အိမ်ထောင်သက် ရင့်သူများ၊ အိမ်ထောင်ဆက်များသူများပင်လျှင် သဘာဝကို စူးစမ်းလေ့လာစမ်းသပ်၍ စုပေါင်းထားသည့် အသိပညာအစိုင်အခဲကို လုံးဝဥဿုံရရှိ သိနားလည်ကြသည် မဟုတ်ပေ။ အတွေ့အကြုံအားဖြင့် စူးစမ်း၍ အမှားတွေ့လျှင် အမှန်ပြင်ခြင်းအားဖြင့်ကား တိုးတက်သိမြင်နိုင်ပေသည်။

သို့ရာတွင် ပြည့်စုံသော စာအုပ်စာတမ်းများကို လေ့လာသည့်လောက်ကား တတ်သိနားလည်မည်မဟုတ်ပေ။ စင်စစ်အားဖြင့် ထိုကိစ္စများသည် ပွင့်လင်းစွာ ဆွေးနွေးနိုးနှောရန်မလိုဟု ယူဆတတ်ကြသည်ဖြစ်သောကြောင့်လည်းကောင်း၊ မေးမြန်းတိုင်ပင်ဆွေးနွေးလျှင် ဖောက်ပြန်သောစိတ်ကို ဆော်ထုတ်ရာရောက်၍ ရှက်စရာဖြစ်သည်ဟု ယူဆသောကြောင့်လည်း

www.burmeseclassic.com

ကောင်း၊ စာအုပ်စာတမ်းများအနေဖြင့်လည်း ပွင့်လင်းစွာရေးသားရန် ဝန်လေးသောကြောင့်လည်းကောင်း၊ ထိုကိစ္စများအတွက် အနည်းအပါးမျှသော ဆေးကျမ်း၊ သျှတ္တရကျမ်းများ၌သာ လေ့လာခွင့် ရရှိနိုင်ကြပေသည်။

"အခြားနိုင်ငံများတွင် ပွင့်လင်းစွာဆွေးနွေးမေးမြန်းနိုင်သော လိင်ပညာမဂ္ဂဇင်းများ၊ အကြံပေးဌာနများ၊ ကုသကူညီရေးဌာနများ ရှိကြပေသည်။" စင်စစ်အားဖြင့် သိမ်မွေ့သော စကားလုံးတို့ဖြင့် သိကောင်းသိရာကို စနစ်ကျနစွာ ရေးသားသင့်ပေသည်၊ သို့မဟုတ် ဘာသာပြန်ဆိုရန် လိုအပ်ပေသည်။

သာမန်အားဖြင့်ကြည့်လျှင် လင်နှင့်မယား ကိစ္စတွင် ကာမဂုဏ်မှု၌ သဘောအားဖြင့် မတိုက်ဆိုင်စရာ၊ မပြေလည်စရာမရှိဟု ထင်တတ်ကြပေသည်။ ပြဿနာရှိလျှင်လည်း အမျိုးအစားအနည်းငယ်သာ ရှိမည်ဟု ထင်စရာရှိလေသည်။ သို့ရာတွင် ထိုကိစ္စတွင် မပြေလည်သော ပြဿနာမျိုးကား မရေမတွက်နိုင်အောင်ပင် ရှိလေသည်။

သိပ္ပံပညာရှင်၊ ဆေးပညာရှင်တို့သည်ပင် လိုက်၍ ဖြေရှင်းပေးနေကြရသည့်ပြင် ထိုသို့သော ပြဿနာမျိုးကို အတင်းအဖျင်းများမှလည်းကောင်း၊ ရင်းနှီးသော မိတ်ဆွေများမှတစ်ဆင့်လည်းကောင်း၊ လိင်ကိစ္စဆိုင်ရာ စာအုပ်စာတမ်းများမှလည်းကောင်း၊ ကိုယ်တိုင်တွေ့ကြုံမှုများမှလည်းကောင်း အတော်အတန် သိကြ,ကြားကြရပြီးပင် ဖြစ်ပေမည်၊ ထိုကိစ္စမျိုးသည် သိုသိပ်လျှို့ဝှက်သော ကိစ္စများပင်ဖြစ်စေကာမူ ပြဿနာဖြစ်လာသောအခါ ပြဿနာလောကသို့ ပွင့်ထွက်လာရပေသည်။

ထို့ကြောင့် သက်ဆိုင်ရာကိစ္စများကို အိမ်ထောင်မှုနှင့် ပတ်သက်ရာ၌ အရိပ်အမြွက်အားဖြင့်သာ ဖော်ပြရန်လိုမည်ဖြစ်ပေရာ အိမ်ထောင်ပြုမည့်သူများအနေဖြင့် ယောကျ်ားများသာမက၊ မိန်းမများကပါ လိင်ပညာ၊ လိင်ကိစ္စ၊ ကာမဂုဏ်ရေးရာများကို မှန်ကန်စွာသိနားလည်အောင် ကြိုးစားရန် တိုက်တွန်းလိုပေသည်။

"ဒါတွေက အရေးမကြီးပါဘူး"ဟူ၍ အရှက်ကြောင့်ဖြစ်စေ၊ ဟန်ဆောင်မှုကြောင့်ဖြစ်စေ၊ သိက္ခာလုပ်လို၍ဖြစ်စေ၊ တကယ်ပင်အရေးမထား၊



ဂရုမစိုက်၍ဖြစ်စေ၊ အရေးကြီးပုံကို မသိမမြင်သေး၍ဖြစ်စေ၊ လေ့လာရန်ငြင်းဆိုကြသူများအတွက်မူကား တိုက်တွန်းရန်လိုမည် မဟုတ်ပေ။ သို့ရာတွင် ဣန္ဒြေစောင့်စည်းခြင်း၊ ဟန်ဆောင်ခြင်းတို့ကို သူ့နေရာနှင့်သူ မှန်ကန်စွာ သုံးစွဲတတ်ရန် လိုပေသည်။

လူရှေ့တွင် ဟန်ဆောင်၍ လူ့ကွယ်ရာတွင် မှောက်မှားခြင်းမျိုးသည်လည်းကောင်း၊ တတ်ယောင်ကားနှင့် မှောက်မှားဒုက္ခရောက်ခြင်းမျိုးသည်လည်းကောင်း၊ သိချင်လျက်နှင့် အသိမခံမှုခြင်းမျိုးသည်လည်းကောင်း၊ ရှက်သင့်သည်ကို မရှက်ဘဲ၊ မရှက်သင့်သည်ကို ရှက်ခြင်းသည်လည်းကောင်း၊ ကြိုတင်ကာကွယ်သည့်ထက် ကြုံလာမှ ကုသခြင်းသည်လည်းကောင်း မလိုလားအပ်ပေ။

ရှေးအခါက ဆေးပညာကိုပင် အမျိုးသမီးများသင်ကြားရန် အားမပေးခဲ့ပေ။ ထိုမျှမက လိင်ပညာဟူသည်မှာလည်း စာနှင့်ပေနှင့်ချ၍ ရေးရမည့် ကိစ္စများမဟုတ်ဟု ယူဆခဲ့ကြပေသည်။ သို့ရာတွင် သျှတ္တရကျမ်းများကိုကား နန်းသုံးအဖြစ် အသုံးချခဲ့ကြသည်မှာ ရှေးအခါကပင် ဖြစ်လေသည်။

လိင်ကိစ္စကို အများပြည်သူ သိနားလည်၍ အမှားအမှန်အကျိုးအပြစ်တို့ကို ဝေဖန်ပိုင်းခြားနိုင်ရေး၊ အသိ,ပညာ တစ်ခုအဖြစ်သို့ မရောက်စေဘဲ၊ လူတစ်စု၏ အပျော်ကျူးရာ စည်းစိမ်ခံနည်းအဖြစ် အသုံးပြုခဲ့ခြင်းကြောင့် ရှေးခေတ်မှ သက္ကတဘာသာ, ဆရာရသေ့တို့၏ ကာမသျှတ္တရကျမ်းများပင်လျှင် တိမ်မြုပ်ခဲ့ရပေသည်။ မည်သို့ပင်ဖြစ်စေ ခေတ်သည်ပြောင်းလဲတိုးတွေ့လျက်ရှိ၍ ခံယူချက်အသိတရားများလည်း ပြောင်းလဲလာရသည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။

အိမ်ထောင်ပြုမည့် ယောကျ်ားသည် ကျန်းမာသန်စွမ်းခြင်းနှင့်လည်း ပြည့်စုံရပေမည်။ ထိုသို့ ကျန်းမာရေးကို လိုအပ်ခြင်းမှာ—

**၁။ နှစ်ဦးပေါင်း၏ စား,ဝတ်နေမှုကို ပိုမိုအားထုတ်ဆောင်ရွက်ရသည့် တာဝန်ရှိခြင်း။**

**၂။ အင်အားကုန်ခမ်းစေသည့် ကာမဂုဏ်မှုကို ဆောင်ရွက်ရန် တာဝန်ရှိခြင်း**

**၃။ သန့်စင်သော မျိုးဆက်ပေါက်ပွားမှုကို ဖြစ်ထွန်းစေရန် တာဝန်ရှိခြင်း**

စသည်တို့ကြောင့်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကာယဖောက်ပြန်မှုနှင့် မသက်ဆိုင်သော ကာမဂုဏ်စိတ် ချုပ်တည်းခြိုးခြံရလွန်းသောကြောင့် သဘာဝကြည်လင်မှုကင်းမဲ့ ဆိတ်သုဉ်းသည့် စိတ်ဝေဒနာမျိုး ခံစားနေရသူများအဖို့လည်းကောင်း၊ အထူးသဖြင့် ကာမဂုဏ်, ချုပ်တည်းမှုကြောင့် ဓမ္မတာ ဖောက်ပြန်သောအမျိုးသမီးများ အဖို့လည်းကောင်း၊ အိမ်ထောင်မပြုမီက ချူချာခြင်းများမှာ အိမ်ထောင်ပြုပြီးသောအခါ စိုပြေလန်းဆန်း၍ ကျန်းမာဝဖြိုးလာခြင်းများ ရှိပေသည်။

ထိုဝေဒနာမျိုးမှတစ်ပါး ကျန်ရောဂါဝေဒနာတို့မှာကား အိမ်ထောင်ပြုလိုက်သည့်အတွက် သက်သာပျောက်ကင်းရခြင်း မရှိရုံသာမက အချို့ ကူးစက်တတ်သော ရောဂါဝေဒနာများမှာ အခြေအနေဆိုးရွား၍ မိမိအိမ်ထောင်ဖက်ကိုပါ ကူးစက်ထိခိုက်စေနိုင်လေသည်။ သန့်စင်,ရောဂါကင်းသော မျိုးဆက်ပေါက်ပွားရေးအတွက်ကား ပို၍ပင် အန္တရာယ်ရှိပေသည်။

ထို့ကြောင့် အိမ်ထောင်ပြုမည့် ယောကျ်ား, မိန်းမများသည် အိမ်ထောင်မပြုမီ ရောဂါဝေဒနာကင်းရှင်းကျန်းမာခြင်း ရှိ,မရှိကို ကျန်းမာရေး စစ်ဆေးရန် လိုလေသည်။ ချို့တဲ့မှုများ တွေ့ရှိပါက ကောင်းစွာ ကျန်းမာ အောင် လွယ်ကူစွာပင် ပြုစုကုသနိုင်ပေသည်။ ထိုသို့ ကုသနေသည့်အချိန် မှုကိုကား စောင့်စားချုပ်တည်းနိုင်ရပေမည်။

၁။ **ကာလသားရောဂါ။**

၂။ **ဆီးချိုနှင့် ဆီးနှင့်ပတ်သက်သောရောဂါ။**

၃။ **နှလုံးရောဂါ။**

၄။ **အဆုတ်ရောဂါနှင့်**

၅။ **အခြားကူးစက်တတ်သောရောဂါများ။**

ကင်းရှင်းခြင်း ရှိ,မရှိကို ကျန်းမာရေးစစ်ဆေးရပေမည်။

ထိုရောဂါများကို ဆေးဝါးဖြင့်လည်းကောင်း၊ အနေအထိုင်, အစား အသောက်ဆင်ခြင်ခြင်းဖြင့်လည်းကောင်း၊ ရောဂါမကျွမ်းပါက ကုသ,ပျောက် ကင်းနိုင်သည်သာ ဖြစ်ပေသည်။ ကာလသားရောဂါနှင့် အဆုတ်ရောဂါများမှာ ရှင်းလင်းပျောက်ကင်းအောင် ကုသ၍, ရနိုင်သည်သာဖြစ်၍ နှလုံးရောဂါ, ဆီးချိုရောဂါတို့အတွက် ကျန်းမာရေးနည်းလမ်းများကို လိုအပ်သည့်အတိုင်း





တိကျစွာလိုက်နာကုသခဲ့လျှင် အခြေအနေ မဆိုးမဝါးအောင် ထိန်းသိမ်း နိုင်သည်သာ ဖြစ်ပေသည်။

အိမ်ထောင်ပြုနိုင်လောက်သော ကျန်းမာရေးအခြေအနေရှိခဲ့လျှင် ဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာလျက် အိမ်ထောင်ပြုနိုင်ပေသည်။ အိမ်ထောင်ပြုသည့်အခါတွင် ကာမဂုဏ်မှုကို အတိုင်းအဆဖြင့်သာ ဖြည့် စွမ်းရပေမည်။ မည်သည့်နည်းနှင့်မဆို ရောဂါဝေဒနာတစ်ခုခုရှိလျှင် အိမ် ထောင်ပြုပြီးမှ ကုသရန်မရွှေ့ဆိုင်းဘဲ၊ အိမ်ထောင်မပြုမီ စောစွာကုသရ ပေမည်။

မည်သည့်ရောဂါပင်မဆို ဝေဒနာရှင်က လိုလားစွာ လိုက်နာ အားထုတ်၍ ကုသမည်ဆိုပါက သက်သာနိုင်၍၊ ကုသ၍ မရနိုင်တော့သည့် ဝေဒနာရှင်များပင်လျှင် သက်တမ်းကြာရှည်စွာ ရှင်နိုင်ခွင့်ရကြပေသည်။ အသက်ကို ဉာဏ်စောင့်သည်ဟူသော စကားမှာ များစွာထိရောက်ပေသည်။

မြန်မာနိုင်ငံတွင် အိမ်ထောင်ပြုသူများသည် မိမိအိမ်ထောင်ဖက်အပေါ် တွင် ကျန်းမာရေးကို စစ်ဆေးလေ့မရှိကြပေ။ ကိုယ်ပေါ်တွင် မြင်သာသော ရောဂါဝေဒနာမရှိခဲ့လျှင် အရေးမထားတတ်ကြပေ။ အချို့မှာ ရောဂါဝေဒနာ သည်အဖြစ် သိမြင်သာလျက်နှင့်ပင် ငွေကြေး, ဂုဏ်ပကာသနတို့ကို မက်မောသဖြင့် လက်ထပ်ရန် ဝန်မလေးဘဲ ရှိတတ်ကြပေသည်။

လူတစ်ယောက်အဖို့တွင် ရောဂါအခြေအနေ ဆိုးဝါးခြင်း မရှိပါက၊ အချို့ရောဂါသည်များသည် မြင်သာသည့် ကိုယ်အင်္ဂါပေါ်တွင် လက္ခဏာ ပေါ်ထင်ခြင်းမရှိပေ။ အချို့ရောဂါမှာ ဖြစ်ပေါ်စရှိ၍ သွေးဖောက်စစ်ဆေးမှသာ ရောဂါပိုးကို တွေ့ရှိရတတ်ပေသည်။ ထို့ကြောင့် အမြင်ပန်း ကျန်းမာဟန် ရှိသော်လည်း စနစ်တကျဆေးစစ်ခြင်း ပြုသင့်ပေသည်။

အထူးသဖြင့် အိမ်ထောင်ရေးတွင် တိုက်ရိုက်အကျိုးပျက်ပြားစေသော ကာလသားရောဂါများဖြစ်သည့် ဆစ်ဖလစ်၊ ဂနိုရီယာ၊ ရှန်ကာ စသော ရောဂါများမှာ ရောဂါရင့်သည့် အပိုင်းတွင် လည်ပင်းအကျိတ်ထွက်ခြင်း အရေပြားပေါ်တွင် အနာပေါ်ခြင်း၊ အကြောဆွဲခြင်း၊ ကိုယ်[illegible] စသည်တို့ ဖြစ်[illegible]တတ်သော်လည်း ရောဂါနုစဉ်အခါတွင် [illegible]

အစိတ်အပိုင်း၌သာ ရောဂါအသွင် ပေါ်ထင်လျက်ရှိသဖြင့် အခြားသူများက ရောဂါရှိနေသူဟူ၍ သိမြင်နိုင်ခြင်း မရှိပေ။

ထိုမှတစ်ပါး ရောဂါပျောက်ကင်းသည့် လက္ခဏာဖြစ်သော အကျိတ်၊ အမာရွတ် စသည်တို့ကို တွေ့မြင်နေရစေကာမူ သွေးထဲတွင် ရောဂါပိုး သန့်စင်သည်၊ မသန့်စင်သည်၊ လူစဉ်မှီသည်၊ မမှီသည်တို့ကို သိရှိရန် မလွယ်ပေ။ ထို့ကြောင့် ခေတ်မီနိုင်ငံအချို့တွင်ကား ဆေးလက်မှတ်ရှိမှ လက်ထပ်ခွင့်ပြုသည်ကို တွေ့ရှိရပေသည်။

ယောက်ျားများတွင်သာမက မိန်းမများတွင်လည်း အကြောင်းအမျိုးမျိုးကြောင့် ကာလသားရောဂါပိုး ဝင်ရောက်၍ ရောဂါကပ်ငြိခြင်းများ ရှိနေတတ်ပေသည်။ မိဘတို့တွင် ရောဂါမစင်ကြယ်ခြင်းကြောင့် အပြစ်မဲ့သော ကလေးဘဝကပင် ရောဂါမျိုးစေ့ရခဲ့သည်လည်း ရှိလေသည်။ မည်သို့ပင်ဖြစ်စေ အစွမ်းထက်မြက်သော ဆေးဝါးများပေါ်ပေါက်နေပြီဖြစ်၍ ပျောက်ကင်းအောင် ကြပ်မတ်ကုသနိုင်သည်သာ ဖြစ်ပေသည်။

ကာလသားရောဂါသည် မေထုန်မှုဖြင့် တစ်ဦးမှ တစ်ဦးသို့ ကူးစက်ရပေသည်။ ထို့ကြောင့် ရောဂါစင်ကြယ်ရန်နှင့် အိမ်ထောင်ရှင်ဘဝတွင်လည်း ရောဂါရှိသော သူများနှင့် ကာမဂုဏ်၊ ဆက်ဆံခြင်းမှ ရှောင်ရှားရန် လိုအပ်ပေသည်။

ကာလသားရောဂါသည် ကာမဂုဏ်မှုကြောင့်ပင် ရရှိနိုင်၍ ထိုရောဂါကြောင့်ပင် ကာမဂုဏ်ကို အနှောင့်အယှက်ကြီးစွာ ဖြစ်စေတတ်လေသည်။ လိင်အင်္ဂါများတွင် ကြောက်မက်ဖွယ်ရာမွယ် အနာအဆာများ ဖြစ်ပေါ်၍ ကုသရန်လည်း အချိန်ကြာရှည်တတ်ပေသည်။

ကာမဂုဏ်မှုကိုလည်း ချိနဲ့စေ၍ အချို့မှာ တစ်သက်တာလုံး လူစဉ်မမှီဖြစ်ရခြင်း၊ အာရုံကြောများ ပျက်စီးသဖြင့် အာရုံခံစား၍ မရခြင်း စသော ဆိုးကျိုးများဖြစ်ရသည့်ပြင် အကြောဆွဲ၍ ကိုယ်ပျက်ရသည်အထိ အန္တရာယ်ကြီးမားပေသည်။

မိမိအိမ်ထောင်ဖက်နှင့် သားသမီးများကိုလည်း ရောဂါအမွေဖြန့်မိနိုင်လေသည်။ မျိုးရိုးတုံး၍ လူဖြစ်ရှုံးစေသော ရောဂါမျိုးဖြစ်သဖြင့်



ထိုရောဂါရရှိစေသည့် အမှုများကို ဆန့်စင်လွတ်ကင်းအောင် ရှောင်ကြဉ်ရပေမည်။

ယောက်ျားများသည် အိမ်ထောင်မပြုမီတွင် ကာမဂုဏ်ဆန္ဒ ဖြည့်တင်းရန်ဖြစ်စေ၊ အပေါင်းအသင်းနှင့် ပြည့်တန်ဆာခေါင်းတို့၏ မြူဆွယ်မှုကြောင့်ဖြစ်စေ၊ တစ်ကြိမ်တစ်ခါမျှနှင့် ရောဂါဝေဒနာ ကပ်ရောက်ခြင်း မရှိနိုင်ဟူ၍ စိတ်ချမိသောကြောင့်ဖြစ်စေ၊ ရောဂါရှိနေသူ မဟုတ်ဟု ယူဆသောကြောင့်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးတို့ကြောင့် ပြည့်တန်ဆာတို့နှင့် ပျော်ပါးမိတတ်ကြလေသည်။

ထိုသို့ ပျော်ပါးရာမှ ရောဂါရှိသော လူပေါင်းစုံကို လက်ခံရာဌာနဖြစ်သော ပြည့်တန်ဆာတို့မှ ရောဂါပိုးသည် လျှင်မြန်စွာကူးစက်ခြင်းခံရလေသည်။ ရောဂါဖြစ်စတွင်လည်းကောင်း၊ ဆက်ဆံပြီးစတွင်လည်းကောင်း၊ မည်သို့မျှ ထူးခြားခြင်းမရှိ၊ လက္ခဏာ သွင်ပြင်လည်းမပေါ်သဖြင့် စိတ်ချလက်ချပင် နေမိတတ်လေသည်။

ရောဂါလက္ခဏာပြလာသော်လည်း ကြားဖူးနားဝမရှိသဖြင့် ရောဂါဟု မထင်ဘဲ သာမန်ဖြစ်ပွားသည့် ကိစ္စအနေဖြင့် ပေါ့ဆစွာ နေခဲ့မိရာမှ ရောဂါကြီးရင့်သော အဆင့်သို့ ရောက်ရလေသည်။

ထိုအခါတွင်လည်း တတ်ကျွမ်းနားလည်သော ဆေးရုံ၊ ဆရာဝန်တို့နှင့် တိုင်ပင်ကုသခြင်းမပြုဘဲ ရှက်သောကြောင့် မြဲ၍၊ သူပြော၊ လူပြော ဆေးမြီးတိုများနှင့်ပင် ကုသရာမှ ရောဂါအခြေအနေက ဆိုးဝါးသည်ထက် ဆိုးဝါးလာရလေသည်။ ခံစားရသော သာယာမှုနှင့်မမျှသော ရောဂါဝေဒနာကို ခံစားကြရလေသည်။

ထို့ကြောင့် အန္တရာယ်မကင်းသော ပျော်ပါးမှုမျိုးကို အိမ်ထောင်မပြုသေးမီ လိုက်စားခြင်းမပြုဘဲ၊ သာယာမှန်ကန်သော အနာဂတ်အိမ်ထောင်ဘဝတွင်မှ ကျေနပ်ချမ်းမြေ့စွာ ပျော်ရွှင်ဆက်ဆံရန် စောင့်စည်းထားရပေမည်။ အချိန်သင့်သောအခါ မိမိဆန္ဒပြည့်ဝရမည်သာဖြစ်၍ အချိန်အခါ မဟုတ်သည့် [illegible] ချိုးခြိုးချုပ်တည်းနိုင်ရပေမည်။

ပြည့်တန်ဆာများနှင့် ပျော်ပါးမှသာ မဟုတ်ဘဲ မိန်းမရှာ[illegible]များအပြင် အခြားသူများနှင့် [illegible] အရပ်ပျက်[illegible]မိန်းမများနှင့်

www.burmeseclassic.com



ဆက်ဆံရာတွင်လည်း ကာလသားရောဂါများ ရရှိနိုင်သည်သာ ဖြစ်လေသည်။ မိန်းကလေးများအဖို့တွင်လည်း မိမိချစ်သူ၊ ရည်းစားနှင့် ဆက်ဆံမိရာတွင် ပင်လျှင် ထိုသူ၌ ရောဂါ ရှိ,မရှိ မသိရှိနိုင်သည့်အတိုင်း ရောဂါရရှိတတ်ပေသည်။

သူတစ်ပါး ကျူးလွန်စော်ကားခံခဲ့ရလျှင်လည်း မကြာမီ သွေးစစ်ဆေး၍ ရောဂါရှိ,မရှိ သေချာအောင် စစ်ဆေးသင့်ပေသည်။ ထိုမှတစ်ပါး ရောဂါစွဲကပ်နေသော မိန်းမချင်း၏ ထဘီအတွင်းခံ စသည်တို့ကို ငှားရမ်းဝတ်စားမိရာမှ ဖြစ်စေ၊ ရောဂါရရှိသောမိန်းမများနှင့် အချင်းချင်း ထိပွတ်အိပ်စက်ခြင်း ပြုမိရာမှဖြစ်စေ ရောဂါရတတ်ပေသည်။ ထို့ကြောင့် မိန်းမသားတစ်ယောက်အနေနှင့်လည်း သန့်ရှင်းမှုကို အထူးဂရုပြု စောင့်စည်းရမည်သာ ဖြစ်ပေသည်။

အိမ်ထောင်ပြုမည့် မိန်းကလေးများအတွက်မူကား ရောဂါကင်းရှင်းသော ယောကျ်ားကောင်းကို ရရှိအောင် သတိရှိရပေမည်။ ကာလသားရောဂါရှိနေသူ ယောကျ်ားတစ်ယောက်အား မသိဘဲ အိမ်ထောင်ပြုမိမည်ဆိုပါက လောကငရဲတွင်းသို့ ခုန်ဆင်းသည်နှင့် ခြားနားမည်မဟုတ်ပေ။ သူ၏ ပကာသန၊ ဂုဏ်၊ ပစ္စည်းတို့သည်လည်း မကယ်နိုင်တော့ပေ။

တစ်သွေးတစ်မွေးလှပသော မိန်းကလေးတစ်ယောက်မှာ ကာလသားရောဂါရှိသောသူနှင့် လက်ထပ်လိုက်ပြီးနောက် တစ်နှစ်မျှအကြာတွင်ပင် ရုပ်ဆင်း,ပျက်လောက်အောင် ပိန်လှီချုံးချာစွာဖြင့် သေရွာသို့ မြန်းရရှာသည်ကို တွေ့ရှိရဖူးပေသည်။

မိမိဘဝကို မိမိစတေးပစ်သည်နှင့် တူပေသည်။ မိမိ၏ ရောဂါကိုကုသနေရခြင်း၊ ရောဂါသည် လင်သားကို ပြုစုနေရခြင်းစသော ဆင်းရဲတို့အပြင် လင်သားနှင့် ကာမဂုဏ်ချမ်းသာမှုကိုလည်း ပြည့်ပြည့်ဝဝ မခံစားရဘဲ၊ ရောဂါကိုသာမျှ၍ သေသည်အထိ ဒုက္ခခွဲဆေ ခံစားပေးရသည်သာလျှင် အမြတ်ကျန်ပေသည်။

ထို့ကြောင့် မိန်းမတစ်ယောက်အဖို့တွင် ယောကျ်ားတစ်ယောက်နှင့် ကူးလူးဆက်ဆံရသည့် သာယာမှု၏ ဆွဲဆောင်ရာသို့ ဦးစားမပေးဘဲ





မိမိနှင့် ဆက်ဆံမည့် ယောကျ်ားသည် ရောဂါသန့်စင်မှ သန့်စင်ပါ၏လောဟူသော စိုးရိမ်ထိတ်လန့်မှုဖြင့် အန္တရာယ်ကို ကြိုတင်ကာကွယ်ရပေမည်။

မိန်းမများအဖို့ ကာမဂုဏ်လိုက်မှားရာတွင် ရောဂါအန္တရာယ် သာမက ကိုယ်ဝန်ရရှိတတ်သော အခက်အခဲကိုလည်း ကြိုတင်သိမြင်ရန် လိုပေသည်။ ထို့ကြောင့် အိမ်ထောင်မပြုမီ မိမိဘဝ, သန့်စင်ရေး၊ ရောဂါ ကင်းရှင်းရေး၊ အပျိုရည်ထိန်းသိမ်းရေး စသည်တို့ကိုလည်း သတိကြီးစွာ ထားရပေမည်။

ကျန်းမာသော လင်နှင့် မယားတို့သာလျှင် အိမ်ထောင်၏ အရသာကို ထိမိပြည့်ဝစွာ ခံစားနိုင်၍ ကျန်းမာဖွံ့ဖြိုးသော သားကောင်း, သမီးကောင်းတို့ကိုလည်း ရရှိနိုင်ပေသည်။ အိမ်ထောင်ပြုမည့်သူသည် အခြားတန်ဖိုးများထက် ဘဝ,သာယာရေး၊ ကာမဂုဏ်,ချမ်းသာပြည့်ဝရေး၊ ဘဝတည်တံ့မှု၊ တိုးတက်မှုအတွက် အားသွန်နိုင်ရေး၊ အသက်ရှည်ရေး စသော လူ့လောက၏ အမြိုက်ချမ်းသာတို့၏ အခြေခံရာဖြစ်သော ကျန်းမာရေးနှင့် လင်ရော, မယားပါ ပြည့်ဝအောင် ကြိုတင်၍ သတိမူပြင်ဆင်ရပေလိမ့်မည်။

အိမ်ထောင်ရေးအတွက် ယောကျ်ားများတွင် ကြိုတင်ပြည့်ဝစေသင့်သော အခြေခံများကို ဖော်ပြခဲ့ပြီးဖြစ်ရာ မိန်းမများအတွက် ပြည့်စုံစေရမည့် အခြေခံများကိုလည်း ဖော်ပြရန် လိုပေမည်။ အိမ်ထောင်ပြုမည့် အမျိုးသမီးသည် အသက်အရွယ်အားဖြင့် အိမ်ထောင်ပြုသင့်သော အရွယ်သို့ ရောက်ရန် လိုပေသည်။

တရားဥပဒေတို့တွင် လက်ထပ်ထိမ်းမြားနိုင်သော အရွယ်နှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များရှိပေသည်။

ရာဇသတ်ကြီးပုဒ်မ, ၃၇၅ တွင် မိန်းကလေးတစ်ယောက်အား အလိုဆန္ဒတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ကာမဆက်ဆံပါမူ ၁၃-နှစ်ထက် ငယ်ရွယ်ပါက မုဒိန်းမှုကျူးလွန်ရာ ရောက်သည်ဟူ၍လည်းကောင်း၊ အသက် ၁၃-နှစ်ထက် မငယ်သော မိမိ၏ ဇနီးနှင့် ကာမဆက်ဆံခြင်းသည် မုဒိန်းမှု ကျူးလွန်ရာ မရောက်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



* (အိန္ဒိယရာဇသတ်ကြီးဥပဒေတွင် ၁၂–နှစ်ဟု ပြဌာန်းထား၍ ပြည်ထောင်စုမြန်မာနိုင်ငံရာဇဝတ်ကြီး ဥပဒေတွင် ၁၃–နှစ်ဟု ပြင်ဆင်ခဲ့သည်။)

ဥပဒေအယူအဆအရ အသက် ၁၁–နှစ်ပြည့်ပြီးပါက ကာယကံရှင်၏ ဆန္ဒတူညီခြင်း၊ အုပ်ထိန်းသူတို့၏ ခွင့်ပြုခြင်း၊ တရားဝင်လင်မယားအဖြစ် လက်ထပ်ခြင်း…… စသည့်အကြောင်းအချက်နှင့် ပြည့်စုံပါက ကာမဆက်ဆံခြင်းကို ခွင့်ပြုရာရောက်လေသည်။

ဤခွင့်ပြုချက်သည် ခန္ဓာဗေဒသဘောအရ၊ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် အန္တရာယ်တစ်စုံတစ်ရာ မရှိနိုင်ခြင်းကို ဖော်ပြချက်ပင် ဖြစ်လေသည်။ သို့ရာတွင် အိမ်ထောင်မှုကိစ္စသည် ကာမဂုဏ်ကိစ္စသက်သက်သာ မဟုတ်ပေရာ ၊ မိန်းကလေး၏ အခွင့်အလမ်းရှိသမျှ ကိုယ်ခန္ဓာကောင်းစွာ ဖွံ့ဖြိုးမှု၊ ကိုယ်စိတ်ရင့်သန်ကြီးပွားမှု စသည့် ပြည့်စုံလာသောအသက်အရွယ်အထိ ဆိုင်းငံ့သင့်ပေသည်။ လူကို လူကဲ့သို့ မှန်ကန်စွာ သဘောထားရပေမည်။ စေတနာပိုလွန်ခြင်းသည်လည်းကောင်း၊ အခွင့်အရေးယူလွန်းခြင်းသည်လည်းကောင်း မသင့်ပေ။

အသက်ငယ်ရွယ်ချိန်၌ မိန်းကလေးများကို လက်ထပ်ခြင်းမှာ ကာယကံရှင်၏ ဆန္ဒကို အုပ်ထိန်းသူများက အနိုင်အထက် စိုးမိုးလွန်းသည့် ကိစ္စမျိုးဖြစ်၍ ငွေကြေးဆင်းရဲနွမ်းပါးသော အုပ်ထိန်းသူများက စီးပွားရေးအခြေအနေအရ၊ မိမိတို့ အကျိုးစီးပွားကို မျှော်ရှု၍ လက်ထပ်ပေးကြခြင်းသာများပေသည်။ တစ်ခါတစ်ရံတွင် အမှီအခိုကင်းမဲ့သော မိန်းကလေးများ၏ နောင်ရေးကို မျှော်၍ စီမံပေးကြခြင်းလည်း ရှိကောင်းရှိပေမည်။

သို့ရာတွင် လူမှုအခွင့်အရေးအရ၊ ဆုံးရှုံးစေသော ကိစ္စဖြစ်၍ ၁၉၅၄… ခုနှစ်၊ ဒီဇင်ဘာ ၇… ရက် နေ့တွင် ကုလသမဂ္ဂအထွေထွေလွှတ်တော်က အရွယ်မရောက်သေးသော မိန်းကလေးများအား စေ့စပ်ထားခြင်းနှင့် လက်ထပ်ခြင်းစနစ်များကို လုံးဝဖျက်သိမ်းရန် မေတ္တာရပ်ခံပန်ကြားခဲ့ပြီးပင် ဖြစ်ပေသည်။

အချုပ်အားဖြင့် လက်ထပ်နိုင်သောအရွယ်မှာ မိဘအုပ်ထိန်းသူတို့က သဘောတူညီခွင့်ပြုမှု ရှိပါက ၁၃–နှစ်ထက် မငယ်စေရန်နှင့် မိမိကိုယ်တိုင်

---

Medico- legal court companion,
Major H. w. v. cox Pg. ၁၃၅။





ဆန္ဒဖြင့် ဆုံးဖြတ်ရမည့် အခြေအနေဖြစ်ပါက အသက် ၁၈–နှစ် အနည်းဆုံးရှိရမည့်ဟူ၍ သတ်မှတ်ရာ ရောက်ပေသည်။

မည်သို့ပင်ဖြစ်စေ ယခုအခါတွင် အိမ်ထောင်မှုကိစ္စမှာ မိဘများ၏ ဆန္ဒတစ်ဖက်တည်းဖြင့် မပြီးဘဲ ကာယကံရှင်၏ ဆန္ဒပါ ပါဝင်ရမည်ဖြစ်ပေရာ ကာယကံရှင်ကိုယ်တိုင် ဆုံးဖြတ်နိုင်သော ၁၈–နှစ်အရွယ်ထက်ကား မငယ်စေသင့်ပေ။ ဤအသက်အပိုင်းအခြားမှာ ပိုင်းခြားဆုံးဖြတ်နိုင်သော ဆင်ခြင်ဉာဏ်ဘက်မှ ပိုင်းခြားခြင်း ဖြစ်လေသည်။

ကိုယ်ခန္ဓာနှင့် ပတ်သက်သော ရုပ်အဆင်းဖွံ့ဖြိုးဖြစ်ပေါ်မှုနှင့် ပတ်သက်၍ကား၊ မိန်းမတို့တွင် ဓမ္မတာပန်းပွင့်ပေါ်ခြင်းသည် ကိုယ်ဝန်ဆောင်နိုင်စွမ်း ရှိကြောင်းကို ထုတ်ပြခြင်းပင်ဖြစ်၍ အရွယ်ရောက်သည်ဟု ဆိုစမှတ်ပြုကြပေသည်။ အရွယ်ရောက်ခြင်းသည်ပင်လျှင် ကာမဂုဏ်ကိစ္စအတွက် ဆောင် ရွက်နိုင်စွမ်းရှိခြင်းပင် ဖြစ်သည်ဟု ယူဆခဲ့ကြပေသည်။

ထို့ကြောင့်ပင် အိန္ဒိယနိုင်ငံ၌ ဓမ္မတာပန်းပွင့်သော ၁၂–နှစ်၊ သို့မဟုတ် ၁၃–နှစ်အရွယ်တွင် အိမ်ထောင်ချပေးခြင်းပြုလေ့ ရှိခဲ့၍ ကာမသျှတ္တရတို့၌လည်း ထိုအရွယ်ကို အိမ်ထောင်ပြုရန် ထောက်ခံကြပေသည်။ ထိုမျှမက အိန္ဒိယနိုင်ငံထွက် ဆေးကျမ်းများတွင် “ဗာလအရွယ်” ၁၆–နှစ်ရွယ် မိန်းမပျိုအား ကာမဂုဏ်ဆက်ဆံခြင်းသည်ပင်လျှင် ယောကျ်ားတို့အတွက် အားခွန်ပြည့်ဝစေနိုင်ကြောင်းဖြင့် ရေးသားညွှန်ပြခဲ့ကြပေသည်။

သို့ရာတွင် မိန်းမတို့၏ ကိုယ်အင်္ဂါပြုပြင်ဖွံ့ဖြိုးမှုသည် ၁၆–နှစ်အရွယ်တွင် ပြီးပြည့်စုံသည် မဟုတ်သေးဘဲ၊ တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲမှုလွန်ကဲသည့် အသက်အပိုင်းခြားမျှသာဖြစ်၍ ၁၈–နှစ်အရွယ်အထိ ဖွံ့ဖြိုးတိုးတက်နေဆဲဖြစ်သဖြင့် ၁၆–နှစ်အရွယ်သည် ကိုယ်အင်္ဂါနှင့် အလှသဘာဝ၏ အဆုံးစွန် ပြည့်ဖြိုးပြီးသော အရွယ်မဟုတ်သေးသည်မှာ ထင်ရှားပေသည်။

ကိုယ်အင်္ဂါဖွံ့ဖြိုးမှုအနေဖြင့် သုံးသပ်ရာတွင် အိမ်ထောင်ကိစ္စဆောင်ရွက်ရာ၌ ၁၂–နှစ်အရွယ်သော်လည်းကောင်း၊ ၁၈–နှစ်အရွယ်သော်လည်းကောင်း၊ မည်သို့မျှ ကြီးစွာသော ခြားနားခြင်းမရှိပေ။ ကာမဂုဏ်မှုတာဝန်ကို ထမ်းဆောင်နိုင်သည်ချည်းသာ ဖြစ်ပေသည်။ သို့ရာတွင် ဖွံ့ဖြိုးပြည့်စုံခြင်းမရှိသေးသော ၁၂–နှစ်၊ ၁၃–နှစ်အရွယ်သည် ကိုယ်ဝန်ဆောင်ရာတွင် သော်လည်းကောင်း၊ လင်ကို ပြုစုရာတွင်လည်းကောင်း၊ လင်၏ ဆန္ဒကို ဖြည့်ဆည်းရာတွင် လည်းကောင်း၊ ၁၈–နှစ်အရွယ်ရှိ မိန်းကလေးလောက်၏

www.burmeseclassic.com



အခြေအနေကို မှီနိုင်ခြင်းမရှိပေ။ သဘာဝအားဖြင့် ဖြစ်နိုင်သည်ထက် ဖြစ်သင့်သည်ကိုသာ ရွေးချယ်အပ်ပေသည်။

(အချို့က ၁၂–နှစ်အရွယ်တွင် အိမ်ထောင်ပြုသောမိခင်မှ ဖွံ့ဖြိုးသောသားသမီးများ ထွန်းကားခြင်းမရှိနိုင်ဟု ယူဆကြပေသည်။ သို့ရာတွင် ဟိန္ဒူအမျိုးသားတို့တွင် ငယ်ရွယ်သောမိခင်များမှ ဖွားမြင်လျက် ကိုယ်အင်္ဂါကြံ့ခိုင်ဖွံ့ဖြိုးသည်ကို တွေ့ရှိနိုင်သဖြင့် ထိုအချက် ကိုကားအမှန်ဟူ၍ မယူဆနိုင်ပေ။)

မည်သို့ပင်ဖြစ်စေ မိန်းကလေးများသည် အိမ်ထောင်မှု၏ လောကဓံကို ရပ်ခံနိုင်၍ ကိုယ်ခန္ဓာရော၊ စိတ်အသိပါ ပြည့်စုံ၍ လူမှုလောကလုပ်ငန်းတာဝန်များကို ကြံ့ခိုင်စွာ ဆောင်ရွက်နိုင်သည့် ၁၈–နှစ်အရွယ်မှာ အငယ်ဆုံးအရွယ်ဖြစ်သင့်ပေသည်။ ပညာသင်ကြားမှုတာဝန်ရှိသော မိန်းကလေးများမှာမူကား ပညာပြည့်စုံပြီးသည့်အချိန်အထိ ဆိုင်းငံ့သင့်ပေသည်။ သာမန်အားဖြင့် အသက် ၂၄–နှစ်ထက် နောက်မကျသင့်ပေ။

၁၈–နှစ်နှင့် ၂၄–နှစ်အကြားတွင် အိမ်ထောင်ပြုသင့်သော အချိန်အခါပင် ဖြစ်လေသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ *ဒေါက်တာ အေစီဆဲလ်မန်"ရေး "ကျန်းမာခြင်းနှင့် အသက်ရှည်ခြင်း"(ပါဏာစုဆေးကျမ်း)တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

**ရာသီပန်းပွင့်စ အချိန်တွင် မိန်းကလေးသည် သန္ဓေယူခြင်း၊ သားဖွားခြင်းကို ဖြစ်စေနိုင်သော်လည်း ထိုသို့ မဖြစ်စေရသေး။ မိန်းကလေးတိုင်း ကလေးအရွယ်မှ အပျိုအရွယ်တိုင်အောင် ထုံးစံအတိုင်း မှန်ကန်စွာ ကြီးထွားလာရမည်၊ မိခင်၏တာဝန်ကိုမထမ်းဆောင်မီ သူမသည် ကိုယ်စိတ် နှစ်ပြား ကြီးပွားခြင်းဖြစ်စေဖို့ အကောင်းဆုံးအချိန်မှာ ၁၈နှစ်မှ ၂၄–နှစ် ကြားဖြစ်သည်။**

(အချို့က မိန်းကလေးများသည် အိမ်ထောင်၏ စီးပွားရေးကိုလည်းကောင်း၊ လူမှုရေးကိုလည်းကောင်း၊ ဦးဆောင်ရသူများ မဟုတ်သဖြင့် ယောက်ျားများ ကဲ့သို့ ပညာ၊ ဥစ္စာ၊ ပြည့်စုံသည့်အချိန် ကာလအထိ၊ အသက်ကြီးရင့်အောင် စောင့်စားနေရန် မလို၊ လောကီသာယာမှုကို သဘာဝအရ ခံစားနိုင်သော အခြေရှိသည်နှင့် တစ်ပြိုင်နက် အချိန်မလွင့်နှောင်းစေဘဲ ခံစားခွင့်ပြုစေ သင့်သည်။

* ကင်ဆောင်ပုံနှိပ်တိုက်။ ၁၉၆၀။
သတ္တမနှိပ်ခြင်း၊ စာမျက်နှာ ၉၇။



မိန်းကလေးများသည် ကာမဂုဏ်မှုအတွက် အလုပ်အကျွေးများသာ ဖြစ်၍ အခြားတာဝန်ထမ်းဆောင်ရန် မလိုဘဲ ဤတာဝန်ကို ထမ်းဆောင်နိုင်သည်နှင့်တစ်ပြိုင်နက် အချိန်ဖင့်နွှေးဖြုန်းတီးမနေစေဘဲ၊ တာဝန်ထမ်းဆောင်စေသင့်သည်။ သဘာဝအားဖြင့်လည်း ဖွံ့ဖြိုးစ, မိန်းကလေးတို့တွင် ကာမဂုဏ်ဆန္ဒကို စောစွာ ဖြည့်တင်းပေးခြင်းဖြင့် သွေးသားညီညွတ်မှန်ကန်စေသည်ဟု ယူဆကြလေသည်။

ဤအယူအဆမှာကား လူကို ကာမဂုဏ်သတ္တဝါတစ်ခုတည်းအဖြစ် အမြင်ကျဉ်းစွာ ရှုမြင်ခဲ့သော အမြင်ဖြစ်၍ မိန်းမတို့၏ လူမှုရေးလောက၌ ခွမ်းဆောင်နိုင်အားကိုလည်း တန်ဖိုးမထားဘဲ၊ မိန်းမဟူသည် ကာမဂုဏ်ဖြည့်စွမ်းရာ၌၊ သားဖောက်ရာသာ ဖြစ်သည်–ဟူသော အထင်သေးနှိမ့်ချသည့် အမြင်မျိုးဖြင့် ကောက်ချက်ချခြင်းသာဖြစ်၍ ခေတ်အမြင်နှင့် မဟပ်စပ်ချေ။

မည်သို့ပင်ဖြစ်စေ အိမ်ထောင်ပြုမည်ဟူ၍ ဆုံးဖြတ်ထားသော မိန်းကလေးတစ်ယောက်သည် အသက် ၃၀ မတိုင်မီ အိမ်ထောင်ပြုသင့်၍ အသက် ၃၀–ကျော်လွန်လျှင်ကား အိမ်ထောင်ပြုရန် မသင့်တော့ပေ။ ပြုမည်ဆိုက အသက် ၃၀–အတွင်း၌သာ ပြုသင့်ပေသည်။ မပြုလိုလျှင်လည်း မပြုဘဲ နေနိုင်ပေသည်။

အသက်အရွယ်လွန်မှ အိမ်ထောင်ပြုရာ၌ သွေးသားမဆုံးမီ နောက်ဆုံးမွေးသော ကလေးသည် မိခင်, အိုမင်းချိန်မှသာ လူလားမြောက်လာမည်ဖြစ်၍ သား,သမီးအတွက် မိဘတို့ ပြုစုအပ်သော တာဝန်ကို မကျေမီနိုင်ဘဲ ရှိနေတတ်ပေသည်။ သက်ကြီးပိုင်းတွင် သား,သမီးမွေးဖွားရခြင်း၊ ပြုစုရခြင်းတို့၌လည်း အခက်အခဲ ရှိပေသည်။

အသက်အရွယ်နှင့်ပတ်သက်၍ ယောက်ျားတို့အတွက်ကား သတ်မှတ်ဖော်ပြခြင်း မပြုခဲ့သည်ကို သတိပြုမိကြမည်ဖြစ်ပေသည်။ ယောက်ျားကလေးသည် လူပျိုရွယ်ဖြစ်လာသော ၁၆–နှစ်အရွယ်၌ သဘာဝ, လိင်အင်္ဂါပြည့်စုံဖွံ့ဖြိုးပြီးဖြစ်၍ သန္ဓေမျိုးစေ့ ပေးနိုင်သော သုတ်ရည်တည်ပြီးဖြစ်ပေသည်။

သို့ရာတွင် အိမ်ထောင်ပြုရမည့် အရေးမှာ ကာမဂုဏ်ကိုဆောင်ရွက်နိုင်စွမ်းပေါ်တွင်မတည်ဘဲ ပညာရေး၊ စီးပွားရေးတို့ကို အသင့်ဖြည့်တင်း ပြင်ဆင်ရသဖြင့် အနည်းဆုံး တက္ကသိုလ်ပညာ ပြည့်စုံမည့် အသက် ၂၀–၏ နောက်ပိုင်းတွင်သာ အိမ်ထောင်ပြုနိုင်ဖွယ် ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာကို အချိန်ပြည့် သင်ကြားခြင်းမရှိဘဲ အသက်မွေးဝမ်းကျောင်းလုပ်ငန်းပြည့်စုံဖူလုံသူများအနေနှင့်ကား ထိုထက်စောစွာ အိမ်ထောင်ပြုနိုင်ကြပေသည်။

သို့ရာတွင် ယောကျာ်းတစ်ယောက်သည် အနာဂတ်အိမ်ထောင်ရေး၊ ဘဝသာယာရေး၊ ကျန်းမာပျော်ရွှင်ရေးတို့ကို ငဲ့ကွက်သောအားဖြင့် အိမ်ထောင်ပြုချိန်ကို အသက် ၂၀–ထက်စော၍ မသတ်မှတ်သင့်ပေ။ အသက် ၂၀–မတိုင်မချင်း အိမ်ထောင်ရေးကို လုံးဝမစဉ်းစားဘဲ၊ ကာမဂုဏ်မှုကို မြိုးခြံချုပ်တည်းထားသင့်ပေသည်။ ယောကျာ်းကလေးတစ်ယောက်အတွက် ကာယ၊ ဉာဏ၊ စွမ်းရည် ဖြည့်တင်းရန် အသက် ၂၀ အထိ အချိန်ကာလကို မုချ, အသုံးပြုစေရပေမည်။ ထိုအချိန်သည် အမှန်အားဖြင့် နည်းလွန်းလှပေသေးသည်။

မည်သို့ပင်ဖြစ်စေ ယောကျာ်းတစ်ယောက်သည် အသက် ၃၀–မတိုင်မီ အိမ်ထောင်ပြုသင့်၍ အသက် ၃၅–နှစ်ကျော်လျှင်ကား အိမ်ထောင်ပြုရန် မသင့်လျော်ပေ။ ယောကျာ်းတစ်ယောက်အနေဖြင့် မည်သည့်အသက်အရွယ်တွင် အိမ်ထောင်ပြုစေကာမူ တာဝန်ကြီးလေးခြင်း မရှိသော်ငြားလည်း သားသမီးတို့အား အရွယ်ရောက်သည်အထိ ကောင်းစွာလုပ်ကျွေးပြုစုရမည့် တာဝန်နှင့် နှိုင်းချိန်ခဲ့သော် သား,သမီးတို့ လူတစ်လုံးသူတစ်လုံး မရပ်တည်နိုင်မီ၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်း လျော့ပါးကုန်ခမ်းခိုက်နှင့် ကြုံရမည်ဖြစ်၍ တာဝန်မကျေ ရှိတတ်ပေသည်။

ရှေးဦးနှစ်များတွင် မွေးဖွားသော သား,သမီးတို့အတွက် အရွယ်ရောက်သည်အထိ တာဝန်ယူနိုင်စေကာမူ အသက် ၄၀–ကျော်၊ ၅၀–တွင်း၌ မွေးဖွားသော သား,သမီးတို့အတွက် လူတစ်လုံး,သူတစ်လုံးဖြစ်သည်အထိ တာဝန်ယူနိုင်သော ဘဝအချိန်ပိုင်းတွင် မှီရန်မလွယ်ပေ။ မယားဖြစ်သူ က ငယ်ရွယ်၍ မွေးဖွားချိန် ရှိနေသေးပါမူ ထိုထက်နောက်ကျမှ သားငယ်, သမီးငယ် တို့လို့တွဲလောင်းတို့ကို တာဝန်ယူနေရပေလိမ့်မည်။

မိန်းမများအတွက်မှာမူကား သွေးဆုံးချိန် အသက် ၄၀–ပတ်ဝန်းကျင်တွင် သား,သမီးနည်းပါး၍ ကိုယ်ဝန်ကိစ္စပြတ်၍ သွားတတ်ပေရာ ၄၀–၏ နောက်ပိုင်းတွင် သား,သမီး ရခွင့်နည်းပေသည်။ ထို့ကြောင့် သာမန်အားဖြင့် မိခင်အသက် ၆၀ တွင် သား,သမီးများ လူလားမြောက်ချိန်ကို





မျှော်လင့်နိုင်ပေသည်။ ဖခင်အတွက်မှာမူ အသက် ၇၀အထိပင်လျှင် ခနီးဖြစ်သူက သွေးမဆုံးသေးသည့် အရွယ်ဖြစ်ပါက သားသမီးရနိုင်ဖွယ် ရှိနေပေရာ အသက်ကြီးချိန်၌ သားငယ်, သမီးငယ်တို့၏ တာဝန်နှ ရင်ဆိုင်မိနိုင်ဖွယ် ရှိလေသည်။

ထိုအခါ ဖခင်က တာဝန်မယူနိုင်ဘဲ မိခင်ကသာ တာဝန်ယူရမည် ဆိုလျှင်လည်း မသင့်ပေ။ ကာမဂုဏ်ကိစ္စကိုမူ အာလာယျမပြတ် ဆောင်ရွ နိုင်ပါလျက် သားသမီး၏ တာဝန်ကို အရွယ်ရောက်သည်အထိ တာဝန်မကေ နိုင်ခဲ့လျှင် နည်းလမ်းကျမည်မဟုတ်ပေ။ သား,သမီးတို့၏ ဘဝ အခွင့်အရေ များလည်း နစ်နာဆုံးရှုံးပေလိမ့်မည်။ ထို့ကြောင့် အသက် အရွယ်လွန် အိမ်ထောင်ပြုခြင်း၊ အထူးသဖြင့် အရွယ်လွန်သည်အထိ သား,သမီးမွေး စေခြင်းတို့သည် သင့်လျော်မည် မဟုတ်ပေ။

အိမ်ထောင်ရေး အခြေခံကို ခြုံ၍ ဖော်ပြရမည်ဆိုလျှင်––

အချုပ်အားဖြင့် အိမ်ထောင်ဖက်ရွေးရာ၌ အိမ်ထောင်ရှင်မ, ဖြစ်မည် သူသည်––

၁။ ကျန်းမာခြင်း။
၂။ ရုပ်ဆင်းသဏ္ဌာန် ကိုယ်လုံးကိုယ်ထည်လှပခြင်း။
၃။ သားကောင်းမိခင်ဖြစ်နိုင်ခြင်း။
၄။ အိမ်တွင်းမှုလုပ်ငန်းကို တတ်ကျွမ်းခြင်း။
၅။ ချွေတာသုံးစွဲတတ်၍ စုဆောင်းတတ်ခြင်း။
၆။ စိတ်သဘောအပုအခော တူညီခြင်း။
၇။ အပြုအမူအပြောအဆို ယဉ်ကျေးသိမ်မွေ့ခြင်း။
၈။ အနွံအတာခံနိုင်ခြင်း။
၉။ သဘောထားမြင့်မြတ်ခြင်း။
၁၀။ ပျော်ရွှင်စွာနေတတ်ခြင်း။
၁၁။ အကျင့်စာရိတ္တကောင်း၍ သစ္စာရှိခြင်း။
၁၂။ မကွာခြားလွန်းသော ပညာအခြေခံရှိခြင်း။
၁၃။ အသိအလိမ္မာဉာဏ်ရှိခြင်း။
၁၄။ မျိုးချစ်စိတ်ရှိခြင်း။
၁၅။ မိမိစွမ်းရည်ကို သိနားလည် မြတ်နိုးနိုင်သူဖြစ်ခြင်း။
၁၆။ မေတ္တာမှန်နှင့် ချစ်ခြင်းတို့နှင့် ပြည့်စုံပေမည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ဖက်ရွေးရာ၌ အိမ်ထောင်ရှင်ယောက်ျားဖြစ်မည့်သူသည်–

၁။ ကျန်းမာခြင်း။
၂။ ကိုယ်အင်္ဂါ ကြံ့ခိုင်၍ သူရသတ္တိရှိခြင်း။
၃။ သားကောင်းဖခင်ဖြစ်နိုင်ခြင်း။
၄။ အသက်မွေးဝမ်းကျောင်းပညာနှင့် ငွေဝင်လမ်းရှိခြင်း။
၅။ ကြင်နာစွာ လုပ်ကိုင်ကျွေးမွေးတတ်ခြင်း။
၆။ အပြုအမူအပြောအဆို တည်ကြည်လေးနက်ခြင်း။
၇။ စိတ်သဘော ဝါသနာတူညီခြင်း။
၈။ အားကိုးနိုင်သောက်သူဖြစ်ခြင်း။
၉။ မြင့်မြတ်၍ မှုမှုဟာတရှိခြင်း။
၁၀။ အကျင့်စာရိတ္တကောင်း၍ သစ္စာရှိခြင်း။
၁၁။ ရှေ့ဆောင်တတ်သော အရည်အချင်းရှိခြင်း။
၁၂။ မိမိထက်ပညာရည်သာခြင်း။
၁၃။ ဆင်ခြင်စဉ်းစားဉာဏ်ရှိခြင်း။
၁၄။ မျိုးချစ်စိတ်ရှိခြင်း။
၁၅။ မိမိအရည်အချင်းကို မြတ်နိုး၍ ချစ်ခင်သူဖြစ်ခြင်း။
၁၆။ မေတ္တာစစ်နှင့် ချစ်ခြင်းတို့နှင့် ပြည့်စုံရပေမည်။

ထိုအချက်များအားလုံးနှင့် မပြည့်စုံနိုင်စေကာမူ အများဆုံးသော အရည်အချင်းနှင့် ပြည့်စုံခြင်း ရှိ၊မရှိကိုမူ သေချာစွာ စူးစမ်းလေ့လာ ရွေးချယ်ရလိမ့်မည်ပင် ဖြစ်ပေသည်။

❤

# အိမ်ထောင်ရေးနှင့် ဥပဒေရေးရာ အမြင်

အိမ်ထောင်ရေးသည် လူနှင့်လူချင်း ဆက်ဆံရသော ကိစ္စဖြစ်၍ ပြဿနာများရှိမည်သာ ဖြစ်သည်။ ထိုပြဿနာများကို မျှတစွာ အဆုံးအဖြတ်ပေးရန်၊ နစ်နာသူအား သက်သာခွင့်ရစေရန် လွန်ကျူးသူအား အပြစ်ပေးရန် မတရားမှုအား တားဆီးရန် ဥပဒေတို့သည်လည်း ရှိရမည် ဖြစ်ပေသည်။

လူမှုရေးဖြစ်သောကြောင့် ဥပဒေ အထိန်းအကွပ်ရှိရန်လိုပြီး၊ ဥပဒေ အထိန်းအကွပ်အတိုင်း လူတို့က လိုက်နာဆောင်ရွက်ကြရလေသည်။ ဥပဒေက ခွင့်မပြုသည်ကို ရှောင်၍ ဥပဒေ၏ အခွင့်အရေး၊ အကာအကွယ်ကို ယူကြရပေသည်။ သာမန်အားဖြင့် ထိမ်းမြားလက်ထပ်မှုသည် ခက်ခဲသော အလုပ်မဟုတ်ဘဲ လုပ်ရိုးလုပ်စဉ်ပင် ဖြစ်လေသည်။

ဖိုနှင့်မတို့၏ ချစ်ရေးကြိုက်ရေး လူမှုရေးကိစ္စပင် ဖြစ်လေသည်။ သို့ရာတွင် ပြဿနာများရှိလာသောအခါ ဥပဒေကပင် အဆုံးအဖြတ်ပေးပေသည်။ အိမ်ထောင်ရေးတွင် အိမ်ထောင်ဖက်အချင်းချင်း ဖြေရှင်း၍ အလုံးစုံပြေလည်နိုင်သည် မဟုတ်ပေရာ ဥပဒေ၏ စွက်ဖက်ခွင့်လိုသော အခါအခွင့်များစွာ ကြုံကြိုက်ရတတ်ပေသည်။

ဥပဒေဟူသည်မှာ လိုအပ်သော ကိစ္စအလျောက် လူတို့အကျိုးအတွက် သူတို့က ညှိနှိုင်းပြုလုပ်ခဲ့ကြခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် လူတို့သည် ...ဘို့ဆောင်ရွက်မှုတိုင်း၌ ဥပဒေ၏ အကန့်အသတ်ကို မလွန်ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းဆောင်ရွက်ကြရပေသည်။ လူတို့ ဥပဒေကို လူတို့ကပင် ရိုသေလေးစားရပေသည်။

ဥပဒေကို ထိန်းစောင့်ခြင်းမှာ မိမိတစ်ဦးတည်းပြုလုပ်လိုသမျှ အနိုင်အသာယူရန် မဟုတ်ဘဲ မိမိအိမ်ထောင်ဖက်အပေါ်တွင်လည်းကောင်း၊ လူမှုလောကတွင် မျှတမှုရှိအောင်နှင့် အမှားအယွင်းမရှိအောင်ပင် ဖြစ်လေသည်။

လူတို့သည် အိမ်ထောင်ပြုခွင့်ရှိမှ ပြုရပေသည်။ ပြုနိုင်ခွင့်ရှိသူနှင့်မှ ပြုရပေမည်။ အိမ်ထောင်ပြုခြင်းကို အနာဂတ်အကျိုးငှါ ခိုင်မြဲတည်တံ့စေခြင်းလည်း ရှိရပေမည်။ အိမ်ထောင်၏ တာဝန်ကို ထမ်းဆောင်ရပေမည်။ အိမ်ထောင်၏ စည်းကမ်းကို ထိန်းသိမ်းရပေမည်။ အိမ်ထောင်၏ မျှတမှုကို စောင့်စည်းရပေမည်။

အိမ်ထောင်ဖက်၏ အခွင့်အရေးကို လေးစားအသိအမှတ် ပြုရပေမည်။ ဤသို့အားဖြင့် မှန်ကန်စွာ လိုက်နာကျင့်ဆောင်နေသမျှ ကာလပတ်လုံး ဥပဒေကိစ္စဟူ၍ ပေါ်ပေါက်လာမည် မဟုတ်ပေ။ ဥပဒေသည် ယောကျ်ား၊ မိန်းမ နှစ်ဦးတို့၏ အိမ်ထောင်ထဲသို့ ထိုးဖောက်ဝင်ရောက်လာမည် မဟုတ်ပေ။

သို့ရာတွင် လူနှင့် လူချင်းဖြစ်၍ တစ်ဖက်နှင့် တစ်ဖက် အခွင့်အရေးကိစ္စ၊ အုပ်ထိန်းသူများ၏ အခွင့်အရေးကိစ္စ၊ သား,သမီးကိစ္စ၊ စီးပွားပိုင်ဆိုင်မှုကိစ္စ၊ ဆက်ဆံမှုကိစ္စ များစွာတို့တွင် အချင်းချင်းပြေလည်မှု ရှိကြသည့်အခါတွင်ရှိကြ၍ မပြေလည်မှု ရှိကြသည့်အခါများလည်း ရှိလာတတ်ကြပေသည်။

လင်နှင့်မယားသည် တစ်သက်တာ ပြေလည်စွာ ပေါင်းဖွဲ့ရန်ဖြစ်သော်လည်း အစကနဦးကပင်ဖြစ်စေ၊ လင်မယားဖြစ်နေဆဲကာလတွင်ဖြစ်စေ၊ ကွာရှင်းပြတ်စဲကြချိန်တွင်ဖြစ်စေ၊ မမျှော်လင့်သော ပြဿနာရေးရာများ ပေါ်ပေါက်နိုင်သည်ဖြစ်ရာ တရားရုံးနှင့် ဖြေရှင်းရမည့် အခြေသို့ပင် ရောက်စေနိုင်လေသည်။

အမှန်အားဖြင့် လူမှုရေးအရ တစ်ဦး၏ အခွင့်အရေးကို တစ်ဦးက နားလည်ထားလျှင် မိမိဘက်ကလည်း အပြစ်ဖြစ်အောင် မပြုလုပ်၊





တစ်ဖက်သားကလည်း အပြစ်ဖြစ်အောင် မလုပ်ကြဘဲ အဆင်ပြေ ချောမွေ့စွာနိုင်ပေသည်။

လူမှုအခွင့်အရေးဆိုသည်မှာ ဥပဒေအရ ရရှိသော အခွင့်အရေးပင်ဖြစ်၍၊ အိမ်ထောင်သည်တို့ ကျင့်ဆောင်သင့်သည့်တာဝန်၊ သိထားအပ်သည့် နားလည်မှုနှင့် ရှောင်ရှားရမည့် အပြစ်တို့သည်လည်း ဥပဒေထဲတွင် အထင်အရှားရှိနေပေသည်။ ထို့ကြောင့် အိမ်ထောင်ရှင်၊ အိမ်ထောင်ပြုမည့်သူများ သိရှိနားလည်ထားသင့်သော အချက်အလက်များကိုပါ ဖော်ပြလိုက်ပေသည်။

အိမ်ထောင်ရေးတွင် သိရှိအပ်သော လက်ထပ်မှုဆိုင်ရာ ဥပဒေအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**ယောကျ်ား ။** အသက် ၁၆-နှစ်ရွယ် ယောကျ်ားလေးသည် တရားဝင်လက်ထပ်ထိမ်းမြားခြင်းပြုနိုင်သည်။
**(မအေးစိန်နှင့် မောင်လှမင်း အမှုစီရင်ထုံး ၃၊ ရန်ကုန်၊ ၄၅၅။)**

မြန်မာဗုဒ္ဓဘာသာ ယောကျ်ားတစ်ယောက်သည် ကျန်းမာရေးနှင့်ပြည့်စုံလျှင် မည်သည့်အရွယ်၌မဆို ထိမ်းမြားလက်ထပ်နိုင်သည်။ မိဘသို့မဟုတ် အုပ်ထိန်းသူတို့၏ သဘောတူညီချက်ယူရန်မလို။
**(မောင်သိန်းမောင်-မစော၊ အမှုစီရင်ထုံး ၆၊ ရန်ကုန် ၃၄၀)။**

**မိန်းမ ။** မိဘများသည် သားသမီးများကို အသက် ၁၅-နှစ်၊ ၁၆-နှစ် အရွယ်ရောက်လျှင် အိမ်ထောင်ချထားပေးရမည်။ အကယ်၍ ထိုအရွယ်တွင် အိမ်ထောင်ချထားမပေးသောကြောင့် သား,သမီးများက မသင့်လျော်သည့်အမှုကို ပြုမိသော် သား,သမီးတို့အား အပြစ်ဆိုသာချေ။ မိန်းကလေးတစ်ယောက်သည် အသက်

www.burmeseclassic.com

www.burmeseclassic.com



၂၀–ကျော်လျှင် မိဘ, သဘောတူညီချက်မရဘဲ မိမိနှစ်သက်သူကို ထိမ်းမြားလက်ထပ်နိုင်သည်။

(ကင်းဝန် မင်းသတ် ၃၆–စောင်တွဲ၊ ဒုတိယတွဲ အခန်း–၆၊ ပုဒ်မ–၃၃)။

တစ်ခုလပ်, တစ်လင်ကွာနှင့် မုဆိုးမများမှလွဲလျှင် အသက် ၂၀–မပြည့်သေးသော မိန်းကလေးတစ်ယောက်သည် မိဘ၊ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီမှုကို အထင်အရှား သို့တည်းမဟုတ် အဓိပ္ပာယ်သက်ရောက်သည့် သဘောတူညီမှုကို မရလျှင် တရားဝင်ထိမ်းမြားလက်ထပ်မှုကို မပြုနိုင်။(မအေးစိန်–မောင်လှမင်းအမှု စီရင်ထုံး ၃၊ ရန်ကုန် ၄၅၅)။

**သဘောတူညီချက်။** ။ ထိမ်းမြားလက်ထပ်ရေး၌ ကာယကံရှင်များ ဖြစ်ကြသော သတို့သား၊ သတို့သမီးတို့၏ ဆန္ဒအလျောက် လွတ်လပ်စွာပေးသည့် သဘောတူညီမှု မပါရှိလျှင် ထိမ်းမြားလက်ထပ်မှုသည် တရားဥပဒေနှင့် မညီညွတ်ပေ။ တည်မြဲခိုင်မာမှုလည်း မဖြစ်ပေ။ (မောင်သိန်း၊ မသက်နှင်း အမှုစီရင်ထုံး ၈၊ l-b-r ၃၄၇)။

**တားမြစ်ချက်။** ။ အသက် ၁၈–နှစ် မပြည့်သေးသော ယောကျ်ားကလေး၊ အသက် ၁၄–နှစ်မပြည့်သေးသော မိန်းကလေး အသီးသီးတို့အား ထိမ်းမြားရန် မိဘများက ကတိပေးသဘောတူညီခြင်း မပြုနိုင်ချေ။ (အရွယ်မရောက်သေးသူများ ထိမ်းမြားမှု တားမြစ်ရေးအက်ဥပဒေ)။

**တရားဝင်မှု။** ။ ထိမ်းမြားလက်ထပ်ရာ၌ တရားဝင်လင်မယား ဖြစ်မြောက်ရန် အောက်ပါအချက်များနှင့် ပြည့်စုံရန် လိုသည်။ (ဦးမြစိန်၊ မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ ၂၂–၂၃)။





၁။ ယောကျ်ားကလေးသည် အိမ်ထောင်ပြုရန်အတွက် ကျန်းမာသန်စွမ်းရမည်။

၂။ မိန်းကလေးသည် မုဆိုးမ၊ သို့မဟုတ် တစ်ခုလပ်၊ တစ်လင်ကွာ မဟုတ်လျှင် အသက် ၂၀–ပြည့်ရမည်။ အသက် ၂၀–မပြည့်သေးလျှင် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီချက် ရရှိရမည်။

၃။ ယခုပစ္စုပ္ပန်ကာလ၌ လင်မယားအဖြစ် အိမ်ထောင်ပြုရန် နှစ်ဦးသဘောတူညီချက် ဆန္ဒကို လွတ်လပ်စွာ ရရှိရမည်။

၄။ နှစ်ဦးစလုံးသည် စိတ်ဖောက်ပြန်သူများ မဖြစ်စေရ။

၅။ လင်မယားအဖြစ် ပေါင်းသင်း, စပ်ယှက်မှု ရှိရမည်။

၆။ မိန်းမမှာ မပြတ်စဲသော တရားဝင်လင်ယောကျ်ား မရှိစေရ။

**မယားငယ်။** ။ မြန်မာနိုင်ငံတွင် ယောကျ်ားတစ်ယောက်သည် မယားအများယူခြင်းကို တရားရုံးတော်များက အသိအမှတ်ပြုထားသည်။ (မဝန်းဒီနှင့် မခင်အမှု စီရင်ထုံး။ ၄ L.B.R.၁၇၅)

မယားငယ်မှာ အခြေအနေအရ၊ သေဆုံးသူယောကျ်ား၏ အမွေကို ဆက်ခံနိုင်ခွင့် ရှိသည်။

(မောင်သာဒွန်း၊ မသိန်းရင်၊ အမှုစီရင်ထုံး၊ ၁၊ ရန်ကုန် ၁၊)

နောက်မှယူသည့် မယား၏ အဆင့်အတန်းနှင့် ပတ်သက်လျှင် ထိုမယားအား လင်ဖြစ်သူက ပထမ, မယားနည်းတူ ပြုစုလျှင် ထိုမယားသည် မယားကြီးတစ်ယောက် ဖြစ်သည်။ (ဦးဖြူနှင့် မမျှင် အမှုစီရင်ထုံး၊ u. b. r. ၁၆၀)

**ဘာသာခြားမှု။** ။ ၁၉၅၄–ခုနှစ်တွင် အတည်ပြုထုတ်ပြန်သော ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု ဥပဒေမှ လိုရင်းသဘောကို ထုတ်နုတ်ဖော်ပြထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးသည် ဘာသာကွဲယောကျ်ားတစ်ဦးနှင့် လက်ထပ်ပါက ကျေးရွာသူကြီး သို့မဟုတ် မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်၍ ထိမ်းမြားနိုင်သည်။

**(မိန်းမသည် ၁၄–နှစ်ပြည့်ပြီး ဖြစ်ရမည်။ အသက် ၂၀–မပြည့်သေးလျှင် မိဘ၊ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီချက် ရရှိရမည်။ မိန်းမတွင် အခြားတရားဝင်လင် မရှိစေရ၊)**

မှတ်ပုံမတင်ဘဲ ပေါင်းသင်းနေထိုင်က မိန်းမ၏ ဆွေမျိုးများကမှတ်ပုံတင်ရုံးသို့ သတင်းပေးနိုင်သည်။ ကာယကံရှင်တစ်ဦးဦး၊ သို့မဟုတ် နှစ်ဦးစလုံးက မှတ်ပုံမတင်လိုစေကာမူ မှတ်ပုံတင်အရာရှိက တရားမ ရုံးသို့ အစီရင်ခံ၍ ရုံး၏အဆုံးအဖြတ်ကို ခံယူရမည်။

ဥပဒေအရ မှတ်ပုံတင်ထိမ်းမြားသော မိန်းမသည်–

၁။ လင်မယားကွာရှင်းမှု၊

၂။ ပစ္စည်းပိုင်ဆိုင်ခွင့်၊

၃။ သားသမီးထိန်းသိမ်းမှု၊

၄။ ပစ္စည်းခွဲဝေမှု တို့တွင် မြန်မာဗုဒ္ဓဘာသာတရားဥပဒေအရ စီရင်ဆုံးဖြတ်ခြင်း ခံရမည် ဖြစ်သည်။

**(မြန်မာမိန်းမတစ်ယောက်၏ ရပိုင်ခွင့်များ မဆုံးရှုံးဘဲ ရရှိနိုင်သည်။)**

အကယ်၍ ဘာသာခြား ယောကျ်ားက ဘာသာရေးအကြောင်းကြောင့် ကွာရှင်းလိုလျှင်ဖြစ်စေ၊ ညှဉ်းပန်းနှိပ်စက်လျှင်ဖြစ်စေ–

**၁။ ယောကျ်ားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သော အစုကို စွန့်ရမည်၊ ထို့ပြင် မိန်းမအား ထောက်ပံ့ကြေးပေးရမည်၊**

**၂။ မိန်းမသည် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်၊**

**၃။ ထိုသူသည် အရွယ်မရောက်သေးသော ကလေးများအတွက် ကလေးစရိတ် ပေးရမည်၊**





မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများသည် ဘာသာကွဲယောကျ်ားများကို လက်ထပ်မည်ပြုပါက အထူးသတိပြုအပ်လှပေသည်။

**ပြန်လည်ပေါင်းသင်းခွင့်။** ။မိမိထံမှ အကြောင်းမဲ့ထွက်ခွာသွားသော မယား၊ သို့မဟုတ် လင်အား လင်မယားအဖြစ် ပြန်လည်ဆောင်ရွက်စေလိုမှု (ခေါ်လိုမှု)ဖြင့် တရားစွဲဆိုနိုင်လေသည်။ တရားစွဲလိုသူသည် မိမိ၌ အပြစ်ကင်းကြောင်း၊ ထွက်ခွာသွားသူ၌သာ အပြစ်ရှိကြောင်း၊ ထင်ရှားအောင် ပြရန် လိုလေသည်။ လင်ဖြစ်သူသည် အခြားမိန်းမနှင့် လွန်ကျူးသည့်အတွက်လည်းကောင်း၊ မယားငယ်ယူသည့်အတွက်လည်းကောင်း၊ နှိပ်စက်ညှဉ်းပန်း၍ စွန့်ပစ်ထားသည့်အတွက် လည်းကောင်း၊ မယားဖြစ်သူ ထွက်သွားလျှင် လင်သည် ခေါ်လိုမှု၌ အမှုရှုံးရသည်။

တစ်ကြိမ်တစ်ခါမျှ ယောကျ်ားမဖြစ်သူက ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လင်ဖြစ်သူ၌ သီးခြားအလုပ်အကိုင် ဝင်ငွေမရှိခြင်းတို့သည် မယားက ထွက်သွားနိုင်အောင် ခိုင်လုံသည့်အကြောင်းများ မဟုတ်ချေ။

**ကတိပျက်မှု။** ။အရွယ်မရောက်သူသည် ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်မှုအတွက် လျော်ကြေးမစွဲဆိုနိုင်ပေ။ ယောကျ်ားကလေး၏ မိဘက မိမိသားနှင့် လက်ထပ်ရန် ကတိပေးပြီးမှ ပျက်ကွက်သော်––မိန်းကလေးဘက်မှ လျော်ကြေးတောင်းနိုင်ခွင့်မရှိချေ။ စေ့စပ်ကြောင်းလမ်းစဉ် ယောကျ်ားကလေးဘက်မှ ပေးသည့်ပစ္စည်းများကို စေ့စပ်ခြင်းပျက်ပါက မိန်းကလေးဘက်မှ ပြန်၍ပေးအပ်ရမည်။ မြန်မာဗုဒ္ဓဘာသာတစ်ယောက်သည် မင်္ဂလာမဆောင်မီက ယောကျ်ားမလောင်းထံ ပေးခဲ့သောကတိကို မပျက်မကွက် ဆောင်ရွက်ပေးရန် [illegible] တရားစွဲနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



**စရိတ်တောင်းခွင့်။** ။ လင်ယောကျ်ားသည် မယား အား ဖြစ်စေ၊ သား သမီး အားဖြစ်စေ၊ ထောက်ပံ့ခြင်းမပြုဘဲ ပစ်ပယ်ထားပါက ပစ်ပယ်သော ယောကျ်ားအား ရာဇဝတ်ရုံး၌လည်းကောင်း၊ တရားမရုံး၌လည်းကောင်း၊ စားစရိတ်ရလိုမှုကို တရားစွဲဆို နိုင်သည်။

တရားမရုံးတော်တွင် တရားစွဲဆိုပါက လင်ယောကျ်ား၏ အဆင့်အတန်းအလိုက်၊ ဝင်ငွေ၏ သုံးပုံတစ်ပုံ မယားဖြစ်သူ၌ စားစရိတ်ရနိုင်ပေသည်။ (လင်ယောကျ်ားက ဒုတိယမယား ယူလျှင် ပထမ,မယားမှာ လင့်ဝင်ငွေ၏ ခြောက်ပုံတစ်ပုံသာ ရနိုင်ပေသည်။)

မယားဖြစ်သူအား စရိတ်မထောက်ပံ့လျှင် မယားဖြစ်သူ လိုအပ်သော နေထိုင်စားသောက်မှုစရိတ်အတွက် တင်ရှိသည့် ကြွေးကို လင်၌ ဆပ်ရန်တာဝန်ရှိသည်။ မယားသည် လင်အား စရိတ်စွဲဆိုနိုင်သော်လည်း သားသမီးသည် မိဘအား မစွဲဆိုနိုင်ချေ။ အကယ်၍ မယားဖြစ်သူသည် မိမိဝမ်းကို ကျောင်းနိုင်ခဲ့ပါလျှင် ထိုအချိန်မှစ၍ စရိတ်ရရန် လင် ယောကျ်ားကို တရားမစွဲနိုင်ချေ။ တရားစွဲဆိုချိန်မှစ၍သာ ထောက်ပံ့ကြေးရရှိနိုင်ခွင့် ရှိသည်။

ရာဇဝတ်ရုံးတွင် ပုဒ်မ ၄၉၁-အရ တရားစွဲဆိုပါက မိန်းမ သည် အခြားယောကျ်ားနှင့် ကျူးလွန်နေထိုင်လျှင်သော် လည်းကောင်း၊ လုံလောက်သည့် အကြောင်းမရှိဘဲ၊ လင်နှင့် အတူနေရန် ငြင်းဆန်လျှင်သော်လည်းကောင်း၊ လင် ယောကျ်ားနှင့် နှစ်ဦးသဘောတူ ခွဲခွာနေထိုင်လျှင်သော်လည်း ကောင်း စားစရိတ် မရနိုင်ပေ။

လင်ဖြစ်သူ၌ ဝင်ငွေအလုံအလောက် ရှိ,မရှိ၊ မယားအား ထောက်ပံ့ရန် ငြင်းဆိုခြင်း၊ ပျက်ကွက်ခြင်း ရှိ,မရှိကို ချိန်ဆ၍ တရားသဖြင့် ရထိုက်ခွင့်ရှိက ကလေးနှင့် မိန်းမ



အတွက် တစ်ယောက်လျှင် ကျပ်တစ်ရာထက် မပိုသော စရိတ် ရနိုင်ခွင့်ရှိလေသည်။

သားသမီးစရိတ်မှာ တရားဝင်မယားဖြစ်စေ၊ ထင်ရှားအောင် ပြနိုင်သော တရားဝင်မယားမဟုတ်သူမှဖြစ်စေ၊ မွေးဖွားသည့် သားသမီးအားလုံး ရခွင့်ရှိပေသည်။ အရွယ်မရောက်သေး သည့် သားသမီးရှိလျှင် ရဟန်းယောကျ်ားများပင်လျှင် ထိုတာဝန်မှ မလွတ်ကင်းချေ။ စားစရိတ်တွင် ကလေး၏ ဝတ်ရေး၊ စားရေးသာမက ပညာရေး ကုန်ကျစရိတ်များကို ပါ ထည့်သွင်းနိုင်လေသည်။ မယားဖြစ်သူက အတူနေရန် ငြင်းဆိုရုံဖြင့် ကလေးစရိတ်မပေးဘဲ မနေရချေ။ မိခင်၏ အခြေအနေမည်သို့ပင် ရှိစေကာမူ ထောက်ပံ့ရလေသည်။

**ကွာရှင်းခွင့်။** ။ လင်နှင့်မယား နှစ်ဦးသဘောတူကွာရှင်းလျှင် တရားရုံးတော် ၏ အမိန့်ဒီဂရီမပါဘဲ၊ လင်ခန်း,, မယားခန်းပြတ်စဲလေသည်။ လင်ဖြစ်စေ၊ မယားဖြစ်စေ၊ မိမိ၏ ခင်ပွန်း အိမ်ထောင်ဘက်၌ ကွာရှင်းနိုင်လောက်အောင် အိမ်ထောင်ရေးပြစ်မှု ကျူးလွန် ကြောင်း ထင်ရှားစွာ မပြနိုင်လျှင် ကွာရှင်းခွင့်မရချေ။ ကိုယ်ဖိုး,, လျော်ကြေးပေးပြီး လင်မယားနှစ်ဦးပိုင်ပစ္စည်း အနက် မိမိဝေစုကို စွန့်လွှတ်သည့်တိုင်အောင် အိမ်ထောင် ဘက်၌ ထင်ရှားသော အိမ်ထောင်ရေးပြစ်မှုမရှိပါက တစ်ဖက် သတ်ဆန္ဒနှင့် မကွာရှင်းနိုင်ချေ။

အိမ်ထောင်ရေးပြစ်မှုမှာ လင်ဖြစ်သူက ရက်စက်ကြမ်းကြုတ်မှု ပြုလုပ်လျှင် တစ်ကြိမ်တစ်ခါမျှပင်ဖြစ်စေ၊ မယားဖြစ်သူ၌ ကွာရှင်းခွင့်ရလေသည်။

(လင်ဖြစ်သူသည် တစ်ပါးသော မိန်းမနှင့် ကျူးလွန်လျှင် မယားဖြစ်သူ၌ ကွာရှင်းခွင့်မရှိချေ။)

လင်ဖြစ်သူသည် မယားကြီး၏ သဘောတူခွင့်ပြုချက်မရဘဲ၊ မယားငယ်ယူလျှင် မယားဖြစ်သူ၌ ကွာရှင်းခွင့်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

လင်ဖြစ်သူက မယားကို မနှစ်သက်၍ အထောက်အပံ့မပေးဘဲ သုံးနှစ်တိုင် စွန့်ပစ်ထားလျှင်သော်လည်းကောင်း၊ မယားဖြစ်သူက လင်ဖြစ်သူအား တစ်နှစ်စွန့်ပစ်ထားလျှင်သော်လည်းကောင်း လင်ခန်း၊ မယားခန်း အလိုလို ပြတ်စဲလေသည်။ လင်က စွန့်ပစ်ရာ၌ ထောင်တမ်းကျ၍ ခွဲခွာနေခြင်းသည် စွန့်ပစ်ရာ မရောက်ပေ။

**(သတိပြုရန်မှာ လည်ဆယ်ပြီး လက်ထပ်ခဲ့သည့် အကြောင်းမျှဖြင့် လက်ထပ်ပြီးမှ ကွာရှင်းခွင့် မရှိချေ။)**

မယားဖြစ်သူသည် တစ်ပါးသော ယောကျ်ားနှင့် ကျူးလွန်လျှင် လင်ဖြစ်သူက ကွာရှင်းနိုင်လေသည်။ ရက်စက်ကြမ်းကြုတ်စွာ ပြုမူခြင်း၊ မယားကြီး၏ ခွင့်ပြုချက်မရဘဲ မယားငယ်ယူခြင်း၊ စွန့်ပစ်ခြင်းတို့တွင် နစ်နာသူက ကွာရှင်းခွင့် တရားစွဲနိုင်လေသည်။

အိမ်ထောင်ပြုမည့်သူများနှင့် အိမ်ထောင်ရှင်များက လက်ထပ်မှုဆိုင်ရာ ဥပဒေများ၊ ကွာရှင်းမှုဆိုင်ရာ ဥပဒေများ၊ အမွေခွဲဝေမှုဆိုင်ရာ ဥပဒေများ၊ ကာမဂုဏ်မှုခင်းနှင့်ဆိုင်သော ဥပဒေများ၊ ကိုယ်ဝန်ပျက်စေမှုနှင့်ဆိုင်ရာ ဥပဒေများ--စသည်တို့ကို လင်ရော, မယားပါ သိနားလည်ထားကြခြင်းဖြင့် အကျိုးများပေသည်။ တစ်ဦး၏ အခွင့်အရေးကို တစ်ဦးကညီစောင့်ရှောက်ရန် အတွက်သာမက သားသမီးများအား သွန်သင်နည်းပေးရာ၌လည်း အကျိုးများပေလိမ့်မည်။

❤

# အိမ်ထောင်ရေးနှင့် အသက်အရွယ်ကွာခြားမှု

အိမ်ထောင်ပြုသင့်သော မိန်း၊ ယောကျ်ားတို့၏ အသက်အရွယ်ကို စီစစ်ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ သို့ရာတွင် ယောကျ်ားနှင့် မိန်းမသည် မည်မျှအသက်ကွာခြားသင့်သည် ဟူသော အချက်ကို စဉ်းစားရန် ရှိပေသည်။

အများအားဖြင့် ယူဆနေကြသည်မှာ မိန်းမသည် ယောကျ်ားထက် ငယ်ရမည်ဟူ၍သာ ဖြစ်လေသည်။ မိန်းမသည် ယောကျ်ားထက် ကြီးရန်မှုကား လုံးဝမသင့်ဟူ၍ ယူဆကြပေသည်။ ဤသို့ ယူဆသည်မှာ တစ်ဖက်သတ်ဆန်လေသည်။

အိမ်ထောင်တွင်လင်ယောကျ်ားကသာ ဦးစီးဖြစ်သည်။ လင်သည် အိမ်ဦးနတ်ဖြစ်သည်ဟူသော ယောကျ်ားအနိုင်ယူသည့်ဝါဒ ထွန်းကားခဲ့သည့် အတိုင်း လင်သည် အသက်ကြီးမှ သဘာဝကျသည်၊ လင်က အသက်ငယ်နေပါက အသက်ကြီးသော မိန်းမကို လင်က အရိုအသေထားရန်မှာ အဆင်မပြေဖြစ်နိုင်သည်ဟု ယူဆခဲ့ကြဟန် တူလေသည်။

သို့ရာတွင် နှမနှင့်တူသော မယားသာမက၊ အမိနှင့်တူသော မယားကိုလည်း ပေါင်းအပ်ကြောင်း **ဆိုထားပေသည်။** မယားသည် လင်အား မိခင်သဖွယ် စောင့်ရှောက်ထိန်းသိမ်းရာ၌ မိခင်သဖွယ် သွန်သင်ဩဝါဒ ပေးရမည့် အခန်းကဏ္ဍလည်း ပါဝင်ပေလိမ့်မည်။ အသက်ကြီးသော မယားသည် လင်၏ အကျိုးမဲ့ဖြစ်စေမည်ကား မဟုတ်ပေ။

www.burmeseclassic.com



"သမားအိုမှ၊ မယားပျိုမှ"ဟူသော စကားသည်လည်းကောင်း၊ ပျိုမျစ်သော မိန်းကလေးနှင့် ကာမဂုဏ်မှီဝဲခြင်းဖြင့် ခွန်အားပြည့်ဖြိုးစေသည် ဟူသော သျှတ္တရန်နှင့် ဆေးကျမ်းအယူအဆတို့သည်လည်းကောင်း၊ လင်နှင့် မယား အသက်ကွာခြားမှု အဆုံးအဖြတ်ကို များစွာ လွှမ်းမိုးစေခဲ့လေသည်။ ထို့ကြောင့်ပင် "ယောက်ျားပဥ္စင်း၊ မိန်းမ ပုခက်တွင်း"ဟူ၍ လင်နှင့်မယား အသက် ၂၀-ကျော် ကွာခြားသည်ကိုပင် သဘာဝကျလေဟန် ယူဆခဲ့ကြလေသည်။

မယားဆိုလျှင် နုရမည်၊ ငယ်ရမည်၊ ပျိုရမည် ဟူသော ကာမဂုဏ် အရိပ်အယောင်သန်းသည့် အယူအဆသည် အစဉ်အလာကဲ့သို့ စိုးမိုးလာခဲ့ကြလေသည်။ ထို့ကြောင့် ယောက်ျားများသည် မိမိထက် အသက်ငယ်သော မိန်းမကိုသာ မိမိတို့နှင့် အိမ်ထောင်ဖက်ဟူ၍ မှန်းထားကြလေသည်။ အသက်အရွယ်တူဟုဆိုလျှင်ပင် မလိုလားတတ်ပေ။

မမျှော်လင့်သော အကြောင်းများကြောင့်သာ အသက်အရွယ်တူသော မိန်းမ၊ အသက်ပို၍ကြီးသော မိန်းမတို့နှင့် ဖူးစာဖက်တတ်ကြလေသည်။ မူလ ရည်မှန်းရင်းမှာ မိမိထက် အရွယ်ငယ်သူသာ အိမ်ထောင်ဖက်ဖြစ်သည်ဟု ယူဆခဲ့ရင်း ဖြစ်လေသည်။

မိန်းမများအနေနှင့်လည်း လင်ကို အားကိုးတစ်ခုပြုရမည်ဖြစ်သဖြင့် သဘာဝအတိုင်း အရွယ်ကြီးသူကိုသာ မှန်းတတ်ကြပေသည်။ မိန်းမတို့ သဘာဝအားဖြင့် ခွန်အားနှင့် ထွားကျိုင်းသော ကိုယ်ကာယကိုလည်း တန်ဖိုးထားကြပေသည်။ ကာမဂုဏ်စိတ်အရလည်း အလွန်အထူးကို လိုလားတတ်ပေသည်။

ဤသို့လျှင် ငယ်သူကိုမှ တပ်မက်သော ယောက်ျားတို့၏ ကာမဂုဏ်စိတ်နှင့် ကြီးသူကိုမှ အဖက်တူသည်ဟု မှန်းထားသော မိန်းမတို့၏ ကာမဂုဏ်စိတ်ကြောင့် လင်နှင့်မယားတွင် လင်ကသာလျှင် အသက်ကြီးသင့်သည်ဟူသော အယူအဆမှာ ထာဝရသစ္စာကဲ့သို့ ဖြစ်တည်လာခဲ့ရလေသည်။ သဘာဝက ပေးထားသော အသက်အရွယ်မှာ တူညီမှုတန်ဖိုး မရှိတော့ဘဲ နေခဲ့လေသည်။





ထို့ကြောင့်လည်း လင်သည်ကြီးပါက မယားသည် ဆိုးနွံ၍ ငယ်ဂုဏ်နှင့် မာနရောက်ကာ အဆင်မပြေဖြစ်ရခြင်းနှင့် မယားသည် ကြီးပါက လင်က မထေမဲ့ပြုကာ ဂုဏ်ခံခြင်းကြောင့် တစ်ဖက်စောင်းနင်း ဖြစ်ရခြင်းများပေါ်လာလေသည်။ အဖက်မဟုတ်သော အိမ်ထောင်ရှင်က မိမိအသက်အရွယ် ငယ်မှု၊ ကြီးမှု၊ ခြားနားသည်နှင့်ပင် တစ်ဖက်စီးနင်း ဆက်ဆံခြင်းခံကြရကာ အိမ်ထောင်တွင် အဆင်မပြေ ဖြစ်ရလေသည်။

အထူးသဖြင့် အသက်ငယ်သော လင်ယောက်ျားကို ယူမိသော မိန်းမနှင့် အသက်ငယ်လွန်းသော မိန်းမကို ယူမိသော ယောက်ျားတို့မှာ မျက်နှာငယ်စွာနှင့် တစ်ဖက်သတ် လိုက်လျောမှုများ ပြုရလေတော့သည်။ အစဉ်အလာ အယူအဆသည် အပြစ်မရှိပါဘဲလျက် အိမ်ထောင်ရေးကို အလိုအလျောက် တစ်ဖက်စောင်းနင်း ဖြစ်စေလေသည်။

အိမ်ထောင်ဖက်ရွေးရာ၌ အသက်အရွယ်မှာ အရေးကြီးလှသည် မဟုတ်ပေ။ သဘောချင်း၊ ဝါသနာချင်း၊ တိုက်ဆိုင်မှု၊ မေတ္တာခိုင်မာမှု၊ ရင့်သန်မှုရှိပါလျက်နှင့် အသက်ပြဿနာကြောင့် အိမ်ထောင်ရေးကို တစ်မျိုးတစ်မည် ပြင်ဆင်ပြောင်းလွဲရခြင်းမှာ မကောင်းပေ။ မိမိထက် အသက်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ မိမိစိတ်တိုင်းကျ၍ နှစ်ဦးနှစ်ဖက် ပြေလည်လျှင် ရွေးချယ်ထိုက်ပေသည်။

အသက်အရွယ်ကိစ္စကို ဥပါဒါန်စွဲကာ လူမှုရေးပြဿနာ ဖန်တီးရန် မလိုပေ။ အသက်အရွယ်ကြောင့် မည်သည့် ဆုံးရှုံးမှုမျှ မရှိနိုင်ပေ။ ထို့မှတစ်ပါး မိမိစိတ်တွင် ယူဆသော အရွယ်သည် မိမိအိမ်ထောင်ဖက်၏ အရွယ်ပင် ဖြစ်နိုင်ပေသည်။

ဤသို့ဆိုရာ၌ ယောက်ျားနှင့် မိန်းမတွင် ယောက်ျားကသာ အသက်ကြီးရန်မဟုတ်ဘဲ မိန်းမက အသက်ကြီးနေလျှင်လည်း လူမှုရေးပြဿနာ ရှိစရာမလိုကြောင်းကို ဖော်ပြခြင်းပင် ဖြစ်ပေသည်။ သို့ရာတွင် တစ်ဦးနှင့် တစ်ဦး နှစ်ပေါင်းများစွာ အသက်ကွာလှမ်းခြင်းကား မရှိသင့်ပေ။

လင်နှင့်မယားသည် အသက်များစွာ ကွာခြားခြင်းကြောင့် လင်နှင့် မယားတို့ တန်းတူသဘောထား ဆက်ဆံရမည့်နေရာများ၌ အဆင်မပြေ ဖြစ်ရတတ်ပေသည်။ လူဆိုသည်မှာ လိုလားသောအခါ ငယ်ရွယ်သူကို

www.burmeseclassic.com

www.burmeseclassic.com



ဦးစားပေးတတ်သော်လည်း၊ မလိုလားသောအခါ "ငါက–သူ့ထက် သိနားလည်သည်"ဟူသော ကိုယ်ခံအစွဲဝင်ရောက်လာ၍ ငယ်ရွယ်သူအပေါ်တွင် အထင်သေးခြင်း၊ မောက်မာခြင်း၊ တန်းတူရည်တူ သဘောမထားလိုခြင်းများ ရှိလာတတ်လေသည်။

ထိုအခါ အိမ်ထောင်၏ သာယာမှုပျက်စီးရလေတော့သည်။ လင်နှင့်မယား အရွယ်မတူစေကာမူ ရွယ်တူတန်းတူအနေဖြင့် လေးစားမှုတန်းတူရှိရန် အထူးလိုပေသည်။ တစ်ဦးဦးက တစ်ဖက်သတ် အနိုင်ယူ၍နေလျှင် ထိုအိမ်ထောင်သည် သာယာခြင်း မရှိနိုင်ပေ။

အသက်အရွယ်ကို အကြောင်းပြု၍ အသာစီးယူခြင်းမျိုးမှာ အတိုင်းအဆထက် လွန်ကဲလာသောအခါ ရှုံမှန်းဖွယ် ဖြစ်စေလေသည်။ အသက်အရွယ်မတူသော တစ်ဖက်သားကိုလည်း အသက်အရွယ်မတူကြောင်း အမြဲနှိုးဆွ အသိပေးနေသည်နှင့်တူ၍ တစ်ဖက်သားအား စိတ်ဓာတ်ကျစေလေသည်။

သာမန်အားဖြင့် သဘောကွဲလွဲခြင်း၊ တစ်ဖက်စီးနင်းဖြစ်ရခြင်းတို့တွင် အသက်အရွယ်မတူမှုခြင်းကြောင့်သာ ဖြစ်ရသည်ဟူ၍ စိတ်ငယ်ခြင်း၊ နောင်တရခြင်းကို ဖြစ်စေသဖြင့် အိမ်ထောင်၏ ခိုင်မြဲသော အစေးအား ပြယ်ရလေသည်။ တစ်ဖက်ကလည်း အသက်အရွယ် ငယ်သူက ငယ်ဂုဏ်ကို ထုတ်မိခြင်း၊ မခန့်လေးစား ပြုမူမိခြင်း စသည်တို့ကြောင့် မကြာခဏ စိတ်ဆင်းရဲတတ်ကြလေသည်။

မိန်းမနှင့် ယောကျ်ားတို့မှာ အသက်အားဖြင့် ၄–၅–နှစ်ထက်ပို၍ ကွာခြားရန် မသင့်ပေ၊ ၄–၅ နှစ်မျှသော အရွယ်ကိုမူ ပကတိမျက်စိ၌ ထူးခြားစွာ မြင်သာခြင်းမရှိသဖြင့် အသက်ကွာခြားမှုကိုလည်း မေ့ပျောက်နေနိုင်လေသည်။ သို့ရာတွင် ကွာခြားလွန်းပါမူ အယူအဆစွဲအရ ပြဿနာ ဖြစ်လာနိုင်လေသည်။

ယေဘုယျအားဖြင့် ယောကျ်ားများသည် မိန်းမထက်, အသက် ၁၀–နှစ်ထက်မက ကြီးတတ်ကြလေသည်။ ထိုသို့ ယောကျ်ားက အသက်အရွယ်ကြီးရာ၌ကား ပြဿနာမရှိတတ်ကြပေ။ သို့ရာတွင် ယောကျ်ားသည်





လည်း မိမိထက် အသက်ကွာခြားလွန်းသူ၊ သို့မဟုတ် ငယ်ရွယ်လွန်းသူကို အိမ်ထောင်ဖက် မရွေးသင့်ပေ။

ယောကျ်ားများအနေဖြင့် မိန်းမသည် ငယ်ရွယ်လေလေ ကာမဂုဏ်သာယာမှု ထူးကဲလေလဖြစ်သည်ဟု အစွဲအလန်းကြီးတတ်၍ အသက်ကြီးရင့်သော မိန်းမတို့နှင့် ဆက်ဆံရပါမူ အိုလွယ်သည်၊ အားယုတ်တတ်သည်ဟူသော အသိကလည်း ဝင်ရောက်လျက် ရှိကြလေသည်။

အယူအဆဟောင်းဟူသည်မှာ ရုတ်တရက် ပယ်နိုင်ခဲ၍ အပြောများရာတွင် ကျယ်တတ်သည်ဖြစ်ရာ အများအားဖြင့် မိန်းမဆိုလျှင် ယောကျ်ားအဖို့ မိမိထက် ငယ်နိုင်သမျှ ငယ်စေလိုကြပေသည်။ ငယ်ရွယ်သော မိန်းမနှင့် အိမ်ထောင်ဖက်ရခြင်းသည်ပင်လျှင် ကံကောင်းခြင်းဖြစ်သည်ဟု ယူဆတတ်လေသည်။ ဤအယူအဆမှ အလေးအနက် တွေးသည်ဖြစ်စေ၊ မတွေးသည်ဖြစ်စေ၊ ကာမဂုဏ်ကိစ္စနှင့် ဆက်စပ်ယူဆခြင်းသာလျှင် ဖြစ်လေသည်။

အမှန်အားဖြင့် မိန်းကလေးသည် ပျိုမျစ်ခြင်းရှိပါက သဘာဝဓာတ်များ ပြည့်ရွှန်းစိုပြေသည်ကား မှန်ပေသည်။ သို့ရာတွင် ၁၂–နှစ်၊ ၁၃–နှစ် အရွယ်၊ ငယ်ရွယ်သူတို့၌ သဘာဝဓာတ် ပြည့်စုံခြင်း မရှိတတ်ပေ။

သဘာဓာတ်များ ပြည့်စုံနေသောအရွယ်မှာ ၁၆–နှစ်မှ ၂၄–နှစ်အထိ ဖြစ်ပေရာ၊ အသက် ၂၄–နှစ်အတွင်း မည်သည့်အရွယ်တွင်ဖြစ်စေ၊ ကျန်းမာမှုနှင့် ပြည့်စုံပါက စိုပြေခြင်းနှင့်လည်း ပြည့်စုံသည်သာ ဖြစ်လေသည်။ အသက် ၂၄–နှစ် နောက်ပိုင်းတွင်လည်း ကျန်းမာပြည့်ဖြိုးပါက သဘာဓာတ်များ စိုပြေနုပျိုသည်သာ ဖြစ်ပေသည်။

သို့ဖြစ်ရာ မည်သည့်အသက်အရွယ်မှ စိုပြေသည်ဟူ၍လည်းကောင်း၊ ၁၆–နှစ်အောက်မှသာ နုပျိုသည်ဟူ၍လည်းကောင်း၊ ယူဆခြင်းမှာ မမှန်ကန်ပေ။ အသက်အရွယ်ငယ်သော မိန်းကလေးများသည် အသားအရေနုမျစ်သည်မှာ သဘာဝပင် ဖြစ်ပေသည်။

ယောကျ်ားကလေးများလည်း ထိုအတူပင် ဖြစ်ပေသည်။ ငယ်ရွယ်သူ၏ အသားအရေသည် နုညံ့နူးညံ့မြဲ ဖြစ်ပေသည်။ သို့ရာတွင် ထိုနုထွေးမှုခြင်းသာ ကာမဂုဏ်ကိစ္စတွင် ထူးခြားစေသည် မဟုတ်ပေ၊ ကာမဂုဏ်

www.burmeseclassic.com

www.burmeseclassic.com

ကိစ္စတွင် ထူးခြားစေသည်မှာ နှုတ်စွဲမှုထက်၊ ပြည့်ဖြိုးမှုနှင့် သဘာဝဓာတ်နှင့် အသိ၏ တုံ့ပြန်နိုင်စွမ်းခြင်းတို့ အပေါ်တွင်သာ တည်လေသည်။ ထို့ကြောင့် နှုမျစ်လွန်းသည်နှင့်ပင် ကာမဂုဏ်ထူးခြားစေမည်ဟု ယူဆနေသော အယူအဆမှာ လက်တွေ့မကျသော အစဉ်အလာ အတွေးအထင်မျှသာ ဖြစ်ပေသည်။

ထိုနည်းအတူပင် အသက်ကြီးရင့်သော မိန်းမတစ်ယောက်သည်လည်း ကာမဂုဏ်ဖြည့်စွမ်းမှု ယုတ်လျော့သည်ဟူ၍ တစ်ထစ်ချ မဆိုနိုင်ပေ။ အရွယ်လွန်ခြင်း မရှိပါက တက်ကြွခြင်း၊ ပြည့်ဖြိုးခြင်း ရှိသည်သာ ဖြစ်လေသည်။ ကျန်းမာမှုနှင့် စိုပြေအောင် နေထိုင်,တတ်သူများတွင် ကိုယ်ကာယရော၊ ကာမဂုဏ်စိတ်ပါ ညှိုးလျော့ခြင်း မရှိတတ်ပေ။

ထိုမှတစ်ပါး ငယ်ရွယ်သည်ပင်ဖြစ်စေကာမူ ရောဂါဝေဒနာစွဲကပ်ခြင်း၊ ဓမ္မတာမမှန်ခြင်း၊ အာဟာရ မပြည့်ဖြိုးခြင်း၊ စိတ်ချမ်းသာမှုမရှိခြင်း စသည်ဖြင့် ကျန်းမာမှုနှင့် စိုပြေမှု မပြည့်ဝသူများ ရှိပေသေးသည်။

ထိုသူများသည် ကာမဂုဏ်စိတ်ကိုပင် ခန်းခြောက်စေနိုင်ပေသည်။ မှည့်ရော်သောအသီးသည် အရသာပျက်ယွင်းသကဲ့သို့ နုလွန်းသော အသီးသည်လည်း အရသာပြည့်ဝစေမည် မဟုတ်သည်ကို သတိပြုနိုင်ပေသည်။

အချို့သော သက်ကြီးရွယ်အိုများသည် တစ်ခုလပ်, မုဆိုးဖို စသည် အိမ်ထောင်လက်မဲ့လည်း ဖြစ်၍ ဥစ္စာပစ္စည်း အသင့်အတင့်လည်း ရှိသည်ဖြစ်ပါက အိမ်ထောင်ပြုရန် စိတ်သန်လာကြလေသည်။ ထိုအခါ လူပြောသူပြော အသိအရ မိမိတို့ အသက်ရှည်ဆေးအနေဖြင့် ငယ်ရွယ်သူများကို မှန်းထားမိကြလေသည်။

ဤကိစ္စများတွင် အချက်သိသော အောင်သွယ်များကလည်း မိမိတို့ တန်ဆိုးလက်ဆောင်ရရှိရေးအတွက် အားပေးအားမြှောက် စကားများသွင်းကာ ဆန္ဒကို မြှောက်ပင့်ဆားတီး၍ပေးရုံမက ငွေကြေးဆင်းရဲ၍ စောင့်ရှောက်ကြည့်ရှုမည့်သူ ကင်းမဲ့သော ငယ်ရွယ်သူ မိန်းကလေးများအား ရှာဖွေကာ တစ်ဖက်မှ မိန်းကလေးအတွက် မျှော်လင့်ချက်အလားအလာကိုပြ၍ စိတ်ယိုင်အောင် ချော့မြှူပေးကမ်းနားချကာ ဖူးစာရေးနတ် လုပ်ပေးတတ်ကြပေသည်။





အိုမင် သူများ အဖို့ မြက်နု, စားရ၍ပင်လော၊ စိတ်ဆောင်၍ပင်လော မသိ၊ အစ, ပထမတွင် ကျန်းမာပျိုမျှင်လာသည် မှန်သော်လည်း နောက်ပိုင်းတွင် ပြဿနာများ ပေါ်လာရလေသည်။ ကာမဂုဏ်မှုကို လိုသည်ထက်ပို၍ လိုက်စားမိခြင်း၊ ငယ်ရွယ်သူ၏ အလိုကိုလိုက်ရလွန်းခြင်းတို့သာမက ငယ်ရွယ်သူဇနီးသည်အတွက် စိတ်မချဖွယ်၊ ဝန်တိုဖွယ် ကိစ္စများနှင့် စိတ်သွားတိုင်း ကိုယ်မပါသော ဒုက္ခများဝင်၍လာကာ အသက်တမ်းအတိုင်းပင် မနေရတော့ဘဲ ဘဝကို စောစွာကျောခိုင်းခြင်း၊ သို့မဟုတ် အိမ်ထောင်မှုကို လက်မြှောက်လိုက်ခြင်းတို့ဖြင့် နိဂုံးချုပ်ရတတ်ပေသည်။

အိမ်ထောင်မှုတွင် အချစ်နှင့်ဆန္ဒကို အခြေခံမတည်ဘဲ၊ ငွေကြေး, ဂုဏ်, ပကာသန မျှော်လင့်ချက်ဖြင့် ဆက်ဆံသော အိမ်ထောင်မှုတွင် တစ်ဖက်သားအတွက် အစစ်အမှန် စေတနာရှိနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် အသက်အရွယ်ခြားလွန်းသော အိမ်ထောင်မှုများ၌လည်း ငယ်ရွယ်သူက လူကိုမက်မည် မဟုတ်ဘဲ ဥစ္စာစည်းစိမ်ကိုသာပင် မက်မည်ဖြစ်ရာ မိမိ၏ သက်ကြီးအိမ်ထောင်ရှင် မြန်မြန်သေသွားခြင်းသည်သာ သူ့အဖို့ ဘဝသစ်နှင့် ဘဝ အလားအလာများ ပြည့်ဝစေမည်ဖြစ်သဖြင့် အသက်ရှည်အောင် အထူးတလည် ပြုစုလိမ့်မည်ကား မဟုတ်ပေ။ ပြုစုနိုင်သူ, စေတနာရှင်များ ရှိလျှင်လည်း နည်းပါးပေလိမ့်မည်။

ယောက်ျားသည် မိန်းမထက် အသက်များစွာ ကြီးခြင်းသည် လူမှုဆက်ဆံရေးတွင် ဣန္ဒြေမရှိ၊ မတည်ကြည်သည်သာမက၊ ဆေးပေးမီးယူ၊ ထူဖော်ထောင်ဖော် စသည်ဖြင့် မည်သို့အကြောင်းပြသည်ဖြစ်စေ၊ နွားအိုမြက်နုကြိုက်သည်ဟူ၍ ကာမဂုဏ်ဆန္ဒကိုသာ အထင်သေးကဲ့ရဲ့၍ လှော်လည်သူအဖြစ် အသိအမှတ်ပြုမည် ဖြစ်ပေသည်။

အသက်ကြီးသူတိုင်းသည် အခွင့်အရေးရပါက မိမိတို့လည်း တစ်ပွဲတစ်လမ်း စမ်းလိုကြမည်ပင် ဖြစ်စေကာမူ သူတစ်ပါးအပေါ်တွင် ကဲ့ရဲ့အပြစ်ဆိုရလျှင် ရက်ရက်ရောရောပင် အပြစ်ဆိုတတ်ကြပေသည်။

ထိုမျှသာမက ယောက်ျား, မိန်းမတို့သည် အသက် ၄၀ ကျော်လာလျှင် သဘာဝအတိုင်း ကာမဂုဏ်ရမက် နည်းလျော့လာ၍ အသက် ၅၀–ကျော်လျှင် စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်လာတတ်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါး၊ ကစားခုန်စားနှင့် စိတ်ဓာတ်၊ ပတ်ဝန်းကျင်အားဖြင့် သာယာနေပျော်အောင် နေနိုင်ကြသူများသည်သာလျှင် ချွင်းချက်ဖြစ်၍ ဘဝချုံချာသူ၊ ကြောင့်ကြသောကများရသူ၊ အာဟာရမပြည့်ဝသူတို့မှာ ထိုထက် စောစွာပင်လျှင် အခြေယိုင်ကြပေသည်။ ကာမဂုဏ်နှင့် ပတ်သက်သော ခွန်အားမှာ အသက်အရွယ်နှင့် ခန္ဓာကိုယ်, စွမ်းအင်ကို လွန်ဆန်နိုင်မြဲ မဟုတ်ပေ။

ထို့ကြောင့် အသက် ၄၀–ကျော်သော ယောကျ်ားတစ်ယောက်သည် ၁၀–ကျော်သက်အရွယ် မိန်းကလေးတစ်ယောက်ကို အိမ်ထောင်ပြုပါက ပစ်အနည်းငယ်အတွင်း အဆင်ပြေနိုင်သော်လည်း မိန်းမဖြစ်သူက သွေးသားဆူဖြိုး၍ ဆန္ဒရမက်ထက်သန်ဆဲ အရွယ်ကောင်းတွင် ယောကျ်ားဖြစ်သူမှာ မိန်းမ၏ ဆန္ဒပြည့်ဝအောင် ဖြည့်စွမ်းနိုင်စွမ်း မရှိတော့ဘဲ ရှိနေမည်ဖြစ်ရာ ထိုအခါမျိုးတွင် နှစ်ဦးလုံး စိတ်ဆင်းရဲရ၍ အရွယ်ကောင်းဆဲ မိန်းမအဖို့လည်း မကျေမချမ်းနှင့် ရှိနေရပေသည်။

ထိုအခါ မိန်းမသည် ချုပ်တည်းခြိုးခြံခြင်း မပြုနိုင်ပါက ထွက်ပေါက်ရှာခြင်း၊ ဖောက်ပြန်ခြင်း ပြုမိတတ်ပေသည်။

ဤသို့သော ဖောက်ပြန်မှုကို မစာမနာ အပြစ်ဆို၍လည်း သင့်မည် မဟုတ်ပေ။ ထိုအခါ၌ ယောကျ်ားသည် စာနာခွင့်လွှတ်ခြင်း ရှိစေကာမူလည်း လူကြား၍ မကောင်းနိုင်ပေ။ မသိကွယ်ရာတွင် ဖောက်ပြန်၍ အခြေပျက်သည့် အတွက် စိတ်မချမ်းသာဖြစ်ရလျှင်လည်း မကောင်းပေ။

ထို့ကြောင့် အသက်မတူမျှလွန်းသော အိမ်ထောင်ရေးတွင် ကြီးသူ အတွက် မထောင်းတာသော်လည်း ငယ်သူအတွက် ဘဝအခြေပျက်စေလေသည်။ သားငယ်, သမီးငယ်များနှင့် အိမ်ထောင်မှုတွင် တာဝန်များပြားခိုက် သက်ကြီးလင်သားတို့က အိမ်မှုကိစ္စတွင် အကူအညီ, အပြည့်အဝ မပေးနိုင် လျှင်လည်း မကောင်းပေ။

ထိုထက်ဆိုးသည်မှာ အရွယ်မရောက်သေးသော သား,သမီးများနှင့် ငယ်ရွယ်သော ဇနီးအား၊ သက်ကြီးလင်သားက လိုအပ်သလို ထောက်ပံ့ လုပ်ကျွေးနိုင်ခြင်း မရှိခြင်းနှင့် မျက်နှာလွှဲသွားခြင်းပင် ဖြစ်လေသည်။





အသက်အရွယ် ကွာခြားလွန်းခြင်းသည် လူမှုရေးအနေနှင့် အိမ်ထောင်ကို အဆင်မပြေစေနိုင်ပေ။

အိမ်ထောင်တွင် မိန်းမက အသက်ကြီးလွန်းပြန်လျှင်လည်း ထိုအတိုင်း ပင် အဆင်မပြေ ဖြစ်ရတတ်ပေသည်။ ငယ်ရွယ်သော ယောကျ်ားများမှာ မိန်းမထက်ပင် ဖောက်ပြန်လွယ်ပေသည်။ ဖောက်ပြန်ရန် အခွင့်အရေးလည်း များလေသည်။ တကယ်ပင် မဖောက်ပြန်စေကာမူ သက်ကြီးဇနီးတို့၌ စိတ်မောရ၊ မသင်္ကာရခြင်း၊ ထိန်းအုပ်ရခြင်း၊ မိမိကိုယ်ကို သ,ရခြင်း၊ လိုက်လျောရခြင်း စသည်တို့နှင့် စိတ်မချမ်းမြေ့ဖွယ် အချိန်သာများလေမည်။

ထို့ကြောင့် လင်နှင့်မယားသည် အသက်အရွယ်တူ၊ သို့မဟုတ် အသက် ၄–၅နှစ်ကွာ ဖြစ်စေသင့်ပေသည်။ အသက်ကွာခြားလွန်းလျှင် ယောကျ်ားကသာ မိန်းမထက်ကြီးစေသင့်၍ ၁၅–နှစ်ထက်ပို၍ ကြီးရင့်ရန် လည်း မသင့်ပေ။

လင်နှင့်မယားတို့သည် အသက်အရွယ် မတိမ်းမယိမ်းရှိပါက တစ်ဦး က တစ်ဦးကို နွဲ့ခြင်း၊ မီခြင်း၊ အခွင့်အရေးယူလွန်းခြင်း ကင်းရှင်းပေမည်။ ထို့ပြင် နှစ်ဦးလုံး ကိုယ်အားစိတ်အား ထက်သန်မှုချင်း တူညီစွာဘဝကို ပေါင်းပေါင်တန်း လက်တွဲတုထောင်နိုင်ကြပေမည်။ ကာမဂုဏ်မှုတွင်လည်း အရွယ်တူညီပေမည်။ တစ်ဦးဦးက လွန်ကဲခြင်း၊ နိမ့်ဟာခြင်းအားဖြင့် ချိန်သားမညီမမျှ ရှိနေခြင်းသည် မလိုလားအပ်ပေ။

အိမ်ထောင်ရှင်ဖြစ်လာလျှင် အသက်အရွယ် ခြားနားစေကာမူလည်း ဆိုအချက်ကို မေ့ဖျောက်ထားရပေမည်။ လင်သည် လင်၏ နေရာကို ရဲရဲ တင်းတင်းယူ၍ မယားကလည်း မယားအနေဖြင့် ရဲရဲတင်းတင်း သဘော ထားရပေမည်။ အသက်ကွာခြားချက်ကြောင့် နေရာယူခြင်း၊ လိုက်လျောရ လွန်းခြင်း၊ အရိပ်အကဲ ကြည့်ရလွန်းခြင်း မရှိစေသင့်ပေ။

မိမိကိုယ်ကို တရားဝင် အိမ်ထောင်ဖက်အနေဖြင့် မိမိသမရိုးကျ ပြုမူဆောင်ရွက်မှုအတိုင်းပင် ဆက်ဆံရပေမည်။ တစ်စုံတစ်ခု ပြောဆိုတော့မည် ပြုပြီးမှ အသက်, ကွာခြားမှုကိုပြန်၍ စဉ်းစားကာ ဆုတ်ဆိုင်းခြင်း, ဆုံးဖြတ်ခြင်း မပြုအပ်ပေ။ ပြုမူသမျှ နေရာတကာတွင် အသက်ကွာခြား

www.burmeseclassic.com

www.burmeseclassic.com



မှုက အရိပ်ပမာ ဖမ်းစားနေသကဲ့သို့ အဆိုင်းအတွဲ ပြမနေစေအပ်ပေ။ လင်ကို လင်ကဲ့သို့ပင် သဘောထား၍ မယားကို မယားကဲ့သို့ သဘောထားရပေမည်။

အထူးသဖြင့် မူလက အသက်အရွယ်ကို မခန့်မှန်းမိ၍ များစွာ မကွာခြားဟု ထင်မှတ်ကာ အိမ်ထောင်ပြုပြီးနောက်မှ အသက်အမှန်ကို သိလာရ၍ မည်မျှကြီးသည်၊ ငယ်သည်၊ ကွာသည်ကို တွေ့ရှိလာရသော်လည်း အရေးထားစရာ၊ ချောက်ချားစရာ၊ ထည့်သွင်းစဉ်းစားစရာ မလိုပေ။

အချို့မိန်းမ, ယောကျ်ားများမှာ ပကတိအသက်ထက် အရွယ်တင်နုပျို၍ အချို့မှာ ပကတိအသက်ထက် ပို၍ ထွားကျိုင်းဖွံ့ဖြိုးခြင်း၊ အိုမင်းခြင်းတို့ကို တွေ့ရှိရတတ်ပေသည်။ လင်နှင့်မယား ဆက်ဆံမှုသည် အသက်ချင်း ဆက်ဆံခြင်းမဟုတ်ဘဲ၊ လူချင်းသာ ဆက်ဆံခြင်းဖြစ်ကြောင်းကို သဘောပေါက်ရပေမည်။

❤



# အိမ်ထောင်ဘက် ရွေးချယ်ခြင်း

အိမ်ထောင်ပြုမည့် ယောကျ်ား, မိန်းမများအတွက် မိမိတို့ကိုယ်၌ ညီသို့ပြည့်စုံသင့်သည်။ အိမ်ထောင်ကို မည်သို့ သဘောထားရမည်။ အိမ်ထောင်ရေးနှင့် ပတ်သက်၍ မည်သို့နားလည်ရမည်စသည်တို့ကို အတော်အတန် ဖော်ပြခဲ့ပြီးဖြစ်ရာ၊ မိမိအိမ်ထောင်ဘက်ကို ရွေးရာ၌ မည်သို့သော အရည်အချင်းများနှင့် ပြည့်စုံအောင် အရေးထား၍ ရွေးချယ်သင့်သည်ကိုလည်း လိုရင်းချုပ်၍ ဖော်ပြရန် လိုပေသည်။

အိမ်ထောင်ပြုသူများသည် မိမိတို့အတွက် အိမ်ထောင်ဘက်ကို အဆင်သင့်သလိုသာ ရွေးချယ်နေကြသည်ကို တွေ့ရှိရပေသည်။ အချို့ ယောကျ်ားကလေး၊ မိန်းကလေးတို့က သဘာဝလှုပ်ရှားသော စိတ်ဆန္ဒအရ၊ တစ်ဦးကိုတစ်ဦး မျက်နှာတန်းမိရာမှ ချစ်ကြိုက်ကြပြီး၊ ထိုချစ်ကြိုက်သူကိုပင် တစ်မိုးအောက်တစ်ယောက်တည်းသော ကြင်ဖော်ကြင်ဘက်အဖြစ် ယူဆကာ လက်ထပ်ပေါင်းသင်းလိုက်တတ်ကြလေသည်။

အချို့မိန်းကလေးများမှာ စိတ်လွန့်လူးချိန်၌ မိမိအား ရဲတင်းစွာ စာပေးဝန့်သူ၊ သို့မဟုတ် ချစ်ရေးဆိုလာသူကိုပင် အရူးအမူးချစ်မြတ်နိုးကာ ယောကျ်ားဆိုသူမှာ သူသာပင် ဖြစ်သည်ဟု သဘောထားကာ ထိုသူက အတည်ကြံခြင်းဖြစ်ပါက ထိုသူ၏ ဆွဲဆောင်ရာသို့ လိုက်ပါအိမ်ထောင်ပြုလိုက်တတ်ကြပေသည်။ အချစ်ရူးရူးချိန်၌ ပတ်ဝန်းကျင် ကျဉ်းမြောင်းပါက ကြုံသော ယောကျ်ားတစ်ယောက်ကိုသာပင် အလွယ်တကူ ရွေးတတ်မိ

www.burmeseclassic.com



လေသည်။ ဤအိမ်ထောင်ဘက် ရွေးခြင်းသည် စနစ်ကျန မှန်ကန်လိမ့်မည် ကား မဟုတ်ပေ။

အိမ်ထောင်ဘက်ရွေးရာတွင် လူငယ်လူရွယ်ချင်း တွေ့ဆုံချစ်ကြိုက် လိုက်ကြပြီးနောက် အဆင်ပြေပါက ထိုချစ်သူနှစ်ဦးသည်ပင် အိမ်ထောင် ဘဝအထိ ခရီးဆက်ကြပေရာ––ထိုလူမျိုးအတွက် အိမ်ထောင်ရွေးချယ်မှု အစမှာ ရည်းစားရွေးချယ်မှုကပင် စတင်ရမည် ဖြစ်ပေသည်။

အမှန်စင်စစ် ရည်းစားထားခြင်းသည် အိမ်ထောင်ရေးအတွက် ကြိုတင်မှန်းထား ရွေးချယ်ခြင်းပင် ဖြစ်ရပေမည်။ သို့ရာတွင် များစွာသော ငယ်ရွယ်သူများမှာ အိမ်ထောင်ရေးအသိလည်း မရှိ၊ ရည်ရွယ်ချက်လည်း ပုံမမှန်သေးသောကြောင့် ရည်းစားထားခြင်းသည် အိမ်ထောင်ရေးနှင့် မဆက်စပ်ဘဲ ရှိနေလေသည်။

စိတ်လွင့်သော အခိုက်အတန့်၌ စိတ်၏ ပျော်မွေ့မှုပြည့်ဝရုံမျှသာ သဘောထားတတ်ကြ၍ မျက်စိထဲတွင် အချိုးကျသော၊ အဆက်အဆံပြေ သော ယောကျ်ားကလေးတစ်ယောက် ဖြစ်လျှင်ပင် ရည်းစားအဖြစ် ရွေးလိုက်၊ လက်ခံလိုက်တတ်ကြပေသည်။ ယောကျ်ားကလေးများကလည်း လှပ၍ အနေအပြောအဆို သာယာသော မိန်းကလေးတစ်ယောက်ဖြစ်ပါက လွယ်လွယ်ကူကူပင် ကြိုက်လိုက်တတ်ပေသည်။ ထိုမျှသာမက ယောကျ်ား ကလေးအား စိတ်ညွှတ်သော အမူအယာပြလာသည့် အညာလွယ်ဟန်ထင်ရ သည့် မိန်းကလေးတစ်ယောက်ဖြစ်လျှင်ပင် ကြိုက်ပစ်လိုက်တတ်ကြ လေသည်။

ဤသို့အားဖြင့် မိန်းကလေး,ယောကျ်ားကလေးတို့သည် တစ်သက် တာ ပေါင်းသင်းယှဉ်တွဲရမည့် အိမ်ထောင်ဘက်ကို တစ်ခဏတာ မျက်စေ့ကျ ရုံ၊ စိတ်ညွှတ်ရုံနှင့် ရည်းစားဘက်ရွေးကာ ချစ်လက်စ,နှင့် အတူပေါင်းရအောင် ပင် ကြံလိုက်တတ်ကြလေသည်။ စိတ်ညွှတ်နေခိုက်၊ ချစ်နေခိုက်တွင်ကား– မည်သည့်ပြဿနာမှမပေါ်ပေ။ အားလုံးပင်ကောင်း၍ နေတတ်ပေသည်။ တစ်ဦးဦးက အကြောင်းအမျိုးမျိုးကြောင့် ဖောက်ပြန်ခြင်း၊ လွဲပယ်ခြင်း မရှိပါက အိမ်ထောင်ရေးခရီးသို့ပင် ဆက်ကြလေသည်။



သို့ရာတွင် သမီးရည်းစားဘဝမှ ရင့်ကျက်လာသော အိမ်ထောင်တိုင်း သည် ခိုင်မာသော အိမ်ထောင်ဖြစ်လာသည် မဟုတ်ပေ။ သမီးရည်းစားဘဝက မမြင်ရ မနေနိုင် အသည်းစွဲသော အချစ်သည် လင်မယားဘဝတွင် ပုံဟောင်းအတိုင်း ဆက်လက်တည်ချင်မှ တည်ပေသည်။ ကံအားလျော်စွာ တစ်သက်တာ အတူတွဲမိကြသည်လည်း ရှိပေသည်။

ထို့ကြောင့် ရည်းစားဘဝသည် တကယ့်အိမ်ထောင်ရေးဘဝနှင့် အဆက်ပြတ်နေရတတ်ပေသည်။ ဖြစ်သင့်သည်မှာ သမီးရည်းစားဘဝသို့ အရောက်မလွယ်၊ အရောက်မစောသင့်ဘဲ အိမ်ထောင်ရေးရည်မှန်းချက်ဖြင့် စိတ်ကြိုက်ရွေးပြီးမှသာ ရည်းစားထားသင့်ပေသည်။ ထားပြီး၍ ရည်မှန်း ချက်မှ ဖောက်ဖျက်ပြောင်းလဲသွားခြင်း မရှိခဲ့သော် ထိုရည်းစားသည်ပင် မိမိ အိမ်ထောင်ဘက် ဖြစ်သင့်ပေသည်။

ရည်မှန်းသကဲ့သို့ အခြေကိုက်ညီ၍ မလာပါက ပြောင်းလဲတန်လျှင် ပြောင်းလဲရပေလိမ့်မည်။ ထို့ကြောင့် အထူးသဖြင့် မိန်းကလေးများမှာ အိမ်ထောင်ရေးခရီးအတွက် လုံးဝသေချာ စိတ်ချရလောက်သည့် ခိုင်မြဲမှုကို မရမချင်းလွန်ကျူးစွာ ဆက်ဆံမိခြင်းမရှိအောင် သတိရှိရပေမည်။

ရှုံးစရာရှိလျှင် မိမိပင်ရှုံးရပေမည်။ အိမ်ထောင်ရှင်တစ်ယောက်အနေ ဖြင့် မသင့်တော်တော့ကြောင်း သိပါလျက်နှင့် လွန်ကျူးမိ၍ ဆက်ကာ လမ်းရိုးလိုက်ခဲ့မိလျှင် မိမိသာလျှင် နစ်နာရပေလိမ့်မည်။ ထိုမှတစ်ပါး လွန်ကျူးပြီးနောက် လက်ထပ်မည့်အချိန်က ဝေးကွာနေပြန်လျှင်လည်း အကယ်၍ ကိုယ်ဝန်ရှိလာခဲ့သော် အရှက်ကွဲရပေမည်။

အကောင်အထည် ပေါ်လာပြီးမှ တစ်ဖက်က ဖောက်ဖျက်လျှင်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် လက်မထပ်နိုင်သေးလျှင်ဖြစ်စေ၊ သေလွန်သွား လျှင်ဖြစ်စေ၊ အရှက်သာ အဖတ်တင်ရပေလိမ့်မည်။

ထို့ကြောင့်လည်း ရည်းစားဘဝတွင် ကျူးလွန်မှုကို ရှောင်ရှား ည်။ တား,ဆေးများ၊ အကာအကွယ်များကို ယုံကြည်စိတ်ချလွန်းခြင်း လည်း တစ်ခဏပန်း အပျော်မရှာသင့်ပေ။ ချစ်သူက စွဲမြဲအောင် အယုံလွဲမှုမျိုးကြောင့်လည်း လွန်ကျူးမှုကို အခွင့်မရှာသင့်ပေ။ အ ဤသို့ မဖြစ်လေတန်–ဟူသော စိတ်ချမှုမျိုးနှင့်လည်း မိန်း[illegible]များက

www.burmeseclassic.com



ရည်းစားနှင့် လွတ်လပ်စွာ တွေ့ဆုံခွင့်ကို မလိုက်လျောသင့်ပေ။ မိမိတို့ကိုင်တိုင်က အချစ်ကို လက်တွေ့စမ်းရန်လည်း စိတ်မထက်သန်သင့်ပေ။

အိမ်ထောင်ဘက်ရွေးရာတွင် လူငယ်လူရွယ်များ ကိုယ်တိုင် ချစ်ဖက်မရှာဘဲ၊ မိဘများ၏ အစီအမံကို နာခံသော သားသမီးများလည်း ရှိပေသည်။ သို့ရာတွင် အိမ်ထောင်မှုကိစ္စမှာ ကာယကံရှင်တို့၏ တစ်သက်တာကိစ္စပင်ဖြစ်ပေရာ၊ မိမိတို့ဆန္ဒမပါဘဲ မိဘတို့ကိုချည်း ပုံ၍ လွှဲမထားသင့်ပေ။ မိဘပေးစားသူဖြစ်က မမှားနိုင်ဟု ယူဆကာ မျက်စိမှိတ်ရန်လည်း မသင့်ပေ။ သို့မဟုတ် လင်ဆိုသည်မှာ ယောကျ်ားဖြစ်လျှင် ပြီးသည်၊ မယားဆိုသည်မှာ မိန်းမဖြစ်လျှင် ပြီးသည်ဟူ၍ ပေါ့ပေါ့ဆဆလည်း သဘောမထားအပ်ပေ။ မိဘတို့သည် သားသမီးတို့အပေါ်တွင် စေတနာထားသူများသာ ဖြစ်ပေသည်။

အချို့မိဘများသည် ငွေကြေးအခက်အခဲ မရှောင်သာသော ကိစ္စများကြောင့် သားသမီးတို့၏ အရေးကို လျစ်လျူရှုရသည့်အခါမျိုး ချွင်းချက်ရှိကောင်း ရှိပေမည်။ မိဘဟူက သားသမီးတို့ အိမ်ထောင်ရေးသာယာ၍ စိတ်ချမ်းမြေ့စွာ အသက်ထက်ဆုံး ပေါင်းသင်းရသည်ကိုသာ မြင်လိုကြပေမည်။

သို့ရာတွင် မိဘတို့နှင့် သားသမီးတို့၏ အမြင်နှင့် ဆန္ဒချင်း တူညီချင်မှ တူညီပေလိမ့်မည်။ မိဘသည် ကာယကံရှင် မဟုတ်သဖြင့် အချစ်ရေး၊ ဆန္ဒရေးထက် စီးပွားဥစ္စာ၊ ဂုဏ်ဒြပ်ကို ပိုမိုဦးစားပေးကောင်း ပေးပေမည်။ မိဘမြင်သော အမြင်သည် သားသမီး မြင်၊သိသည်နှင့် တူကောင်းမှ တူပေမည်။

ထို့ကြောင့် မိမိတို့အရေးအရာတွင် မိဘတို့ ရွေးသမျှကိုသာ ခေါင်းငြိမ့်မနေဘဲ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရပေမည်။ အများအားဖြင့် သားသမီးတို့မှာ မိဘဩဝါဒကို နာခံရသည်တစ်ကြောင်း၊ အိမ်ထောင်ရေးကို ရှက်၍နေတတ်သဖြင့် တစ်ကြောင်း၊ မိဘစီမံသမျှကို နာခံရသည်သာများပေရာ မိဘတို့သည် ကိုယ်ချင်းစာတရားထားရပေလိမ့်မည်။

မိမိတို့က မိဘဖြစ်၍ မိမိတို့ကသာ စီမံမည်။ သားသမီးတို့က မိမိတို့စီမံသမျှကို လိုက်နာရမည်–ဟူသော စိတ်မျိုးမထားရပေ။ အကောင်း





ဆုံးမှာ သားသမီးလည်း စိတ်တိုင်းကျ၊ မိဘလည်း စိတ်တိုင်းကျခြင်းပင် ဖြစ်လေသည်။

အချို့သော မိဘများမှာ မေတ္တာရေးရာကို ပေါ့ဆစွာ သဘောထား၍ လူငယ်များ နှစ်သက်နေပါလျက်၊ ငြင်းဆန်ဖွယ်လည်း မရှိပါဘဲလျက် မိမိတို့ ကတိလွန်ခြင်း၊ မိဘချင်း ရင်းနှီးခြင်း၊ မိမိတို့အမြင်မတည့်ခြင်း သည်တို့ကြောင့် နဖူးစာကို အလွယ်တကူ ပြင်ရေးမိတတ်လေသည်။ မည်သို့ပင်ဖြစ်စေ၊ အိမ်ထောင်ဘက်ရွေးချယ်ရေးမှာ လူမှုအခွင့်အရေးအရ သားသမီးတို့ အခွင့်အရေးသာလျှင် ဖြစ်ရပေမည်။ မိဘတို့က ဆောင်ရွက်ရမည်မှာ သားသမီးများက မှန်ကန်သောဖူးစာဘက် ရွေးချယ်မိလေအောင်–

၁။ မှန်ကန်သော အသိအလိမ္မာ၊

၂။ ရဲရင့်ပြတ်သားသော အယူအဆ၊

၃။ ပတ်ဝန်းကျင်ကောင်း။

ရရှိအောင် စီမံဆောင်ရွက်ပေးရပေမည်။ ဤမျှနှင့်ပင် မိဘဝတ္တရား ကျေပွန်နိုင်ပြီ ဖြစ်ပေသည်။

လူငယ်များသည် ရည်းစားအနေဖြင့် ဖြစ်စေ၊ လက်ထပ်တော့မည့် အိမ်ထောင်ဘက်အဖြစ်ဖြင့်ဖြစ်စေ၊ ရွေးချယ်ရာတွင် အိမ်ထောင်ဘက်၏ အခြေအနေ၊ အရည်အချင်း၊ အရပ်ရပ်နှင့်ဆက်ဆံမှုအခြေအနေကို ကောင်းစွာ စဉ်းစားရွေးချယ်ရပေလိမ့်မည်။ မိမိရွေးချယ်မည့် အိမ်ထောင်ဘက်သည် မိမိမှန်းထားသော အရည်အချင်းနှင့် ပြည့်စုံရပေလိမ့်မည်။

မှန်းထားချက်ဟူသည်မှာ ချစ်မည့်သူတစ်ယောက်ယောက်ကို တွေ့လေမှ ထိုသူ၏ အရည်အချင်းအားလုံးကို နှစ်ခြိုက်သဘောကျခြင်းမျိုး မဖြစ်သင့်ပေ။ မည်သူ့ကိုမျှမတွေ့မီ၊ မရည်မှတ်မီကပင်လျှင် မိမိအိမ်ထောင်ဘက်သည် မည်သည့်အရည်အချင်းမျိုး ရှိစေရမည်ဟူ၍ ရည်မှတ်ထားခြင်း ရှိရပေမည်။ ဤသို့ သတ်မှတ်ရာတွင် မိမိကိုယ်တိုင်ကလည်း ထိုအရည်အချင်းရှင်နှင့် ထိုက်သင့်အောင် ကြိုးစားရန် လိုပေသည်။

မိမိသည် ရုပ်ရည်၊ ပညာ၊ ဥစ္စာ စသည် တစ်ခုတစ်လေမျှ ...တ်ဟုတ်ငြားငြား မက်လောက်စရာ မရှိပါဘဲလျက် မိမိ၏ အိမ်ထောင်...က်သည် မည်မျှ ပညာထက်မြက်ရမည်၊ မည်မျှ ဥစ္စာကြွယ်ဝရမည်၊

www.burmeseclassic.com



ဟူ၍ တစ်ဖက်သတ်လည်း စိတ်ကူးမြင့်နေ၍ မသင့်ပေ။ အိမ်ထောင်ဘက် ရွေးရာတွင် ထိထိုးသကဲ့သို့ တစ်ဖက်မှ အရည်အချင်းနှင့် အမြတ်ကိုသာ စိတ်ကူးယဉ် မျှော်မှန်းနေ၍ မဖြစ်ပေ။

တစ်ဖက်သားကလည်း မိမိအပေါ်တွင် ဘာအရည်အချင်းမှ မရှိဘဲ၊ ပြန်လည်ရည်မှန်းလိမ့်မည် မဟုတ်ပေ။ ထို့ပြင်မက အရည်အချင်းရှိသော သူတို့မည်သည် အရည်အချင်းရှိသော တစ်ဖက်သားကိုသာ ရှာဖွေမည် ဖြစ်ပေရာ--မိမိက ရည်မှန်းသူအတွက်လည်း မိမိသည် အိမ်ထောင်ဘက် ကောင်းတစ်ယောက်ဖြစ်အောင် ဖြည့်ဆောင်ရပေမည်။

အများအားဖြင့် ယောကျ်ားကလေးများသည် မိန်းကလေးများ အပေါ်တွင် အလှအပတစ်ခုတည်းကိုသာ မက်မောတတ်ကြလေသည်။ ကိုယ်လုံးကိုယ်ပေါက်လှပသော မိန်းကလေးဆိုလျှင် မက်မောမိလွယ်လေသည်။ အထူးသဖြင့် နှုတ်သွက်၍ ကြော့မော့ပါသော မိန်းကလေးများကိုဆိုလျှင် စိတ်ယိုင်ညွတ်မိတတ်လေသည်။ စိတ်ထဲတွင် စွဲစွဲလမ်းလမ်းရှိတတ်ပေသည်။

တကယ်လေးနက်စွာ ချစ်မိ၍ မဟုတ်စေကာမူ အညာလွယ်မည်ဟု သိလျက် ယိုင်မိတတ်လေသည်။ မိန်းကလေး၏ ရဲတင်းသွက်လက်မှုကြောင့် မြတ်နိုးမိခြင်းလည်း ဖြစ်နိုင်ပေသည်။ ဆွဲဆောင်ချက်၏ ပြင်းထန်မှုကို မရှန်းရှောင်နိုင်၍လည်း ဖြစ်တတ်လေသည်။ ထိုသို့ ရုပ်ဆင်းနှင့် ကိုယ်လုံးကိုယ်ပေါက်ကို အလေးထား၍ ရွေးချယ်ရာတွင် ကာမဂုဏ်စိတ်ကူး ရည်မှန်းချက်များနှင့် မကင်းတတ်သည်သာ များပေသည်။

ယောကျ်ားကလေးများသာမက မိန်းကလေးများတွင်လည်း ကာမဂုဏ်စိတ်ကို အရင်းခံသော ချစ်ကြိုက်မှု၊ ရွေးချယ်မှုများ ရှိလေသည်။ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်း၍ အရုပ်အမောင်းကောင်းသူများ၊ ရင်အုပ်ကျယ်သူများ၊ ဟန်အမူအယာကောင်း၍ အဝတ်အစား ဝင်ကြွားသူများကို တပ်မက်မိတတ်ကြပေသည်။

အပျိုသင်စ ၁၃-နှစ်အရွယ်မှ ၁၆-နှစ်အရွယ်အတွင်း စိတ်လှုပ်ရှားမြူး နေစဉ်အချိန်မျိုးဆိုလျှင် ရင်းရင်းနှီးနှီး ဆက်ဆံခွင့်ရသော ဖိုသတ္တဝါများ၊ လက်ရဲဇက်ရဲရှိသော ဖိုသတ္တဝါများကို မဆင်မခြင်ဘဲ တပ်မက်မိလွယ်တတ်ကြပေသည်။ စဉ်းစားချင့်ချိန်လာတတ်၍ လွင့်မြူးစိတ် အနည်ထိုင်လာကြ





သော ၁၆-နှစ်အထက် မိန်းကလေးများနှင့် အိမ်ထောင်ပြုရန် စိတ်ထက် သန်လာတတ်သော အသက် ၂၀-ကျော်မိန်းကလေးများပင်လျှင် အိမ်ထောင်ဘက်ကိုရွေးရာတွင် ကာမဂုဏ်စိတ်နှင့် ရည်ရွယ်မှန်းထားခြင်း မလွတ်တတ်ဘဲ ရှိလေသည်။

ထိုသို့ယောကျ်ားကလေး၊ မိန်းကလေးတို့သည် အခြားအရည်အချင်းကို အလေးမထားဘဲ၊ ကာမဂုဏ်စိတ်ဆန္ဒ အလိုတစ်ခုတည်းဘက်သို့သာ အလေးပေးရွေးချယ်သောအခါ အိမ်ထောင်ဘက် အစစ်အမှန်ကို ရရှိရန် မလွယ်တတ်ပေ။ ရုပ်ဆင်းအလှ ပြည့်ဝသကဲ့သို့ စိတ်ထားနှင့် ပြည့်ဝခြင်း၊ စာရိတ္တနှင့် ပြည့်ဝခြင်း-စသည်မရှိသောအခါ အိမ်ထောင်တွင် စိတ်ဆင်းရဲရခြင်းများနှင့် ကြုံတွေ့ရတတ်လေသည်။

ယောကျ်ားလေးတစ်ယောက်သည် ကိုယ်လုံးကိုယ်ပေါက်မှအစ အလွန်ချောမောလှပသော အလှဖူးကလေးတစ်ယောက်နှင့် ချစ်ကြိုက်ပြီးနောက် လက်ထပ်လိုက်လေသည်။ သို့ရာတွင် မိန်းကလေးမှာ အိမ်ထောင်ကျပြီးသည်အထိ အလှဂုဏ်ကြောင့် မက်မောသော ယောကျ်ားမိတ်ဆွေများ ရှိနေပေရာ မိန်းကလေးက အိမ်ထောင်ရှင်ပီပီ ဆက်ဆံရုံသာမက လိုက်လိုက်ရောရောနှင့်ပင် ယောကျ်ားများနှင့် ရဲတင်းစွာပင် သွားလာလိုက်ပါနေတတ်လေသည်။

လင်ယောကျ်ားဖြစ်သူမှာ တားမြစ်၍လည်း မရဘဲ ဝန်တိုနေရုံမှ တစ်ပါး၊ မိန်းကလေးပြုမူသမျှ အလိုလိုက်နေရသည့် အခြေအနေသို့ ရောက်ရလေသည်။ အတန်ကြာသောအခါ မိန်းကလေးမှာ အိမ်သို့ပင် ပြန်မအိပ်သည့်အခြေအနေသို့ ရောက်လေသည်။ အိမ်ထောင်မှုကိစ္စကို ဆောင်ရွက်ဖို့ကား ဝေးပေတော့သည်။ ဤနည်းဖြင့် သည်းမခံနိုင်တော့သည့် အဆုံးတွင် ယောကျ်ားကလေးသည် စိတ်မချမ်းမသာနှင့်ပင် စွန့်လွှတ်ကွာရှင်းလိုက်ရလေသည်။ အိမ်ထောင်ရေးတွင် အလှအပတစ်ခုတည်းဖြင့် ကြာရှည်မခံတတ်သော သဘောကို သိရှိနိုင်လေသည်။

ထိုနည်းတူပင် ရုပ်ရှင်ဇာတ်လိုက် ရုံးသော ယောကျ်ားကလေးတစ်ယောက်ကို ယုံမှားကာ လက်ထပ်လိုက်မိသော မိန်းကလေးတစ်ယောက်မှာလည်း အိမ်ထောင်ကျ၍ နှစ်လ, သုံးလအထိ အဆင်ပြေနေပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



တွင်ကား ထိုယောကျ်ားမှာ ပြည့်တန်ဆာခေါင်းဖြစ်နေ၍ ထိုမိန်းကလေးအား ငွေရှာခိုင်းလေတော့သဖြင့် အချိန်မီ ထွက်ပြေးလွတ်မြောက်ခဲ့ရလေသည်။

ရုပ်ရည်ချောမောလေတိုင်း ဤသို့ ဖောက်ပြန်တတ်သည် မဟုတ်စေကာမူ၊ အိမ်ထောင်ဘက်တစ်ဦး ဖြစ်ထိုက်သော အခြားအရည်အချင်း အရုပ်ရုပ်ကို ထည့်သွင်းစဉ်းစားခြင်း မပြုပါက မလုံလောက်သေးကြောင်းကို သတိချပ်မိရမည် ဖြစ်လေသည်။

လူတိုင်းသည် ရုပ်ရည်ချောမော၍ ကိုယ်အင်္ဂါပြည့်ဖြိုးသူများကိုသာ ချစ်မြတ်နိုးလိုကြမည်ဖြစ်၏။ သို့ရာတွင် အိမ်ထောင်ရေးသည် ထိုရည်ရွယ်ချက်တစ်ခုအတွက်သာ မဟုတ်သည်ကို နားလည်ထားရမည် ဖြစ်လေသည်။

ယောကျ်ားကလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ မိမိအိမ်ထောင်ဘက်သည်-

၁။ မေတ္တာစစ်၊ မေတ္တာမှန်ဖြင့် စွဲစွဲမြဲမြဲ ချစ်သူဟုတ်၊ မဟုတ်၊
၂။ အိမ်ထောင်ရှင်ယောကျ်ား၊ အိမ်ထောင်ရှင်မိန်းမတို့၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်သူ ဟုတ်၊ မဟုတ်၊
၃။ မိမိအပေါ်တွင် မျှတသော စိတ်ထားနှင့် ဆက်ဆံတတ်သူ ဟုတ်၊ မဟုတ်၊
၄။ အကျင့်စာရိတ္တကောင်းသူ ဟုတ်၊ မဟုတ်၊
၅။ ဘဝကို အတည်တကျ ထူထောင်ရန် ရည်ရွယ်ချက် စွဲသန်သူ ဟုတ်၊ မဟုတ်၊
၆။ မိမိလိုအပ်သော အရည်အချင်းနှင့် ပြည့်စုံသူ ဟုတ်၊ မဟုတ်၊

စသည်အားဖြင့် စီစစ်ရန်လိုလေသည်၊ ထိုအချက်တစ်ခုစီသည် အရေးကြီးသော အချက်များပင် ဖြစ်လေသည်။

မိမိကိုယ်တိုင် မေတ္တာမရှိဘဲ လူကြီးမိဘ ပေးစားသောကြောင့် မိမိ ကယူရသူ၊ သို့မဟုတ် မိမိကိုယ် ယူရသူတို့၏ အိမ်ထောင်ရေးတွင် မေတ္တာ အစေးမကပ်သောကြောင့် မလွဲမရှောင်သာဘဲ လင်နှင့်မယားပမာ-တစ်ယောက်ကိုတစ်ယောက် အလိုက်အလျော ပြုစုနေရဆေကာမူ လင်မယား၏ သာယာမှုမျိုးကား ရှိမည် မဟုတ်ပေ။

ဤတွင် လင်နှင့်မယားတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘော တူမျှစွာ သွားလာလည်ပတ် ဆောင်ရွက်လုပ်ကိုင်ကြ၍ တစ်ဦးကိုတစ်ဦး





ကြင်နာယုယကာ အပျော်ကြီး ပျော်ကြရသော အိမ်ထောင်သည်ဘဝ စိတ်ချမ်းမြေ့မှုနှင့် ကာမဂုဏ်ကိစ္စ ပြည့်ဝသာယာမှု တစ်ခုတည်းတို့၏ အတိုင်းအဆ ခြားနားမှုကို သဘောပေါက်ရန် လိုလေသည်။

ဆန္ဒရှိတုန်းရှိခိုက်တွင် သာယာမှုကို အခိုက်အတန့်မျှ ရရှိသော်လည်း အိမ်ထောင်၏ သာယာမှုကို အချိန်တစ်လျှောက်လုံး ချမ်းမြေ့သာယာမှု မရှိပါက ကြာရှည်လာသောအခါ ဘဝ၏ ပြည့်စုံမှု၊ မပြည့်ဝဘဲ ရှိလာသည်ကို ကွဲပြားစွာ သိနားလည်လာတတ်လေသည်။ ကာမဂုဏ်စိတ် ထူပြော၍ အလွန်အကျူးပျော်ပါးတတ်သော ယောကျ်ားမိန်းမတို့ပင်လျှင် တစ်နေ့သော အခါ ထိုအမှုကို စက်ဆုတ်လာ၍ အိမ်ထောင်မှုသုခကိုသာ လိုလားတမ်းတ လာတတ်ပေသည်။ အိမ်ထောင်မှုသုခမရှိပါက ဘဝ၏ ချမ်းမြေ့မှုနှင့် ဘဝ၏ တန်ဖိုးရှိမလာသည်ကို ခွဲခြားရိပ်စားမိလာတတ်ပေသည်။

ဤသဘောတရားတွင် အချို့က အပျော်အပါး လိုက်စားလိုသလောက် လိုက်စားခွင့်ရှိနေပါလျှင် အိမ်ထောင်ပြုလိုစိတ် ရှိမည်မဟုတ်၊ သို့မဟုတ် အိမ်ထောင်ပြုရန် မလိုဟူ၍ ယူဆတတ်လေသည်။ သို့ရာတွင် ထိုသို့သော လူများသည် တစ်နေ့တွင် အိမ်ထောင်ပြုရန်ကိုသာ လိုလားလာတတ်၍ အိမ်ထောင်ပြုမိသောအခါမှ အိမ်ထောင်၏ သာယာချမ်းမြေ့မှုသည်သာ လူ့ဘဝတွင် ပိုမိုမက်မောစရာကောင်းကြောင်းကို လက်တွေ့ နားလည်လာတတ်ကြပေသည်။

အိမ်ထောင်ပြုမိသောအခါမှ အိမ်ထောင်မရှိသော ဘဝတွင် မည်မျှ လစ်ဟာနေခဲ့သည်ကို သိရှိနိုင်လေသည်။ အိမ်ထောင်မှု၏ သုခအရသာဟူသည်မှာလည်း ကာမဂုဏ်မှု သာယာခြင်းမျှသာ မဟုတ်သည်ကိုလည်း နားလည်လာကြပေသည်။ ပြည့်တန်ဆာမများအပြင် အပျော်အပါး လိုက်စားနေသူများပင်လျှင် အချိန်တန်လျှင် အိမ်ထောင်ရက်သားနှင့် အတည်တကျ ဖြစ်လာချင်ကြပေသေးသည်။

အလွန် လျှပ်ပေါ်လော်လီသော ယောကျ်ားကလေး၊ မိန်းကလေးတို့သည်ပင် အိမ်ထောင်အတည်တကျနှင့် ဖြစ်လာသောအခါ၊ တည်တည်တံ့တံ့နှင့် ဣန္ဒြေရလာကာ အိမ်ရှင်ကောင်း၊ အိမ်ရှင်မကောင်း ဖြစ်လာကာ အိမ်ထောင်ရှင်၏ အရသာကို ခံစားတတ်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရှင်ဖြစ်လာလျှင် မိမိအိမ်ထောင်တစ်ခုလုံးကို တွေ့ဆုံကြုံလာသော တာဝန်များအား အိမ်ထောင်ဖက်နှစ်ဦးကပင် ခွဲဝေဆောင်ရွက်ကြရပေလိမ့်မည်။ ငွေကြေးတတ်နိုင်၍ အခြွေအရံများရှိကောင်းရှိပေမည်။ ထိုသို့ ရှိစေကာမူ မိမိတို့ ကိုယ်တိုင် ဆောင်ရွက်ရမည့် အကြောင်းကိစ္စများလည်း ရှိပေမည်။

ထို့ကြောင့် အိမ်ထောင်ရှင် ယောကျ်ားသည် ယောကျ်ားတို့နှင့်ဆိုင်သည့် အိမ်ထောင့်တာဝန်များကို တတ်ကျွမ်းနားလည်ရပေလိမ့်မည်။ ငွေကြေးရှာဖွေတတ်သည့် အရည်အချင်းမှာ မုချရှိရမည်ဖြစ်ပြီး ထိုအရည်အချင်းအပြင် ကိစ္စပြဿနာရပ်များတွင် ဦးဆောင်တတ်ခြင်းများ ရှိရန်လည်း လိုပေသည်။

အချို့အိမ်ထောင်တွင် ရပ်ရွာသာရေး, နာရေးကိစ္စတို့တွင် ယောကျ်ားနေရာ၌ ယောကျ်ားက၊ မဆောင်ရွက်တတ်၍ မိန်းမက ဝင်နေရခြင်းများ ရှိတတ်ပေသည်။ သံရိုက်, လွှဖြတ်, အလုပ်မှအစ မိန်းမက ဆောင်ရွက်နေရလျှင် အံကျမည်မဟုတ်ပေ။ ထိုနည်းတူစွာပင် အိမ်ထောင်တစ်ခုတွင် အိမ်ရှင်မိန်းမက ဆောင်ရွက်ရမည့် အချက်အပြုတ်၊ အလျှော်အဖွတ်လုပ်ငန်းများကို မိန်းမ, မခေါက်မအား၍လည်းမဟုတ်၊ မမာမကျန်း၍လည်းမဟုတ်ဘဲ ယောကျ်ားကချည်း အမြဲတစေ လုပ်ကိုင်ပေးနေရခြင်းမျိုး ရှိတတ်ပေသည်။

ထို့ကြောင့် မိန်းမတို့ တတ်အပ်သော ပညာ၊ လုပ်အပ်သော အလုပ်မျိုးကို တတ်မြောက်ရန်လည်း လိုလေသည်။ အိမ်ထောင်ရှင်မတစ်ယောက်သည် အိမ်ထောင်၏ မိန်းမတာဝန်များကို ကျေပွန်စွာ မယူတတ်ဘဲ ရှိခဲ့လျှင် အိမ်ထောင်၏ မိန်းမ၏နေရာမှာ ကျဉ်းမြောင်းသွားမည်သာ ဖြစ်ပေသည်။ အိမ်ရှင်မတိုင်းသည် အိမ်ထောင်တွင် မိမိ၏ နေရာမှန်ကို အရယူတတ်ရပေမည်။ မိန်းမ,မရှိခဲ့သော် အိမ်ထောင်ဟူသော အဓိပ္ပာယ် ပျက်စီးသွားလောက်အောင်ပင် မိန်းမက နေရာယူနိုင်ရပေမည်။ မိန်းမသည် လင်ယောကျ်ားအား ကာမဂုဏ်ဖြည့်စွမ်းလျှင် တာဝန်ကျေပြီဟူ၍ မယူဆအပ်ပေ။

ထိုသို့ ယူဆသော မိန်းမမျိုးကို ယောကျ်ားတို့က တဖြည်းဖြည်း အထင်သေးလာ၍ ပြည့်တန်ဆာကဲ့သို့ သဘောထားလာတတ်ပေသည်။ ယောကျ်ားက ထိုသို့ ထင်မလာအောင်ပင်လျှင် အိမ်ရှင်မတို့က ကြိုးစား



ရပေမည်။ ကာမဂုဏ်ကိစ္စထက် ပို၍ အိမ်ထောင်သာယာအောင် အကျိုးပြုနိုင်သော အိမ်ရှင်မ၏ တန်ဖိုးနှင့် အစွမ်းအစကို လင်ယောကျ်ားက ကောင်းစွာ နားလည်စေရပေမည်။ ထိုသို့ နားလည်စေရန်အတွက် တတ်သင့်သမျှကို တတ်မြောက်ထားရပေမည်၊ ဆောင်ရွက်သင့်သမျှကိုလည်း ဆောင်ရွက်ရပေမည်။

မိန်းကလေးတစ်ယောက်သည် အိမ်ရှင်မတို့၏ တတ်အပ်ရာကို တတ်မြောက်ခဲ့လျှင်သော်လည်းကောင်း၊ မဆောင်ရွက်နိုင်လျှင်သော်လည်းကောင်း၊ လင်ယောကျ်ားကသာမက ယောက္ခမ, မိဘများနှင့် ပတ်ဝန်းကျင်ကပါ အထင်ကြီးလိမ့်မည် မဟုတ်ပေ။

အိမ်ရှင်မ အရည်အချင်း မပြည့်စုံဘဲ အိမ်ထောင်ပြုသူများကို ပတ်ဝန်းကျင်က စကားတင်း ဆိုကြပေလိမ့်မည် ဖြစ်ပေသည်။ ထိုနည်းတူပင် မိမိဝမ်း, မကျောင်းနိုင်၊ အိမ်ထောင်ရှင်နှင့်တူအောင် ပြုမူနေထိုင်တတ်ခြင်း မရှိသော ယောကျ်ားမျိုးကိုလည်း ပတ်ဝန်းကျင်က ကဲ့ရဲ့ကြလိမ့်မည်သာ ဖြစ်ပေသည်။

အိမ်ထောင်ပြုမည့်သူသည် အိမ်ထောင်နှင့် နေချင်ထိုင်ချင်သော စိတ်ထားမျိုး ရှိမှသာလျှင် အိမ်ထောင်ပြုသင့်ပေသည်။ အရွယ်ရောက်လာ၍ ယောကျ်ား, မိန်းမတို့အချင်းချင်း တပ်မက်ချစ်ခင်ကြသည်မှာ သာမန်ကိစ္စဖြစ်၍ လင်နှင့်မယားနှင့် အိမ်ထောင်နှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လိုသော စိတ်၊ အိမ်ထောင်ကို မြတ်နိုးသောစိတ်မျိုးရှိပါက အိမ်ထောင်ပြုရပေမည်။

မိမိရွေးချယ်သော အိမ်ထောင်ဘက်သည်လည်း ထိုသို့သော သဘောမျိုး ရှိပါမှသာ ရွေးချယ်အပ်ပေသည်။ "တူနှစ်ကိုယ် တဲအိုပျက်မှာ" ဟူသော စိတ်ကူးယဉ်သူမျိုးနှင့် အိမ်ထောင်ထူထောက်၍ ရမည်ကား မဟုတ်ပေ။

လူငယ်လူရွယ်များသည် အိမ်ထောင်မပြုမီ၊ အမှန်အကန်ဆုံးအားဖြင့် ချစ်ရေး မစမီကပင်လျှင် မိမိချစ်မည့်သူနှင့် ပတ်သက်၍ စုံစမ်းလေ့လာရန် လိုပေသည်။ "ချစ်ခြင်းအစ မျက်စိက" ဟူ၍ ဆိုကြပေသည်။ မျက်စိဖြင့် မြင်သော ပသာဒအရ, တပ်မက်မှု ဖြစ်ပေါ်သည်ကား မှန်ပေသည်။

သို့ရာတွင် "အိမ်ထောင်ရေးအစ၊ သိနားလည်မှုက" ဟူ၍သာ ဆိုရသည် ဖြစ်လေသည်။ အမြင်၏ အဆုံးအဖြတ်သည် အမြင်မျှနှင့် ခရီးရောက်နိုင်သောကိစ္စ အတိုင်းအတာအတွက်သာလျှင် မှန်ပေသည်။ ဘာကယ် သိနားလည်မှုရှိမှသာ အိမ်ထောင်ရှင်အတွက် တန်ဖိုးရှိလိမ့်မည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏ အရည်အချင်း ၊ အကျင့်စာရိတ္တ၊ အစွမ်း အစနှင့် ဝါသနာ စသည့်တို့ကို ပသာဒမျှနှင့်သာမက၊ တစ်ထိုင်မြင်ရုံ၊ တစ်နေ့ကုန် မြင်ရုံမျှနှင့်ပင် ဆုံးဖြတ်၍ ရမည်မဟုတ်ပေ၊ မည်သည့်ကိစ္စ၌မဆို ပသာဒနှင့် ဆုံးဖြတ်သည်ထက်၊ သေချာကျနစွာ စူးစမ်းလေ့လာ သိနားလည်ပြီးမှ ရွေး ချယ်သည်က ပို၍ထိရောက်အကျိုး များ နိုင်သည်သာ ဖြစ်လေသည်။

ရှေးအခါက သုံးနှစ်သုံးမိုး ပိုးပန်းကြသည့်ဟူသော စကားကို ကျွန်ုပ်တို့ ရယ်မော၍ ပြက်ရယ်ပြုတတ်လေသည်။ ခေတ်ရိုး, ခေတ်ဆွေး၊ နေးကွေးလွန်းလှသည်ဟု ဆိုစရာရှိလေသည်။ သို့ရာတွင် လူတစ်ယောက်၏ သဘာဝ, အပြုအမူနှင့် ပင်ကိုယ်စိတ်ထားကို အမှန်အကန် သုံးသပ်လေ့လာ မည်ဆိုပါက ထိုအချိန်သည်ပင်လျှင် နည်းကောင်းနည်းလိမ့်မည် ဖြစ် ပေသည်။

ထိုအချိန်သည် ယနေ့ခေတ်အဖို့ ကြာရှည်ကောင်းကြာရှည်ပေမည်။ သို့ရာတွင် အသက် ၂၀ ပတ်ဝန်းကျင်၌ အိမ်ထောင်ပြုမည့်သူသည် အရွယ်ရောက်ပြီးနောက် အိမ်ထောင်ရေးအတွေးအသိ ဝင်စားလာမည့် ၁၆–နှစ်အရွယ်မှစတင်၍ မိမိအိမ်ထောင်ဖက် ဖြစ်အံ့သူ၊ သို့မဟုတ် ဖြစ်ကောင်းဖြစ်မည့်သူ တစ်ဦးတစ်ယောက်ကို လေ့လာစူးစမ်း အကဲခတ်နိုင်ခွင့် ရှိသည့်ဖြစ်ရာ ၄–နှစ်ခန့်ပင် အချိန်ရပေမည်။

မိန်းကလေးတစ်ယောက်အဖို့ဆိုလျှင် ၁၃၊ ၁၄–နှစ် အရွယ်တွင် အိမ်ထောင်ရေးကို လှမ်း၍စိတ်ကူးမိမည်ဖြစ်ရာ အသက် ၁၈–နှစ်အရွယ်တွင် အိမ်ထောင်ပြုသည့်တိုင်အောင် ၄–နှစ်မျှ လေ့လာသုံးသပ်ခွင့်ကို ရရှိမည် ဖြစ်လေသည်။ ရည်းစားထားခြင်းသည် အိမ်ထောင်ရေးအတွက် ကြိုတင်လျာ ထားခြင်းပင် ဖြစ်ရပေမည်။ အိမ်ထောင်အတွက် ကြိုတင်လေ့လာသော အချိန်ပိုင်းပင် ဖြစ်ရပေမည်။

အိမ်ထောင်ရေးအတွက် ပြင်ဆင်ခြင်းပင် ဖြစ်ပေမည်။ ထိုသို့ မဟုတ်ဘဲ အိမ်ထောင်မပြုမီ လွတ်လပ်စွာ ပျော်မြူးချိန်ဖြစ်သည်ဟု ဆိုလျှင်ကား ဘဝအတွက် အခွင့်အရေးကောင်းကို ဆုံးရှုံးခြင်းပင် ဖြစ်ရပေ လိမ့်မည်။

**"ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်"**ဟူသော စကားကို အမျိုးမျိုးပင် အဓိပ္ပာယ်ကောက်တတ်ကြပေသည်။ လင်,မယား တစ်ယောက် မယူမီ ရည်းစားပေါင်း မြောက်များစွာ ထားနိုင်ခွင့်ရှိသည်ဟု ယူဆသူက ယူဆလေသည်။ ပျိုရွယ်စဉ်က ရည်းစားအဖြစ် မည်မျှ ရုပ်ထွေးများပြားစွာ ထား,ခဲ့စေကာမူ၊ တကယ့် အိမ်ထောင်ရေးတွင် တစ်ယောက်ကိုသာ ရွေးချယ်ရလိမ့်မည်ဟုလည်း အချို့က ယူဆလေသည်။

အချို့က လင်ကောင်တစ်ယောက်ရရေး၊ မယားကောင်းတစ်ယောက် ရရေး များစွာသော ရည်းစားများထဲမှ ကျန်ရစ်ရွေးချယ်သော သူများသာ ဖြစ်သည်ဟူသော အဓိပ္ပာယ်ကား မှန်ကန်ပေသည်။

ထိုမျှမက ရည်းစားတိုင်းသည် အိမ်ထောင်ရှင်ဖြစ်နိုင်သည်မဟုတ် ဆိုသည်မှာလည်း မှန်ကန်ပေသည်။ ထို့ကြောင့် ရည်းစားဟူသော အဆင့်သည် ကြိုတင်လေ့လာရွေးချယ်ရာ၌ မိမိအဖို့ တစ်သက်တာ အိမ်ထောင်ရှင် ဖြစ်ကောင်းဖြစ်နိုင်စရာ ရှိသော သူကို ပထမ ရွေးထုတ်၍ ဘကယ် အိမ်ထောင်မပြုမီ ဆက်လက်ဆက်သွယ်၍ အခြေအနေကို နှစ်ဖက်လုံးက ဆင်ခြင်စဉ်းစားရန် ဆောင်ရွက်သည့်ပဏာမ ရွေးချယ်မှုပင် ဖြစ်သည်ဟု ရွေးချယ်ခြင်း မဖြစ်စေရသေးပေ။ ထိုသူကိုပင် အပြီးသတ် ရွေးချယ်မည်၊ မရွေးချယ်မည်မှာ နှစ်ဦးသား၏ အဖြစ်အနေ၊ အချိန်ကာလ နှင့် စိတ်ဆန္ဒအပေါ်၌သာ တည်ပေသည်။ ကြိုတင်မှန်းထား ကြိုက်နှစ်သက် ခဲ့ကြသည့်အတိုင်း တစ်သက်တာ အိမ်ထောင်ရှင်အဖြစ် ရွေးချယ်ထိုက်သူ များ ဖြစ်လာကောင်း ဖြစ်လာကြပေမည်။

ထိုသို့ဖြစ်လာအောင်လည်း နှစ်ဖက်လုံးက ကြိုးစားရပေမည်။ ဖြစ်လာလျှင်လည်း အတိုင်းထက်အလွန်ပင် ဖြစ်ပေလိမ့်မည်။ ထိုသို့ မဖြစ်ခဲ့လျှင်မူကား အပြောင်းအလဲကိုပင် စဉ်းစားရလိမ့်မည် ဖြစ်ပေသည်။

အများအားဖြင့် ရည်းစားထားခြင်းကို လူကြီးများအနေဖြင့် မလိုလား ဘတ်ကြပေ။ မလိုလားရခြင်းမှာ ပညာသင်ချိန်၊ ငယ်ရွယ်သေးသော ကာလ၌ ချစ်ရေးကြိုက်ရေးကို ဦးစားပေးနေကြသည်ကို မလိုလားသင့်ခြင်း ကြောင့်ပင် ဖြစ်လေသည်။ ရည်းစားထားသော လူငယ်များကလည်း တစ်ဦးကိုတစ်ဦး ရည်မှန်းရုံဖြင့် မိမိတို့ ဘဝလမ်းကြောင်းအတိုင်း ဆက်လက် ကြိုးစားမည်ဟု သဘောမထားဘဲ တစ်ဦးကိုတစ်ဦး ရည်မှန်းကာ ဆန္ဒဖလှယ် ကြသည်နှင့်တစ်ပြိုင်နက် စာတိုစာရှည် ရေးမှုကိုပင် အလုပ်ကြီးတစ်ခု လုပ်လာကြလေသည်။ ထိုမျှနှင့် မပြီးသေးဘဲ နှစ်ကိုယ်တွေ့က ချစ်ခွင့်ပြိုင် ခုန်ကြပေသေးသည်။





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ထိုမျှနှင့် မတန်သေးဘဲ လွတ်လပ်စွာ တွေ့ဆုံချိန်းဆိုကြ၍ သွက်လက်သူကလည်း သွက်လက်၍ လိုက်လျောလွယ်သူကလည်း လိုက်လျောအညာလွယ်ကာ အချိန်မတိုင်မီ လွန်လွန်ကျူးကျူး ဖြစ်မိတတ်လေသည်။ ရည်းစားထားသည် ဆိုကတည်းက ပညာရေးတွင် ပေါ့ပျက်၍ စိတ်ကလည်း တစ်ဖက်သတ် လေတတ်ကြလေသည်။

ထိုထက်ဆိုးဝါးသည်မှာ မိဘ, မောင်ဘွားတို့ကို အသိမပေးရဲသည့်အတိုင်း မိဘ မသိအောင် မိမိတို့ အထင်အမြင်ဖြင့် တိတ်တခိုး ချစ်ကြိုက်ကြလေသောကြောင့် ထိုသူများသည် အိမ်ထောင်ဘက်အနေဖြင့် မလျော်ကန်သူများ ဖြစ်နေတတ်ခြင်းပင် ဖြစ်ပေသည်။ ထိုမှတစ်ပါး ရည်းစားဟူ၍ ဆုတ်သာ, တက်သာသော အခြေအနေတွင် မထားဘဲ နောက်ဆုတ်၍မရအောင် တဇွတ်ထိုး စွဲလမ်းခြင်း၊ လွန်ကျူးခြင်းများ ရှိနေတတ်ပေသေးသည်။

သို့ဖြစ်ခြင်းကြောင့် မိဘများအနေဖြင့် ရည်းစားထားခြင်းကို မလိုလားကြပေ။ မလိုလားသော်လည်း ဘာမျှ တတ်နိုင်ကြမည်မဟုတ်ပေ။ မိဘ, မလိုလားသောကြောင့် မိဘ, မသိရအောင် ပိပိရိရိပင် ထားလေသည်။ မိဘက နှစ်ဆယ့်လေးနာရီပတ်လုံး မျက်စိအောက်တွင် ထားနိုင်သည် မဟုတ်ပေရာ လစ်လျှင် လစ်သလို အခွင့်အရေး ယူလေသည်။

ကျောင်းက မည်မျှ ပညတ်စေကာမူ ထွက်ပေါက်ရှာတတ်ပေသည်။ သူငယ်ချင်းများနှင့်ပေါင်း၍ မိဘများကို အရုပ်ကဲ့သို့ လှည့်စားကြလေသည်။ ယောက်ျားကလေးရော၊ မိန်းကလေးပါ ဝမ်းတွင်းပါ ပညာအရ ချစ်ရေး၊ ကြိုက်ရေးတွင် စက်ပုန်းခုတ်ကြပေသည်။ သို့ဖြစ်သောကြောင့် ရည်းစားပြဿနာမှာ မိဘများအတွက် ဖြစ်လာရလေသည်။

မိဘ,များသည် မည်မျှ အပြင်ဟန် ငြိမ်သက်သော သားသမီးပင်ဖြစ်စေ၊ စိတ်မချရဲအောင် ရှိရပေသည်။ အကြမ်းဖက်၍ နှိပ်ကွပ်ရန်လည်း မလွယ်၊ အနုနည်းဖြင့် ပညာပေးပြန်လျှင်လည်း လူငယ်များကပင် မိဘကို ပြန်၍ တရားဟောကြမည်ဖြစ်သဖြင့် မိဘများမှာ ရင်မောကြရပေသည်။

စင်စစ်အားဖြင့်ကား ရည်းစားထားခြင်းမှာ အကျိုးမဲ့မဟုတ်ချေ။ မိဘနှင့် သားသမီးတို့က လိမ္မာပါးနပ်ခြင်းရှိမည်ဆိုက အမှားမရှိနိုင်ပေ။ ရည်းစားထားခြင်းသည် မိမိတို့၏ အဆုံးအဖြတ်အရ အိမ်ထောင်ဘက်ဖြစ်တန်လောက်သည်ဟု နှစ်ဦးနှစ်ဖက် ကြိုတင်ရည်မှန်းထားခြင်းဖြစ်၍



တရားမဝင်သေးသော စေ့စပ်ခြင်းမျိုးပင် ဖြစ်လေသည်။ အကယ်၍ ရည်းစားဘဝ၌ ထားရှိသော ရည်မှန်းရင်း သစ္စာမပျက်စေဘဲ၊ မိမိတို့ အနာဂတ် အိမ်ထောင်အတွက် ယောကျ်ားကလေးရော၊ မိန်းကလေးကပါ ပညာ, ဥစ္စာ, အတတ်, အတွေ့အကြုံ, သုတတို့ကို အားသွန်ကြိုးပမ်း၍ ရှာဖွေဆည်းကာ လက်ထပ်နိုင်အောင် ကြိုးဆောင်ကြိုးစားကြရမည်။

လက်မထပ်မီအတွင်း နှစ်ဖက်လုံးက ရင်းနှီးခင်မင်သော ဆက်ဆံမှုထက် အခွင့်အရေးမလွန်အောင် စောင့်စည်းကြမည်၊ ပြင်ပတွင်လည်း မဖောက်မပြန် ထိန်းသိမ်းမည်။ တကယ် ခိုင်မြဲသော အိမ်ထောင်ရေးအတွက် အားခဲ ကြိုးဆောင်မည်။

မိဘများကလည်း လူငယ်တို့၏ စည်းကမ်းရှိရှိ နေထိုင်မှုကို သတိမပြတ်စေဘဲ သင့်လျော်သော လွတ်လပ်ခွင့်ပေးမည် စသည်ဖြင့် စနစ်ကျနပါက ရည်းစားထားခြင်းအတွက် အပြစ်တင်ဖွယ် ရှိမည်မဟုတ်ပေ။

မိဘသည် လူငယ်များအား အိမ်ထောင်ရေး ရည်ရွယ်ချက် အလားအလာ ပြည့်စုံရန်လိုအပ်မှု၊ ကျင့်ဆောင်အပ်သော တာဝန် စသည်တို့ကို သွန်သင်ပြောပြထား၍ ရည်းစားထားခြင်းနှင့် ရည်းစားအပေါ်တွင် ဆက်လက်၍ စုံစမ်းလေ့လာရန် သဘောတရားတို့ကိုပါ သွန်သင်ပြောပြထားလျှင် လူငယ်များသည် ရည်းစားထားခြင်းကိုလည်း မှန်ကန်စွာ သဘောထားတတ်လာမည်ပင် ဖြစ်လေသည်။

လူငယ်လူရွယ်များအား အကောင်းဆုံးသော ဆုံးမသွန်သင်နည်းမှာ ဖိတ်ပင်ခြင်း၊ ချုပ်ချယ်ခြင်းမဟုတ်ဘဲ မှန်ကန်စွာ သိနားလည်စေခြင်းသာပင် ဖြစ်ကြောင်းကို သဘောပေါက်ရပေမည်။ လိမ္မာသော မိဘသည် သား,သမီးများ၏ ရည်းစားထားရေးကို ကောင်းစွာ ကူညီနိုင်မည်ဖြစ်ပေသည်။ ရွေးမလောင်း၊ သမက်လောင်းတို့ကို ကူညီရွေးချယ်ခြင်း၊ အကြံပေးခြင်း ပြုနိုင်ပေမည်။

မမှားမလွန်ရအောင် အမြဲတစေ သွန်သင်ဆုံးမနိုင်ပေမည်။ အခွင့်အရေးပေးခြင်းဖြင့် တစ်ဖက်တွင် စည်းကမ်းမလွန်၊ ပညာရေး မလစ်ဟင်းရအောင် ထိန်းသိမ်းနိုင်ပေမည်။ မိဘနှင့် သားသမီး ဆက်ဆံရေးတွင် ညှိနှိုက်ခြင်း၊ မိဘ မသိအောင် တိတ်တခိုး ပြုရခြင်းမရှိဘဲ မိဘကိုပင် တိုင်ပင် အကြံဉာဏ်တောင်းနိုင်ပေမည်။

www.burmeseclassic.com

မိဘ၏ အာမခံချက်နှင့် အကြံပေးချက်ရှိနေသောကြောင့် အမှား အယွင်းမှုလည်း သက်သာစေပေမည်။ အနာဂတ်အိမ်ထောင်ရေးအတွက် မှန်ကန်သော ဆောင်ရွက်ချက်ဖြစ်၍ မိဘရော, သားသမီးပါ ချမ်းသာမှု ရပေလိမ့်မည်။

ရည်းစားထားခြင်းမှာ အိမ်ထောင်ရေး၏ ခြေလှမ်းအစဖြစ်သဖြင့် ရည်းစားမထားမီကပင် ရည်းစားဖြစ်သင့်သူကို ရွေးချယ်ရပေလိမ့်မည်။ နှုတ်ရဲလက်ရဲ အရေးဆိုလာရုံမျှနှင့်သော်လည်းကောင်း၊ အရူးအမူးချစ်ဟန် ပြခြင်းကြောင့်သော်လည်းကောင်း၊ ရုပ်ရည်စသော အပြင်ဘန်း အရည်အချင်း မျှနှင့်သော်လည်းကောင်း အလျင်စလို ရွေးချယ်ရလိမ့်မည်လည်း မဟုတ်ပေ။

ရည်းစားဘဝတွင် ပို၍ ရင်းနှီးစွာ တစ်ဦးကိုတစ်ဦး လေ့လာအကဲခတ် ခွင့်ရမည်ကား မှန်ပေသည်။ သို့ရာတွင် လူတို့သည် ဟန်ဆောင်၍ရသမျှ ဟန်ဆောင်တတ်သည်ဖြစ်ရာ၊ ဒေါသကြီးသူသည်လည်း မိမိရည်းစားရှေ့တွင် အလွန်နူးညံ့သော ယုန်ကလေးတမျှ သိမ်မွေ့၍ ပြနေတတ်ပေသည်။

အကျင့်စာရိတ္တ ဖောက်ပြန်သူကလည်း သူတော်စဉ်တမျှ ကဲ့သို့ ဟန်ရေးပြ၍ နေတတ်ပေသည်။ ငွေကြေးမရှိသူကလည်း ချေးငှား၍ သူဌေးသား လုပ်၍ ပြနိုင်ပေသည်။ ထို့ကြောင့် ရက်လကြာရှည်စွာ တွေ့မြင်ဆက်ဆံနေရစေကာမူ သာမန်လေ့လာရုံမျှနှင့် သဘောရင်းကို သိရန်မလွယ်ပေ။ သိပြီဟူ၍လည်း အထင်မကြီးသင့်ပေ။ ပင်ကိုယ်စရိုက် မှန်ပါကား လင်မယားအဖြစ်သို့ရောက်၍ ဟန်ဆောင်စရာ၊ အကြိုက်ဆောင် စရာ မလိုတော့သည့်အခါတွင်မှသာ ပေါ်လာတတ်ပေသည်။

သို့ဖြစ်၍ အိမ်ထောင်ရေးကို ကြိုတင်ပြင်ဆင်သောသူတို့မှာ မိမိတို့ အိမ်ထောင်ဘက်ဖြစ်မည့်သူကို တတ်နိုင်သမျှစောစွာ ရွေးချယ်၍ အကဲ ခတ်ကာ စောင့်ကြည့်နိုင်ရပေမည်။ ချက်ချင်းတွေ့မြင် ချစ်ကြိုက်ကာမျှနှင့် တစ်သက်တာစိတ်ချရမည့် မိမိရည်မှန်းချက်ပြည့်ဝသော ဘဝခရီးဖော်မဖြစ် နိုင်ပေ။

ကြာရှည်ဆက်ဆံကြည့်ခြင်းဖြင့် အိမ်ထောင်ဘက် ဖြစ်နိုင်,မဖြစ်နိုင်ကို အကဲခတ် လေ့လာရပေမည်။ ဤသို့ကြိုတင်ရွေးချယ် မှန်ကန်ခြင်းသည် အိမ်ထောင်ရေးသုခ ချမ်းသာရရှိရေးအတွက် အောင်မြင်မှုထက်ဝက် ရရှိခြင်း ပင် မည်ပေသည်။

❤



# အိမ်ထောင်ရေးနှင့် အချစ်သဘောတရား

အိမ်ထောင်ရေးအကြောင်းကိုရေးလျှင် အချစ်အကြောင်းကိုလည်း ဖော်ပြရန်လိုပေသည်။ အိမ်ထောင်ရေးသည် တစ်စိတ်တစ်ဒေသအားဖြင့် ချစ်ရေးပင်ဖြစ်ပေသည်။ အချို့ကမူ အိမ်ထောင်ရေးဟူသည်မှာ အခြားမဟုတ် ချစ်ရေးပင်ဖြစ်သည်ဟူ၍ ယူဆကြပေသည်။

အချစ်မပါဘဲလျက် အိမ်ထောင်သည် ခိုင်မြဲခြင်းမရှိသည်မှာကား သေချာပေသည်။ အိမ်ထောင်ပြုသူများအနေနှင့် အချစ်အကြောင်းကို နားမလည်၍မဖြစ်ပေ၊ အချစ်ကို သေချာစွာ ခွဲခြမ်းစိတ်ဖြာ၍ပင် နားလည်ရန် လိုအပ်ပေသည်။

အချစ်ဟူသည်မှာ ယောကျ်ား၊ မိန်းမတိုင်း၏ စိတ်သဏ္ဍာန်တွင် ကိန်းခိုပေါ်ပေါက်လာသော စိတ်ဓာတ်ဖြစ်၍ ထိုစိတ်ဓာတ်သည် အခြားသူ တစ်စုံတစ်ယောက် အပေါ်တွင် ဖြန့်ကျက်ရှေးရှုခြင်း ရှိပေသည်။ အချစ်ဟု ဆိုသော်လည်း စိတ်အမျိုးအစားပေါင်း များစွာကိန်းဝင်စုပေါင်းနေသည်သာ ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အချစ်ဟုဆိုလျှင် ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာနှင့် တစ်ထောင့်ငါးရာ ကိလေသာ ချစ်ဟူ၍ အကြမ်းအားဖြင့် နားလည်ကြပေသည်။ ထိုထက်လွယ်ကူစွာဖြင့် မောင်နှင့် နှမ၊ သား,သမီးနှင့် မိဘချစ်ဟူ၍လည်းကောင်း၊ လင်မယားချစ်ဟူ၍လည်းကောင်း ခွဲခြားကြ လေသည်။

ထို့ကြောင့် အိမ်ထောင်ဘက်များအတွက် ညွှန်ပြလျှင် လင်နှင့် မယားသည် လင်မယားချစ် တစ်ထောင့်ငါးရာ ကိလေသာဖြင့် ချစ်ရုံသာမက

www.burmeseclassic.com

www.burmeseclassic.com



ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဖြင့်လည်း ချစ်ရမည်ဟူ၍ လွယ်လွယ်ပင် ညွှန်ပြကြပေသည်။ အချို့ကလည်း ထိုအချစ်နှစ်မျိုး ပေါင်းစပ်ခဲ့သော နှစ်ထောင့်နှစ်ဆယ့်ရှစ်သွယ် မေတ္တာဖြင့် ချစ်ရမည်ဟု ယူဆကြလေသည်။

စင်စစ်အားဖြင့် မေတ္တာနှစ်မျိုးကို ကျမ်းဂန်၌ ဤသို့ ခွဲပြထားပေသည်။ ငါးရာနှစ်ဆယ့်ရှစ်သွယ် ဟူသည်မှာ ရန်သူမရှိပါစေနှင့်၊ ဘေးအန္တရာယ်မရှိပါစေနှင့်၊ ကြောင့်ကြမှုမရှိပါစေနှင့်၊ ချမ်းသာကြပါစေဟူသော စေတနာလေးမျိုးကို မည်သူမည်ဝါ မရည်မှတ်ဘဲ အားလုံးသော သတ္တဝါများ၊ အားလုံးသောသက်ရှိများ၊ အားလုံးသော ဖြစ်တည်နေသူများ၊ အားလုံးသော ပုဂ္ဂိုလ်များ၊ အားလုံးသော အတ္တဘောင်၌ အကျုံးဝင်သူများကိုလည်းကောင်း၊ ရည်မှတ်သောအားဖြင့် ဖိုသတ္တဝါအားလုံး၊ မသတ္တဝါအားလုံး၊ အရိယာအားလုံး၊ ပုထုဇဉ်အားလုံး၊ နတ်ဗြဟ္မာအားလုံး၊ လူအားလုံး၊ ပြိတ္တာအားလုံးတို့အား ရည်၍ ပို့သခြင်း ဖြစ်လေသည်။

ထိုသို့ပို့သရာ၌ အရပ်မျက်နှာတစ်ခုခုကိုမျှ အမှတ်မထားဘဲ ပို့သခြင်းနှင့် အရပ်မျက်နှာ ၁၀–မျိုးတွင် တစ်မျိုးစီ၌ ဖော်ပြခဲ့သူများကို သီးခြားပို့သခြင်းပြုသောအားဖြင့် ၄ x (၅ + ၇) x (၁၀ + ၁)မေတ္တာအမျိုးအစားပေါင်း ၅၂၈ပါးဟူ၍ ရေတွက်ကြလေသည်။ လင်မယားအချစ်တွင် ဤမေတ္တာလည်း ပါဝင်ပေသည်။

တစ်ထောင့်ငါးရာ မေတ္တာမှာကား ထိုသို့မဟုတ်ပေ၊ လူသတ္တဝါတို့သဏ္ဍာန်၌ ထင်ရှားသော ရုပ်နာမ်ပေါင်း ၇၅–ပါးလုံးတွင် အပြင်အားဖြင့်လည်းကောင်း၊ အတွင်းအားဖြင့်လည်းကောင်း၊ တစ်ပါးတစ်ပါးစီ၌ လောဘ, ဒေါသ, မောဟ, မာန, အယူမှားခြင်း ဒိဋ္ဌိ၊ တွေးတော ယုံမှားခြင်း။ ဝိစိကိစ္ဆာ၊ စိတ်မခိုင်ခြင်း၊ **ထိန၊** **စိတ်မှုံ့လွင့်ခြင်း၊** **ဥဒ္ဓစ္စ၊** မရှက်ခြင်း၊ **အဟိရိက၊** မကြောက်ခြင်း။ **အနော်တပ္ပဟူသော** ကိလေသာစိတ် ၁၀–**မျိုး**စီ ကူးစပ်ဖြစ်ပေါ်ခြင်းအားဖြင့် (၇၅ x ၂ x၁၀)မေတ္တာအဆွယ်ပေါင်း ၁၅၀၀ဟူ၍ ရေတွက်ကြလေသည်။

ဤမှုဖြင့် အဘယ်မေတ္တာသည် **အချစ်**သဘော မည်မျှသက်ဝင်သည်ကို **ဆင်ခြင်စိစစ်**နိုင်ပေသည်။ လင်,မယား**ချစ်**ကို တစ်ထောင့်ငါးရာချစ်**ဟူ၍** သတ်မှတ်ခြင်းမှာ တပ်မက်ခြင်း ပြင်းထန်ခြင်း၊ မရှက်ခြင်း၊ **စိတ်လွင့်**ခြင်း၊ စသော စိတ်ဖြစ်ပေါ်မှုများ အကြုံးဝင်ခြင်းကြောင့်သာ **ဖြစ်ပေသည်။** စင်စစ်အားဖြင့် ကာမဂုဏ်အာရုံ ခံစားခြင်းသဘောကိုကား **အသေးစိတ်**၍ ခွဲခြားနားလည်ရန် လိုပေသည်။

❤



# အိမ်ထောင်ရေးနှင့် သားသမီးပြဿနာ

အိမ်ထောင်ရေးတွင် သားသမီးရေးသည်လည်း အကြုံးဝင်လာသည်။ လက်ထပ်ပြီးကြသော ဇနီးမောင်နှံတို့တွင် သားသမီးပြဿနာကိုလည်း ရင်ဆိုင်ရပေလိမ့်မည်။ သာမန်အားဖြင့် တရားဝင်လင်နှင့်မယား ဖြစ်လာသော ယောကျ်ား, မိန်းမတိုင်းပင် သားသမီးရရှိရေးကို မလိုလားခြင်း မရှိတတ်ပေ။ ကျန်းမာရေး မပြည့်စုံသူ၊ လွတ်လပ်စွာ ပျော်ပါးလိုသူ၊ အလုပ်အကိုင်တစ်ဖက်နှင့်ဖြစ်၍ အလုပ်မထိခိုက်လိုသူ၊ ကိုယ်ခွဲမရှိ၍ ကလေးတာဝန်ကြောက်ရွံ့သူများနှင့် အိမ်ထောင်ရေးကို စိတ်မချသေးသူ၊ အတည်တကျစိတ်ကို ပိုင်းဖြတ်ခြင်း မပြုသေးသူများသာလျှင် သားသမီး ရရှိရေးကို ဆိုင်းငံ့လိုကြပေသည်။ သားသမီးမရလိုသူများတွင် မိန်းမက ပို၍ များလေသည်။

သားသမီးမရလိုသော မိန်းမများမှာ အန္တရာယ်ကင်း၍ သာယာမှု၊ ထိခိုက်ပျက်ပြားမှုမရှိစေဘဲ သားသမီးမရသေးအောင် ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ပေသည်။ သို့ရာတွင် လင်ယူ,မယားယူရုံပါလျက်နှင့် သားသမီးမမွေးရခြင်းမှာကား လူ့ဝတ္တရားပျက်ကွက်ရာ ကျပေသည်။ သားသမီးအတွက် တာဝန်ကို ရဲရင့်စွာ ရင်ဆိုင်ရဲရပေမည်။

မိန်းမသည် စီးပွားရှာမှုကို ငဲ့ကွက်၍ သားသမီးမမွေးရဟုသည်မှာ နည်းလမ်းကျမည် မဟုတ်ပေ။ သားသမီးငယ်များနှင့်ပင် ရုံးတက်၊ ကုမ္ပဏီ ဆောင်ရွက် ...

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်နေကြသူများ ရှိပေသည်။ နို့ဘူးတိုက်၍ ကြည့်ရှုမည့် မိဘသားချင်း အကူအညီဖြင့် အလုပ်လုပ်ကြပေသည်။

ယခုအခါ မိခင်လောင်းများအတွက် သားဖွားခွင့်၊ ဆေးကုသခွင့် စသည်တို့ကို အလွယ်တကူ ရရှိကြ၍ မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့် နေ့ကလေးထိန်းဂေဟာ၊ ရင်ခွင်ပိုက်ကလေးကျောင်း စသည့် အကူအညီများလည်း ရှိလေသည်။ အကယ်၍ မယားဖြစ်သူကိုယ်တိုင်ပင် ကလေးငယ်ကို တာဝန်ယူကြည့်ရှုရမည့် အခြေတွင် ရှိစေကာမူ၊ အလုပ်ထွက်တန်လျှင် ထွက်ရပေမည်။ သားသမီး မွေးမြူရမည့် တာဝန်ကိုကား မရှောင်သင့်ပေ။ အိမ်ရှင်မသည် ပြင်ပလုပ်ငန်းကို လုပ်ကိုင်မှ တာဝန်ကျေသည် မဟုတ်ဘဲ၊ အိမ်မှုကိစ္စကို နောက်ပိုင်းမှ ဆောင်ရွက်ပေးလျှင်လည်း လုံလောက်ပေသည်။

ရှေ့မှဝင်ငွေကိုငဲ့၍ နောက်မှ တာဝန်မကျေမှုနှင့် ယိုဖိတ်မှုများကိုလည်း ချိန်တွက်ရပေမည်။ သားသမီးမှာ ရတနာဖြစ်သည်သာမက အိမ်ထောင်ခိုင်မြဲမှုအတွက်လည်း အခရာပင် ဖြစ်လေသည်။

သား,သမီး ရရှိလာသောအခါ သားသမီးကို ငဲ့ရသည်နှင့်ပင် သံယောဇဉ်ကြိုးတစ်ကြိုး ပို၍ ခိုင်မြဲရလေသည်။ သားသမီးမှာ နှစ်ဦးပိုင် ဘုံပစ္စည်းစနစ်မှန်သောကြောင့် ထိုပစ္စည်းကို ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ခွဲခြားမရခြင်းသည်ပင် မိနှင့် ဘ နှစ်ဦးကို ပို၍ သဟဇာတ ဖြစ်စေလေသည်။

သားသမီးကို အကြောင်းပြု၍ တစ်ဦးကိုတစ်ဦး မေတ္တာတိုးစရာနှင့် ဆောင်ရွက်စရာများ ရှိလာနိုင်ပေသည်။ ဖျက်ပြယ်ပြောင်းလဲရန် မလွယ်သော ဘဝ၌ အခြေချမိပြီဟူ၍လည်း အိမ်ထောင်တွင် အနယ်ထိုင်သည့်စိတ်ကို ရင့်ကျက်စေနိုင်လေသည်။ ထို့ကြောင့် လက်ထပ်ပြီးလျှင် သားသမီးမရကာမှ သာရှိစေ၊ သားသမီးရရှိရေးအတွက်မူကား ပြင်ဆင်ရပေမည်။

အချို့က သားသမီးရလိုသော်လည်း လက်ထပ်ပြီး မကြာမတင်မီ မရလိုသေးဘဲ ရှိတတ်ပေသည်။ အများအားဖြင့် မိန်းမများသည် သားသမီး မွေးဖွားခြင်းကို မကြောက်ရွံ့သော်လည်း သားသည် မိခင်ဖြစ်လာပါက အိမ်မင်း၍ အလုပြယ်စရာ၊ အချစ်ပြယ်စရာ ဖြစ်လာမည်ဟု ထင်မှတ်ကြပေသည်။





သားသမီးအတွက် ကယိကထခံရမည်ကိုလည်း စိုးကြောက်လေသည်။ စင်စစ်အားဖြင့် ကျန်းမာမှုကို ထိန်းသိမ်းတတ်လျှင် သားသမီးမွေးဖွားရသည့်အတွက် အလှမပျက်စေနိုင်ပေ။ သားသမီးအများအပြားကို တစ်နှစ်တစ်ယောက် နီးပါး ဖွားရလွန်း၍ ဆေးဝါး အဟာရမပြည့်စုံခြင်း၊ အလုပ်ကြမ်းလုပ်ရခြင်း ရှိသူများမှတစ်ပါး သာမန်အားဖြင့် သားသမီး မွေးဖွားရခြင်းမှာ ရုပ်ဆင်းကျစေခြင်း မရှိနိုင်ပေ။ အသက်အရွယ်အလျောက် ရုပ်ဆင်း ရင့်ရော်ရခြင်းထက် မပိုနိုင်ပေ။

ခေတ်မီလေ့ကျင့်နည်းနှင့် ဆေးဝါးအဟာရများကြောင့် ကိုယ်ဝန်ဆောင်များအတွက် မီးဖွားရေးတွင် အသက်ဘေးရန် တစ်ခုမျှလောက် စိုးရိမ်ရန် မလိုတော့ပေ။ သာမန်အားဖြင့် ဖွားမြင်ခြင်း မပြုနိုင်သော မိခင်လောင်းများကို တင်ဆုံရိုးဂွင်ကို ကိရိယာဖြင့် ထောက်တိုင်းတွက်ချက်ရုံဖြင့် အလွယ်တကူသိရှိနိုင်၍ အချိန်ကျလျှင် ဝမ်းကိုခွဲ၍ အောင်မြင်စွာ ဖွားမြင်ပေးနိုင်ပေသည်။ ကိုယ်ဝန်တစ်သားသာမကဘဲ၊ အကြိမ်ကြိမ် ထိုနည်းဖြင့် မွေးဖွားသော မိခင်များပင် ကျန်းမာလျက် ရှိနေပေသည်။

ဝမ်းကို ခွဲ၍ ဖွားရာ၌လည်း သွေးသွင်းခြင်း၊ ထုံဆေး သို့မဟုတ် မေ့ဆေးပေးခြင်း၊ အောက်ဆီဂျင်ဓာတ် လိုအပ်ကပေးခြင်း စသည့် ခေတ်မီ အကူအညီများကြောင့် ကြောက်စရာတစ်ခုမျှ မဟုတ်တော့ဘဲ ရှိလေသည်။

သာမန်ဖွားမြင်သူများမှာလည်း ကိုယ်ဝန်ဆောင်ဘဝတွင် မှန်ကန်စွာ ဆေးစစ်ခံခြင်း၊ လိုအပ်သော ဆေးဝါးနှင့် အဟာရကို စားသောက်ခြင်း၊ ညွှန်ကြားသော လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း စသည်အားဖြင့် သက်သာလွယ်ကူစွာ ဖွားမြင်နိုင်လေသည်။

အများအားဖြင့် မီးဖွားရာ၌ ခက်ခဲသူ၊ အန္တရာယ်ဖြစ်သူများမှာ ကြိုတင်၍ သားဖွားဆေးရုံ၌ မပြသဖြင့်၊ ဆေးဝါးမှန်ကန်စွာ မစားသောက်ခြင်း၊ လိုက်နာသင့်သည်ကို မလိုက်နာတတ်ခြင်း--စသော ချို့ယွင်းချက်များကြောင့်သာ ဖြစ်ရတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သားသမီး ဖွားမြင်ပြီးသော မိခင်များသည် သွေးပုပ်စင်စေခြင်း၊ အားသစ်ပြည့်ဝစေခြင်း၊ အာဟာရ မှန်ကန်စေခြင်း၊ ဆေးဝါးမှန်ကန်စွာ စားသုံးခြင်း၊ မသင့်သော အစာကို ရှောင်ခြင်း၊ ဝမ်းဗိုက်ကို ချပ်ရပ်အောင် စည်းခြင်း၊ အနေအထိုင် စနစ်မှန်ခြင်း၊ အပူအအေးနှင့် ချွေးမျှတခြင်း၊ အနားယူခြင်း--စသည်ဖြင့် ဂရုစိုက်ပါမူ၊ **"တစ်သားမွေး၊ တစ်သွေးလှ"** ဆိုသည့် စကားအတိုင်းပင် သွေးသစ်လောင်း၍ စိုပြေလှပလာနိုင်သည်သာ ဖြစ်လေသည်။

ကလေးအား မိခင်နို့တိုက်ရစေကာမူ၊ ကုန်ဆုံးသော သွေးသားအတွက် အာဟာရပြည့်တင်းအောင် အစားအစာနှင့် ဗီတာမင်နှင့် သတ္တုဓာတ်ပါ အားဆေးများ မှီဝဲခြင်းဖြင့် ခွန်အားနှင့် အလှအပ မယုတ်လျော့ဘဲ ရနိုင်လေသည်။ ထို့ကြောင့် ဓမ္မတာ သဘာဝအတိုင်း သားသမီးဖွားမြင်ရမည့် အရေးအတွက်ကား ဝန်လေးရန် မသင့်ပေ။

အကယ်၍ သားသမီးများလွန်းခြင်း၊ နီးလွန်းခြင်း၊ စီးပွားရေး ကြပ်တည်းခြင်း၊ မိခင်၏ ကျန်းမာရေးညံ့ခြင်း၊ အကြိမ်ကြိမ်ဝမ်းခွဲ၍ ဖွားရခြင်း စသည့် အကြောင်းများရှိ၍ နောက်ထပ် သားသမီးများဝေးစေရန် လုံးဝမရစေရန် လိုအပ်သလို ဆောင်ရွက်ခြင်းမျိုးကိုမူ အပြစ်ဆိုစရာ ရှိမည် မဟုတ်ပေ။

လက်ထပ်ပြီးသော အိမ်ထောင်ရှင်များသည် မိခင်လောင်း၊ ဖခင်လောင်းများဖြစ်ရာ ဖြစ်ပေါ်လာမည့် ပဋိသန္ဓေကိုယ်ဝန်ကိစ္စအတွက် ကြိုတင်သိမှတ်ဖွယ်ရာများကို လေ့လာထားရန် လိုပေသည်။ ကိုယ်ဝန်ရှိစဉ် ဆောင်သင့်သောကိစ္စ၊ ရှောင်သင့်သော **ကိစ္စများကိုလည်း** နားလည်ထားရပေမည်။ မိခင်လောင်းအတွက် သာမက ဖခင်လောင်းအနေနှင့်လည်း သိရှိထား၍ မိမိဇနီးကို ကူညီနိုင်မည် ဖြစ်လေသည်။ အထူးသဖြင့် ကျန်းမာသန့်ရှင်းရေး၊ ကိုယ်ဝန်စောင့်ရှောက်ရေးအပြင် ဖွားမြင်ရေးနှင့် သားသမီးပြုစုရေးအတွက်ပါ သတိပြုလေ့လာရပေမည်။



သားသမီးငယ်များ မွေးဖွားစ,တွင် ပြုစုမှု နားမလည်ကြသောကြောင့် သားဦး, သမီးဦး ဆုံးပါးရတတ်ခြင်းများ ရှိပေသည်။ သားသမီးမွေးရပန်များ၍ အတွေ့အကြုံရှိလာမှ သိနားလည်ရသည်ထက် ကြိုတင်သိနားလည်ထားခြင်းဖြင့် နောင်တရမှု သက်သာစေပေမည်။

အများအားဖြင့် လူငယ်လူရွယ်များသည် အိမ်ထောင်ပြုမည်ရှိသော် ပျော်မှုပါးမှု ကိစ္စများလောက်ကိုသာ လေ့လာထားတတ်ကြ၍ သားသမီးနှင့် ပတ်သက်သော ပြုစုမှု၊ ကုသမှုတို့ကို လုံးဝ စိတ်မဝင်စားဘဲ ရှိတတ်ပေသည်။ အချို့ကလည်း သိရန်စောသေးသည်ဟု ထင်မှတ်တတ်လေသည်။ အချို့ကလည်း **"နောင်ခါလာ နောင်ခါချေး"**ဟု သဘောထားတတ်ပေသည်။

အချို့ကလည်း ဆရာဝန်ရှိနေသည်ဟု သဘောပိုက်ကာ အချိန်ရှိသမျှ ပြုစုရမည့်တာဝန်ကို လျစ်လျူရှုထားတတ်ကြပေသည်။ လူပျိုဖခင်၊ အပျိုမိခင်သည် သားသမီးများသော ဖခင်, မိခင်တို့ကဲ့သို့ အတွေ့အကြုံ မရှိသည်ကို သတိပြုမိနိုင်ပေသည်။ စင်စစ်သော်ကား စာအုပ်စာတမ်းများ ပေါများ၍ လေ့လာသင်ကြားမှတ်သားရန် လွယ်ကူသောခေတ်၊ လွယ်ကူသော ပတ်ဝန်းကျင်၌ သားသမီးပြုစုရေးအတွက် ပြည့်စုံစွာ သိနားလည်ရန် မခက်ခဲချေ။

ကိုယ်ဝန်ရှိစဉ်အခါ လိုက်နာအပ်သောတာဝန်နှင့် သောက်သုံးရန် ဆေးဝါးများ၊ ကလေးငယ်ရရှိလာသောအခါ၊ တိုက်ကျွေးရန် ဆေးဝါးများ၊ အိမ်တွင် ကြိုတင်၍ ရှိထား၊ ဆောင်ထားအပ်သော ဆေးဝါးနှင့် ကုသရေး စွန်းများ၊ ကလေးနှင့် သက်ဆိုင်သည့် အသုံးအဆောင်များ စသည်တို့ကို စုဆောင်းထားရပေလိမ့်မည်။

ထိုသို့သော ဗဟုသုတမျိုးကို စာအုပ်စာတမ်းမှ သာမက၊ နီးစပ်သော ဆရာဝန်, ဆရာမများ၊ သားသမီးများသော မိခင်, ဖခင်များ[illegible] [illegible]လာသိရှိနိုင်ပေသည်။ ဆေးရုံသုံး ဆေးဝါးသာမက မြန်မာ့ရိုးရာ[illegible] [illegible]လည်း သုံးစွဲနိုင်ပေသည်။

www.burmeseclassic.com



အထူးသတိပြုရန်မှာ ကလေးငယ်သည် နုနယ်လှလွန်းသောကြောင့် လိမ်းဆေးမှတစ်ပါး သောက်ဆေးများကို မလွန်စေရန်၊ မပြင်းစေရန်၊ အကြိမ်မများစေရန်၊ ချင့်ချိန်ရပေမည်။ တတ်ကျွမ်းသော ဆရာများ၊ သမားများ၏ ညွှန်ကြားချက်အရ၊ အထူးချင့်ချိန်၍ လိမ်းခြင်း၊ တိုက်ခြင်း ပြုရပေသည်။

ငယ်လွန်းသော ကလေးများကို ဆေးပြင်းများတိုက်ခြင်း၊ လူကြီးဆေးများ တိုက်ခြင်းတို့ကို ရှောင်ရှားရုံသာမက သူပြောလူပြောဆေးများကို အရမ်းမဲ့ ယုံကြည်မှု မလွယ်ရန်ပင် ဖြစ်ပေသည်။

မိခင်, ဖခင်တို့သည် သန္ဓေစတင်ရှိကြောင်း သိနိုင်သည့် လက္ခဏာများ၊ သန္ဓေရက် စတင်ရေတွက်ပုံနှင့် လ,အလိုက် သန္ဓေရင့်သွားပုံ-- စသည်တို့ကို သိရှိထားရန် လိုပေသည်။ ဖွားမြင်မှုမှာ ဝမ်းဆွဲနှင့် ဆရာဝန်, ဆရာမတို့၏ တာဝန်ပင် ဖြစ်စေကာမူ၊ ကိုယ်ဝန်စောင့်ရှောက်ရေးတွင် ကာယကံရှင်များကလည်း သိတန်သလောက် သိရှိထားရန် လိုပေသည်။

အချို့သော အပျိုမိခင်များမှာ မိမိ၌ သန္ဓေရှိနေသည်ကိုပင် မသိဘဲ ပေါ့ဆစွာ နေတတ်ခြင်း၊ ဓမ္မတာထိန်သည် ထင်မှတ်၍ မီးယပ်ဆေးပူများ သောက်သုံးခြင်း၊ အလုံးအကျိတ်ထင်မှတ်၍ နှိပ်ချခြင်းများကို ပြုလုပ်တတ်ကြလေသည်။

ထိုမျှသာမက သန္ဓေဟု သိရှိထားလျက်နှင့်ပင် အညွှန်းကောင်းသော အရပ်ဝမ်းဆွဲတို့နှင့် ကိုယ်ဝန်ပြင်ရန် နှိပ်နယ်ခြင်း ပြုတတ်ကြသောကြောင့် ကိုယ်ဝန်ပျက်၍ ဒုက္ခရောက်ရတတ်လေသည်။

ကိုယ်ဝန်ရှိလာပြီးသည့်နောက်တွင် သားသမီးမလိုချင်၍ ဖျက်ချခြင်းမျိုးကိုမူ လုံးဝမပြုထိုက်ပေ။ ထိုကိစ္စမျိုးသည် အန္တရာယ်များ၍ မိခင်လောင်း၏ အသက်ကိုပါ ဆုံးရှုံးစေနိုင်လေသည်။ ကျန်းမာရေးကိုလည်း ထိခိုက်နိုင်သော ကိစ္စဖြစ်၍ မည်သူကပင် မစိုးရိမ်ရန် အားပေးအားမြှောက် ကူညီစေကာမူ၊ မယုံကြည်သင့်ပေ။ သားသမီးမလိုချင်လျှင် မွေးဖွားပြီးမှ လိုချင်သူအား





ပေးလိုက်ရန်ပင် ရှိပေမည်။ ဖြစ်ပေါ်လာသော ကိုယ်ဝန်ကို ဖျက်ချရသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။ အသက်နှင့်ရင်းရသော အလုပ်ဖြစ်ရုံမက၊ သက်ရှိ မိမိသားသမီးကို မိမိပယောဂဖြင့် သတ်သည်နှင့် ဘာမှ မခြားပေ။

အချို့က အသက်မဝင်သေးလေဟန် ပြောဆိုကြသည်မှာ အဆိုးကို အားပေးလိုရင်းကြောင့်သာ ဖြစ်လေသည်။ သန္ဓေသားသည် ဇီဇစွဲသည့်မှစ၍ အသက်ရှိသောကြောင့်သာ ရုပ်အဆင့်ဆင့် ကြီးပွားရလေသည်။

အသက်မပါသော ကလလပ်စုသည် မည်သည့်နည်းနှင့်မျှ ကြီးပွားလာမည်မဟုတ်ပေ။ ခက်မ, အင်္ဂါမစုံလင်သေးချေကာမူ အသက်ဟူသော ဇီဝသော ကိန်းဝင်နေပြီပင် ဖြစ်ပေသည်။ ဆေးဝါးဖြင့် ဖျက်သည်ဖြစ်စေ၊ သန္ဓေသားကို နှိပ်နင်းချေဖျက်သည်ဖြစ်စေ၊ သားအိမ်ထဲတွင် မွှေနှိုက်ဖျက်ဆီးသည့်နည်းတူ၊ မိခင်၏ အသက်အန္တရာယ်ကြီးမားရုံမျှမက အတွင်းအင်္ဂါများ ထိခိုက်ရသောကြောင့် အသက်ရှင်လျှင်လည်း လူစဉ်မမီ ဖြစ်ရတတ်လေသည်။

သန္ဓေသည် မည်မျှဖျက်ချသည်ဖြစ်စေ၊ ဖျက်၍မရဘဲ အောင်မြင်တတ်သည်လည်း ရှိလေသည်။ ဖျက်ချမိသော သန္ဓေ အောင်မြင်ပြန်သည့်အခါ ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ ရောဂါပါရှိခြင်း စသည် ဖြစ်တတ်ပေသေးသည်။ ကိုယ်ဝန်ဖျက်သော ယုတ်မာမှုမျိုး၊ စွန့်စားမှုမျိုးကို မည်သည့်နည်းနှင့်မျှ အားမပေးသင့်ပေ။

စင်စစ်အားဖြင့် မိန်းမတို့အတွက် သား,သမီးဖွားမြင်ရသည်မှာ ဂုဏ်လာတစ်ပါးပင် ဖြစ်လေသည်။ ယုတ်စွအဆုံး၊ ဖခင်မထင်ရှား၊ လင်သည် ညွှန်ပြစရာမရှိ၊ မညွှန်ပြဝံ့ဘဲ မွေးဖွားရသည်ဖြစ်စေ မိန်းကလေးအဖို့တွင် ဂုဏ်မငယ်ချေ။ ယုတ်ညံ့မသွားပေ။ ထိုမိခင်လောင်းသည်လည်း သူနှင့် အိမ်ထောင်ဘက်တွဲသူဖြစ်မည်ဟူသော ယုံကြိုးစိတ် ပုထုဇဉ်ပီပီ မှားယွင်းခြင်း ရှိကောင်းရှိခဲ့သည်။

www.burmeseclassic.com



များစွာသော ယောကျာ်း၊ မိန်းမများနည်းတူ ကာမဂုဏ်မှု ပြုမိပေမည်။ တရားဝင် လက်မထပ်ရဘဲ မှောက်မှားခြင်းသည်သာ အပြစ်ရှိပေမည်။ တစ်ဖက်သတ် စော်ကားခံရခြင်း၊ မိုက်မဲစဉ် လှည့်ဖြားခံရခြင်းလည်း ဖြစ်ကောင်းဖြစ်ပေမည်။ မည်သို့ပင်ဖြစ်၍ ကိုယ်ဝန်ရရှိ၍ မွေးဖွားရခြင်းသည် လူဖြစ်ရှုံးသော ဒုစရိုက်မှုကြီး မဟုတ်ပေ။ ထို့ထက် ကြီးမားသော ဒုစရိုက်မှု အမျိုးအစားများစွာ ရှိပေသေးသည်။

စင်စစ်အားဖြင့် မိန်းကလေးတစ်ယောက်နှင့် လွန်ကျူးပြီးမှ လူသိ, နတ်ကြား, ဖခင်အဖြစ် ထွက်မပြဝံ့သူ၊ လင်ကောင်မဖော်ဝံ့သူ၊ ယောကျာ်း ငမိုက်သားသည်သာ ရှက်စရာ လူယုတ်မာ ဖြစ်ပေသည်။

လူတစ်ယောက်၏ တာဝန်မကျေမှု၊ အခွင့်အရေးယူမှု၊ မိုက်မဲမှု၊ ကိုယ်ကျိုးရှာမှု၊ လူမပီသမှုများ၏ ပယောဂကြောင့် မိန်းကလေးတစ်ယောက်မှာ စု၍ ဒဏ်မခံသင့်ပေ။ ငမိုက်သား၏ စော်ကားလစ်လျူရှုခြင်းလည်း ခံရသည်။ အများပြည်သူကလည်း လင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ရှိသူဟူ၍ ပြည့်တန်ဆာထက်ပင် ပို၍ ရှုံ့ချ ဝိုင်းပယ်ကဲ့ရဲ့ကြဦးမည် ဆိုပါက တရားမျှတမည် မဟုတ်ပေ။

ကွယ်ရာမှ တာဝန်ရှိသော ယောကျာ်းမှာ အပြစ်လွတ်ကင်းနေချိန်၌ လွယ်ထားရသော ရင်သွေးအား လူသားတစ်ယောက် ဖြောင့်မတ်,ချောမောစွာ တာဝန်မပျက် မွေးထုတ်ပေးသော မိခင်တစ်ယောက်ကိုမှ အပြစ်ဖို၍ တင်ရလျှင် သဘာဝကျမည် မဟုတ်ပေ။ ယောကျာ်းတစ်ယောက်အား ယုံလွယ်၊ လိုက်လျောလွယ်သော အပြစ်သည် လူသားတစ်ယောက် အသက်ကို စောင့်ရှောက် ရှင်ကျန်စေခြင်းဖြင့်ပင် ကျေလောက်ပေသည်။

ထိုသို့ အလင်းတွင် ကိုယ်ဝန်,ထင်ရှားမပေါ်ဘဲ အမှောင်တွင်း လိုက်မှားသူ အများပင် ရှိပေဦးမည်။ ထိုထက်ဆိုး၍ ကိုယ်ဝန်ကို တိတ်တဆိတ်, ဖျက်ချသူများလည်း ရှိပေဦးမည်။ ဖောက်ပြန်မိသူပေါင်း များစွာတွင် တရားသဖြင့် အရှက်ကို မငဲ့ဘဲ ကိုယ်ဝန်ကို စောင့်ရှောက်ဖော်ရသော မိန်းကလေးအား အပြစ်တင်ဖွယ် မရှိတော့ပေ။



ထိုသို့ တစ်ဖက်သတ် အပြစ်တင်ခြင်းကြောင့်ပင် ကိုယ်ဝန်များစွာကို ကောင်းမွန်စွာ မမွေးဘဲ အန္တရာယ်ပြုကြခြင်းသာဖြစ်၍ မိုက်မဲစွာ လက်မထပ်မီ၊ လင်သားထင်ရှား မရှိမီ ကျူးလွန်သောအပြစ်၏ နောက်တွင် သန္ဓေဖျက်ဝှက်, ဖျက်ဆီးသော ဒုတိယမှိုင်း အပြစ်ကို ဆက်လက်ကျူးလွန်ရန် အခွင့်မပေးသင့်ပေ။ မှားမိလျှင် မှားစေ၊ အမှန်ပြင်သည့်အနေဖြင့် ကိုယ်ဝန်ကို စောင့်ရှောက်စေရပေမည်။

မိဘ, မောင်ဘွားနှင့် ပတ်ဝန်းကျင်ကလည်း သနားစာနာမှု၊ ချင့်ချိန်မှု ရှိရပေမည်။ မကျူးမလွန်အောင်၊ ဆုံးမသွန်သင် ကူညီသတိပေးရမည်။ အချို့က တာဝန်မကျေဘဲ မိန်းကလေးတစ်ဦး ဒုက္ခရောက်ရလေမှ ပို၍ ဒုက္ခကြီးအောင် ပျော်ပျော်ကြီးထိုင်၍ ကဲ့ရဲ့စကားတင်းဆိုနေစရာလည်း မလိုပေ၊ မှားယွင်းမှုမျိုးကို အားမပေးသင့်သော်လည်း ဖြစ်လာခဲ့လျှင် ရာဇဝတ်မှုကြီးလည်းမဟုတ်၊ သူတစ်ပါးကိုလည်း အကျိုးပျက်စေခြင်း မရှိဘဲ၊ မိမိအပြစ်ကို မိမိခံရရှာလေသူ တစ်ဦးအား လူသတ္တဝါတို့၏ ကြင်နာစိတ်ဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ရန်သာ သင့်ပေသည်။

ထို့ကြောင့် သန္ဓေဖျက်ချခြင်းမျိုးကို မည်သည့်အကြောင်းနှင့်မျှ ခွင့်ပြုရန်မသင့်ပေ။ အကယ်၍ မိခင်သည် သန္ဓေချောမောရေးအတွက် အသက်စွန့်ရလျှင်ပင် လူသားသစ်, တစ်ဦး(ဝါ) ဘဝသစ်တစ်ခု၊ ရင်သွေး တစ်ယောက်အတွက် အနစ်နာခံရခြင်းဖြစ်၍ မွန်မြတ်ပေသည်။ ထို့ကြောင့် သာမန်အားဖြင့် မိခင်၏ အန္တရာယ်ဖြစ်ရမည့် အရေး၌ပင် သန္ဓေဟူ၍ ဖွံ့ဖြိုးရင်သန်လေပြီးသည်၏ နောက်တွင်ကား ဖျက်ချရန် အလေးအနက် စဉ်းစားရန် လိုပေသည်။

ဆေးပညာရှင်များသည် ဤကိစ္စအတွက် အလေးအနက် စဉ်းစားပြီးမှ ဆောင်ရွက်ရ၍၊ ပဋိဉာဉ်ခံချက်တွင် အထင်အရှား တားမြစ်ညွှန်ပြခြင်းများလည်း ရှိလေသည်။ အကောင်းဆုံးမှာ မိခင်သည် သန္ဓေကို မရရှိသင့်သော အကြောင်းရှိပါက ကြိုတင်တားဆီးခြင်းပင် ဖြစ်ပေသည်။

အိမ်ထောင်ရှင်များသည် သား,သမီး မွေးဖွားရေးကိစ္စကို သတိပေါ် [illegible] ပြဿနာအတွက် ကြိုတင်ပြင်ဆင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့မိန်းမများမှာ အိမ်ထောင်ကျပြီး နှစ်ကာလကြာသည်အထိ သား,သမီး မရဘဲ ရှိတတ်ပေသည်။ အချို့မှာ သားသမီး ရရှိချင်ပါလျက်နှင့်လည်း မရဘဲ ရှိတတ်ပေသည်။ သား,သမီးမြုံသော ကိစ္စများနှင့် ပတ်သက်၍လည်း သိရှိထားရန် လိုအပ်ပေသည်။

အချို့မှာ ယောက်ျားက မမြုံဘဲ၊ မိန်းမက မြုံသည်လည်း ရှိလေသည်။ အချို့မှာ ယောက်ျားက မြုံ၍ သား,သမီးမရခြင်းလည်း ဖြစ်တတ်ပေသည်။ ယောက်ျားနှင့်မိန်းမ မြုံ, မမြုံ ပြဿနာနှင့် ပတ်သက်၍ စစ်ဆေးနည်းများကို သျှုတ္တရကျမ်းအချို့တွင် ဖော်ပြသော်လည်း ခိုင်လုံစိတ်ချရသည့် နည်းလမ်းများ မဟုတ်ပေ။ ဆေးပညာနည်းအားဖြင့်ကား ယောက်ျား၏ သုတ်သွေးတွင် ပါရှိသော ဇီဇပိုးတို့ကို မှန်ဘီလူးနှင့် စစ်ဆေးခြင်းဖြင့် မျိုးအောင်မြင်မှု ရှိ,မရှိ ဆုံးဖြတ်နိုင်လေသည်။

မိန်းမများတွင် ဓမ္မတာသွေး၌ ပျက်လျှောကျလာသော မျိုးဥပျက်များကို အလားတူ မှန်ဘီလူးဖြင့် စစ်ဆေးကြည့်ရှုနိုင်လေသည်။ သို့ရာတွင် မျိုးဥဆင်းရက်နှင့် ဓမ္မတာပေါ်ရက်မှာ ကွာခြားသည်တစ်ကြောင်း၊ မျိုးဥဆင်းပုံကိုလိုက်၍တစ်ကြောင်း၊ မျိုးဥ,အောင်မြင်ခြင်း ရှိ,မရှိ တိကျစွာ စစ်ဆေးရန် မလွယ်ပေ။

ခေတ်ပေါ်ကိရိယာများ၊ သိပ္ပံနည်းများဖြင့် မျိုးဥထွက်သော ရက်ကို ပိုင်းခြား၍ စစ်ဆေးနိုင်ရန် ကြံစည်ကြိုးစားလျက်ပင် ရှိလေသည်။ ထို့မှတစ်ပါး နှစ်ဦးလုံး မမြုံစေကာမူ သန္ဓေမအောင်မြင်ဘဲလည်း ရှိတတ်ရပေသေးသည်။

မိန်းမများအတွက် သန္ဓေအောင်စေသော ဗီတာမင်အီး (အက်စ ထရိုဂျင်) ဆေးများကို စားသုံးခြင်းဖြင့် သန္ဓေရလွယ်စေပေသည်။ သို့ရာတွင် ဓမ္မတာရက်နှစ်ခု၏ အကြားရက်များတွင် အောင်မြင်စွာ ဆက်ဆံစမ်းသပ်ခြင်းဖြင့် သန္ဓေရှိနိုင်, မရှိနိုင်ကို ချိန်ဆနိုင်လေသည်။

အချို့မှာ လက်ထပ်၍ နှစ်များစွာကြာမှပင် ကိုယ်ဝန်ရရှိတတ်ပေသေးသည်။ အချို့လည်း တစ်သားနှင့်တစ်သား ၁၀–နှစ်ကွာအောင်ပင် ခြားတတ်ပေသေးသည်။ လက်ထပ်ပြီး နှစ်များစွာ သန္ဓေမရရှိဘဲ၊ နောင်နှစ်အတန်ကြာမှ သန္ဓေရရှိတတ်သောအခါ ပြဿနာပေါ်တတ်လေသည်။





ဤကိစ္စမျိုးတွင် မိန်းမက မမြုံကြောင်း ထင်ရှားသော်လည်း လင်ယောက်ျား မမြုံကြောင်းမှာမူ ဖြေရှင်းရန် ဖြစ်လာတတ်လေသည်။ ရှေးဦးနှစ်များတွင် အတန်ကြာ မရရှိခြင်းသည် အကြောင်းမတိုက်ဆိုင်ခြင်းကြောင့် မရရှိခြင်းပင်ဖြစ်ကြောင်း နားလည်ရပေမည်၊ ဖြစ်လည်းဖြစ်နိုင်ပေသည်။

ထိုသို့မဟုတ်ပါက မိန်းမကပင်လျှင် အခြားမမြုံသော ယောက်ျားတစ်ဦးဦးနှင့် ဆက်ဆံ၍ ရသကဲ့သို့ အထင်လွဲစရာ ရှိလေသည်။ အကယ်၍ ယောက်ျားသည် အခြားမိန်းမတစ်ယောက်ယောက်နှင့် သန္ဓေရှိစေခဲ့ဖူး၍ဖြစ်စေ၊ သုတ်ပိုးအောင်သည်ကို သိရှိထား၍ဖြစ်စေ၊ ထိုသန္ဓေသည် မိမိနှင့် ရရှိသော သန္ဓေဖြစ်သည်ဟု စိတ်ချခြင်းရှိလျှင်ကား အရေးမကြီးပေ။

အချို့သော အိမ်ထောင်များ၌ ယောက်ျားသည် ကာမဂုဏ်အောင်မြင်စွာ ဆက်ဆံနိုင်ခြင်းမရှိသော ပန်းသေ၊ ပန်းညိုးရောဂါ ရှိထား၍ဖြစ်စေ၊ ခွဲစွာနေ၍ ကာမဂုဏ်ကို မဆောင်ရွက်ဘဲနေစဉ်ဖြစ်စေ၊ သုတ်ကြောကို ဖြတ်တောက်၍ဖြစ်စေ၊ သန္ဓေမရရှိနိုင်ကြောင်း သိရှိထားပါလျက် မိန်းမတွင် သန္ဓေပေါ်၍ လာသောအခါ ထိုသန္ဓေသည် အခြားတစ်စုံတစ်ယောက်နှင့် ဆက်ပြန်၍ ရရှိခြင်းဖြစ်သည်ဟု နားလည်နိုင်လေသည်။

အနောက်နိုင်ငံများတွင်မူ လူကိုယ်တိုင် ဆက်ဆံခြင်းမပြုဘဲ၊ တစ်စုံတစ်ဦး၏ သုတ်ရည်ကို ပြွန်တံဖြင့် သွတ်သွင်းပေးခြင်းဖြင့် သားသမီးရလိုသူများ ကိုယ်ဝန်ယူကြသည်ဖြစ်ရာ ထိုကိစ္စမျိုးတွင် လင်၏ သဘောတူညီချက်၊ သိမြင်ချက် ရှိရလိမ့်မည် ဖြစ်ပေသည်။

ယောက်ျားသည် အခြားမိန်းမများနှင့် သားသမီး မထွန်းကားခဲ့ရုံနှင့် ထိုယောက်ျားသည် မြုံသည်ဟူ၍ တစ်ထစ်ချ မယူဆသင့်ပေ။ ထို့မှတစ်ပါး တစ်ကြိမ်တစ်ခါ ကာမဂုဏ် ဆက်ဆံရုံမျှနှင့် သန္ဓေမရှိနိုင်တန်ရာ ဟူ၍လည်း မယူဆနိုင်ပေ။

အချို့အိမ်ထောင်တွင် လက်မထပ်မီက သတို့သားလောင်းနှင့် တစ်ကြိမ်တစ်ခါ ဆက်ဆံဖူး၍၊ လက်ထပ်ပြီးနောက် ရက်ပေ, မစေ့မီ သန္ဓေရင့်၍နေသောအခါ လက်ထပ်ပြီးရက်နှင့်သာ သန္ဓေလကို တွက်ချက်

www.burmeseclassic.com



နေသဖြင့် လက်မထပ်မီက အခြားသူများနှင့် ဖောက်ပြန်၍ ကိုယ်ဝန်ရရှိလေဟန် အထင်လွဲမိတတ်ကြလေသည်။

မသိနားမလည်မှုကြောင့် နေ့ရက်, ဆက်လက်ပေါင်းသင်းခြင်းမရှိပါက သန္ဓေမရှိနိုင်ဟု အထင်ရှိနေခြင်းကြောင့် ပြဿနာ ပေါ်ရတတ်လေသည်။ သန္ဓေဟူသည်မှာ အကြောင်းမညီညွတ်ပါက နှစ်ဦးလုံး မမြုံဘဲနှင့်ပင် ရချင်သည့်အခါမှ ရလာတတ်၍၊ တစ်ကြိမ်တစ်ခါတည်း ဆက်ဆံရာ၌လည်း သန္ဓေရရှိတတ်ပေသည်။

ထိုမှုသာမက အလိုမတူဘဲ အဓမ္မကျင့်ကြံခံရရာ၌ ကောင်းစွာမအောင်မြင်၊ မကြာရှည်သည့်တိုင် ထုတ်လွှတ်သော သုတ်ပိုးများ ဝင်ခွင့်ရသည်နှင့်ပင် ပေ့ပေ့ဆဆ နေမိသောကြောင့် သန္ဓေရှိရတတ်ပေသေးသည်။ ထိုနည်းတူပင် ကာလသားရောဂါသည်လည်း ထိတွေ့ရုံနှင့်ပင် ကူးစက်တတ်ပေသေးသည်။

ထို့ကြောင့် ပဋိသန္ဓေကိစ္စနှင့် ပတ်သက်၍ လင်နှင့် မယားတို့သည် ထိုက်သင့်စွာ သိရှိထားခြင်းဖြင့် အကြောင်းမဲ့ အထင်လွဲခြင်း၊ သဘောကွဲရခြင်း၊ သံသယဖြစ်ရခြင်းတို့မှ ကင်းဝေးနိုင်လေသည်။ အချို့ယောက်ျားများမှာ ဓမ္မတာသဘာဝကိစ္စနှင့် ကိုယ်ဝန်ကိစ္စများတွင် ဗဟုသုတအလွန်ခေါင်းပါးတတ်သဖြင့် မိမိသားမယားအပေါ် အထင်မလွဲသင့်ဘဲ အထင်လွဲရတတ်လေသည်။

အချို့သဘောထားသေးသူများမှာ မမေးမမြန်း၊ မလေ့လာဘဲ သံသယဖြစ်ခြင်း၊ အထင်လွဲခြင်းများ ဖြစ်တတ်ပေသေးသည်။ အိမ်ထောင်တစ်ခုတွင် ဇနီးဖြစ်သူသည် ကိုယ်ဝန်လရင့်လာသဖြင့် ရင်သားများ သဘာဝအတိုင်း ဖွံ့ဖြိုးဖြစ်ထွန်းလာခြင်းကိုပင် အိမ်နီးနားခြင်းနှင့် သမုတ်၍ မကျေမနပ် အထင်မှားခြင်း ဖြစ်ရလေသည်။ သို့ဖြစ်ရာ အိမ်ထောင်ပြုသည်နှင့် တစ်ပြိုင်နက် သိသင့်သိရာများကိုကား ကြိုတင်သိထားရပေသည်။

လင်နှင့်မယားတို့သည် ကိုယ်ဝန်ဆောင်မှုကိစ္စ၊ သားဖွားမှုကိစ္စတို့ကို သိနားလည်ထားရုံသာမက မိမိတို့ ရင်သွေးအတွက် အနာဂတ်ကိစ္စနှင့်





မိမိတို့ နေထိုင်မှုကိစ္စများကိုပါ လင်နှင့်မယား တိုင်ပင်၍ ကြိုတင်ဆောင်ရွက်ရပေမည်၊ သား,သမီး တစ်ယောက်တလေပင် ရသည်ဖြစ်စေ၊ လူနှစ်ယောက် ဘဝထက် ကလေးတစ်ယောက် ပိုလာသော သုံးယောက်ဘဝသည်ပို၍ ကျယ်ပြန့်၍ ဝန်တာပိုလာသည်သာ ဖြစ်ပေသည်။

စင်စစ်အားဖြင့် လက်ထပ်ပြီးစတွင် သား,သမီးရခြင်းသည်ပင် ပို၍ ကောင်းပေသည်။ အိမ်ထောင်သက် ရသည်နှင့် သားဦး, သမီးဦးတို့ ကြီးပြင်းလာသည့်အတွက် တစ်နည်းတစ်လမ်းအားဖြင့် အထောက်အကူရရှိနိုင်ပေသည်။ သား,သမီးအရွယ်ကောင်းတွင် ခိုမှီရန် အခွင့်ဆိုက်ပေသည်။

သားသမီးရရှိလာသည့်အခါတွင် မိခင်, ဖခင်တို့တွင် ကျရောက်လာသော တာဝန်များကိုလည်း သိနားလည်ထားရပေမည်။ သားသမီးဟူသည်မှာ ချစ်စရာအရုပ်ကလေးများသာ မဟုတ်ဘဲ၊ ပြုပြင်ထိန်းကျောင်း၍ စနစ်ချပေးရမည့်သူများ၊ ကျန်းမာရေး၊ အသိစိတ်ဓာတ်၊ ပညာ စသည့်ဖွံ့ဖြိုးစေရမည့်သူများဖြစ်၍ မိဘတို့တွင် တာဝန်ပိုလာပေမည်။

မိခင်က မိခင်၏ တာဝန်ကို သိရန်နှင့် ဖခင်က ဖခင်၏ တာဝန်ကို သိရန်လိုလေသည်။ ကလေးကိစ္စသည် မိခင်ကိစ္စသာ ဖြစ်သည်ဟူ၍ ပစ်လွှဲမထားသင့်ပေ။ မိမိ, သားသမီးကို ချီပိုးယုယ ပြုစုရသည်မှာ သူတောင်းစားမှ မင်း,ဧကရာဇ်အထိ ဖခင်တို့လည်း ခံယူရမည့် တာဝန်ပင်ဖြစ်၍ ထိုတာဝန်ကို လေးမြတ်ခြင်း ရှိရပေမည်။

အထူးသဖြင့် အိမ်ဖော်ရှိသော မိခင်များက ပကာသနလုပ်လို၍ဖြစ်စေ၊ သက်သာမှုရှာလို၍ဖြစ်စေ၊ မိမိသားသမီးကိစ္စကို အဖော်အားပင် တာဝန်လွှဲထားတတ်ကြလေသည်။ ဖခင်တို့ကလည်း ကလေးချီရမည်ကို ရှက်ခြင်း၊ သိက္ခာကျသည်ဟု ထင်ခြင်း၊ မိမိတို့နှင့် မသက်ဆိုင်ဟု အယူရှိခြင်း ရှိရတတ်ခြင်းတို့ကြောင့် သားသမီးအပေါ်တွင် သံယောဇဉ်ပြတ်ကွာတတ်ကြလေသည်။ မယားယူဝံ့၍ ကလေးမချီဝံ့သော ရောဂါမျိုးကိုလည်း ကုစား(ရ)င်ရလိမ့်မည် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမိခင်, ဖခင်လောင်းများမှာ သား,သမီးရချင်ဇောဖြင့် သားသမီး ရှား ရှားတတ်ပေသေးသည်။ မေတ္တာ၏ ထက်သန်မှုဖြစ်၍ အပြစ်မဆိုသာပေ။ ထိုမှတစ်ပါး သားဦးအနေဖြင့် မိခင်က သားကို လိုချင်၍ ဖခင်က သမီးကို လိုချင်သည်လည်း ရှိလေသည်။

အချို့မိခင်က သမီးကိုလိုချင်၍ အချို့ဖခင်က သားကို လိုချင်သည် လည်းရှိပေသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုကိစ္စမှာ ဖန်တီး၍ ရသည်မဟုတ်ဘဲ ကံပေးသမျှသာ ရသည်ဖြစ်၍ ယောက်ျားကိုချည်း မွေးဖွားသည်ဖြစ်စေ၊ မိန်းမကိုချည်း ဖွားသည်ဖြစ်စေ၊ ယုတ်ခြင်း၊ မြတ်ခြင်းဟူ၍ မရှိသည်ကိုလည်း သိရှိထားသင့်ပေသည်။

❤

# အိမ်ထောင်ရေးနှင့် သားသမီးကန့်သတ်မှုပြဿနာ

အိမ်ထောင်ရေးတွင်သာ သားသမီးကန့်သတ်မှုကိစ္စမှာ ပြဿနာတစ်ခု ဖြစ်လေသည်။ လင်နှင့်မယား ဖြစ်လာလျှင် သားသမီး ဖွားမြင်မှု၊ မွေးမြူ ထိန်းကျောင်းမှုသည် တစ်ဆက်တည်း ပေါ်လာပေမည်။ ထိုကိစ္စကို လွှဲရှောင်၍မရပေ။ အမှန်အားဖြင့် လူသားတို့ ကာမဂုဏ်စည်းစိမ်ခံစား ခြင်းသည် သဘာဝမျိုးဆက်ပေါက်ပွားမှုကိစ္စကို ဦးတည်ရန် သဘာဝက ဖန်တီးပြုပြင်ထားခြင်း ဖြစ်လေသည်။

သို့ရာတွင် လူသားတို့က သာယာမှုကိုသာ ခံစားချင်သည်။ ထိုသာယာမှု၏ နောက်ပိုင်းတာဝန်ကို ဆက်လက် ထမ်းဆောင်ခြင်းပြုရန် ဝန်လေးတတ်ကြပေသည်။ ဤသည်မှာ လူတို့၏ တရားမျှတခြင်း မရှိမှုပင် ဖြစ်လေသည်။ (ဝါ) သူရဲဘောကြောင်မှုပင် ဖြစ်လေသည်။

သာမန်အားဖြင့် ဆိုရပါမူ ယူတတ်လျှင် မွေးတတ်၍ မွေးတတ်လျှင် ကျွေးတတ်ရမည်ပင် ဖြစ်လေသည်။ သို့ရာတွင် လူမှုပြဿနာများကား ရှုပ်ထွေးပေသည်။ ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာအထွက်မတိုး၊ မလောက် ငဘဲလျက် လူဦးရေက အဆမတန် တိုးနေသော အိန္ဒိယ၊ တရုတ်နိုင်ငံ သော နိုင်ငံများလည်း ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနိုင်ငံများသည် အနာဂတ်အန္တရာယ်ကို မျှော်၍ ပဋိသန္ဓေတားခြင်းကို တရားဝင်ပြု၍ ကျေးရွာအနှံ့ဆော်ဩကာ နည်းလမ်းညွှန်ပြ နေကြရလေသည်။ (အိန္ဒိယနိုင်ငံသည် လူပေါင်း ၄-သန်းခွဲ သင်းပေး၍၊ လူပေါင်း ၂-သန်းခွဲခန့်ကို ပဋိသန္ဓေတား ကိရိယာကို အသုံးပြုစေခဲ့လေသည်။)

မြန်မာနိုင်ငံကဲ့သို့သော စာရေးရိက္ခာအင်အား ပိုလျှံ၍ နောက်ထပ်လူသန်းပေါင်းများစွာ ကျွေးနိုင်၊ နေရာချနိုင်၍ ဒေသအကျယ်နှင့်စာလျှင် လူဦးရေနည်းပါးနေသေးသောနိုင်ငံမျိုးလည်း ရှိလေသည်။

သည်းခံ၍ မွေးကျွေးပြုစုပေးလျှင်

တိုင်းပြည်အကျိုးပင် ဖြစ်လေသည်။

အနောက်ဂျာမဏီနိုင်ငံ ဘာလင်မြို့တွင် လူဦးရေ တိုးစေချင်လှသောကြောင့် လက်ထပ်မည့်သူများအတွက် အမတော်ကြေး ထုတ်ပေးရုံမက၊ ၃-နှစ်အတွင်း သား,သမီးတစ်ယောက် မွေးပေးလျှင် ချေးငွေ သုံးပုံတစ်ပုံ ပလပ်ပြီး၊ သုံးယောက်မွေးပေးခဲ့လျှင် ပြန်၍ မဆပ်ရရန် စည်းကမ်းချပေးထားလေသည်။ သား,သမီးများ မွေးခဲ့လျှင်ကား စံပြမိခင်, ဖခင် ဆုကိုပင် ရရှိနိုင်ပေသည်။

လူတစ်ဦးစီအလိုက်အားဖြင့်လည်း သား,သမီး လိုသူ၊ မလိုသူများရှိလေသည်။ စင်စစ်အားဖြင့်ကား သားသမီးရတနာ မထွန်းကားခြင်းသည် ရှိုးညှနံ့တုံးခြင်းပင် ဖြစ်၍ မလိုလားအပ်ပေ၊ ဗုဒ္ဓဘာသာတရားဥပဒေတွင် မိန်းမသည် မြူသူဖြစ်ပါက ယောကျ်ားသည် စွန့်ကွာနိုင်ခွင့်ပင် ရှိလေသည်။

သို့ရာတွင် တစ်လင်တစ်မယားတည်း ရှိသင့်နေသော ကိစ္စ၌ ယောကျ်ားက မြုသည်၊ သို့မဟုတ် မိန်းမက မြုသည်ကို သိပ္ပံနည်းကျ စစ်ဆေးခြင်းနှင့် ပတ်သက်၍ ဖော်ပြထားခြင်း မရှိခဲ့ပေ။ မည်သို့ပင်ဖြစ်စေ ရှေးအခါက မြုခြင်းမှာ မိန်းမ၌သာ တာဝန်ရှိသည်ဟု ယူဆခဲ့ကြဟန်တူပေသည်။ မြုခြင်း၊ သားသမီး အညွှန့်တုံးခြင်းကို မလိုလားခဲ့ကြသည်မှာကား အမှန်ပင် ဖြစ်လေသည်။

သားသမီးများသည် အိမ်၏ ခလောက်ဆွဲများပင် ဖြစ်ပေသည်။ ရတနာဟူ၍ သတ်မှတ်ရသော အနှယ်အပွားလည်း ဖြစ်ပေသည်။ အနာဂတ်



တွင် ပြုစုလုပ်ကျွေးမည့် ဘဝ၏ အိုစာမင်းစာများလည်း ဖြစ်လေသည်။ လူ့လောကကို ဆက်တည်မည့် ဗိသုကာလောင်းများလည်းဖြစ်လေသည်။

ဘဝ၏ သာယာမှုကို ပေးစွမ်းသူလည်း ဖြစ်၍ အိမ်ထောင်ပြုခဲ့လျှင် သားသမီးများကို ပြုစုထိန်းကျောင်းရသည့် တာဝန်မှာ မသေးငယ်လှပေ။ သို့ရာတွင် တာဝန်ကြောင့်မှုဖြင့် သားသမီးအလိုမရှိဘဲ မနေအပ်ပေ။ အိမ်ထောင်ပြုခဲ့လျှင် ထိုတာဝန်ကို ရဲရဲရင့်ရင့် ခံယူရမည်သာ ဖြစ်ပေသည်။

သို့ရာတွင် အိမ်ထောင်ရှင်များ၌ ပြဿနာအမျိုးမျိုး ရှိပေသေးသည်။ အချို့မိန်းမများက သားသမီးများ ရှိလာလျှင် မိမိလင်အပေါ်၌ ပြုစုမှုတာဝန် လစ်ဟာမည်ဖြစ်၍ အချစ်ပေါ့မည်စိုးကြပေသည်။ အချို့ကလည်း သားသမီး ကိုယ်ဝန်ရှိချိန်၌ ကာမဂုဏ်မှုကို ရပ်ဆိုင်းထားရမည် ဖြစ်သည့်အတွက် မိမိအကျိုးအတွက်ဖြစ်စေ၊ မိမိလင်၏ အကျိုးအတွက်ဖြစ်စေ အိမ်ထောင်ကျပြီး၈ နှစ်အတန်အတွင်း၌ ကိုယ်ဝန်မရှိစေလိုသေးပေ။

ထိုမှုမက သားသမီးတာဝန် ထမ်းဆောင်ရမည်ကို ဝန်လေး၍ သားသမီး တွဲလဲနှင့် လွတ်လပ်စွာ သွားလာခြင်း မပြုရ၊ အိပ်ကောင်း, စားကောင်းခြင်း မရှိရမည့် အရေးတို့ကိုလည်း စိုးရိမ်ကြောင့်ကြပေသည်။ ထို့ကြောင့် သား,သမီး မမွေးဖွားလိုပေ၊ အချို့မှာလည်း တစ်သက်ပတ်လုံးပင် တစ်ကိုယ်ရေတကာယ လွတ်လပ်စွာ နေလိုကြပေသည်။

"အချို့မိန်းမများမှာ သားသမီးမွေးပြီးနောက် ရုံးပြင်ကနားတွင် အလုပ်လုပ်ရသူ မဟုတ်ဘဲလျက် ကလေးနို့တိုက်လျှင် အားနည်းမည်၊ အလှပျက်မည်စိုး၍ မိခင်နို့မတိုက်ဘဲ ရှောင်နေသူများပင် ရှိလေသည်။"

ဤသို့ဖြင့် မိမိအလှ၊ မိမိသက်သာမှု၊ မိမိကာမဂုဏ်ခံစားရေး၊ မိမိလွတ်လပ် ပေါ့ပါးမှု စသည့်မှုဖြင့် ကိုယ်ဝန်မဆောင်လိုခြင်းမျိုးကိုမူ အားပေးထောက်ခံခြင်း မပြုနိုင်ပေ။ ဘဝ၏ မွေတာလမ်းရိုးကို မလိုက်ဘဲ မိမိကိုယ်ကျိုးရှာကို ငဲ့ခြင်းသည်လည်း လူ့လောကကို သစ္စာဖောက်ခြင်းပင် ဖြစ်ပေသည်။ အိမ်ထောင်မပြုဘဲနေခြင်း၊ အိမ်ထောင်ပြုပါလျက် အကြောင်းအားလျော်စွာ မြုခြင်းတို့အတွက်ကား အပြစ်မဆိုသာပေ။

အချို့အိမ်ထောင်တွင်ကား သား,သမီး နီးလွန်းသဖြင့် ကလေးငယ်များကို နိုင်နင်းစွာ မထိန်းနိုင်ရုံမက၊ နို့ညှာကလေးများ နို့မဝဘဲ ကျုံလှီ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ မိခင်ကျန်းမာရေး ချို့တဲ့ခြင်းများ ရှိသောကြောင့် လုံး၀, သားသမီး မလိုချင်တော့သည် မဟုတ်စေကာမူ ဝေးကွာစေလိုကြပေသည်။ အချို့မိခင်များမှာ အပြင်ကလေး ၈–လနှင့်ပင် အတွင်းကိုယ်ဝန် နှစ်လ ရှိနေတတ်၍ အချို့မှာ ၁၂–လ၊ ၁၃–လခန့်တွင် ကလေးတစ်ယောက် မှန်မှန် ဖွားမြင်နေတတ်ကြပေသည်။

မိန်းမများမှာ တစ်ကြိမ်သားဖွားပြီး၍ သားအိမ်နေသားကျပြီးနောက် ဓမ္မတာပေါ်ခဲ့လျှင် ထိုနောက် မျိုးဥဆင်းသောရက်၌ ယောကျ်ားနှင့် ဆက်ဆံမိပါက ကိုယ်ဝန်ပြန်၍ ရနိုင်ခွင့် ရှိလေသည်။ ထိုသို့ သားသမီးစိပ်သောမိခင်တို့၌ သားဖွားရခြင်း နီးကပ်၍ သွေးအားကုန်ခမ်းကာ ကျန်းမာရေးချို့တဲ့ရလေသည်။

ထိုမှတစ်ပါး အချို့မိန်းမများမှာ အရိုးခွင်ကျဉ်းလွန်းသောကြောင့် ဓမ္မတာအတိုင်း မွေးကြောင်းလမ်းမှ သား,သမီး မဖွားနိုင်ဘဲ ဝမ်းဗိုက်ခွဲ၍သာ မွေးဖွားနေရသဖြင့်၊ ထိုနည်းဖြင့် ဆက်ကာဆက်ကာ သားသမီး မွေးဖွားရန် အသက်အန္တရာယ်ရှိနေသောကြောင့် သားသမီးဆက်လက် မလိုချင်ဘဲ ရှိရလေသည်။

ထိုမိန်းမများအတွက်မူကား ဆေးကောင်စီ၏ ခွင့်ပြုချက်အရ တတိယကလေးကိုဖွားရန် ခွဲစိတ်ချိန်၌ သားအိမ်ထုတ်ပယ်ခြင်း၊ သို့မဟုတ် မျိုးဥဆင်းရာလမ်းပေါက်ကို ဖြတ်တောက်ခြင်း၊ ပိတ်စည်းခြင်း စသည့်နည်းများဖြင့် ကိုယ်ဝန်ဆက်လက်မရှိအောင် ဆရာဝန်များက ကုသပေးနိုင်လေသည်။ ကာယကံရှင်၏ သဘောတူညီမှုလည်း လိုအပ်ပေသည်။

"ဆရာဝန်များသည် အကြောင်းမလုံလောက်ဘဲ ဆေးကောင်စီ၏ အခွင့်မရဘဲ၊ မိမိခံယူထားသော ပဋိညာဉ်ကို ဖောက်ဖျက်၍၊ သားသမီးမရအောင် ပြုလုပ်ပေးခွင့် မရှိပေ။ ကိုယ်ဝန်ဖျက်ခြင်း၊ ပဋိသန္ဓေတားရန် ခွဲစိတ်ကုသခြင်းတို့ကို အခွင့်မရဘဲ အကြောင်းမလုံလောက်ဘဲ ဆောင်ရွက်ခြင်းမပြုကြရချေ"ခွဲစိတ်ကုသ၍ ပဋိသန္ဓေ တားမြစ်ပေးခြင်းကိုလည်း ပိတ်ပင်ထားလေသည်။

ထိုမှတစ်ပါး အချို့မိန်းမများမှာ အရွယ်လွန်သည်အထိ သားသမီးဦးရေများစွာ ဖွားမြင်ခဲ့ရသဖြင့် ကျန်းမာရေးထိခိုက်ခြင်း၊ သားသမီးတို့ကို





ကျွေးမွေး ပြုစုရန် မနိုင်နင်းခြင်း၊ မိခင်, ဖခင်တို့၏ ဝင်ငွေ နည်းပါးလှသဖြင့် လူမှုရေးဒုက္ခ ရင်ဆိုင်ရခြင်းတို့ကြောင့် ဆက်လက်၍ သားသမီးမရလိုသောသူများလည်း ရှိလေသည်။

ထိုသို့သော မိခင်များသည် အကြောင်းအချက် လုံလောက်စွာဖြင့် သားသမီးဆက်လက်မရရှိအောင် ကန့်သတ်တားဆီးခွင့်ရရန် သက်ဆိုင်ရာကျန်းမာရေးဌာနတွင် လျှောက်ထားနိုင်၍၊ စစ်ဆေးပြီးနောက် တားမြစ်ပေးသင့်သည်ဟု ဆုံးဖြတ်ချက်ရလျှင် ဆေးကောင်စီ၏ ခွင့်ပြုချက်အရ ကျွမ်းကျင်သော ဆရာဝန်က မိန်းမကိုဖြစ်စေ၊ ယောကျ်ားကိုဖြစ်စေ (မိန်းမ၌ ခွဲစိတ်ကုသနိုင်သော ကျန်းမာရေးအခြေအနေ မရှိခဲ့သော်)မြုံအောင် ခွဲစိတ်ကုသပေးနိုင်လေသည်။

လင်နှင့်မယားတို့မှာ ဖော်ပြခဲ့သော အခက်အခဲများလည်း မရှိ၊ ပကတိကျန်းမာ၍ သား,သမီးများကို ကောင်းစွာ ပြုစုနိုင်သော အခြေအနေ ရှိလျက်နှင့်မူကား ပဋိသန္ဓေတားရန် မကြံရွယ်သင့်ပေ။

မိဘနှစ်ပါးသည် သာမန်စီးပွားရေး အခြေအနေတွင် သားသမီး ၇–ယောက်အထိ ကောင်းစွာပြုစုကျွေးမွေးနိုင်ကြသည်သာဖြစ်၍ ဆင်းရဲသူများ၌ သားသမီး တစ်ကျိပ်ကျော်သူများ ရှိသည်သာ ဖြစ်လေသည်။

အိမ်ထောင်ရှင်များသည် လက်ထပ်ကတည်းကပင် သားသမီးဦးရေမည်မျှ မွေးဖွားမည်၊ တစ်ယောက်နှင့် ဂစ်ယောက် မည်မျှ ကွာခြားစေမည်ဟူသော မိသားစု စီမံကိန်းကို ချမှတ်နိုင်ပေသည်။ အနောက်နိုင်ငံများတွင် မိသားစုစီမံကိန်း family Planing မှာ ခေတ်စားလျက်ရှိ၍ စာအုပ်စာတမ်းများလည်း ပေါ်ထွက်လျက်ရှိလေသည်။ မိခင်၊ ဖခင်၏ အသက်အရွယ် ကျန်းမာရေး၊ ဝင်ငွေ၊ အိမ်ထောင်ပြုချိန် စသည်တို့ကို ချိန်ဆ၍ သား,သမီးဦးရေ ကန့်သတ်ကြလေသည်။

မြန်မာအနေနှင့်ကား သားသမီးအနည်းအများမှာ အကြောင်းအားလျော်စွာ ဖြစ်လာသည့်အတိုင်း၊ မလိုချင်လည်း မနေရ၊ လိုချင်လည်း မရစသော အကျိုးပေးခွင့်ကိုပင် လက်ခံကြပေသည်။

အချို့မှာ သားသမီးနည်းသည်ကိုပင် အားမရဖြစ်တတ်၍ ယောကျ်ားမှူးစားတတ်ပြီးလျှင် အချို့မှာ သားသမီးမွေးသမျှကို ရတနာဟူ၍

www.burmeseclassic.com

www.burmeseclassic.com



လိုလားစွာ မညည်းမညူ လက်ခံတတ်ကြပေသည်။ မြန်မာနိုင်ငံ၌ သားသမီးများလွန်း၍ ညည်းညူသော မိဘ အလွန်နည်းပေသည်။ သားသမီးရလာခြင်းကို မငြိုငြင်ဘဲ ကြိုးစားကြံဖန်၍ ပြုစုကျွေးမွေးကြသည်သာ ဖြစ်ပေသည်။

သားသမီးလုံးဝ မရှိခြင်းသည် မကောင်းသကဲ့သို့၊ များလွန်းခြင်းသည်လည်း မကောင်းပေ။ မကောင်းပုံမှာ သားသမီး မွေးမြူပြုစုရသည့်ကိစ္စနှင့်ပင် ဘဝ၏ ထူထောင်ရေးလုပ်ငန်းတာဝန်များတွင် လစ်ဟင်းရပေသည်။ သားသမီးများကို ပြုစုထိန်းကျောင်း၊ ကျွေးမွေးပြင်ဆင်ရသည့် တာဝန်ကလည်း ကြီးလေးပေသည်။

သားသမီးများသောကြောင့် တစ်ဦးစီအား လိုအပ်သော သွန်သင်လမ်းကျောင်းပေးမှုကိုလည်း ထိရောက်စွာ မဆောင်ရွက်နိုင်ဘဲ ရှိရတတ်လေသည်။ မိခင်, ဖခင်တို့၏ ကိုယ်စိတ်ပင်ပန်းမှု အနေနှင့်သာမက၊ မိခင်၏ ကျန်းမာရေးသည်လည်း ချုချာဖော့ဖျက် လာရလေသည်။ လူမှုရေးတာဝန်မှာ နိုင်သည်ထက်ပို၍လည်း ဝန်လေးလာတတ်ပေသည်။ ထိုသို့သော သူများအတွက် သားသမီးကန့်သတ်ခြင်းမှာကား သဘာဝကျပေသည်။

အလွန်လိုအပ်၍ သားသမီး ကန့်သတ်မည်ဆိုပါက ကြိုတင်ပဋိသန္ဓေတားနည်းကိုသာ အသုံးပြုသင့်၍ ကိုယ်ဝန်ဖျက်ချနည်းကိုကား လုံးဝ အသုံးမပြုသင့်ပေ။ ကိုယ်ဝန်ဖျက်ချခြင်းမှာ သန္ဓေသားကို သတ်ခြင်း၊ ရာဇဝတ်မှုပင်ဖြစ်၍ မိခင်၏ အသက်အန္တရာယ်ကိုလည်း ဖြစ်စေလေသည်။

လင်မယား အိမ်ထောင်သည်ဘဝသို့ မရောက်မီ ကာမဂုဏ်ဆန္ဒကို မချုပ်တည်းဘဲ မှောက်မှားလွန်ကြသူများသည်လည်း ဖြစ်လာမည့် အန္တရာယ်ကို ကြိုတင်သတိမူရန်လိုလေသည်။ သာယာမှုခံစားဇဉ်က ကျေနပ်စွာ ခံစားပြီးမှ အကောင်အထည် ဖော်ရမည်ကို ရှက်ခြင်း၊ ဖခင်အဖြစ် မခံယူလိုခြင်း စသည်တို့ကြောင့် ကိုယ်ဝန်ဖျက်ခဲ့ရလျှင် လူမဆန်သော ယုတ်မာမှုကို ကျူးလွန်ရာ ရောက်ပေမည်။

ကြိုတင်ကာကွယ် တားဆီးနိုင်သော ကိစ္စကို မိန်းမ၊ ယောကျ်ား နှစ်ဦးလုံးက အနည်းဆုံးကြိုတင်၍ တားဆီးဆောင်ရွက်ရမည် ဖြစ်လေသည်။ လိင်ကိစ္စဖောက်ပြန်သော အခြားနိုင်ငံတို့တွင် ကြိုတင်ကာကွယ်၍ မရသည့်





ဖခင်မပေါ်သော သားသမီးများကို ဆေးရုံများ၌ ရဲတင်းစွာပင် မွေးဖွားကြလေသည်။ လူမှုရေးဆိုင်ရာ အပြစ်ကို မိမိတို့သာ ခံယူ၍ အပြစ်မဲ့သော လူသားတစ်ယောက်ကိုကား အန္တရာယ်မပြုကြပေ။

ပဋိသန္ဓေတားရာတွင် ဖော်ပြခဲ့သည့် လုံလောက်သော အကြောင်းများ ရှိရပေမည်။ လင်နှင့်မယားတို့ လွတ်လပ်စွာ အကန့်အရပ် မရှိ ကာမဂုဏ်ဆောင်ရွက်လိုမှု တစ်ခုတည်းဖြင့်ကား သန္ဓေလုံးဝ တားရန်မသင့်ပေ။ သားသမီးဝေးစေရန်နှင့် လိုအပ်သည်ထက် မများစေရန်သာ တားဆီးသင့်ပေသည်။ အချို့မိန်းမများမှာ အိမ်ထောင်တည်မြဲမှုတို့ကိုပင် မလိုလားဘဲ၊ လွတ်လပ်လွန်းစွာ သာယာမှုရှာတတ်ခြင်းကြောင့် သားသမီးရမည်ကို မလိုလားဘဲ ရှိတတ်ကြလေသေးသည်။ **"အိမ်ထောင်၏ သံယောဇဉ် နိုင်မြဲအောင် သားသမီးရလိုသူများလည်း ရှိပေသေးသည်။"**

အချို့အိမ်ထောင်တွင် ယောကျ်ားက အလိုတူအလိုပါပြုလျက် လွတ်လပ်စွာ သာယာမှုခံစားနိုင်ရေးအတွက် သားသမီး လုံးဝမရအောင် ကြိုးစားတတ်ကြပေသည်။ မိမိသာယာမှုကို ငဲ့၍ လူ့လောကတာဝန်ကို သွေဖီရှောင်ရှားခြင်းသည်ကား မသင့်ပေ။

မည်သို့ပင်ဖြစ်စေ ဖြစ်လာမည့် အန္တရာယ်ကိုလည်း မငဲ့၊ လူမှုတာဝန်နှင့် တရားဥပဒေကိုလည်း မငဲ့ဘဲ ကိုယ်ဝန်ဖျက်ခြင်းမျိုးထက် အလိုမရှိ၍ နည်းလမ်းတကျ ကြိုတင်ကာကွယ်ခြင်းမျိုးက သင့်လျော်ပေသေးသည်။

ပဋိသန္ဓေရှိခြင်းမှာ ယောကျ်ားနှင့် မိန်းမဆက်ဆံရာ၌ ယောကျ်ားမှ ထုတ်လွှတ်သော သုတ်ရည်တွင်ပါသည့် မရေမတွက်နိုင်သော ဗီဇပိုးကောင်များသည် သုတ်ရည်နှင့်အတူ မိန်းမ၏ သားအိမ်တွင်းသို့ ဝင်ရောက်ရာ မိန်းမသည် ဓမ္မတာလာပြီးနောက် နောက်တစ်ကြိမ် ဓမ္မတာမလာမီအကြား မျိုးဥပေါက်ဖွား၍ မျိုးဥအိပ်မှ သားအိမ်တွင်းသို့ မျိုးဥဆင်းသက်လာခိုက်နှင့် ကြုံခဲ့သော ထိုမျိုးဥနှင့် သုတ်ပိုးဗီဇပိုးတို့ တွေ့ဆုံ၍ သန္ဓေဗီဇကို ဖြစ်ပေါ်စေခြင်းကြောင့် သန္ဓေရှိလာခြင်း ဖြစ်လေသည်။

ထိုသန္ဓေဗီဇသည် သားအိမ်တွင် မှီ၍ မိခင်ကိုယ်တွင်းမှ အသွေး အသားတို့ဖြင့် အချိန်ကာလအလျောက် ကြီးပွားလာ၍ သားအိမ်၌ သားကောင်အဖြစ် ကြီးရင့်ခဲ့ပြီးနောက် ၉-လနှင့် ၁၀-ရက်ခန့်တွင် သာမန်အားဖြင့် ဖွားမြင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လေရာ သန္ဓေမဖြစ်စေလိုသောသူများသည် သန္ဓေဖြစ်ပေါ်ပုံ သဘာဝကို လေ့လာပြီးနောက် မဖြစ်စေနိုင်မည့် နည်းလမ်းများကို ရှာဖွေကြလေသည်။ လူတို့ အမျိုးမျိုး နည်းလမ်းရှာဖွေ ဆောင်ရွက်ကြသော ပဋိသန္ဓေတားနည်းများမှာ နည်းလမ်းများစွာပင် ရှိလေသည်။

၁။ အချို့က ကာမဂုဏ်ဆက်ဆံမှုမပြုဘဲ လုံးဝရှောင်ကြဉ်ကြသည်။

၂။ အချို့က ကာမဂုဏ်ဆက်ဆံသော်လည်း ဗီဇပိုးပါရှိသည့် သုတ်ရည်ကို မိန်းမ၏ မွေးလမ်းကြောင်းတွင်း၌ သဘာဝအတိုင်း မထုတ်လွှတ်ဘဲ သာယာမှုရရှိ၍ သုတ်ရည်ထွက်ချိန်၌ ပြင်ပသို့ လွှဲထုတ်ခြင်း ပြုကြလေသည်။

ဤနည်းကို ရှေးခေတ်ကာလများကပင် လိုက်နာခဲ့ကြပေသည်။ သို့ရာတွင် ပြင်ပသို့ထုတ်ချိန် နောက်ကျခြင်း၊ သာယာမှု နှစ်ဦးလုံးအဖို့တွင် ကင်းလွတ်၍ အနှောင့်အယှက်ဖြစ်ခြင်း စသည်တို့ကြောင့် ထိုနည်းလမ်းကို ဆောင်ရွက်ရန် မလွယ်တတ်ကြပေ။

စိတ်ကိုထိန်းနိုင်၍ ဆက်ဆံမှုကျွမ်းကျင်သူများကား ထိုနည်းဖြင့် သာယာမှုမပျက်အောင် ဆောင်ရွက်ကြသည်လည်း ရှိလေသည်။ စိတ်ချရမှုသည် ဆောင်ရွက်ပုံ၏ သေသပ်စိတ်ချရမှုအပေါ်တွင် တည်ပေသည်။ အချို့မှာ လုံးဝ သုတ်ရည်မထုတ်လွှတ်ဘဲ သာယာမှုကိုပင် လက်လွှတ်၍ ထိန်းတတ်ကြပေသေးသည်။

၃။ အချို့က ဆက်ဆံပြီးနောက် မိန်းမ၏ မွေးလမ်းကြောင်းအတွင်းရှိ သုတ်ရည်၊ သုတ်ပိုးများ၊ သားအိမ်တွင်းသို့ မဝင်မီ အတွင်းသို့ ဆေးကြောသော ကြက်ပေါင်ဆေးပန်း, ပြွတ်သွင်း၍ သန့်စင်အောင် ဆေးထုတ်လေသည်။ ထိုသို့ ဆေးကြောရာ၌ စင်ကြယ်ရန် လိုအပ်၍ သာယာမှုပြီးဆုံးသည်နှင့် တစ်ပြိုင်နက် သုတ်ပိုးများ ခရီးမလွန်မီ ဖယ်ရှားပစ်ရသဖြင့် လွယ်ကူခြင်းမရှိပေ။

သဘာဝအားဖြင့် သာယာမှုအခိုက်အတန့်၏ နောက်တွင် အချိန်မယူနိုင်ဘဲ သုတ်သင်ဆေးကြောမှု ပြုလုပ်ရသည်ကို ဝန်လေးရုံသာမက၊ ထိုသို့ ဆေးကြောရာ၌ အချိန်မီတားနိုင်ခြင်း၊ စင်ကြယ်အောင် ဆေးကြောနိုင်ခြင်း ရှိ,မရှိကို အာမ,မခံနိုင်ကြပေ။ မှန်ဘီလူးဖြင့် ကြည့်ပါမှသာ မြင်တွေ့ရအောင် သေးငယ်၍ အကောင်ပေါင်း





ထောင်သောင်းမကသော သုတ်ပိုးများ၏ လှုပ်ရှားမှုကို တားဆီး ရှင်းလင်းပစ်ရန် စိတ်ချရခြင်း မရှိပေ။

၄။ အချို့က မိန်းမ၏ မွေးကြောင်းလမ်းမှ သားအိမ်တွင်းသို့ သုတ်ပိုးများ ဝင်ရောက်မှုကို တားဆီးစေရန်၊ သဘာဝအတိုင်း ယောကျ်ားက အောက်ဖက် သားအိမ်ဝဆီသို့ ပို့ထုတ်နိုင်သည့် သဘာဝဆက်ဆံနည်း အနေအထားကို မသုံးဘဲ သုတ်ရည်အောက်ဖက်သို့ ပြန်၍ လျှောကျစီးဆင်းလာစေရန် မိန်းမ မတ်ရပ်အနေအထား၊ ထိုင်လျက်အနေအထားနှင့် အပေါ်စီးအနေအထားမျိုးဖြင့် ဆက်ဆံစေလေသည်။

သို့ရာတွင် ဤနည်းဖြင့် ဆောင်ရွက်ရာ၌ ပန်းထုတ်ရာမှ ကပ်ငြိသော သုတ်ပိုးတို့ဖြင့် သားအိမ်တွင်းသို့ ကူးဝင်မှုကို စိတ်ချရလောက်စွာ တားဆီးနိုင်မည်ဟု အာမ, မခံနိုင်ဘဲရှိ၍ အခြားနည်းများတူ အောင်မြင်သည်လည်းရှိ၊ မအောင်မြင်သည်လည်း ရှိနိုင်ပေသည်။

၅။ အချို့မှာ သာမန်အားဖြင့် ရေ,ပန်းဆေးရုံသာမက၊ ဆီးသွားပစ်ခြင်း၊ ဝမ်းပိုက်သားအိမ်ကို ဖိနှိပ်၍ ခါးကို လိမ်ညှစ်ကာ ဆေးကြောထုတ်ခြင်း စသည်များကိုပင် ပြုလုပ်ကြရာ အန္တရာယ်များနိုင်ပေသည်။

လူပြောသူပြောနည်းများသည် တစ်ခါတစ်ရံ အခြားအကြောင်း တိုက်ဆိုင်၍ အောင်မြင်စေကာမူ အမြဲတစေ မှန်ကန်သော နည်းလမ်းမဟုတ်သဖြင့် မယုံကိုးသာချေ။ ဆက်ဆံပြီးနောက် ဝမ်းနုတ်ဆေး၊ ဓမ္မတာပေါ်ဆေး စသည် စားသောက်ခြင်းမှာလည်း လိုရာခရီး မရောက်ဘဲ အန္တရာယ်ဖြစ်စေနိုင်သည်သာ ဖြစ်လေသည်။

၆။ အချို့က ဆေးဝါးများ သုံးစွဲကြပေသည်။

(က) ဆေးဝါးသုံးစွဲရာတွင် သုတ်ပိုးများကို သေစေနိုင်သော ဆေးခဲများ (speton, gynomin, Contab, Konovit) အပြင် ဆေးပျစ်များ (Delfen, ortho v. gel Patentex)စသည်နှင့် အမြှုပ်ထသော ဆေးတစ်မျိုးမျိုးကို ဆက်ဆံခြင်းမပြုမီ မိန်းမ၏ မွေးကြောင်းလမ်းအတွင်းသို့ အချိန်မီကြိုတင် ထည့်သွင်းထားခြင်းဖြင့် သုတ်ပိုးများကို ပျက်စီးစေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဆေးများသည် အန္တရာယ်ကင်းမှုရှိ,မရှိ၊ ဆေးများတွင် ကပ်ငြိသော ရောဂါပိုးများ အန္တရာယ်ရှိ,မရှိ စသည်ကို ဆင်ခြင်ရန် ရှိလေသည်။ အချို့ ဆေးများမှာ မထိရောက်ခြင်း၊ သုတ်ပိုးအားလုံးကို မသေစေနိုင်ဘဲ လွတ်သောပိုးများက လွတ်ကျန်ခြင်း၊ ကရိကထများခြင်း၊ ဆေးဝါးဝယ်ယူရန် မလွယ်ခြင်း၊ ငွေကုန်ကြေးကျ များခြင်း စသော အခက်အခဲများလည်းရှိ၍ ဆေးဝါးမလတ်ဆတ်ပါကလည်း အာနိသင်ပျက်နိုင်ပေသည်။ ဆေးဝါးများသုံးစွဲလျက်ပင် စိတ်မချရဘဲ သန္ဓေရှိနေတတ်သည်များလည်းရှိ၍ စိတ်ချရခြင်းကား မရှိပေ။

(ခ) အချို့က ဆက်ဆံပြီးနောက် ရေ,ပန်းဆေးရာတွင် သုတ်ပိုးသေစေသော ဆေးရည်မျိုး ရောစပ်၍ ဆေးကြောလေ့ရှိလေသည်။ ပြီးစီးသည့်နောက်မှ ဆေးကြောရာတွင် လုံးဝရှင်းလင်းနိုင်ခြင်း မရှိဘဲ မအောင်မြင်သည်လည်း ရှိပေသည်။ ကြော်ငြာကောင်းတိုင်း အချို့ဆေးများက မစွမ်းဘဲလည်း ရှိတတ်ပေသည်။

၇။ အချို့ကလည်း ကိရိယာများ သုံးစွဲကြလေသည်။

(က) မိန်းမများအတွက် သားအိမ်တွင်းသို့ သုတ်ပိုးများ မဝင်စေရန် သားအိမ်ခေါင်းကို အုံကျပုံးစွပ်နိုင်သည့် ထိပ်ဖုံး (Diaphragm)ကို ပိတ်စွပ်လျက် ဆက်ဆံကြလေသည်။

ထိုအဖုံးမှာ သားအိမ်ခေါင်းနှင့် မကျပ်လွန်း, မချောင်လွန်းသော အနေတော်ရရန်နှင့် နေသားတကျ ဖုံးစွပ်မိရန်အတွက် မိန်းမရောဂါဆိုင်ရာ ကျွမ်းကျင်သော ဆရာမ၊ သို့မဟုတ် အလေ့အကျင့်ရှိသော သားဖွားဆရာမ တို့က အရွယ်သတ်မှတ်ပေးခြင်း ထည့်သွင်းပုံ သင်ပြပေးခြင်း ပြုရန်လိုလေသည်။ ထိုအစွပ်ကို အမြဲစွပ်ထား၍ မသင့်သဖြင့် ကိစ္စပြီးလျှင် ဖြုတ်ခြင်း၊ ဆေးကြောခြင်း၊ တတ်ခြင်း စသည့် တာဝန်များလည်း ရှိလေသည်။





ထိုအစွပ်များသည် ဆက်ဆံရာ၌ အတွင်းကြွက်သားများ လှုပ်ရှားမှုအရ၊ ချောင်ခြင်း၊ ကျွတ်ခြင်း၊ နာကျင်ခြင်းများ ရှိတတ်ပေသေးသည်။ ထိုအစွပ်များနှင့် ဆေးဝါးကိုပါ တွဲ၍လည်း အသုံးပြုကြလေသည်။ အချို့ ရေမြှုပ်၊ ကြက်ပေါင်ပွ(Rubber sponge)အဆို့များကိုလည်း အသုံးပြုကြသည်။

(ခ) ယောကျ်ားများအတွက်ကား သုတ်လွှတ်သော သုတ်ရည်သည် မွေးလမ်းကြောင်းတွင်းသို့ လုံးဝမရောက်စေရန် ပါးလွှာသော ကြက်ပေါင်အိပ်စွပ် (Condom sheaths Prophylactic) စသည်ကို စွပ်၍ ဆက်ဆံလေသည်။

သို့ရာတွင် သွေးသားတက်ကြွမှုအလျောက် အရွယ်ပမာဏကျုံ့ခြင်း၊ ဆန့်ခြင်းရှိသဖြင့် သာယာမှု ပြီးစီး၍ ကျုံ့သောအခါ၌ အိပ်စွပ်သည် ကျွတ်၍ကျန်တတ်ခြင်း၊ သဘာဝအတိုင်း အသားချင်း ထိတွေ့မှု ကင်းလွတ်ခြင်း၊ ချောမွေ့စွတ်စိုမှု စသော သဘာဝ သာယာမှုမရှိခြင်းအပြင်၊ မိန်းမအတွက် သုတ်ရည်ပန်းလွှတ်သည့် ထိတွေ့မှုကို သဘာဝအတိုင်း ခံစားရမှု မရှိသဖြင့် ကျေနပ်မှု မရတတ်ခြင်း၊ ယောကျ်ားအတွက် အိပ်စွပ်၏ အနေအထား ပြောင်းရွှေ့တတ်မှုကြောင့် သုတ်ရည်လွှတ်လပ်စွာ ပန်းထုတ်ခွင့်မရသဖြင့် ကျန်နေခြင်း စသည်ဖြင့် အာရုံပျက်ပြားမှုများ ရှိတတ်ပေသည်။

အချို့လည်း နည်းတစ်ခုထက်ပို၍ စိတ်ချရအောင် ပေါင်းစပ်ဆောင်ရွက်ကြပေသည်။

၈။ အခြားနည်းတစ်ခုမှာကား မျိုးဥပေါက်ဖွားရက် အတွင်း၌ ဆက်ဆံမှု ရှောင်ကြဉ်ခြင်းပင် ဖြစ်လေသည်။ ဤတွင် ချုပ်တည်းခြိုးခြံခြင်း ရှိရန် လိုအပ်သော်လည်း ဆေးဝါး၊ ငွေကြေးလည်း မကုန်ဘဲ တာဝန်ပေါ့ပါးသဖြင့် တားဆီးရန် လိုအပ်သူများအတွက်ကား လိုက်နာနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်သည် ဓမ္မတာပေါ်ပြီးနောက် ၁၀–ရက် အကွာနှင့် နောက်တစ်ကြိမ် ဓမ္မတာမပေါ်မီ ၁၀–ရက်အလို ကြားရက်အတွင်း၌ မျိုးဥဆင်းတတ်ပေသည်။ ယေဘူယျအားဖြင့် ၂၈–ရက်ခန့်တွင် ဓမ္မတာပေါ်တတ်သည်ဖြစ်ရာ အလယ်ကြား ၈–ရက်ကာလအတွင်း တစ်ရက်ရက်၌ မျိုးဥသားအိမ်တွင်းသို့ ဆင်းသည်ဟု ဆိုရန်ရှိလေသည်။

ဤတွင် ယောက်ျားတို့၏ သုတ်ပိုးတို့သည် ဆက်ဆံပြီးနောက် မွေးလမ်းကြောင်းတွင် ကျန်ရှိနေပါက အချိန်အပိုင်းအခြားအားဖြင့် ဆက်လက်၍ အသက်ရှင်နေနိုင်သေးသဖြင့် ထိုရက်မတိုင်မီက ဆက်ဆံစေကာမူ မျိုးဥဆင်းချိန်၊ မျိုးဥဆက်လက် ရှင်သန်ချိန်တို့နှင့် တိုက်ဆိုင်မိတတ်သည်ဖြစ်၍ ပိုမိုစိတ်ချရစေရန် အလယ်ရက်၏ ပတ်ဝန်းကျင်တွင် ဆားနှစ်ဖက်သို့ ရက်များတိုးကာ ရှောင်ရက်အဖြစ် သတ်မှတ်လေသည်။

ထို့ကြောင့် ဓမ္မတာပေါ်ပြီး ၁၀–ရက်အတွင်း ဆက်ဆံ၍ နောက် ၁၀–ရက်အတွင်း လုံးဝမဆက်ဆံဘဲ ထိုနောက်ရက်များ တွင်မှ ဓမ္မတာပြန်၍ လာသည့်ရက်အထိ ဆက်ဆံခြင်းဖြင့် သန္ဓေတည်မှုကို ရှောင်ရှားကြလေသည်။ ဤတွင် ကြားရက်ကိုပို၍ ထားနိုင်သည်နှင့်အမျှ စိတ်ချရပေသည်။ (ဤနည်းသည်ပင် အမျိုးသမီး အချို့အတွက် စိတ်မချရသေးဟု အဆိုရှိပေသည်။)

ထိုနည်းကို လိုက်နာရာတွင် ဓမ္မတာလာသော ရက်အပိုင်းအခြားကို မှတ်၍ ပုံသေပြက္ခဒိန် ဇယားတွင် တွက်ချက်ခြင်းနှင့် မည်သည့်လ, ရက်တွင် ရှောင်ကြဉ်ရမည်ကို အရောင်ခွဲပြသော ဆေးပြက္ခဒိန်မျိုးလည်း ရှိလေသည်။ မိမိဘာသာ ရက်မှတ်၍ ပိုပိုမိုမို တွက်ချက်ခြင်းဖြင့်လည်း ရှောင်ရှားနိုင်လေသည်။

ဤနည်းမှ ဆေးပညာအရ စိတ်ချရသော နည်းတစ်ခုဖြစ်၍ လွယ်ကူပေသည်။ သို့ရာတွင် ရက်ကို မှန်ကန်စွာ တွက်ချက်မိရန်နှင့် သန္ဓေမရှိတန်ဟု ပေါ့ဆစွာ တွက်၍ ရှောင်ရက်အတွင်းအဖျားတွင် မစောင့်နိုင်ဘဲ အခွင့်အရေး မယူမိရန် လိုအပ်ပေသည်။

❤



# အိမ်ထောင်ရှင်တို့၏ ကျန်းမာရေး

အိမ်ထောင်ရေးနှင့် ပတ်သက်၍ ရေးသင့်ရေးထိုက်သော အကြောင်း တစ်ရပ်မှာ ကျန်းမာရေးပင်ဖြစ်လေသည်။ ကျန်းမာရေးသည် လူ့အရေးတွင် ထိပ်ဆုံးမှပါဝင်ပေသည်။ ကိုယ်ကျန်းမာမှ စိတ်ရွှင်၍ စိတ်ရွှင်မှ တိုးတက်မှု ရှိကြမည်ပင် ဖြစ်ပေသည်။ အိမ်ထောင်သည်တို့အဖို့တွင်လည်း ကျန်းမာမှုကို အရေးထားရန် အထူးလိုအပ်ပေသည်။

အိမ်ထောင်ရေးတွင် ကျန်းမာရေးလိုအပ်ပုံကိုလည်း အိမ်ထောင်ရှင်ရွေးချယ်စဉ်ကတည်းကပင် မိမိအိမ်ထောင်ဘက်၌ ကျန်းမာရေးပြည့်ဝမှု ရှိ,မရှိကို အရေးထား၍ စီစစ်ရွေးချယ်ရန် ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ကျန်းမာရေးသည် အိမ်ထောင်မကျမီတွင်သာ လိုအပ်သည်မဟုတ်ဘဲ အိမ်ထောင်ကျပြီးသည့် နောက်တွင်လည်း လိုအပ်သည်သာ ဖြစ်လေသည်။

အိမ်ထောင်ရှင်ဖြစ်လာသော ယောက်ျား, မိန်းမတို့တွင် အိမ်ထောင်တစ်ခုလုံးအတွက် ဘဝထူထောင်မှုကို အားသွန်ခွန်စိုက်ကြရသောကြောင့် ခွန်အားဆုတ်ယုတ်၍ ကျန်းမာမှု ထိခိုက်နိုင်လေသည်။

ထို့ကြောင့်လည်း ကျန်းမာစေနိုင်သော အဟာရဖြစ်စေမည့် အစားအစာများကို စားသောက်ခြင်း၊ အပူအစပ်များလွန်းသော အစာ၊ အချိုများလွန်းသောအစာ၊ တက်လွန်းသောအစာ၊ သက်လွန်းသော အစာတို့ကို ရှောင်ကြဉ်ခြင်း၊ မိမိကိုယ်နှင့် ပတ်ဝန်းကျင်ကျန်းမာသန့်ရှင်းရေးကို အရေးထား၍ ပြုပြင်ခြင်း၊ ဣရိယာပုထ်တစ်မျိုးတည်းဖြင့် ညောင်းညာ၍ ဦးနှောက်ဉာဏ်

www.burmeseclassic.com



အား၊ ကာယအားကို တစ်ဆက်တည်း အလွန်အမင်း စိုက်ထုတ်မှုမျိုးကိုလည်း ရှောင်ရှားရပေမည်။

အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ကိုယ်ခန္ဓာကလာပ်မှုန့်များ ပျက်ယွင်း၍ စက်ယန္တရားအားနည်းလာမြဲဖြစ်ရာ ကုန်ဆုံးသွားသော ခွန်အားနှင့် ပတ်သက်၍ ပြန်လည်ပြည့်တင်းအောင် ကြိုးစားကြရပေသည်။ စိတ်ညစ်ခံခြင်း၊ အိပ်ပျက်ခံခြင်းတို့မှလည်း ရှောင်ရှားရပေမည်။

ယောကျ်ားနှင့် မိန်းမတို့တွင် သဘာဝအလျောက် အသက်အရွယ်နှင့် ပင်ပန်းမှုအလျောက် ဖြစ်ပေါ်လာတတ်သော ရောဂါများလည်း ရှိလေသည်။

သာမန်အားဖြင့် ဖြစ်ပေါ်တတ်သော နှလုံးရောဂါ၊ အသည်းရောင်ရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်ရောဂါ၊ ငှက်ဖျားရောဂါ၊ ဝမ်းကိုက်ရောဂါ၊ သွေးတိုးရောဂါ--စသော ရောဂါများအပြင် ယောကျ်ား၊ မိန်းမနှစ်ဦးလုံး၌ပင် လိင်အင်္ဂါနှင့်ဆိုင်သော ဆီးရောဂါ၊ လိပ်ခေါင်းရောဂါ၊ ယောကျ်ား, ဒူလာ၊ အကိုက်အခဲနှင့် သွေးဝမ်း၊ မိန်းမ မမွှတာ ဖောက်ပြန်သော ရောဂါနှင့် မီးယပ်သွေးဆုံး--စသော ရောဂါများလည်း ဖြစ်ပေါ်တတ်လေသည်။

မမွှတာဆိုင်ရာနှင့် လိင်အင်္ဂါဆိုင်ရာ ရောဂါများမှာ အသက်အရွယ်အလျောက် ဖြစ်ပေါ်လာတတ်သော ရောဂါများလည်း ရှိပေရာ၊ ကျန်းမာရေးကို ကြိုကြိုတင်တင် သတိပြု စောင့်ရှောက်ရန်လည်း လိုလေသည်။

မိန်းမများတွင် မမွှတာမှန်ကန်မှုမှာ အထူးအရေးကြီးလေသည်။ ကျန်းမာဝဖြိုးမှု၊ ရောဂါကင်းစင်မှု၊ အသားအရေ ကြည်လင်မှု၊ စိတ်ပျော်ရွှင်မှုသည်တို့မှာ မမွှတာ ကိစ္စကို များစွာ အမှီပြုလေသည်။ တင်းတိပ်၊ မှည့်ခြောက်များပေါ်ခြင်းမှအစ၊ အသားအရေ ပျက်စီးမှုများသည်လည်းကောင်း၊ ရှုန်းပြုစားသယောင်၊ နတ်ဖမ်းစားသယောင်၊ ဝိကာရယ်ကာ စိတ်မတည်ငြိမ်မှုများသည်လည်းကောင်း၊ လေးလံထိုင်းမှိုင်းလောက်အောင် အချိုးအစားမမျှဝ,လွန်းခြင်း၊ ရှုနာရှိုက်ကုန်း အရိုးပေါ် အရေတင်ခြင်းတို့သည်လည်း မမွှတာဖောက်ပြန်သောကိစ္စကို အခြေပြုတတ်ကြပေသည်။

မိန်းမများအဖို့တွင် မမွှတာကိစ္စကို မိဘများလက်တွင်ရှိစဉ်လည်းကောင်း၊ လင်သားလက်ထက်၌ နေထိုင်စဉ်လည်းကောင်း လျှို့ဝှက်သိုသိပ်





တတ်ကြသည်ဖြစ်ရာ၊ ချို့ယွင်းဖောက်ပြန်မှုများ ရှိလာပါက ကျိတ်၍ ကုသခြင်း၊ တတ်ယောင်ကားဆေးနည်းများကို လက်တည့်စမ်းခြင်း၊ သို့မဟုတ် အရေးမထားလောက်သော ကိစ္စအဖြစ် လစ်လျူရှုထားခြင်းများ ပြုတတ်လေသည်။

ဤသို့ ပေါ့ဆမှုကြောင့် အပ်နှင့်ထွင်ရမည့်ကိစ္စတွင် ပေါက်ဆိန်နှင့် ပေါက်ကြရလေသည်။ လစဉ်မှန်ကန်စွာ မမွှတာအနည်းအများ၊ ချင့်ချိန်တွက်စစ်ခြင်း၊ ရက်မှန်,မမှန်စစ်ဆေးခြင်း၊ ကြိုတင်သတိပြုရန်နှင့် ရှောင်ကြဉ်ရန်ကိစ္စများကို ရှောင်ကြဉ်ခြင်းများ ပြုလုပ်အပ်ပေသည်။

အထူးသဖြင့် အိမ်ထောင်ရှင် ယောကျ်ား, မိန်းမများ သတိပြုသင့်သော ကိစ္စမှာ ကာမဂုဏ်မှုနှင့် ပတ်သက်သော ကျန်းမာရေးကိစ္စပင် ဖြစ်လေသည်။

အိမ်ထောင်ကျစ ငယ်ရွယ်သူများမှာ နုပျိုခိုက်၊ စိတ်နှောက်ကိုယ်ပါသော အရွယ်ဖြစ်ကြ၍ ကာမဂုဏ်မှုကို လိုသည်ထက်ပို၍ ခံစားတတ်ကြ လေသည်။ လင်နှင့်မယားဖြစ်လာကြ၍ နှစ်ဦးဆန္ဒတူညီပါက အတားအဆီး အခက်အခဲမရှိသည်ဖြစ်ရာ၊ ကာမဂုဏ်မှုကို သောက်လေ, သောက်လေ မပြေသော ဆား,ငန်ရေကဲ့သို့ အတိုင်းအဆမရှိသာယာမှု ရှာကြလေသည်။

သဘာဝအားဖြင့် ချုပ်တည်းထားခဲ့ရသော ဆန္ဒကို ဖြည့်ချင်သမျှ ဖြည့်ခွင့်ရရှိကြပြီဖြစ်သောကြောင့် တစ်ကြောင်း၊ အဆန်းအသစ်အဖြစ် စူးစမ်းတွေ့သိစတွင် စူးစမ်းစိတ်ဝင်စားမှု ပြင်းပြသည်တစ်ကြောင်း၊ နီးစပ်, လွတ်လပ်သော ပတ်ဝန်းကျင်နှင့် အခွင့်အရေး၏ လှုံ့ဆော်မှုကြောင့် တစ်ကြောင်း၊ လင်နှင့်မယားတို့၏ အချစ်တက်ကြွ ဖွံ့ဖြိုးစဖြစ်၍ တစ်ကြောင်း၊ တစ်ဦးက တစ်ဦးကို အချစ်ပေါ့လေဟန် အထင်မခံလိုကြခြင်းကြောင့် တစ်ကြောင်း၊ ကာမဂုဏ်မှုကို အလွန်အကျွံလိုက်စားမိတတ်ကြ လေသည်။

အချို့မှာ အိမ်ထောင်ကျစအချိန်၌ပင် သုက္ကရကျမ်းများကို ရှာဖွေလေ့လာကာ ကာမဂုဏ်မှုကိုပင် အထူးအားထုတ်တတ်ကြလေသည်။ ဤတွင် အမှားနှင့် အန္တရာယ်များ စတင်ရလေသည်။

အချို့သော ယောကျ်ားများသည် လိုသည်ထက်ပို၍ လိုက်စားမိသော ချို့ယွင်းချက်ကို မသိမမြင်ကြဘဲလျက် မိမိတို့ကိုယ်ကို တစ်စုံတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ချို့ယွင်းမှု ရှိနေသည်ဟူ၍လည်းကောင်း၊ တစ်စုံတစ်ရာ တစ်ခုလိုနေသည်ဟူ၍လည်းကောင်း၊ အထင်ရောက်ကာ ကြော်ငြာကောင်းသော ဆေးဝါးကိရိယာများကို သုံးစွဲခြင်းပြု၍ ရောဂါမရှိသည်ကို ရောဂါတစ်ခုအနေနှင့် ကုစားမိတတ်ကြလေသည်။

စိတ်ဓာတ်ပျက်ပြား ချောက်ချားကာ စိတ်တုန်လှုပ်မှု၊ စိုးရိမ်မှုများကြောင့် ကိုယ်ခန္ဓာကိုပင် ထိခိုက်၍ တကယ်ပင် ရောဂါတစ်ခုသဖွယ် ခံစားလာရလေသည်။ စိတ်အလိုမကျသောအခါတွင် တစ်ဦးကိုတစ်ဦး အထင်အမြင်လွဲမှားခြင်းများလည်း ဖြစ်ရတတ်လေသည်။

ညားခါစ ဇနီးမောင်နှံတို့တွင် သဘာဝကိစ္စကို နားမလည်ကြသောကြောင့် အသေးအဖွဲကိစ္စကို ပုံကြီးချဲ့ကာ သဘောကွဲလွဲခြင်း၊ တစ်ဦးကိုတစ်ဦးက စွပ်စွဲခြင်း၊ အထင်သေးခြင်း၊ တစ်ဦးအပေါ်တစ်ဦး အပြစ်ဖို့ခြင်း၊ ဖွင့်ထုတ်မပြောဘဲ စိတ်ထဲတွင် မကျေမချမ်းဖြစ်ကြောင်း စသည်ဖြင့် အဆင်မပြေမှုများ ဖြစ်ပေါ်လာငတ်လေသည်။

မည်သည့်အရာမဆို **"တန်ဆေး၊ လွန်ဘေး"** ဟူသော စကားရှိလေသည်။ **"ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင်"** ဟူသော စကားလည်းရှိလေသည်။ လင်နှင့်မယားတို့သည် အသက်ရှည်သရွေ့ အတူယှဉ်တွဲ၍ ပေါင်းဖက်သွားကြရပေမည်။ တစ်ဟုန်ထိုး အချစ်ရှိန်တက်ပြီးနောက် တစ်ရှိန် ထိုးကျဆင်းကာ ငြီးငွေ့သွားခြင်း မဖြစ်စေသင့်ပေ။

လိုသည်ထက်ပိုကဲသောအခါ ငြီးငွေ့လွယ်တတ်ပေသည်။ အသစ်အဆန်းအဖြစ်မှ ရိုး၍ သွားတတ်ပေသည်။ လင်နှင့်မယား အချစ်သည် နွေးထွေး၍, ဆန်းသစ်နေရန် လိုပေသည်။ ထိုမှတစ်ပါး ကျန်းမာရေးအနေဖြင့်လည်း ထိခိုက်ရပေသေးသည်။

အထူးသဖြင့် လူပြောသူပြောနှင့် တိတ်တခိုး သိမှတ်ကြသော သုတ္တရ အသိများကြောင့်လည်း လူငယ်လူရွယ်အိမ်ထောင်သည်ပေါင်းများစွာ အခြေပျက်စီးကြရပေသည်။ ကာမဂုဏ်ဆန္ဒ အကြိမ်ကြိမ်မည်မျှ ပြည့်စွမ်းနိုင်မှ ယောက်ျား, ပီသသည်။

မည်မျှ ပမာဏရှိမှ မိန်းမများက စွဲမက်သည်၊ မည်သို့ဆက်ဆံမှ ဖောက်ပြန်မှုကို တားဆီးပေးနိုင်မည် စသည်ဖြင့် အကြောင်းယုတ္တိမရှိသော





ကာလသားစကားများကို ယုံမှားကာ, အသိနားလည်မှုလွဲခြင်း၊ ကာမဂုဏ်ကိစ္စကို သဘာဝကျကျ လေ့လာနိုင်ခြင်း မရှိခဲ့ခြင်းတို့ကြောင့် အမှားမှားအယွင်းယွင်း ဖြစ်ရတတ်လေသည်။

အရိုးသားဆုံးဟုဆိုသော ယောက်ျားကလေး၊ မိန်းကလေးတို့ပင်လျှင် ကြောက်စရာကောင်းအောင် အသိလွဲ၊ ဗဟုသုတလွဲများ ရရှိထားတတ်ကြပေသည်။ စနစ်တကျရေးသားသော စာအုပ်စာတမ်းကောင်းများကို သိမှတ်နားလည်ခွင့်ရရန်ကား လိုပေလိမ့်မည်။

ကာမဂုဏ်ကိစ္စကို ဆောင်ရွက်ရာ၌ ခွန်အားဆုတ်ယုတ်သည်ဟု ဆိုသော်လည်း အတိုင်းအဆနှင့် ခံစားခြင်းကြောင့် ကျန်းမာမှုကို မထိခိုက်စေနိုင်ပေ။ စိတ်နှင့်ကိုယ်၏ သာယာမှုသည် ကိုယ်ခန္ဓာ၏ ကျန်းမာရေးကိုပင် အထောက်အပံ့ပြုနိုင်ပေသည်။ ကုန်ခမ်းသောအင်အားကို ကောင်းစွာအိပ်စက်နားနေခြင်းဖြင့် အထိုက်အလျောက် ပြန်လည်ရရှိသည်သာ ဖြစ်လေသည်။

သာမန်အားဖြင့် ငယ်ရွယ်သူများ၊ အသက် ၄၀ အတွင်းရှိ ယောက်ျား, မိန်းမတို့တွင် ကာမဂုဏ်ကိစ္စကြောင့် မည်သို့မျှ ကျန်းမာရေးကို ထိခိုက်ခြင်း မရှိစေနိုင်ပေ။ အထူးတလည် ဆေးဝါး အစားအစာ စားသောက်ရန်လည်း မလိုပေ။

သာမန်မျှသော လူမှုကိစ္စ, စဉ်လာတစ်ရပ်သာ ဖြစ်လေသည်။ အသက်အရွယ်အိုမင်း၍ ခွန်အားယုတ်လျော့သူများ မကျန်းမာသူများနှင့် ကာမဂုဏ် လိုက်စားလွန်းသောသူများသည်သာ ကျန်းမာရေးအတွက် ထိခိုက်စေနိုင်၍ အဟာရနှင့် အင်အားကို ဖြည့်တင်းကြရလေသည်။

အချို့က ကာမအားတိုးဆေးများကို ယုံကိုးကြလေသည်။ စင်စစ်အားဖြင့် ကာမအားတစ်ခုတည်းကိုသာ တိုးတက်စေသော ဆေးမျိုးဟူ၍ အလွန်ရှားပေသည်။ ဟိုမုန်းဆေးများနှင့် အထူး သုတေသနပြု၍ထားသော ဆေးဝါးအချို့ ရှိပေမည်။

သို့ရာတွင် နားလည်ထားအပ်သည်မှာ လူ၏ ကျန်းမာမှုနှင့် အထွေထွေ ခွန်အားမပြည့်ဝဘဲ ကာမအားတစ်ခုတည်းကိုသာ ထွင်ပေးသော ဆေးမျိုးသည် သေဆေး (ဝါ) မြန်စွာ သေလွယ်သောဆေးပင် ဖြစ်ပေလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်။ လူ၏ အထွေထွေခွန်အားနှင့် ကျန်းမာရေးပြည့်ဝစေသော ဆေးဝါး အစားအစာဟူသမျှသည် ကာမအားတိုးဆေးများပင် ဖြစ်ပေသည်။ လိုအပ်သည်မှာ လူ၏ ကျန်းမာလန်းဆန်းမှု ရရှိစေသော ဆေးဝါး အာဟာရသာ ဖြစ်ပေသည်။

လူက ကျန်းမာသန်စွမ်းမှလည်း ကာမဂုဏ်မှုခွဲ ကျန်းမာသန်စွမ်းပေမည်။ ချိနဲ့အားနည်းနေသူ တစ်ယောက်အတွက် ကာမအားဆေးဆိုသည်မှာ မည်သို့မျှ အဓိပ္ပာယ်မရှိနိုင်ပေ။ အထွေထွေ ကျန်းမာရေးအားနည်းသူသည် ကာမအားဆေး မှီဝဲရုံမျှနှင့် ထူးခြားတိုးတက်လာမည် မဟုတ်ပေ။ လူ၏ ကျန်းမာရေးသည်သာ လိုရင်းဖြစ်ပေသည်။

ခဏပန်းအားဖြင့် သွေးသားလှုပ်ရှား တက်ကြွစေသော ဆေးများ ရှိကောင်းရှိပေမည်။ စင်စစ်အားဖြင့် ကာမဂုဏ် လှုံ့ဆော်မှုတွင် ဆေးဝါး မလိုသော နည်းလမ်းများစွာ ရှိပေသည်။ သာမန်လူတို့အဖို့ ထိုစိတ်ဓာတ်များ ထူပြောမည်စိုး၍ပင် ချိုးနှိမ်နေကြရပေသေးသည်။

ဆန္ဒထက်သန်စေရုံဖြင့် နောက်ပိုင်းမှ ခွန်အားပြည့်စုံမှုလိုက်၍ မလာပါက မည်သို့မျှ သား ဟာမှုရရှိနိုင်မည် မဟုတ်ပေ။ လင်နှင့်မယားတို့၏ ဆက်ဆံမှုမှာ နှစ်ဦးနှစ်ဝ း ၊လိုက်အဖက် ပြေလည်မှုတလျှင်ပင် လုံလောက်ပေသည်။ ကာမဂုဏ်ပိုမိုလွန်ကဲအောင် အထူးတလည် ကြိုးစားနေခြင်းဖြင့် အားအင်ဆုတ်ယုတ်၍ အသက်တမ်းတိုသည်မှတစ်ပါး မည်သို့မျှ အကျိုးကျေးဇူးခံစားရမည် မဟုတ်ပေ။

လူဆိုသည်မှာ အထိုက်အလျောက် သာယာမှုပြည့်ဝလျှင် ပျော်မွေ့ဖွယ် ဖြစ်ပေပြီ။ မဖြစ်ပေါ်သော ဆန္ဒကို အတင်းဖြစ်ပေါ်အောင် နှိုးဆွခြင်း၊ မစွမ်းမနိုင်သော ဝန်ကို အတင်းစွမ်းနိုင်အောင် ကြိုးစားခြင်း၊ အခြား တာဝန်များကို လစ်ဟင်းစေလျက် ကာမဂုဏ်ကိစ္စကိုသာ စိုင်းပြင်းအားထုတ်နေခြင်းတို့သည် မလိုလားအပ်ပေ။ ကျန်းမာရေး ရှုထောင့်မှ ကြည့်လျှင် ရှောင်ကြဉ်ထိုက်သော ကိစ္စများပင် ဖြစ်လေသည်။

ကာမဂုဏ်ကိစ္စကို ဆောင်ရွက်ပြီးသည့်အခါတိုင်း ကုန်ခမ်းသော ချွေးများအတွက် ဆား,အနည်းငယ်နှင့် ရေကို သောက်သုံးပါ၊ သန့်ရှင်းစင်ကြယ်အောင် သန့်စင်ခြင်း၊ အသက်ရှုဝအောင် ရှူရှိုက်၍ နှစ်ချိုက်စွာ





အိပ်စက်ခြင်းများ ပြုသင့်ပေသည်။ ဤမျှနှင့်ပင် အထူးအထွေ ဆေးဝါး အာဟာရများ စားသောက်မှီဝဲရန် မလိုဘဲ လုံလောက်ပေသည်။

ကာမဂုဏ်ကိစ္စတွင် ဘိန်း၊ အရက်နှင့် အခြား အဖျော်ယမကာ၊ ဆေးဝါးတို့မှာ စိတ်ကို ပြုစားမှုမှတစ်ပါး၊ ဆောင်ရွက်ဆဲကိစ္စအတွက် အထူးအကျိုးပြုနိုင်သည် မဟုတ်ပေ။ ချက်ချင်းလျှင်မြန်စွာ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့သို့ ကူးပြန့်သွားခြင်း၊ သွေးသားဖြစ်ထွန်းခြင်းလည်း မရှိနိုင်ပေ။ သာမန်စားသောက်ချိန်များတွင် အာဟာရဖြစ်စေသော အစားအစာတို့ကို စားသောက်ခြင်းသည်ပင် အချိန်တန်လျှင် လိုရာအကျိုးကို ဆောင်ရွက်ရန် ပုံမှန်ဖြည့်တင်းခြင်း ဖြစ်ပေသည်။

ထိုသို့ ရေးသားဖော်ပြခြင်းမှာ လတ်တလော အကျိုးပြုနိုင်သည်ဟု အထင်ရောက်လျက်၊ လတ်တလော ဆေးဝါး, အာဟာရများကို မှီဝဲကာ မိမိကိုယ်ကို ယုံမှား၍ လိုသည်ထက်ပိုမိုသော ခွန်အားများ ရှိနေပြီဟု အထင်ရောက်ကာ၊ လိုက်စားလွန်ကျူးမိမည်စိုး၍ပင် ဖြစ်ပေသည်။

အာဟာရ ဆေးဝါးဆိုသည်မှာ လိုမှ, စားသုံးရန် မဟုတ်ဘဲ အမြဲတစေ သဘာဝ၏ ကျန်းမာမှုလာဘ်နှင့် ပြည့်စုံအောင် ကြိုးစားရမည့် ကိစ္စပင် ဖြစ်ပေသည်။

ဆေးကျမ်းများနှင့် သုတ္တရကျမ်းများတွင် ကာမဂုဏ်ကိစ္စမဆောင်ရွက်ထိုက်သူ၊ မဆောင်ရွက်အပ်သော အဖော်နှင့် မဆောင်အပ်သော အခါကာလတို့ကို ဖော်ပြထားလေ့ရှိရာ အထူးသတိချပ် မှတ်သားသင့်ပေသည်။

**ကာမဂုဏ်ကိစ္စ မဆောင်ရွက်အပ်သူများတွင် –**

၁။ အလုပ်အကိုင်ပင်ပန်းနွမ်းနယ်စွာ လုပ်ကိုင်ပြီး၍ အနားမရသေးသူ။ (ခရီးရောက်မဆိုက် အပန်းမဖြေရသေးသူ စသည်များလည်း ပါဝင်ပေသည်။)

၂။ အားအင်ကုန်ခမ်းသော ရောဂါစွဲကပ်နေသူ။

၃။ အားအင်ပြည့်စုံစေကာမူ ကူးစက်တတ်သောရောဂါရရှိနေသူ။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကာလသားရောဂါ ရရှိခံစားနေရသူ။
၅။ အရွယ်,အိုမင်း၍ ဝေဒနာ ဖိစီးခြင်းခံရသူ။
၆။ အရွယ်မရောက်သေးသူ။
၇။ ဆီး, ဝမ်း စသည် အောင့်အည်းချုပ်တီးထားရသူ။
၈။ အစားအစာ စားသောက်ပြီးစဖြစ်သူ။
၉။ စိတ်ထက်သန်မှုမရှိသူ။
၁၀။ စိတ်အေးချမ်းကြည်လင်မှုမရှိ၊ ရွံ့ထိတ်သောကရှိသူ။
၁၁။ မသန့်မပြန့် ညစ်ညမ်းနေသူ စသည်တို့ပင် ဖြစ်လေသည်။

ထိုသူများသည် ကာမဂုဏ်မှ ပြုချေသော် ကျန်းမာရေးကို မုချထိခိုက်မည်သာဖြစ်၍ တစ်ဖက်သားအားလည်း ရောဂါရရှိစေနိုင်ပေသည်။ ကာမဂုဏ်မှုကိစ္စတွင်လည်း ပျော်ရွှင်ချမ်းမြေ့သာယာမှု ရရှိမည်မဟုတ်ပေ။

ကာမဂုဏ်မှုကို ဝတ္တရားတစ်ခုအနေဖြင့် မလွဲမရှောင်သာ၍ ဆောင်ရွက်ရသည့်အနေဖြင့် မဆောင်ရွက်သင့်ပေ။ ကြီးလန့်စားစား ဆောင်ရွက်ရခြင်းမျိုးသည်လည်း အာရုံကြောများကို ဒဏ်သင့်စေလေသည်။

**ထိုမှတစ်ပါး မဆောင်ရွက်အပ်သော အဖော်အဖက်များ –**

၁။ အရွယ်မရောက်သေးသူ။
၂။ ကျန်းမာရေးချို့တဲ့၍ ရောဂါဝေဒနာရှိသူ၊ အားအင်ကုန်ခမ်းသူ။
၃။ ကိုယ်အင်္ဂါတို့တွင် ထိခိုက်နာကျင်မှု, အနာ စသည်ရှိသူ။
၄။ ဆီးရောဂါ၊ ကာလသားရောဂါရှိသူ။
၅။ စိတ်တုန်လှုပ်ချောက်ချား၍ သောကရှိသူ။
၆။ မေ့ဓာတုပွင့်နေသောမိန်းမ။
၇။ ကိုယ်ဝန် လရင့်သူ, မိန်းမနှင့် သားဖွားပြီးစ မိန်းမ။
၈။ ဆန္ဒမရှိသူ၊ မလိုလားသူ၊ အိပ်ထိန်းခြင်းမကင်းသူ။
၉။ အနားမရသော ပင်ပန်းနွမ်းယိသူ၊ ရောဂါခံစားနေရသူ။
၁၀။ ကျင်ကြီးကျင်ငယ် မစွန့်ရသေးသူ။
စသည်တို့ပင် ဖြစ်လေသည်။





ထိုသို့ ရှောင်ကြဉ်ခြင်းမှာ လူမှုရေး, ကျင့်ဝတ်အပြင် နှစ်ဦးနှစ်ဖက်၏ ကျန်းမာရေးနှင့် သာယာပျော်ရွှင်ရေး အကျိုးအတွက်လည်း ဖြစ်လေသည်။

**ကာမဂုဏ်ကိစ္စကို မဆောင်ရွက်အပ်သော အချိန်ကာလအားဖြင့် –**

၁။ အိပ်စက်နားနေချိန် ဆက်လက်မရရှိနိုင်မည့် နံနက်လင်းစအချိန်။
၂။ အစာ စားသောက်ပြီးစအချိန်။
၃။ သားဖွားပြီးစနှင့် နာလံထစအချိန်။
၄။ သောကကြောင့်ကြရှိနေချိန်။
၅။ ဘေးအန္တရာယ်နီးကပ်ချိန်၊ ဆိုက်ရောက်ချိန်။
၆။ ကျန်းမာမှု မပြည့်ဝသောအချိန်၊ ဝေဒနာခံစားနေရချိန် (ဓမ္မတာပေါ်ချိန်)။
၇။ စိတ်ဆန္ဒမထက်သန်၊ မလိုလားသောအချိန်။
၈။ အခြားသူတစ်စုံတစ်ယောက် အနီးပတ်ဝန်းကျင်၌ရှိချိန်။
၉။ စိတ်အေး, လက်အေး အချိန်မရနိုင်ချိန်။
၁၀။ ဣရိယာပုဒ် မမျှတဘဲ ညောင်းညာပင်ပန်းချိန်။
၁၁။ ဆီး, ဝမ်း, အောင့်အည်းချုပ်တီးထားရချိန်။
၁၂။ သဘာဝအခြေအနေအရ အသင့် မဖြစ်ပေါ်ချိန်။
၁၃။ တိတ်ဆိတ်လွတ်လပ်မှု မရှိချိန်။
၁၄။ အာရုံထွေပြား လှုပ်ရှားချိန်။
၁၅။ ပင်ပန်းသောအလုပ် တစ်ခုခု ဆောင်ရွက်ခါနီးအချိန်။
၁၆။ တစ်ဦးဦးက သီလ,စောင့်စည်း ရှောင်ကြဉ်ထားချိန်။
၁၇။ အိပ်ရာမှ နိုးစနှင့် အိပ်ချင်လွန်းသောအချိန်။
၁၈။ ရာသီဥတု ပြင်းထန်ချိန်။

ထိုအချိန်များတွင် ဆောင်ရွက်ခြင်းသည်လည်း ကျန်းမာရေးကို ထိခိုက်နိုင်ပေသည်။ ဆေးကျမ်းများ၌သာမက သုတ္တရကျမ်းများတွင် ဖော်ပြချက်များပင်လျှင် မည်သည့်နက္ခတ်၊ မည်သည့် အစွဲအလမ်းကြောင့် ဟုသော အကြောင်းကြောင့်မဟုတ်ဘဲ၊ ကျန်းမာရေးအကြောင်းတို့ကိုပင်

www.burmeseclassic.com

www.burmeseclassic.com



အခြေခံ၍ ပြဆိုထားသည်ကို တွေ့ရှိရပေသည်။ ထိုကိစ္စတွင် ရှေးအခါကပင် လျှင် ကျန်းမာရေးကို ငဲ့ကွက်ခဲ့ကြကြောင်း ထင်ရှားပေသည်။

ကာမဂုဏ်သာယာမှုအတွက် ပြဆိုသောအခါ အခွင့်နေရာတို့ကို ရုံးပေါင်း၍ ပြဆိုမည်ဆိုက အောက်ပါတို့နှင့် ပြည့်စုံသောအခါတွင်သာ ကာမဂုဏ်မှုကို ဆောင်ရွက်အပ်ကြောင်း သိရှိနိုင်ပေသည်။

၁။ နှစ်ဦးလုံးလိုလား ဆန္ဒရှိခြင်း၊ တစ်ဦးကိုတစ်ဦး အခွင့်ပြုခြင်း၊။

၂။ နှစ်ဦးလုံး ကျန်းမာလန်းဆန်းလျက်ရှိခြင်း။

၃။ ဆောင်ရွက်ရန် အသင့် ပြေလည်နိုင်ခြင်း၊။

၄။ သင့်လျော်သောနေရာ၊ လွတ်လပ်တိတ်ဆိတ်သော ပတ်ဝန်းကျင် ရှိခြင်း၊။

၅။ အိပ်စက်နားနေရန် အခွင့်ရနိုင်ခြင်း။

၆။ နှစ်ဦးလုံး ပြည့်မြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊။

ဤသို့ စနစ်ကျနစွာ ဆောင်ရွက်ခဲ့လျှင် အိမ်ထောင်ပြုသည့်အတွက် ကျန်းမာရေးလျော့ပါး ချူချာရခြင်းရှိမည် မဟုတ်ပေ။ ယောက်ျား, မိန်းမ နှစ်ဦးလုံးတွင် ချို့ယွင်းမှုများလည်း ရှိမည်မဟုတ်ပေ။ အိမ်ထောင်ရှင်များသည် ဖြတ်လမ်းနည်းများကို မလိုက်သင့်ဘဲ၊ တစ်ကိုယ်လုံးခြုံ၍ ကျန်းမာရွှင်လန်းမှု ကို ရယူတတ်ကြရပေမည်။ အန္တရာယ်ဖြစ်လိမ့်နိုးနှင့် စိုးရိမ်ကြောင့်ကြခြင်း လည်း မရှိသင့်ပေ။

လင်နှင့်မယားတို့သည် ကျန်းမာမှုကို အလေးထားငဲ့ကွက်သောအား ဖြင့် တစ်ဦးဦးက စိတ်အလိုလိုက်ကာ ကျန်းမာရေးထိခိုက်စေမည့် ကိစ္စများကို ဆောင်ရွက်မည်ရှိသော် ကျန်တစ်ဦးဦးက သတိပေး တားမြစ်ရပေမည်။ နှစ်ဦးလုံး၏ ကျန်းမာရေးကို ဦးစားပေးကာ တစ်ဦးနှင့်တစ်ဦး ပွင့်လင်းစွာ တိုင်ပင်ညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်ရပေမည်။

အပင်ပန်းခံလွန်းခြင်း၊ အိပ်ပျက်ခံလွန်းခြင်း၊ အန္တရာယ်ဖြစ်လောက် အောင် ရုံ့ကြမ်းဖောက်ပြန်ခြင်း၊ မသန့်ပြန့်ခြင်း၊ ပြီးလွယ်စီးလွယ် သဘောထားခြင်း၊ စိတ်မပါဘဲ ဆောင်ရွက်ခြင်း၊ ဆောင်ရွက်နေစဉ် စိတ်မချမ်းသာဖွယ်ရာ ပြောဆိုခြင်း စသည်များကို ရှောင်ရှားအပ်ပေသည်။



တစ်ဖက်သား ရှက်ရွံ့နာကျည်းစေမည့် အပြုအမူ၊ အပြောအဆိုများကိုလည်း ရှောင်ရှားရပေမည်။

အထူးသဖြင့် မိန်းမများသည် မိမိတို့ ပူဆာလိုသောကိစ္စ၊ အခွင့်အရေး ယူလိုသော ကိစ္စ၊ တစ်ဖက်စောင်းနင်း အသားယူလိုသောကိစ္စ စသည်များကို လင်နှင့် အိပ်စက်သည့်အခါများတွင်မှ စကားဆိုတတ်ကြပေသည်။ သူတို့၏ ယုံကြည်ချက်မှာ လင်သည် ကာမဂုဏ်ဆန္ဒ ယစ်မူးချိန်၌ အခြားအချိန်များ တွင် မလိုက်လျောနိုင်သည့် ကိစ္စမျိုးကို လိုက်လျောတတ်သည်ဟူ၍ပင် ဖြစ်လေသည်။

သို့ရာတွင် မမျှတလွန်းသော ကိစ္စတို့၌ ခွန်ကြီးခွန်းငယ်ပြောရ၍ စိတ်ထိခိုက်ရခြင်းများလည်း ရှိလေသည်။ မိမိလိုရာဆန္ဒကို တရားမျှတစေရန် အကြောင်းအကျိုးအားဖြင့် လက်သင့်ခံစေသည်ထက် ကာမဂုဏ်ဖြင့် ဖြား ယောင်းခြင်းမျိုးမှာလည်း အကျိုးမရှိပေ။

မိမိလင်အား ယုတ်နိမ့်စွာ အထင်သေးသည့်သဘောသို့လည်း ရောက်စေနိုင်ပေသည်။ တက်ကြွဆဲဆန္ဒများကိုလည်း လျော့ကျသွားစေ တတ်သည်။ ထို့ကြောင့် ထိုနည်းလမ်းမျိုးကို မိန်းမများက ပံ့သေနည်းဟူ၍ အမှတ်မထားသင့်ပေ။ ထိုသို့ ဆန္ဒတက်ကြွလာပြီးမှ ရုတ်တရက် စိတ်ပြန်၍ ကျသွားရခြင်းဖြင့် အာရုံကြောကိုပါ ထိခိုက်ဒဏ်သင့်စေတတ်လေသည်။

ထိုမှတစ်ပါး ယောက်ျားများတွင် ပန်းသေရောဂါရခြင်း၊ မိန်းမများ တွင် ဆန္ဒမြဲသော ရောဂါရခြင်း စသည်တို့မှာလည်း အိမ်ထောင်ရှင်နှစ်ဦး၏ နားမလည်မှုကြောင့် ဖြစ်ရတတ်လေသည်။

ကာမဂုဏ်ကိစ္စကို အချိန်အခါ၊ အတိုင်းအဆနှင့် မဆောင်ရွက်ခြင်း၊ ဆောင်ရွက်ဆဲတွင် တစ်ဦးဦး စိတ်မချမ်းသာဖြစ်ရအောင် ပြုမူပြောဆိုခြင်း၊ ခိုက်ရန်ဖြစ်မှု၊ စိတ်ကောက်မှု၊ ဆန္ဒပြမှု စသည်တို့ကြောင့် လိုလားဆန္ဒရှိချိန် တွင် ချုပ်တီးရလွန်းခြင်း၊ တစ်ဦးအလိုကို တစ်ဦး လိုက်လျောကြိုးပမ်းရမည့် အစား တစ်ကိုယ်ကောင်းစိတ်ဖြင့် မိမိတစ်ဖက်သတ် ဆန္ဒကိုသာ ဖြည့်စေခြင်း၊ တစ်ဦးစိတ်ကြိုက်ကို တစ်ဦးက မလိုက်လျောချင်ဘဲ ဆန့်ကျင်သဖြင့် စိတ်ထိခိုက်ရခြင်း စသည်အားဖြင့် ကိုယ်နှင့်စိတ် နှစ်ဖက်လုံး၏ ထိခိုက် ဒဏ်ရာ ရမှုများကြောင့် မလိုလားအပ်သော ချို့တဲ့မှုများ ဖြစ်ပေါ်လာရ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မှုကို ရေကြီးခွင်ကျယ် လုပ်လွန်းခြင်းသည် မကောင်းသကဲ့သို့ ပေါ့ပေါ့ဆဆ သဘောထားခြင်းသည်လည်း မကောင်းပေ။ အိမ်ထောင်မှုကိစ္စများသည် အထူးလိုက်စားလုံ့လထုတ်ရန် မကောင်းသော ကိစ္စများဖြစ်၍ လုံးဝ မသိကျိုးကျွံ လစ်လျူရှုထားအပ်သော ကိစ္စလည်း မဟုတ်ပေ။

ကျန်းမာရေးနှင့်ပတ်သက်၍ ကိုယ်အင်္ဂါများ သန့်ရှင်းရေး၊ အိပ်ရာ၊ နေရာ သန့်ရှင်း၍ လေကောင်းလေသန့် ရရှိရေး၊ သန့်စင်စွာ ဆေးကြောသုတ်သင်ရေး၊ ရောဂါပိုးမွှားသတ်သည့် ဆေးရည်၊ အနံ့အသက်ဆိုးတို့ ပပျောက် စေသည့်အနံ့ပေးသော ဆေးခဲ၊ ပရုပ်ခဲ စသည်တို့နှင့် သန့်ပြန့်သော အဝတ်များကို အသုံးပြုသင့်ပေသည်။

အချို့က အိပ်ရာ၊ နေရာ၊ စောင်၊ အိင်ရာခင်း စသည်တို့ကို ညစ်ပေအောင်၊ ဟောင်းနွမ်းနံစော်အောင် ထားတတ်ပေသည်။ ကိုယ်မှ ချွေးနံ့၊ ခံတွင်းနံ့မှစ၍ သန့်ရှင်းမှုကို အထူးဂရုပြုရန် လိုပေသည်။

သီးသန့်အဝတ်များ၊ အခင်းများ၊ ရေဇလုံများ၊ ညအိုးများ ထားရှိရန် လိုအပ်ပေသည်။ ကျန်းမာရေးကို လိုလားသော သူတို့အတွက်ကား အပိုချဲ့လွန်းသည်ဟု မယူဆဘဲ၊ သန့်ရှင်းမှုကို အလေးပေးသင့်ပေသည်။

❤

# အိမ်ထောင်၏ ပျော်ရွှင်ရေး

အိမ်ထောင်ပြုကြသူများ၏ အရသာမှာ အိမ်ထောင်၏ ပျော်ရွှင်ချမ်းမြေ့မှုပင် ဖြစ်လေသည်။ သားသမီးများ မရရှိသေးသော အခါတွင်လည်း ပျော်ရွှင်စွာနေကြ၍၊ သားသမီးရရှိလာလျှင်လည်း သားသမီးများနှင့်ပင် ပျော်ရွှင်ရပေမည်။ အမှန်အားဖြင့် အိမ်ထောင်သည် ပျော်စရာအရပ်၊ ပျော်စရာ အရိပ်, အာဝါသပင် ဖြစ်လေသည်။

အိမ်ထောင်၏ ပျော်ရွှင်ရေးသည် အခါခပ်သိမ်း စီးပွားရေး ချောင်လည်မှုတွင်သာ မတည်ပေ။ စီးပွားချောင်လည်ပါလျက် လင်နှင့်မယားတို့ စိတ်သဘော မပြေလည်လျှင် ပျော်မွေ့မှု မရှိနိုင်ပေ။ စီးပွားရေးအခြေအနေ မကောင်းသော်ငြားလည်း လင်နှင့်မယားတို့သည် တစ်ဦးကိုတစ်ဦး သက်သာအောင် ဖျောင်းဖျ၍ တစ်ဦးကိုတစ်ဦး အားပေးကာ ယုယုယယ ရှိခြင်းဖြင့် ပျော်မွေ့နှစ်သိမ့်နိုင်ပေသည်။

အိမ်ထောင်ဘဝသည် အထီးတည်းမဟုတ်တော့သဖြင့် တစ်ဦး၏ စိတ်မချမ်းသာမှုကို တစ်ဦးက အားပေးဖြေသိမ့်ဖော်ရပေပြီ။ လောကကြီး တစ်ခုလုံးက စွန့်ပယ်ထားစေကာမူ ချစ်သော လင်နှင့် မယားတည်းဟူသော တစ်ကမ္ဘာရှိနေလေပြီ၊ **"တစ်မျက်နှာ--တစ်ရွာထင်"**ဟူသော စကားပုံများစွာ အဓိပ္ပာယ်ရှိပေသည်။

ဤသို့ အိမ်ထောင်အတွက် အမှီသဟဲအားပေးယုယသူ၊ **ဖျော်ဖြေ,** ပိုက်ဖြားသူတို့ ရှိနေသော လောကသည် အဘယ်မျှ သာယာအေးချမ်းပါမည်

www.burmeseclassic.com

www.burmeseclassic.com



နည်း။ ထမင်းကြမ်းကို ယပ်ခတ်၍ စားနိုင်ပေမည်။ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ, နေရ ဟူသော စကားမှာ ထိုအခါမျိုး၌ အထိုက်အတန့်မှန်ကန်လာပေမည်။ ဆင်းရဲဒုက္ခဟူသမျှကို နှစ်ဦးနှစ်ဝ ချစ်မြတ်နိုးစွာ ပိုက်ဖက်ရင်း ကျော်နိုင်းနိုင်ကြပေမည်။

သို့ရာတွင် ဘယ်အရာကိုမျှ မကျေနပ်နိုင်သူ၊ မရောင့်ရဲနိုင်သူ၊ သည်းမခံနိုင်သူ တစ်ဦးဦး ပါရှိပါမူကား ထိုအိမ်ထောင်သည် ကျောက်ကြောပြင်ပေါ်၌ ရပ်တည်နေမည် မဟုတ်ဘဲ သဲဘရွတ်တံပေါ်၌သာ တည်နေပေမည်။

အိမ်ထောင်၏ ပျော်ရွှင်မှုမှာ ယူတတ်မှရသောအရာ ဖြစ်လေသည်။ ငွေကြေးမည်မျှ ပြည့်စုံကြွယ်ဝစေကာမူ တစ်ဦးကိုတစ်ဦး မလိုလားနေသမျှ တစ်ဦးကတစ်ဦးကို ဖိနှိပ်ထားနေသမျှ၊ တစ်ဦးစီက မိမိတို့ တစ်ကိုယ်ကောင်းကိုသာ ရှေ့ရှုနေသမျှ ပျော်မွေ့စရာ အိမ်ထောင် ဖြစ်မလာနိုင်ပေ။

အိမ်ထောင်၏ ပျော်ရွှင်မှုမှာ တစ်ဦးချင်း ပျော်ရွှင်မှုများကို ပေါင်းစပ်ထားခြင်း မဟုတ်ပေ။ နှစ်ဦးသားအတူတကွ ပျော်ရွှင်ခြင်းသာလျှင် ဖြစ်ပေသည်။ ယောကျ်ားသည် အရက်ဝိုင်းနှင့် ဘိလိယက်ခုံတွင် ပျော်ရွှင်နေပေမည်၊ မိန်းမက ဖဲဝိုင်းနှင့် ရုပ်ရှင်ခြံတွင် ပျော်ရွှင်နေမည်၊ သို့ရာတွင် အိမ်ထောင်၏ ပျော်ရွှင်မှုကား ဖြစ်မလာနိုင်ပေ။

ဤသို့ အိမ်ထောင်၏အရသာမတွေ့လျှင် အိမ်ထောင်တွင် အရသာရှိလိမ့်မည်ဟူ၍လည်း ထင်မည်မဟုတ်ပေ။ အိမ်ထောင်ကို တွယ်တာခြင်းလည်း ရှိမည်မဟုတ်ပေ။ စီးပွားရေး, ကြီးပွားရေး ဟူသည်၌ တိုင်ပင်ကြည့်ရှုမှုကား ဝေးပေလိမ့်မည်။ နေ့အခါတွင် ကွာနေပြီး ညအခါမှ ပြန်၍ ယှက်ဆုံမိသည့် တခါးနှစ်ချပ်နှင့် တူပေလိမ့်မည်။

ရှေးအခါက အိမ်ထောင်ကျပြီးလျှင် မိဘ၊ ယောက္ခမများကို အတူသွား၍ ကန်တော့ကြသည်။ ဘုရား, ကျောင်းကန်သွားကြသည်။ ဤသို့အတူတွဲ၍ လူသိနတ်ကြား သွားလာရသည့်အခါ သမင်ပျိုကလေးများကဲ့သို့ ကြော့ကြော့မော့မော့နှင့် အလွန်ပင် ပီတိဖြစ်ကြပေသည်။ ခေတ်ဆန်သူတို့က မင်္ဂလာကိတ်မုန့်ကြီးကို လှီးဖြတ်၍ မိတ်ဆွေများအား ဝေငှပေးနေရသည်နှင့်





ပင် တူပေလိမ့်မည်။ ဤအရသာမျိုးသည် ကာမဂုဏ်မှုနှင့် ဘာမျှမဆိုင်ဘဲ လင်နှင့်မယားတို့၏ ကျေနပ်ပျော်ရွှင်မှုတစ်ခုပင် ဖြစ်ရပေသည်။

သားသမီးများရ၍ ရှင်ပြုရသည့်အခါ မိခင်က ဆွမ်းအုပ်ကြီးကို ရွက်၍ ဖခင်က သပိတ်လွယ်၊ ယပ်တောင်ထမ်းကာ, ရှင်လောင်းလှည့်သည့်အခါ ဒိုးပတ်တစ်ချက်တီးလိုက်တိုင်း ဘဝင်မှာ နင့်၍ သွားအောင် ပီတိဖြစ်ကာ လင်နှင့်မယားတို့ အပြန်အလှန်ကြည့်ပြီး ကြည်နူးကြရသည်မှာလည်း ကာမဂုဏ်မှုနှင့် ဘာမျှ သက်ဆိုင်မည် မဟုတ်ပေ။

သားကလေးပီတာနှင့် သမီးကလေးရိုစီတို့ကို ကျောင်းလိုက်၍ အပ်ရသည့် မိခင်နှင့် ဖခင်တို့၏ ကျေနပ်ခြင်းမျိုးသည်လည်း ထို့အတူပင် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် လင်နှင့်မယားတို့သည် အစစအရာရာတွင် ပျော်စရာဖြစ်အောင် ဖန်တီးရန်လိုလေသည်။ ဘဝ၏ ပျော်စရာအကွက်များကိုလည်း လက်မလွှတ်တမ်း အရသာယူတတ်ရပေမည်။ **“ကျုပ်သမီးက မအေတူ အလှကလေးတော့”**ဟု မိခင်က ကြွား၍ **“ကျုပ်သားကလည်း ပညာချွန်တဲ့ ဖအေတူသားကြီးပါကွ”**ဟု ဖခင်က အားကျမခံပြောကြရသည်မှာ မည်မျှ ခံတွင်းတွေ့သည်ကိုလည်း သိရှိနိုင်ပေသည်။

လင်နှင့်မယားတို့သည် အစစအရာရာတွင် စိတ်သဘောညီရပေမည်။ အိမ်ကို ပြင်ဆင်ရာ၌ တစ်ယောက်က တစ်မျိုးကြိုက်၍၊ တစ်ယောက်က တစ်ဖုံနှစ်သက်ကာ ရင်ကြားစေ့၍ မရအောင် ဖွတ်တင်းနေရန် အကြောင်းမရှိပေ။

“အိမ်ရှင်မ,သဘောပေါ့ဗျာ”ဟု တစ်ယောက်က ခွင့်ပေး၍ “ဒါများ တိုင်ပင်နေရသေးသလား ကို--ရယ်”ဟု တစ်ယောက်က ကျေနပ်ပေးသော လင်မယားမျိုးသာ ဖြစ်ရပေလိမ့်မည်။

လင်နှင့်မယားတို့သည် အတူတကွကိုယ်တိုင် ဝိုင်းဝန်းချက်ပြုတ်ကာ တပျော်တပါး စားသောက်ကြခြင်း၊ ပျော်ပွဲစားထွက်ခြင်း၊ ကြက်ဟောင်းရိုက်ခြင်း၊ ဘုရားဖူးသွားကြခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ လေ့ကျင့်ကြခြင်း၊ အိမ်အလှပြင်ကြခြင်း၊ ဝတ္ထု, ရုပ်ရှင် ဆွေးနွေးကြခြင်း စသည်ဖြင့် ပျော်ရွှင်ဖွယ်ရာများစွာကို ပူးတွဲဆောင်ရွက်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘ၀သည် ပိုက်တန်းရက်သကဲ့သို့ တစ်ကြော့ချင်း လိမ်ရန် ချိတ်ရန် သာမက စာပေါင်းသိုက်ကဲ့သို့ အထပ်ထပ် အဖန်ဖန် လိမ်ယှက်ငြိတွယ်ခြင်း ရှိရပေမည်။ ပျော်ရွှင်မှုနယ်ကျယ်ပြန့်သလောက် ထောက်ထားစရာ အကွက်များ ကြွယ်ဝလာကာ အိမ်ထောင်နိုင်မြဲလာပေလိမ့်မည်။ အကွက်အချက်သိသော အိမ်ထောင့်ရှင်များသည် ဤသို့သော သာယာကြည်နူးမှုများကို ရှာဖွေဖန်တီး၍ ဆောင်ရွက်ရပေသည်။

အကယ်၍သာ လူတစ်ယောက်သည် တစ်သက်တာအတွင်း အိမ်ထောင်သည်အဖြစ် လင်မယားတစ်ဦးစီထက် ပို၍ တွေ့ကြုံကြုံဖူးမည်ဆိုလျှင် ပျော်မွေ့ဖွယ်ကောင်းသော အိမ်ထောင်နှင့် ခြောက်သွေ့သော အိမ်ထောင်တို့ကို နှိုင်းယှဉ်၍ ခံစားမိကောင်း ခံစားမိပေလိမ့်မည်။

လူဆိုသည်မှာ သာယာသော အိမ်ထောင်၏ ဘ၀ကိုပင် လိုလားလာပေလိမ့်မည်။ နေ့ခံ၍, ညစံရသော အသူရကာယ ဘ၀မျိုးနှင့် ထာဝရချမ်းသာနေသော နတ်ပြည်စည်းစိမ်ကဲ့သို့သော ဘ၀မျိုးကို နှိုင်းယှဉ်ရပေလိမ့်မည်။

လင်နှင့်မယားတို့၏ မပြေလည်မှု၊ အစေးမကပ်မှုများသည် ပျော်ရွှင်စရာများအကြားတွင် ပျောက်ပျက်နိုင်ပေသည်။

အချို့သော လင်မျ ား၊ မယားများသည် မိမိတို့ အိမ်ထောင်၏ ပြင်ပတွင် သာယာမှုရှာခြင်း ပြုသည့်အခါ လူအများက ထုံးစအတိုင်းပင် လောလီဖောက်ပြန်သည်၊ ကာမဂုဏ်လွန်ကဲသည်ဟူ၍ ကဲ့ရဲ့တတ်ကြလေသည်၊ ကဲ့ရဲ့လွယ်ကြလေသည်။ စင်စစ်သော်ကား လင်မယားတို့အတွင်း ရေပြလည်မှုများ၊ တွန်းခိုနေမှုများကို အတွင်းသို့ ဝင်၍ မမြင်မိတတ်ကြပေ။

အိမ်ထောင်တစ်ခုမှ နှစ်ခုသို့ ပြောင်းလဲထူထောင်ကြသည်မှာ ယောကျ်ားများ၊ မိန်းမများအတွက် မသင့်လျော်ခြင်းပင် ဖြစ်ပေသည်။ သို့ရာတွင် ကာမဂုဏ်ဖောက်ပြန်ခြင်းကြောင့်လော၊ အိမ်ထောင်၏ ပျော်ရွှင်မှု ဆိတ်သုဉ်း၍လော၊ ကြင်နာမှု အစေးမကပ်၍လောဟူ၍ လေ့လာခွဲခြမ်းဝေဖန်တတ်သူကား နည်းပေလိမ့်မည်။

အိမ်ထောင်သာ ပြုနေကြသော်လည်း ပြဿနာမပေါ်ကြသော အိမ်ထောင်ရှင်များ၊ ပျော်မွေ့မှုအရသာကို နားမလည်ကြသော အိမ်ထောင်ရှင်များတို့သည်ကား စာနာပိုင်းဖြတ်နိုင်စွမ်း ရှိမည်မဟုတ်ပေ။



"လင်ငယ်နောက်လိုက်သွားသည်၊ မယားငယ်ယူသွားသည်" ဟူသော အိမ်ထောင်ရှင်များအပေါ်တွင် အပြစ်ကိုပုံ၍ ချတတ်ပေသည်။ ထိုလင်မယားတို့အား ကြိုက်မိသူများကိုလည်း စာရိတ္တ လုံးဝ, မကောင်းတော့သူများကဲ့သို့ အပြစ်တင်တတ်ပေသည်။ အပြစ်ဟူသည်မှာ တာဝန်ရှိသူ၊ သက်ဆိုင်သူများတွင် တစ်မျိုးတစ်ဖုံစီ ရှိကြမည်မှာ မလွဲပေ။

သို့ရာတွင် လင်နောက်လိုက်အောင်၊ မယားငယ်ယူအောင် အထိန်းအသိမ်း, အဆုံအဆောင် ညံ့သော အိမ်ထောင်ရှင်များအပေါ်တွင်မူ အပြစ်မတင်ရက်ကြပေ။ အပြစ်လည်း မြင်ကြမည်မဟုတ်ပေ။

တစ်ဖက်တွင် လော်လီသူများဟူ၍ အပြစ်ဖို့လိုက်ခြင်းဖြင့် ကျန်တစ်ဖက်တွင် လွတ်ငြိမ်းချမ်းသာခွင့် ရသွားတတ်ကြပေသည်။ သို့ရာတွင် စွန့်ပစ်ခံရသူများတွင် အပြစ်လုံးဝ ကင်းသည်ဟူ၍ကား မဆိုသာပေ။

လူတို့သည် သာယာမှုကို မက်မောကြစမြဲ ဖြစ်ပေမည်။ အိမ်ထောင်ရှင်ဘ၀တွင် ဖြစ်လာသမျှကို ကြိတ်မှိတ်ခံစားနိုင်သူနှင့် အတိုင်းအထက်လွန်၍ မခံစားနိုင်သူဟူ၍ အမျိုးမျိုးရှိပေသည်။ မိမိအိမ်ထောင်ဘက်ကို အိမ်ထောင်၌ ပျော်မွေ့သာယာအောင် ပျော်ရွှင်မှု ပေးနိုင်သူနှင့် မပေးနိုင်သူလည်း ကွဲပြားပေသည်။

ကာမဂုဏ်မှု၌ ရောင့်ရဲနိုင်သူ၊ မရောင့်ရဲနိုင်သူဟူ၍လည်း ရှိပေသည်။ ကျေနပ်အောင် ဖြည့်စွမ်းနိုင်သူနှင့် မဖြည့်စွမ်းနိုင်သူဟူ၍လည်း ရှိလေသည်။

မိမိအိမ်ထောင်ဘက်ကို တွယ်တာခိုင်မြဲအောင် အစွမ်းကုန်ပျော်ရွှင်မှု ပေးရန် ကြိုးစားမည်ဆိုသူနှင့် မိမိတာဝန်ကျေလျှင်ပြီးသည် ဘာမျှ ထူးထူးထွေထွေ မဖန်တီးနိုင်၊ အရိုးခံနှင့်ပင် ပြုစုမည်ဆိုသူမျိုးလည်း ရှိပေသည်။

သို့ဖြစ်လေရာ တစ်ဦးနှင့်တစ်ဦး တိုက်ဆိုင်သင့်ပါလျက် မတိုက်ဆိုင်ဘဲ ဖြစ်ရသည့်အတွက် အပြစ်ရှိမည်ဆိုလျှင် နှစ်ဖက်လုံးတွင် ရှိရပေလိမ့်မည်။ အိမ်ထောင်တွင် သာယာမှုရရှိသူများသည် ထိုအိမ်ထောင်ကို ဘယာကျော်လုပ်သည့် စက္ကူကဲ့သို့ လွယ်လွယ်နှင့် စွန့်ပစ်နိုင်လိမ့်မည်ကား မဟုတ်ပေ။

အိမ်ထောင်ပြုကြသူများတွင် အိမ်ထောင်ပြုရသည့်အကြောင်း အမျိုးမျိုးရှိခဲ့ကြစေကာမူ အိမ်ထောင်ရှင်ဖြစ်လာလျှင် အိမ်ထောင်၏ ပျော်မွေ့မှုကို

www.burmeseclassic.com

www.burmeseclassic.com



လိုလားတတ်မြဲ ဖြစ်ပေသည်။ မိဘပေးစား၍ပင် ယူရသည်ဖြစ်စေ၊ တော်၍ ပြတ်၍ ယူရသည်ဖြစ်စေ၊ မတော်မတရား စော်ကားခံရ၍ ယူရသည်ဖြစ်စေ၊ ဥစ္စာ ရွှေ၊ ငွေကို တပ်မက်၍ပင် ယူရသည်ဖြစ်စေ၊ အိမ်ထောင်၏ ပျော်မွေ့မှုကို ရယူလိုပေသည်။

သာယာတတ်ပေသည်၊ ရင်သွေးများရလာလျှင်လည်း ချစ်မြတ်နိုး တတ်ပေသည်။ ကြင်နာအောင် ပြုတတ်သူကို ကြင်နာမိလာတတ်လေသည်။ ဘဝထူထောင်ရေးတွင် အိမ်ထောင်ခိုင်မြဲစေမှုအတွက် နှစ်ဦးနှစ်ဖက်လုံးက အားမထုတ်ကြဘဲနှင့် အော်တိုမက်တစ် အလိုအလျောက် ခိုင်မြဲမလာပေ။

အိမ်ထောင်၏ ခိုင်မြဲရေးကို ကြိုးစားရာတွင် အချို့မှာ ပြားပြားဝပ်၊ ကြောက်ရွံ့ရသည့်အနေမျိုးနှင့်ပင် တစ်ဖက်သတ် သည်းခံ၊ထိန်းသိမ်းနေရသူများ ရှိပေသည်။ ထိုကဲ့သို့ အောက်ကျုခံ၍ ဒူးနှင့်မျက်ရည်သုတ်ကာ အိမ်ထောင်မပြိုကွဲရေးအတွက် သည်းခံနေစရာကား အကြောင်းမရှိပေ။

သို့ရာတွင် အိမ်ထောင်၏ ပျော်မွေ့မှုများကိုကား ကြိုးစားဆောင်ရွက်ရပေမည်။ မိမိကြိုးစား၍ မလိုက်မိနိုင်တော့ဘဲ လက်လွှတ်ရခြင်းမျိုးအတွက်ကား ကောင်းစွာ ဖြေဆည်နိုင်စရာ ရှိပေသည်။

အိမ်ထောင်ပြုခြင်းသည် တစ်ဦးကိုတစ်ဦး လည်လှီးရန် ခေါင်းပုံဖြတ်၍ ကိုယ်ကျိုးအမြတ်ရှာရန်လည်း မဟုတ်ပေ။ အဆင်ပြေလျှင် ပေါင်းမည်၊ မပြေလျှင် ပြန်ခွာမည်ဟူသော ချွင်းချက်မျိုးနှင့် သွေးတိုးစမ်းခြင်းလည်း မဟုတ်ပေ။

အဆင်ပြေလျှင်လည်း ပေါင်းမည်၊ အဆင်မပြေလျှင်လည်း ပြေအောင်ကြိုးစား၍ ပေါင်းမည်ဟူ၍ တစ်လမ်းတည်း ဆုံးဖြတ်၍ ဆက်ဆံကြသူများဖြစ်ရာ၊ "တည်မိသောဘုရား လင်းတပင်နားနား"ဟူ၍ သဘောထားကာ အိမ်ထောင်၏ ခိုင်မြဲမှု၊ သာယာမှုတို့ကို ဖန်တီးရလိမ့်မည် ဖြစ်ပေသည်။

❤



# အိမ်ထောင်သာယာမှု စွဲမြဲရေး

ယောက်ျားနှင့် မိန်းမတို့သည် အိမ်ထောင်မပြုမီက တစ်ဦးနှင့်တစ်ဦး ခြည်မျှပွင့်လင်းမှုရှိသည် ဆိုစေကာမူ၊ တစ်ဦးအပေါ်တစ်ဦး ဟန်ဆောင်မှုများ ရှိတတ်လေသည်။ သမီးရည်းစားဘဝတွင်လည်း ထိုအတိုင်းပင် ဖြစ်လေသည်။ မိမိကို တစ်ဖက်သားက ပိုမိုစွဲမက်အောင် ဟန်လုပ်တတ်လေသည်။ နဂိုရှိရင်းထက် ပို၍ ဝင့်ကြွားတတ်လေသည်။

အပြစ်အနာအဆာ မမြင်မိတတ်လေသည်။ တစ်ဦးအပေါ်တစ်ဦး ပို၍ စွဲလန်းဟန်ပြကြလေသည်။ စေတနာပို၍ ထားတတ်ကြလေသည်။ ယုယအကြိုက်ဆောင်တတ်ကြလေသည်။ ဤသို့သော ဆောင်ရွက်မှုများကြောင့် တစ်ဦးကိုတစ်ဦးက စွဲမက်ချစ်ခင်လာကြလေသည်။ တစ်ဦးကြောင့် တစ်ဦးက သာယာမှု ခံစားရရှိလေသည်။ ချစ်ရသည်မှာ ပျော်စရာ၊ ကြည်နူးစရာ ကောင်းလေသည်။

သို့ရာတွင် အိမ်ထောင်ကျပြီးကြသောအခါတွင်မူ တစ်မျိုးပြောင်းသွားတတ်လေသည်။ အိမ်ထောင်ဟူ၍ ခိုင်မြဲပြီးလေသည် ဖြစ်သောကြောင့် ခုံအောင် ကြိုက်အောင်၊ ယခင်က ကြံဆောင်ကြိုးစားမှုများကို မလိုတော့သူ့ကဲ့သို့ ဖြတ်ပယ်ပစ်လိုက်တတ်ကြလေသည်။ မိမိကိုယ်ကို မွမ်းမံချယ်သ၊ ကြော့ကော့ပင်လျှင် အရေးမထားဘဲ ဖြစ်သလို နေပစ်လိုက်တတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအပေါ်တစ်ဦးတွင်လည်း တစ်ဦးက အလိုလိုက် အကြိုက်ဆောင်မှုများမရှိတော့ဘဲ မှုန်တန်းနေထိုင်သွားတတ်ကြလေသည်။ စင်စစ်အားဖြင့် အချစ်နှင့် စေတနာယုတ်လျော့သွားခြင်းမရှိစေကာမူ ကျန်တစ်ဖက်သား၏ အမြင်တွင် ဆားမပါသည့်ဟင်းကဲ့သို့ ပေါ့ပျက်၍ သွားရလေသည်။ ယခင်က ချစ်ခဲ့ရသလောက် အရသာမပေါ်ဘဲ ရှိလေသည်။ မြတ်နိုးမှုများလည်း လျော့ပါးသွားရလေသည်။

ယောက်ျားဟူသည်မှာ အလှအပကြိုက်သော သတ္တဝါဖြစ်လေသည်။ မနေ့ကလည်း ကြိုက်ခဲ့ကြ၍ နက်ဖြန်တွင်လည်း ကြိုက်ဦးမည်ပင်ဖြစ်လေသည်။ မိန်းမများမှာလည်း အချော့အမြူ ကြိုက်ကြသည်သာ ဖြစ်လေသည်။ အနှစ် နှစ်ဆယ်က ပေါင်းသင်းလာခဲ့သော လင်ယောက်ျားပင် ဖြစ်စေကာမူ ယနေ့ ချော့မြူကြိုစယ်ခြင်းကို ညည်းငွေ့သည်မရှိ လိုလားတတ်ကြပေသည်။ မိမိလင်၊ မိမိမယားဖြစ်လေပြီးသောကြောင့် ရိုးရိုးကြီး၊ အေးအေးစက်စက်ကြီး ဆက်ဆံနေကြသောအခါ ရှိရင်းစွဲအချစ်သည်ပင် ညည်းငွေ့ကုန်ခမ်းသွားရပေသည်။

အချို့သော မိန်းမ၊ ယောက်ျားတို့မှာ အနေအထိုင် ညစ်ပတ်ကြပေသေးသည်။ ချွေးစော်နံသော အဝတ်ကို ဆက်၍ ဝတ်ကြပေသည်။ အမွှေးအမှင် သုတ်သင်ခြင်းမရှိဘဲ လက်ပတ်စော်၊ အာပုတ်စော်ကလည်း နံ့တတ်သေးသည်။ သွားကိုပင် မှန်အောင် မတိုက်သည့်ပြင် နံစော်သော ဆေးပြင်းလိပ်များ ခဲထားတတ်ခြင်း၊ ဆေးငုံခြင်း၊ အချိန်နေရာမရွေး ကွမ်းစားခြင်း၊ ကြက်သွန်ဖြူလက်ဖက်ကဲ့သို့ အနံ့စွဲသော အစားအစာများ စားသောက်ပြီးနောက် ခံတွင်းမဆေးကြောခြင်း၊ နေရာမရွေး လေလည်ခြင်း၊ သွားကြားထိုးခြင်း၊ ရေမိုးမှန်အောင် မချိုးခြင်း၊ မုတ်ဆိတ်မှန်စွာ မရိတ်ခြင်း၊ ခေါင်းတွင် သန်းများပွနေခြင်း၊ ဆံပင်စုတ်ဖွား ဖားလျားနေခြင်း၊ အဝတ်အစား ဒုရွှတ်သီထိုး မသေမသပ် ဝတ်ဆင်ခြင်းမှစ၍ စက်ဆုတ်စရာများ ရှိနေတတ်ကြလေသည်။ လင်နှင့်မယားဖြစ်၍ အတူနေ အတူစားဖြစ်ကြသော်လည်း တစ်ချက်တစ်ချက်တွင် မသတီစိတ်ပေါ်ပေလိမ့်မည်။





စင်စစ်သော်ကား--လှဆိုသည်မှာ အပုပ်ကောင် ရုပ်ဆောင်နေသူများပင် ဖြစ်လေသည်။ ရုပ်ရှင်မင်းသမီး၊ မင်းသားကဲ့သို့ အလွန်အကျူး အလှပြင်ရန် မလိုသော်လည်း တတ်နိုင်သမျှ သန့်ပြန့်မွှေးကြိုင်စေရပေမည်။ သင့်လျော်အောင် သပ်ရပ်စွာ ပြုပြင်ဖီးလိမ်းရန် လိုလေသည်။ မိမိလင်၊ မိမိမယားကိုပင် သူစိမ်းသည့်သည်ကဲ့သို့ သဘောထားရပေလိမ့်မည်။ "ဘယ်လိုပြုပြင်နေနေ၊ ကိုယ့်လင်၊ ကိုယ့်မယားဘဲ မထူးတော့ပါဘူး" ဟု သဘောထားလျှင်ကား မှားပေလိမ့်မည်။

လင်နှင့်မယားတို့သည် တစ်ဦးအပေါ်တစ်ဦး အမြဲသဖြင့် သမီးရည်းစားကဲ့သို့ သဘောထားနိုင်ရန် လိုပေသည်။ ပြုစုမြဲ၊ အလှပြင်မြဲ၊ ယုယကြင်နာမြဲ အလုပ်တို့ကို တစ်သက်ပတ်လုံး လျော့ပေါ့ရန် မလိုပေ။ အချစ်သည် တစ်နေ့ပြီးတစ်နေ့ သစ်နေရပေမည်။ သို့မှလည်း အချစ်သည် ခိုင်မြဲပေလိမ့်မည်။

မယားသည် အအိုဖြစ်လေပြီဟု အလှမာန်ကို ချ၍ မပြုမပြင် မဖီးမလိမ်းဘဲ နေခဲ့ပါမူ အပျိုဘဝက မက်မောမှုတို့သည် ကွာကျသွားပေလိမ့်မည်။ အချို့မှာ ပင်ကိုယ်ရုပ်ရှိလှသည် မဟုတ်ဘဲ ပြုပြင်တတ်မှုကြောင့် လှသယောင်ရှိနေတတ်ပေရာ ထိုအလှကို မက်မောခဲ့သူသည် ထိုအလှ ကင်းကွာသွားပါက မက်မောစရာတစ်ကွက်မျှ မကျန်တော့ဘဲ ရှိရတတ်လေသည်။ အမှန်အားဖြင့်ကား အိမ်ထောင်သည်ဘဝတွင် အချစ်သစ်ဟောင်း၍၊ လှသည်နွမ်း၍၊ အလှသည်မှိန်၍၊ အသက်သည်ရင့်ရော်၍ လာလေရာ၊ အလှအပ ပြုပြင်မှုကို ပို၍ပင် ဂရုပြုရပေမည်။

အရွယ်နှင့် မလိုက်တော့အောင် ကလိန်းကလက်ပြုပြင်ခြင်းသည် ပို၍ လှမလာဘဲ၊ ရွံစရာဖြစ်၍ လာနေသည် မှန်သော်လည်း သင့်တင့်အောင် ပြုပြင်ခြင်းမှာမူကား ပင်ကိုယ်ရုပ်ကို ထိုက်တန်စွာ ထပ်မံဖြည့်စွက်ပေးနိုင်လေသည်။

လင်တို့အဖို့လည်း မိန်းမရှာဆံအောင် အလှပြင်စရာ မလိုစေကာမူ သပ်ရပ်သန့်ရှင်းမှုကို ဂရုစိုက်ရပေမည်။ လင်ယောက်ျားတစ်ယောက်ပီပီ

www.burmeseclassic.com

www.burmeseclassic.com



ကျာ.ကျားလျားလျားရှိစေရမည်။ အားကို တစ်ခုဖြစ်စေရမည်၊ ခန့်ညားခြင်းရှိရပေမည်။ မိမိပိုင်သော မယားဖြစ်လေပြီဟူ၍ မထေမဲ့မြင်မပြုဘဲ တတ်နိုင်သမျှ တိုး၍ ယုယရပေမည်။

လင်နှင့်မယားတို့သည် တစ်ဦးကိုတစ်ဦး ချစ်စေကြောင်းအတွက် မိမိတို့ဘက်မှ တတ်နိုင်သမျှ ကြိုးစားရပေမည်။ မလိုတန်ရာ၊ စိတ်မဆိုးတန်ရာ၊ ခွင့်မလွှတ်ဘဲ မရှိတန်ရာဟူ၍ ယုံကြည်စိတ်ချ လွန်းခြင်းမရှိရပေ။ လင်ယောက်ျားကိုယ်တိုင် တယုတယ ဝယ်ချမ်းပေးသော ဝတ်စားတန်ဆာတို့နှင့် ယုတ်စွအဆုံး ဆံညှပ်တစ်ချောင်းသည်ပင်လျှင် မယားဖြစ်သူအား ကျေနပ်ဝမ်းမြောက်စေပေသည်။

ထိုနည်းတူပင် ကိုယ့်လက်နှင့်ကိုယ် လက်သည်းညှပ်ရသည်မှာ မခက်ခဲ၊ မပင်ပန်းစေကာမူ မယားက လင်ကို ယုယစွာ ညှပ်၍ပေးမည်။ သို့မဟုတ် လင်က မယားကို ယုယစွာ ညှပ်၍ပေးမည်ဆိုပါက အယုအယ ခံရသူသည် အလွန်ကြည်နူးဝမ်းသာဖြစ်၍ ယုယသူအား သိတတ်လှသည်၊ ယုယတတ်လှသည်၊ ဂရုစိုက်လှသည်ဟူ၍ မေတ္တာစိမ့်စိမ့် တိုးပေလိမ့်မည်။ ဤသို့ ဆောင်ရွက်နိုင်သော ကိစ္စအခွင့်မျိုးကား အမျိုးမျိုး ရရှိနိုင်ပေသည်။

လင်နှင့်မယားသည် အလုပ်အကိုင် မအားမလပ်၍ဖြစ်စေ၊ ကြောင့်ကြစိုက်ရန်မလိုလှပဟူ၍ ပေါ့ဆစွာ တွေးတောလာခြင်းကြောင့်ဖြစ်စေ၊ မေတ္တာလျော့ပါးလာခြင်းကြောင့်ဖြစ်စေ၊ မိမိတို့ ပြုမြဲဖြစ်သော ဝတ္တရားများ ပျက်ကွက်လာသောအခါ တစ်ဖက်သားအတွက် ငြိုငြင်ဖွယ် ဖြစ်လာရတတ်လေသည်။ အထင်လွဲစရာလည်း ဖြစ်လာရတတ်လေသည်။

မိမိဇနီး,မယားသည် အလုအပကို ဂရုမစိုက်ဘဲ အိမ်မှုကိစ္စကိုသာ အားထုတ်ဆောင်ရွက်ကောင်း ဆောင်ရွက်နေပေမည်။ သို့ရာတွင် လင်အဖို့တွင်ကား ကြည့်ရှု၍ မကောင်းတော့သည့် မိန်းမအတွက် စိတ်အပျက်ကြီးပျက်ကာ၊ အခြားမိန်းကလေးများ၏ အလှတွင် ယစ်မူးနေမဲကောင်းနေမိပေမည်။ လင်သည်လည်း အလုပ်တာဝန်ကြောင့် သား,မယားအပေါ်ပြု ယုယမှုများ လစ်ဟင်းကောင်း လစ်ဟင်းနေပေမည်။





သို့ရာတွင် မယားဖြစ်သူမှာ မိမိလင်ထက် အယုအယ သာလွန်သော သူစိမ်းယောက်ျားတစ်ယောက်၏ ကြင်နာရိပ်ကို စိတ်ကူးယဉ် သာယာ ကောင်း သာယာနေမိပေလိမ့်မည်။ ပတ်ဝန်းကျင်ရှိ အိမ်နီးနားချင်း လင်မယားများအပေါ်တွင် နှိုင်းယှဉ်သုံးသပ်ကာ မည်သည့် လင်သည် မိမိလင်ထက် သာလွန်သည်ကိုလည်းကောင်း၊ မည်သည့် မယားသည် မိမိမယားထက် သာလွန်သည်ကိုလည်းကောင်း တွေးဆသုံးသပ်မိကောင်း သုံးသပ်မိပေမည်။

ဤသို့အားဖြင့် ကာလကြာခဲ့သော် လက်ရှိအိမ်ထောင်ရှင်တို့အပေါ်တွင် ခင်တွယ်မှုက လျော့လာသလောက် ထိုနေရာတွင် အစားထိုးရန် အခြားသူတစ်ဦးတစ်ယောက်ပေါ်တွင် အထင်ကြီး မြတ်နိုးမှုက တိုးတက်လာတတ်လေသည်။ ဤနည်းဖြင့် အိမ်ထောင်၏ ကွဲပျက်မှုသည် ဖန်လာတတ်လေသည်။ တွဲစပ်ထားသော မေတ္တာအစေးကလည်း ကွဲပြတ်၍ သွားတတ်လေသည်။

လင်ဖြစ်စေ၊ မယားဖြစ်စေ ဖောက်ပြန်ပြောင်းလွဲတတ်ခြင်းမျိုး၌ အကာယကံရှင်တို့၏ ချို့ယွင်းချက်များ ရှိတတ်သည်ကို ဖော်ပြခဲ့ပြီးဖြစ်ရာ အိမ်ထောင်ရှင်ဘဝ၌ ဖြစ်သလို ပေါ့လျော့စွာ နေတတ်ခြင်းမျိုး၏ အပြစ်ကလည်း မသေးငယ်လှပေ။ အမှန်အားဖြင့် ထိုသို့ အလှပြုပြင်မှုပေါ့ခြင်း၊ ယုယမှုပေါ့ခြင်းတို့သည် ကြီးမားသော ပြစ်မှုမဟုတ်စေကာမူ၊ ဆိုးကျိုးများစွာ သယ်ဆောင်လာနိုင်သော ပေါ့လျော့မှုမျိုးဖြစ်ရာ အထင်မသေးဘဲ ပြုပြင်ရန် လိုအပ်ပေသည်။ အမှိုက်ကစ၍ ပြဿဒ်ကို မီးလောင်နိုင်ပေသည်။

မိမိလင်၊ မိမိမယားသည် မည်သည့်အချက်များကို မနှစ်သက်သနည်း၊ မည်သည့်အချက်များကို နှစ်သက်သနည်း စသည်တို့ကို လေ့လာ၍ လိုအပ်သလောက်ကို လိုက်လျောရပေမည်။ သာမန်အားဖြင့် စား၍ကောင်းသော ဟင်းလျာကို ထဝင်တပန်း ပြုပြင်, ချက်ပြုတ်ပေးသည်ထက် မိမိလင်ကြိုက်နှစ်သက်တတ်သော ဟင်းတစ်ခွက်ကြောင့် ပို၍, မျက်နှာရစေလိမ့်မည် ဖြစ်ပေသည်။

www.burmeseclassic.com



မယား့အတွက် ပစ္စည်း,ဥစ္စာ မည်မျှ တန်ဖိုးရှိအောင် ဝယ်ခြမ်းပေးစေကာမူ၊ သူနှစ်သက်သော ပစ္စည်းတစ်ခုကို ဝယ်ပေးသည့်မျှလောက် ကြည်နူးမှု မရ,စေနိုင်သည်လည်း ရှိပေသည်။ ထို့ကြောင့် မိမိချစ်သူ၏ စိတ်သဘောနှင့် တွေ့သောအရာကို ဆက်လက်၍ ဆောင်ရွက်နေရန်နှင့် မိမိချစ်သူ မနှစ်သက်သောအရာကို အမြဲတစေ ရှောင်ရှားမိစေရန် သတိပြုရပေမည်။

အထူးသတိပြုရန်မှာ မိမိချစ်သူသည် မိမိအပေါ်၌ မည်သည့်အချက်ကို မြတ်နိုးသည်ဟူသော အချက်ကို စူးစမ်းနားလည်၍ ထိုအချက်သည် မိမိအပေါ်၌ အမြဲတမ်း ကိန်းအောင်းနေလေအောင် သတိပြုရလိမ့်မည် ဖြစ်ပေသည်။

အကယ်၍ မိန်းကလေးတစ်ယောက်သည် ယောကျ်ားလေးတစ်ယောက်အပေါ်တွင် ရင့်ကျက်သော သဘော၊ တည်ကြည်သော ဣန္ဒြေကို မြတ်နိုးလေးစား၍ လက်ထပ်လိုက်ပြီးနောက် ထိုယောကျ်ားသည် စည်းလဲ, ကောက်ကျစ်၍ သဘောထားသေးသော အဖြစ်ကို မြင်လာရမည်ဆိုပါက မေတ္တာ ပျက်လာမည်ပင်ဖြစ်လေသည်။

ထို့ကြောင့် တစ်ဖက်သားမြတ်နိုးသော အရည်အချင်းသည် ထာဝစဉ် ကိန်းအောင်းနေရန် လိုအပ်ပေသည်။ အကယ်၍ ယောကျ်ားတစ်ယောက်သည် မိန်းကလေးတစ်ယောက်အပေါ်တွင် စည်းစိမ်ဥစ္စာကို မက်မော၍ လက်ထပ်သည်ဖြစ်ပါက ထိုမိန်းကလေးသည် မိမိအလှကို ဆက်လက်မွှမ်းမံ ထိန်းသိမ်းခြင်း မပြုစေကာမူ အရေးမကြီးလှပေ။ သို့ရာတွင် စည်းစိမ်ဥစ္စာ ကုန်ခမ်းသွားသောအခါ၌ကား ထိုမိန်းကလေးသည် ဆွဲဆောင်နိုင်အား နည်းပါးသွားပေလိမ့်မည်။

အိမ်ထောင်သည်ဘဝသို့ပင် ရောက်လာစေကာမူ မိမိအိမ်ထောင်ဘက် အပေါ်တွင် ပေါ့ဆစွာ သဘောမထားသင့်ပေ။ မိမိအပေါ်တွင် ချစ်ကြိုက်စရာ အရည်အချင်း နှစ်ဖက်စလုံးတွင် အမြဲပြည့်ဝအောင် ကြိုးစားရပေမည်။ မိမိ၏ အိမ်ထောင်ရှင်ပင် ဖြစ်စေကာမူ ချစ်စရာကို ဖန်တီးနိုင်ပါက အချစ်တိုး၍ လာနိုင်ပေသည်။





ချစ်စရာကုန်ခမ်း၍ မုန်းစရာများ ပေါ်၍လာပါက မုန်းစိတ်များ မကိန်းအောင်းဘဲ မနေနိုင်ပေ၊ အချစ်ဆိုသည်မှာ အလိုအလျောက် တဲ့ရပ်မနေဘဲ ထိန်းသိမ်းထားနိုင်လောက်အောင် တည်တံ့ရပေသည်။ ထို့ကြောင့် လင်ရော၊ မယားပါ မိမိတို့၏ အချစ်ခိုင်မြဲရာ ခိုင်မြဲကြောင်းကို ကြိုးစားရပေမည်။

အမှန်အားဖြင့် အချစ်ခိုင်မြဲမှုကို လိုလားသူတိုင်းသည် တစ်ဖက်သော မိမိ, အိမ်ထောင်ဘက်က မှန်းဆ၍ အလိုလိုက် အကြိုက်ဆောင်နေခြင်းကိုသာ တိတ်ဆိတ်စွာ စောင့်စားခံယူမနေဘဲ မိမိအကြိုက်၊ မိမိဆန္ဒတို့ကိုလည်း ဖွင့်ဟ အသိပေးပြောဆိုနိုင်ပေသည်။

ထိုသို့ဖွင့်ဟပြောပြထားသောအခါ တစ်ဦးအကြိုက်ကို တစ်ဦးက လိုက်လျောရန်လည်း လွယ်ကူလာမည် ဖြစ်ပေသည်။ တစ်ဦးတစ်ဖက်တည်းကသာ လိုက်လျောဖြည့်တင်းရခြင်း မဟုတ်ဘဲ ကျန်တစ်ဖက်ကလည်း လိုက်လျောစွာ ပြန်လည်ကျင့်ဆောင်ဖြည့်တင်းရပေမည်။

လင်နှင့်မယားဟူသည်မှာ ထာဝရ ဘဝကြင်ဖော်များပင် ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး သူက,သာသည်၊ ငါက, နာသည်ဟူ၍ မကျေမချမ်း မျိုသိပ်စရာများ တင်ကျန်မနေစေသင့်ဘဲ၊ အစဉ်မပြတ် ကြည်သာ ကျေနပ်မှု ရှိနေစေရပေမည်။ ထိုသို့ရှိရန်အတွက် နှစ်ဖက်လုံးကပင် ကြိုးစားကြရပေမည်။

တော်ရုံတန်ရုံ အပြစ်အနာ ရှိရုံမျှနှင့်လည်း စွန့်ပယ်ကွာရှင်းနိုင်ကြမည် မဟုတ်ပေရာ တစ်ဦးအပေါ်တစ်ဦး မသင်္ကာမှု၊ အထင်လွဲမှု၊ မကျေနပ်မှုများကို မျိုသိပ်၍ မထားသင့်ကြပေ။ တစ်ဖက်သား၏ အလိုကို လိုက်နေရခြင်း အတွက် ငြီးငွေ့စရာ မလိုပေ။

တစ်ဖက်သားကို ပြုစုခြင်းသည် မိမိအကျိုးပင်ဖြစ်ရာ၊ ရရှိလာသည့် အကျိုးအမြတ်ဖြစ်သော အိမ်ထောင်၏ သာယာမှုနှင့် ပင်ပန်းကျိုးနပ်နိုင်ပေသည်။ တစ်ဖက်သားက မကောင်းတတ်၍, အားနာ၍, မပြောပြသော မိမိ၏ ချို့ယွင်းမှုများကိုပါ သိသာအောင် ကြိုးစားရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ဖြစ်စေ၊ မယားဖြစ်စေ၊ မိမိ၏ ကြင်ဖော်အပေါ်တွင် အလို၊ အကြိုက် တိုက်ဆိုင်အောင် ကြိုးစားရာ၌ သတိရှိသင့်သည်မှာ မိမိက အမြဲတစေ ကြောက်ရွံ့တွယ်တာလွန်း၍ ခယ, အောက်ကျို့နေရသည့်အဖြစ်မျိုးသို့ကား မရောက်စေသင့်ပေ။

တစ်ဖက်သားက မိမိအား စွန့်ခွာမည်စိုး၍ အစဉ်အောက်ကျခံနေရသည်ဟု သိရှိလာပါက၊ မူလ,က အဆိပ်အတောက် မရှိသော အိမ်ထောင်ဘက်သည်ပင် မိမိအပေါ်၌ အကဲကိုင်၍ အပေါ်စီး ယူလာတတ်ပေသည်။ မိမိလိုက်လျော အကြိုက်ဆောင်ခြင်းမှာ ချစ်၍သာဖြစ်ကြောင်း တစ်ဖက်သားက သဘောပေါက်စေရပေမည်။

အချို့က မိမိအိမ်ထောင်ဘက်က ထိုသို့ အကြိုက်ပြုတတ်ခြင်းကိုပင် ကွယ်ရာ၌ ဖောက်ပြန်လို၍ ဖြစ်လေသလော--အခြားမက်မောရမည့်သူများရှိ၍ အလုအပ လိုက်စားလေသလောဟူ၍ အထင်လွဲတတ်ခြင်းမျိုးလည်းရှိပေသည်။ ထို့ကြောင့် လိုက်လျောပြုမူရခြင်းသည် မိမိ, အိမ်ထောင်ဘက်၏ ဆန္ဒပြည့်ဝမှုအတွက်သာ ဖြစ်သည်ကို သိနားလည်စေရပေမည်။

တစ်ခါတစ်ရံတွင် လင်နှင့်မယား ချစ်ခင်ယုယ၍ရှိကြသည်ကိုပင် ပတ်ဝန်းကျင်ရှိလူများက သည်းလွန်း၊ ကဲလွန်းသည်ဟု ကဲ့ရဲ့ပြောင်းကဲ့ရဲ့ကြပေမည်။ အိမ်ထောင်သက်ရလာမှပင် နွဲ့လွန်း, ဖွဲ့လွန်းသည်ဟု အထင်ရောက်ကောင်း ရောက်ပေမည်။ သို့ရာတွင် ဤသို့ ကဲ့ရဲ့ခြင်းကို အရေးထားစရာ မလိုပေ။

ပတ်ဝန်းကျင်၌ အမြင်မတော်လောက်အောင် ကလေးကလားပြုမူခြင်းမရှိလျှင် မည်သူပြောဆိုသည်ကိုမျှ ဂရုစိုက်နေရာ မလိုပေ၊ အခြားသူများသည် မိမိတို့၏ အရေးကို အတွင်းကျကျ သိနားလည်မည်မဟုတ်ပေ။ စိတ်မချမ်းသာစရာ ရှိလာလျှင်လည်း မိမိသာ ခံစားရမည်ဖြစ်လေသည်။ ထို့ကြောင့် မိမိအိမ်ထောင်ရေးတွင် မိမိသင့်လျော်သည်ထင်သလိုသာ ဆောင်ရွက်ရပေလိမ့်မည်၊ ပတ်ဝန်းကျင်မှ ဝေဖန်ကြခြင်းများသည် အစဉ်မှန်ကန်ရမည်ဟု မဆိုနိုင်ပေ။





မြန်မာစကားပုံ၌ ကိုယ့်ဝမ်းနာ, ကိုယ်သာသိသည်ဟု ဆိုကြလေသည်။ အင်္ဂလိပ်စကားပုံ၌ **မိမိဖိနပ် အဘယ်နေရာမှ ထိုးကျင့်သည်(ဖိနပ်ပေါက်သည်)ကို မိမိသာ အသိဆုံးဖြစ်သည်**ဟူသော စကားပုံရှိလေသည်။ ထိုနည်းအတိုင်းပင် မိမိအိမ်ထောင်ဘက်နှင့် မိမိတို့ ပျော်ရွှင် ကျေနပ်ကြရမည့်ကိစ္စကို မိမိတို့ တာဝန်အနေဖြင့်သာ သတိထားဆောင်ရွက်ရလိမ့်မည်ဖြစ်ပေသည်။

ထိုမှတစ်ပါး လင်မယားတို့သည် အခြားသော အိမ်ထောင်များတွင် တွေ့မြင်ရသော ကြိုက်နှစ်သက်မှုနှင့် မကြိုက်နှစ်သက်မှုများကို အတင်းအဖျင်းပြောရုံအနေထက် ပို၍လေးလေးနက်နက် ရှုမြင်သုံးသပ်ကာ မိမိတို့အတွက် အတုယူစရာကို ယူ၍ ရှောင်ဖယ်စရာကို ရှောင်ဖယ်ရလိမ့်မည်ဖြစ်လေသည်။ မိမိတို့ အိမ်ထောင်၌ ဖြစ်မလာသေးသော ကိစ္စ၊ ရင်မဆိုင်ရသေးသော ပြဿနာများကို သုံးသပ်၍ မိမိတို့က မှန်ကန်စွာ ရင်ဆိုင်နိုင်အောင် သတိပြုရပေမည်။

အခြားအိမ်ထောင်တစ်ခု ပြေလည်သာယာကြခြင်းသည် အဘယ်အကြောင်းကြောင့်ဖြစ်သည်ကို လေ့လာရပေမည်။ အခြားအိမ်ထောင်တစ်ခု ပျက်စီးရခြင်းတွင်လည်း အကြောင်းရင်းမှန်ကို မျှတစွာ လေ့လာရပေမည်။ မပြည့်စုံသော ကောက်ချက်၊ တစ်ဖက်သတ်ကျသော အယူအဆမျိုး မရှိသင့်ပေ။ ဤသို့ သုံးသပ်လေ့လာခြင်းဖြင့် မိမိအိမ်ထောင်အတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်မည် ဖြစ်လေသည်။

အထူးသဖြင့် အိမ်ထောင်ရှင်များသည် မိမိတို့ အိမ်ထောင်ရေးတွင် ဆွေမျိုးများ၏ ကိစ္စ၊ ယောက္ခမမိဘများ၏ ကိစ္စနှင့် ညီအစ်ကို မောင်နှမများ၏ ကိစ္စတို့က လိုအပ်သည်ထက် ပို၍ စွက်ဖက်ခြင်း၊ ဒဏ်ဖိခြင်း မရှိအောင်လည်း ဂရုစိုက်ရပေမည်။

လင်နှင့်မယား ချစ်ခင်ပါလျက် အခြားသူများဝင်လာ၍ ကုန်းချောခြင်း၊ စကားရှုပ်ခြင်း၊ စွက်ဖက်ခြင်း၊ အခွင့်ရေးခြင်း၊ ဝေဖန်ပြောဆိုခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



မနိုင်မနင်းသော တာဝန်ပေးခြင်း စသည်တို့ ပေါ်ပေါက်လာပါက လင်နှင့်မယား ငြိုငြင်စရာ၊ သဘောကွဲစရာများ ပေါ်လာနိုင်ပေသည်။

ဆွေမျိုးကိစ္စ၊ မိဘကိစ္စများကား ကင်းပြတ်နိုင်သော ကိစ္စမဟုတ်ပေ။ သို့ရာတွင် စွက်ဖက်လွန်းခြင်း၊ ဒဏ်ပိစေလွန်းခြင်းရှိပါက စိမ်းသူအနေနှင့် စေတနာပျက်စရာ၊ သည်းမခံနိုင်စရာများ ဖြစ်တတ်ပေသည်။ အချို့အိမ်ထောင်တွင် လင်နှင့်မယား သင့်မြတ်ပါလျက်နှင့် ငွေရေး၊ ကြေးရေးတွင် ယောက္ခမဖြစ်သူက ကိုင်တွယ်စီမံခြင်း၊ မိန်းမ၏ ဝတ်ရေး၊ စားရေးတို့တွင်ပါ ဩဇာပေးလွန်းခြင်း စသည်တို့ကြောင့် လင်မယား ကွဲရတတ်ပေသည်။

မယားသည် မယား၏ အခွင့်အရေးကို ရလိုပေလိမ့်မည်။ လင်သည်လည်းကောင်း၊ မယားသည်လည်းကောင်း လုံးဝ, လွတ်လပ်ခွင့်မရအောင် မိဘ၏ ဩဇာခံရလွန်းသည့် အခြေအနေတွင် ရှိမည်ဆိုပါက အိမ်ထောင်ပြုရန် မသင့်ပေ၊ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ပြုရာတွင် အိမ်ထောင်ဘက်ကတစ်ဖက်၊ မိဘများ ဩဇာကတစ်ဖက်နှင့် အဆင်မပြေ ဖြစ်တတ်ပေသည်။ မိဘများသည် သားသမီးရင်းကဲ့သို့ အမှတ်ထား၍ဖြစ်စေ၊ ခေတ်၏အလိုက်ရှုတစ္စာ ဖြစ်စေ၊ စီမံခန့်ခွဲခြင်းပြုပါက အကြောင်းမဟုတ်ပေ။

မိဘတို့၏ ထောက်ပံ့မှုကိုသာ မှီတွယ်နေရသည့်တိုင်အောင် အိမ်ထောင်ရှင်တို့၏ ရသင့်သော လွတ်လပ်ခွင့်ကိုကား ရရှိစေရပေမည်။ ထိုသို့မဟုတ်ပါမူကား အဆင်ပြေရန် မလွယ်ကူပေ။ ထိုသို့မှ မဟုတ်လျှင် မိဘတို့က အရုပ်ပမာထားရာ်နေ၊ စေရာသွားသော သမက်၊ ချွေးမများကိုသာ ရှာရပေလိမ့်မည်။ ဤသို့သောသူမျိုးကား ရှားပါးလိမ့်မည် ဖြစ်ပေသည်။

အိမ်ထောင်တွင် လင်နှင့်မယားတို့က လိမ္မာပါးနပ်ကြမည်ဖြစ်ပါက နှစ်ဦးနှစ်ဖက် သာမန်ကိစ္စများတွင် လိုက်လျောကာ ပြေပြေလည်လည်ပင် ဆက်ဆံနိုင်ကြမည်သာ ဖြစ်ပေသည်။





## အိမ်ထောင်ရေးနီတိ

အိမ်ထောင်ပြုရန် ကြံရွယ်သူများသည် အိမ်ထောင်ဖက်ကောင်းရ ရှိအောင် ဂရုစိုက်လေ့လာရွေးချယ်ရပေမည်။ မိမိစိတ်ကြိုက်နှင့် မိဘ စိတ်ကြိုက် ဖြစ်လျှင်ကား ပို၍ကောင်းပေမည်။ မိမိ, မချစ်မနှစ်သက်သူကို အပရိက မက်လုံးဖြင့် မရွေးချယ်သင့်ပေ။ အိမ်ထောင်ဘက်သည် တစ်သက် တာအတွက် ရည်မှန်းချက်ဖြင့် ဆိုင်လာသူ ဖြစ်စေရပေမည်။

အိမ်ထောင်ဘက်ကို ရွေးပြီးသောအခါ တရားဝင်လက်ထပ်ခြင်း ပြုနိုင်အောင် စီမံရပေမည်။ ပကာသနများကိုသာ မလိုက်စားဘဲ၊ တရား ဥပဒေအရ ခိုင်လုံမှုကို ဂရုပြုသင့်ပေသည်။ မိမိဘဝလမ်းကြောင်း ပြေလည် ရေးကို အရေးထားရပေမည်။ သူတစ်ပါး တစ်ကြိမ်တစ်ခါ ချီးမွမ်း အထင်ကြီးမည့် ကိစ္စထက်, မိမိတို့ စိတ်ချမ်းသာရမည့် ကိစ္စကို အရေး ထားရပေမည်။

အိမ်ထောင်ရှင်ဖြစ်သည်နှင့်တစ်ပြိုင်နက် အိမ်ထောင်သာယာရေး ဘဝအဆင့်အတန်း တိုးမြှင့်ရေးတို့ကို နှစ်ဦးအညီအညွတ် တိုင်ပင်ညှိနှိုင်း အားထုတ်ကြိုးပမ်းရပေမည်။ တစ်ဦးကောင်း အနိုင်, အသာရရေးကို အာရုံမစိုက်သင့်ပေ။ မကျေနပ်မှုများ၊ သံသယများ မရှိအောင် ပွင့်လင်း ဆွေးနွေးဖြေရှင်းရပေမည်။ ပြင်ပဆွေမျိုးသားချင်းများ၏ တာဝန်အရှုပ် အထွေးများ၊ နှောက်ယှက်ရောဝင်ခြင်း မရှိအောင် ဆင်ခြင်ရမည်။

တစ်ဦးအပေါ်တစ်ဦး အတတ်နိုင်ဆုံးပြုစု၍ သည်းခံနိုင်သမျှ သည်း ရမည်။ တစ်ဦးစီ၏ တာဝန်ကျေပွန်၍ တစ်ဖက်သား၏ အခွင့်အရေးကို အစဉ်လေးစားရမည်။ နှစ်ဖက်ဆွေမျိုးများကို သင့်တင့်မျှတစွာ ဆက်ဆံ ရပေမည်။ အတူအညီ ပြုစုထောက်ပံ့ရပေမည်။ ပြင်ပ ဩဇာလွှမ်းမိုးမှုကိုကာ သတိပြုရှောင်ရှားရပေမည်။

အိမ်ထောင်၏ သာယာတိုးတက်မှုအတွက်လည်းကောင်း၊ ကာမဂုဏ် မှု ချမ်းမြေ့ပြည့်စုံရေးအတွက်လည်းကောင်း၊ အတတ်ပညာတိုးတက်ရေ

www.burmeseclassic.com

www.burmeseclassic.com

အတွက်လည်းကောင်း၊ ဘဝအသိမြင် ကျယ်ပြန့်ရေးအတွက်လည်းကောင်း၊ ကျန်းမာရေးအတွက်လည်းကောင်း၊ သားသမီး မွေးမြူထိန်းကျောင်းရေး အတွက်လည်းကောင်း၊ စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာခြင်း၊ မေးမြန်း ဆွေးနွေးလေ့လာခြင်း စသည်ဖြင့် အရည်အချင်း တိုးတက်အောင် ကြိုးစား ဆောင်ရွက်ရပေမည်။

တစ်ဦးအပေါ်တစ်ဦး သစ္စာရှိ၍ တစ်သက်တာချစ်ခင်မြတ်နိုးခြင်း ရှိကြရန်လည်းလိုပေသည်။ နှစ်ဦးသဘော ဆန္ဒတူညီစွာ ထာဝရ ကုသိုလ် များပြုခြင်း၊ ကျောင်းကန်ဘုရားသွားခြင်း၊ ခရီးထွက်ခြင်း၊ ပျော်ပွဲစား ထွက်ခြင်း၊ ကစားခုန်စားခြင်း စသည်ဖြင့် အမှတ်တရ ဖြစ်စေမည့်အရာ များကို ဆောင်ရွက်ရပေမည်။ တစ်ဦးအပေါ်တစ်ဦး နာရေး,ဖျားတာမှ စ၍ ကြင်နာစွာ ပြုစုရပေမည်၊ ကြင်နာသော အပြုအမူ ယုယမှု၊ ကျီစယ်မှု၊ မြတ်နိုးမှု၊ အကြိုက်ဆောင်မှု စသည်တို့လည်း ရှိရပေမည်။ ဤနည်းဖြင့် ဆက်ဆံသွားကြပါမှသာ ပျော်ရွှင်ချမ်းမြေ့ဖွယ် အိမ်ထောင်များ ကိုသာ တည်ဆောက်နိုင်ကြမည် ဖြစ်ပေတော့သည်။

❤



# အချစ်သဘောတရား

အချစ်ဟုဆိုသည်နှင့်တစ်ပြိုင်နက် အချစ်နှစ်မျိုးကိုခွဲ၍ ဆိုလိုကြောင်း ရိပ်စားမိဖွယ်ရှိလေသည်။ အချစ်ဟူသည်မှာ တစ်မျိုးတစ်စားတည်းသာ ရှိသည်ဟူသော အယူအဆနှင့် ကိလေသာ ကာမအချစ်နှင့် မေတ္တာအချစ် ဟူ၍ နှစ်မျိုးနှစ်စားရှိသည်ဟူသော အယူအဆနှစ်လမ်း ကွဲပြားတတ်ကြ လေသည်။ ထိုနှစ်မျိုးကိုပေါင်း၍ ယူဆသူဖက်၌လည်း ယူဆဖွယ်အကြောင်း ရပ်များရှိ၍ နှစ်မျိုး တစ်ခြားစီ ခွဲ၍ ယူဆသူများ၌လည်း ယူဆဖွယ်အကြောင်း ရပ်များ ရှိလေသည်။

အချစ်သည် တိရစ္ဆာန်များအပါအဝင် သတ္တဝါများ၌ ရှိတတ်သော ဇာတိစိတ်တစ်မျိုး ဖြစ်လေသည်။ အောက်ချင်းငှက်ဖိုမတို့သည် တစ်ဦးကို တစ်ဦးချစ်ကြ၍ မခွဲမခွာ နေထိုင်ကြကြောင်းကိုလည်း ကြားသိဖူးပေမည်။ အခြားတိရစ္ဆာန်များသည်လည်း ဖိုမအတူတွဲ၍ နေတတ်ကြသည်ကို တွေ့ရှိနိုင် ပေသည်။ အချို့သော တိရစ္ဆာန်များကား မိတ်လိုက်ချိန်များ၌သာ ကြုံရာဖိုမ တို့တွဲယှက်တတ်ကြ၍ အခြားအချိန်များ၌ သီးခြားဘာသာ နေတတ်ကြ ပေသည်။ အချို့သော တိရစ္ဆာန်များကား မိတ်ဖော်အဖြစ် တစ်ကြိမ်ဆုံတွေ့ကြ ပြီးနောက် အတူတကွ နေထိုင်စားသောက်တတ်ကြသည်ကိုလည်း တွေ့ရှိနိုင် ပေသည်။ ဤသို့ သဘာဝ ကွဲပြားခြင်းကို ထောက်ရှု၍ တိရစ္ဆာန်များတွင် ကာမစိတ်နှင့် အချစ်စိတ်သည် ကွဲပြားခြားနားသည်ဟူ၍လည်း ယူဆကြပေ သည်။ ထိုမှတစ်ပါး ကြောင်မကြီးသည် ကြောင်ကလေးများအား ကိုက်ချီ၍

www.burmeseclassic.com

www.burmeseclassic.com



အားလွှတ်ရာနေရာသို့ ရွှေ့ပြောင်းထားခြင်း၊ ကြက်မကြီးသည် ကြက်ပေါက်စကလေးများ နောက်သို့ တကောက်ကောက်လိုက်၍ အစာယက်ပေးခြင်း စသည်တို့ကို ထောက်ရှု၍လည်း တိရစ္ဆာန်အထီးများတွင် တွယ်တာကြင်နာသော မိခင်မေတ္တာမျိုး၊ ဖခင်မေတ္တာမျိုးသည် ကိန်းအောင်းတတ်သည်ဟု ယူဆပေသည်။ ဖခင်မေတ္တာနှင့် ပတ်သက်၍ ခွေး၊ ကြောင် စသည့် တိရစ္ဆာန်များတွင် မတွေ့မြင်ရစေကာမူ မျောက်၊ မျောက်ဝံ စသော သတ္တဝါများတွင်မူ ဖခင်ဖြစ်သော တိရစ္ဆာန်အထီးသည် ရင်သွေးများအား တာဝန်ယူစောင့်ရှောက်ပုံများကို တွေ့ရှိရပေသည်။

ဤသို့အားဖြင့် တိရစ္ဆာန်များတွင်လည်း မိသားစုမေတ္တာများနှင့် ကာမတဏှာနှစ်မျိုးလုံး ပေါ်ပေါက်တတ်သည်ဟု ဆိုနိုင်ပေသည်။ စင်စစ်သော်ကား တိရစ္ဆာန်များတွင် မိသားစုအပေါ်၌ တွယ်တာပုံများနှင့် အဖို၊ အမတို့ အချင်းချင်း တွယ်တာပုံများမှာ သဘာဝအားဖြင့် တူညီသည်ဟု ယူဆကြပေသည်။ သို့ရာတွင် သွေးသားမစပ်သော အခြားတိရစ္ဆာန်တစ်ကောင်ဖြစ်ခြင်း၊ အရွယ်ရောက်သော ဆန့်ကျင်ဘက်လိင်ဖြစ်ခြင်းတို့ကြောင့် ထိုခင်တွယ်မှုတွင် ကာမဆန္ဒနှင့် ရောထွေးယှက်တင်ခြင်း ရှိသည်ဟု ယူဆသူများလည်း ရှိလေသည်။ တစ်ဖက်တွင်မူ ထိုအချက်ကို စဉ်းစားနိုင်စေကာမူ အချို့သော တိရစ္ဆာန်များသည် အချိန်ကာလအလိုက် မိတ်လိုက်ခြင်းများ ပြုလုပ်ကြသဖြင့် ကာမဆန္ဒသည် တစ်ချိန်တစ်ခါမှသာ နိုးကြားခြင်း ရှိသောကြောင့် ကျန်အချိန်ပိုင်းများတွင် တွယ်တာမှုမျိုးသည် ကာမဆန္ဒနှင့် လုံးဝဆက်ဆံခြင်းမရှိဘဲ မိသားစုမေတ္တာကို နွယ်သည်ဟုလည်း ယူဆကြပေသည်။

မည်သို့ပင်ဖြစ်စေ တိရစ္ဆာန်များတွင်လည်း သဘာဝကိလေသာစိတ်အခြင်း တွယ်တာသော ငြိတွယ်စိတ်မျိုးလည်း ရှိသည်ကိုကား တစ်ထစ်ချမှတ်ယူနိုင်ပေသည်။ စင်စစ်အားဖြင့် ကိလေသာစိတ်နှင့် မေတ္တာစိတ်သည် ကွဲပြားခြားနားခြင်း ရှိသည်သာဖြစ်ပေသည်။ ထိုစိတ်နှစ်မျိုးသည် သီးခြားကွဲပြားနေစေကာမူ မေတ္တာစိတ်မှ သံယောဇဉ်နှင့် တပ်မက်တွယ်တာမှုတဏှာကို ဆက်ပွားနိုင်၍ ထိုတဏှာမှ ကိလေသာစိတ်ကို ဖိတ်ခေါ်ခြင်း ပြုတတ်ပြန်သည်ဖြစ်ရာ ထိုသဘာဝခြားသော စိတ်နှစ်မျိုး၏ ကူးလူး





ဆက်စပ်နိုင်သော သဘောကိုလည်း တွေ့ရှိနိုင်လေသည်။ ထိုကူးလူးဆက်စပ်မှုမှာ တတိယစိတ်၏ ဆက်စပ်မှုဖွမ်းအားကြောင့်သာ ဖြစ်လေသည်။ ဆီနှင့်ရေသည် တစ်သီးတစ်ခြားစီ ဖြစ်တည်နေသော်လည်း ကော့စတစ်ဆပ်ပြာကို ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် ဆီနှင့်ရေတို့ ပေါင်းစပ်ကူးလူးနိုင်သည့်သဘောမျိုးပင် ဖြစ်လေသည်။ တိရစ္ဆာန်များတွင် ထိုစိတ်နှစ်ရပ်၏ ကူးလူးမှုမှာ မသိသာသော်လည်း လူတို့တွင်ပို၍ သိသာထင်ရှားလေသည်။

ထိုမှတစ်ပါး လူသားတို့၏ စိတ်၌ ကိန်းအောင်းသော မေတ္တာမျိုးသည် တိရစ္ဆာန်တို့၏ စိတ်၌ ကိန်းအောင်းခြင်း ရှိ၊မရှိကိုလည်း မဆိုနိုင်ပေ။ ထိုစိတ်သည် အသိစိတ်နှင့် ယှဉ်သည်ဖြစ်ရာ တိရစ္ဆာန်တို့၌ ရှိရန်လည်း မလွယ်ပေ။ ရှိသော အထောက်အထားများကို ရှာဖွေရန်မှာလည်း လွန်စွာခက်ခဲပေသည်။ အကြမ်းအားဖြင့် အကဲခတ်ပါမူကား တိရစ္ဆာန်တို့တွင် မေတ္တာတရားဟူ၍ လုံးဝမရှိသလောက် ခေါင်းပါးပုံကိုသာ တွေ့ရှိရပေမည်။

ထို့ကြောင့် ပိုမိုကွဲပြားရှင်းလင်းစေရန် အောက်ပါအတိုင်း သုံးမျိုးခွဲခြား၍ စဉ်းစားသင့်ပေသည်။ ၎င်းတို့မှာ—

**မေတ္တာ**

**တဏှာ** နှင့်

**ကာမဆန္ဒ** ဟူသော **ကိလေသာကာမ** တို့ပင် ဖြစ်လေသည်။

ထိုသုံးမျိုးတို့တွင် မည်သည်ကို အချစ်ဟူ၍ ခေါ်တွင်နေကြောင်းကို အလေးအနက်စဉ်းစားရန်လိုပေလိမ့်မည်။ ထိုသို့ မစဉ်းစားမီအထက်ပါ စိတ်ရည်သန်ချက် သုံးမျိုးသည် မည်သို့ ရပ်တည်၍ မည်သို့ သဘောရှိသည်ကို ဝေဖန်လေ့လာရန် လိုပေသည်။

မေတ္တာကို ချစ်ခြင်းဟူ၍ သာမန်မှတ်ယူလေ့ရှိကြသော်လည်း၊ ဤတွင် မေတ္တာကို မေတ္တာဟူ၍သာ သိမှတ်သဘောထားရန် လိုလေသည်။ မေတ္တာဟူသည်မှာ ဖော်ပြခဲ့သည့်အတိုင်း သတ္တဝါအားလုံးအပေါ်တွင် ပြန့်လွှမ်းနိုင်သော ကြင်နာစိတ်မျိုးပင် ဖြစ်လေသည်။ သတ္တဝါအားလုံး ချမ်းသာကြပါစေဟူ၍ စေတနာဖြန့်လွှမ်းရှေ့ရှုခြင်းသည်ပင် မေတ္တာဖြစ်လေသည်။ မေတ္တာသည် သက်ရှိများအပေါ်တွင်သာမက၊ သက်မဲ့ဟု ဆိုအပ်သော သစ်ပင်တောတောင် ဩကာသလောကအပေါ်၌ပင် ဖြန့်ကျက်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com





လှပစွာပွင့်နေသော ပန်းပွင့်တစ်ပွင့်ကို နမ်းလွယ်မည်စိုး၍ အပင်မှ မခူးရက်ခြင်းသည်ပင်လျှင် ညှာတာကြင်နာခြင်းမျိုး ဖြစ်လေသည်။ သစ်ကိုင်းကို မခုတ်မဖြတ်ခြင်း၊ စီးနေသောရေလမ်းတွင် ဆို့ပိတ်နေသော ဒိုက်များကို ဖယ်ရှင်းပေးခြင်း စသည်တို့သည်လည်း သက်မဲ့အပေါ်၌ အမှတ်မထင်သက်ရောက်သော ကြင်နာသနားမှု အရိပ်အငွေ့များဖြစ်သည်ကို တွေ့ရှိနိုင်မည် ဖြစ်လေသည်။ ငါးရာ့နှစ်ဆယ့်ရှစ် မေတ္တာသဘောပင် ဖြစ်ပေသည်။

သတ္တဝါအချင်းချင်းဆက်ဆံမှု လောကတွင် တစ်ဦးကိုတစ်ဦး မနာလိုဘဲ အားပြိုင်အနိုင်လုမှုများ ရှိသကဲ့သို့၊ အချင်းချင်းအပေါ်တွင် အသီးသီးသော ဘဝ ရပ်တည်ခွင့်ကို အသိအမှတ်ပြုရုံမျှသာလည်းကောင်း၊ ထို့ထက်ပို၍ ကြင်နာမှုဖြင့်လည်းကောင်း၊ ယုတ်စွအဆုံး အခြားသူများလည်း အလိုအလျောက် ရှင်ကျန်တည်နေစေတော့ ဟူသော ဥပေက္ခာသဘောထားဖြင့်လည်းကောင်း၊ ဆက်ဆံသဘောထားချင်းမျိုးလည်း ရှိနေပေသည်။ ထို့ကြောင့်သာလျှင် သတ္တလောကဟူ၍ တည်တံ့ရခြင်း ဖြစ်လေသည်။ အကယ်၍ မေတ္တာ၏ ဆန့်ကျင်ဘက်ဖြစ်သော ရန်ပြုတိုက်ခိုက်မှု တစ်မျိုးတည်းသာ ရှိနေလျှင် သတ္တလောကသည်လည်း ချုပ်ပျောက်ရမည်သာ ဖြစ်ပေသည်။

မေတ္တာဟူသည် စေတနာရေ့ရှုမှုတွင် ကိုယ်ကျိုးဆန္ဒသည် တစ်စုံတစ်ခုမျှ မပါပေ။ မေတ္တာသည် ပရဟိတသက်သက်သာ ဖြစ်ပေသည်။ ထို့မှတစ်ပါး မေတ္တာသည် ပုဂ္ဂိုလ်စွဲ၊ အကြောင်းစွဲ၊ အခါစွဲဟူ၍လည်း မရှိပေ။ ဤမျှအထိသော မေတ္တာတွင် တဏှာဟူသော တပ်မက်မှု သမုဒယသဘောသည် အမြစ်မတွယ်သေးချေ။

သို့ရာတွင် ပုဂ္ဂိုလ်မရည်မှတ်သော အနောဓိသမေတ္တာမှ တစ်ဆင့်ကူးကာ ရည်သူမည်ဝါဟူ၍ ရည်မှန်းသတ်မှတ်၍ မိုးကွက်ကြားရှာ၍လာသော ရည်မှတ်သည့် ဩဒိသမေတ္တာတွင်ကား သမုဒယအရိပ်အရောင်များ လွှမ်းမိုး၍ လာလေသည်။ မိမိတိုင်းပြည်၊ မိမိရပ်ရွာ၊ မိမိပတ်ဝန်းကျင်၊ မိမိဆွေသားဟူ၍ သတ်မှတ်ချက်နယ် ကျဉ်းသည်ထက်ကျဉ်း၍လာသည်နှင့် တစ်ပြိုင်နက် ပုဂ္ဂလိကမေတ္တာများ ပေါ်ထွက်၍ လာရလေသည်။ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်အပေါ်တွင် ဖြန့်ကျက်သောမေတ္တာသည် သာမန် မေတ္တာအဆင့်တွင်လည်း တည်နေနိုင်ပေသေးသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်အပေါ်၌ အကြိမ်ကြိမ်ထပ်ဆင့်ကာ ချမ်းသာပါစေဟူသော ကြင်နာမှုစေတနာသည် တိုးပွားခိုင်တည်လာသောအခါတွင် ပုဂ္ဂိုလ်တွယ်တာမှု သမုဒယ(ဝါ) ပုဂ္ဂလိကမေတ္တာသည် ပေါက်ပွားလာ၍ တပ်မက်တွယ်တာမှု တဏှာနယ်သို့ ရောယှက်ကူးဝင်လာရလေသည်။

ထို့ကြောင့် မေတ္တာတွင် တဏှာလုံးဝ မကိန်းအောင်စေကာမူ မေတ္တာကို ကျဉ်းမြောင်းစွာ ပုဂ္ဂိုလ်ပေါ်၌ ဦးတည်လိုက်သောအခါ တဏှာပေါက်ပွားရာ အကြောင်းရင်းခံဖြစ်လာသည်ကိုကား သတိပြုနိုင်ပေသည်။ အကယ်၍ တပ်မက်တွယ်တာမှု အမြစ်မတွယ်သော ဩဒိသမေတ္တာအဆင့်အထိမူကား မေတ္တာဟူ၍ပင် ခေါ်ဆိုနိုင်ပေသည်။

မေတ္တာသည် ရည်မှတ်ခြင်းရှိသည့်တိုင်အောင် ဖို–မ၊ သူစိမ်းသူကျက်၊ သွေးသားစပ်,မစပ်ဟူသော ပြဿနာများ လုံးဝမပေါ်ဘဲ၊ လူအားလုံးအပေါ်တွင် ထားရှိနိုင်သော စေတနာစိတ်မျိုးပင် ဖြစ်လေသည်။ မေတ္တာသည် အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်သော စိတ်မျိုးလည်း ဖြစ်ပေသည်။ အန္တရာယ်လည်းမရှိ၊ ဒုက္ခလည်းမပေး၊ လောကီကိုယ်ကျိုးလည်း မမျှော်မှန်းသည့် ထားလိုပွားလိုသလောက် ထားနိုင်၊ ပွားနိုင်သော စိတ်ထားကောင်းထည်း ဖြစ်လေသည်။ ဤမေတ္တာကိုကား အချစ်ဟူသော အပိုင်းအခြားထဲတွင် ခွဲထည့်ရန် မသင့်ပေ။

တဏှာဟူသည်ကား တပ်မက်တွယ်တာခြင်းသာ ဖြစ်လေသည်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟူ၍ ကျမ်းဂန်၌ ခွဲ၍ပြဆိုပေသည်။ လူသတ္တဝါတို့သည် မိမိဘဝကို တပ်မက်သာယာသည်မှ အစပြု၍ ပတ်ဝန်းကျင်ပေါ်၌လည်းကောင်း၊ နီးစပ်ဆက်ဆံရာ ပုဂ္ဂိုလ်တစ်စု၊ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်၌လည်းကောင်း၊ တွယ်တာတပ်မက်သည် အထိ နယ်ချဲ့နိုင်လေသည်။ ကိလေသာ ၁၀–ပါး၌ကား လောဘဟူ၍သာ ခြဲ၍ပြလေသည်။ တဏှာသည် လောဘ၌ အကျုံးဝင်ပေသည်။

ပုဂ္ဂိုလ်တစ်စုံတစ်ဦးအပေါ်တွင် စေတနာထားရာမှ ထိုပုဂ္ဂိုလ်အား ကြင်နာမှု၊ သနားမှု၊ ငဲ့ညှာမှု၊ ခင်တွယ်မှု စသည်တို့သည် ရင့်သန်တိုးပွား၍ လာလေသည်။ ထို့မှတစ်ဆင့် အမြဲမြင်လိုခြင်း၊ တွေ့ဆုံလိုခြင်း၊ ရင်းနှီးပြောဆို

www.burmeseclassic.com



လိုခြင်း၊ ထိတွေ့သာယာလိုခြင်း စသည့်ဆန္ဒတို့လည်း ရင့်သန်၍လာလေသည်။ ထိုပုဂ္ဂိုလ်အတွက် ကြောင့်ကြခြင်း၊ ပူပန်ခြင်း၊ လွမ်းတခြင်း၊ မှုဆွေးခြင်း၊ စိုးနှောင့်ခြင်း စသော စိတ်အဆွယ်အပွားတို့လည်း ပေါ်ပေါက်လာလေသည်။ ထိုပုဂ္ဂိုလ်နှင့် ဝေးကွာရခြင်းသည် ဒုက္ခဖြစ်၍လာလေသည်။ ဤသို့လျှင် တွယ်တာမှု တိုးပွားရင့်သန်သည့် အစိတ်အပိုင်းသည် သိမ်မွေ့သော ကာမဆန္ဒနှင့် ဆက်ဆံသည်မှန်သော်လည်း ထင်ရှားသော ကာမဆန္ဒများ၊ ဖို–မစိတ်များကား ကိန်းဝင်ခြင်း မရှိသေးပေ။

ထိုတပ်မက်မှုတဏှာသည် သွေးသားတူ မိသားစုအပေါ်၌လည်းကောင်း၊ လိင်တူချင်းအပေါ်၌လည်းကောင်း၊ ယုတ်စွအဆုံး တိရစ္ဆာန်များအပေါ်၌လည်းကောင်း၊ ထားရှိနိုင်သော စိတ်မျိုး ဖြစ်လေသည်။ ထိုစိတ်သည် ကာမဆန္ဒနှင့်ကား မတူညီပေ။ သို့ရာတွင် ထိုစိတ်သည် ကာမဂုဏ်သာယာမှု၊ တပ်မက်လိုလားမှုများ ရောစပ်ပူးဝင်ခြင်းဖြင့် ကာမကိုရှေးရှုသော ကိလေသာစိတ်အဖြစ်သို့ လုံးဝပြောင်းလဲသွား ဘတ်ပေသည်။ စင်စစ်အားဖြင့် ကိလေသာစိတ်သည် တွယ်တာမှုနှင့် မဆက်မစပ်ဘဲ သီးခြားလှုပ်ရှားတက်ကြွနိုင်ခြင်း ရှိပေသည်။ တပ်မက်မှုတဏှာနှင့် ပေါင်းစပ်၍လည်း ရောယှက်ပေါက်ပွားနိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ တပ်မက်မှုနှင့် ပေါင်းစပ်သော ကိလေသာကာမနှင့် သီးခြားရပ်တည်သော ကိလေသာကာမတို့သည် သဘာဝချင်း၊ သဘောတရားချင်း ကွဲပြားခြားနားပေသည်။

ဤမျှ ဖော်ပြခဲ့ပြီးသော မေတ္တာ၊ တဏှာနှင့် ကာမတို့တွင် အချစ်သည် တဏှာနှင့် ကာမနယ်အကြားတွင် သိမ်မွေ့စွာ ကူးလူးနေသော စိတ်မျိုးဖြစ်ပေရာ၊ ထိုအကြောင်းများကို အသေးစိတ်ခွဲခြား၍ လေ့လာသောအခါ၌ ထင်ရှားကွဲပြားစွာ သိရှိနိုင်မည် ဖြစ်လေသည်။ ယေဘုယျအားဖြင့် ဆိုလျှင် အချစ်သည် တဏှာဟူသော တပ်မက်တွယ်တာမှုအပိုင်းနှင့် တိုက်ရိုက်ဆက်စပ်သက်ဆိုင်သည်ဟုပင် ဆိုရမည် ဖြစ်လေသည်။

အချစ်ဟူ၍ ခေါ်တွင်သော တပ်မက်မှုတဏှာသည် လူသတ္တဝါတို့တွင် မွေးစကတည်းက ပါရှိလာသော ဇာတိစိတ်ပင် ဖြစ်လေသည်။ ကိလေသာကာမဟုဆိုအပ်သော လိင်စိတ်သည်လည်း ထိုနည်းတူပင် ငယ်စဉ်ကပင် ကိန်းအောင်းလာခဲ့သော ဇာတိစိတ်ပင်ဖြစ်လေသည်။ သို့ရာတွင် လိင်





စိတ်သည် အရွယ်ရောက်သောအခါ၌ ထင်ရှားသိသာစွာ လှုးလွန့်လှုပ်ရှားလာ၍ ငယ်ရွယ်စဉ်အခါတွင်ကား အခြားစိတ်များနှင့် ရောထွေးနေ၍ သတိပြု ခွဲခြားသုံးသပ်သည့်အခါမှသာ တွေ့ရတတ်ပေသည်။ သာယာမှုကို ကလေးငယ်များလည်း နှစ်သက်ကြရာ၌ ထိုသာယာမှုတွင် လိင်အင်္ဂါများနှ ပတ်သက်သော သာယာမှုမျိုးကိုလည်းကောင်း၊ ဆန့်ကျင်ဘက်လိင်မျာ အပေါ်တွင် သာယာမှုမျိုးကိုလည်းကောင်း စိတ်ပညာရှင်များ ခွဲခြားသုံးသ နိုင်ကြသည်သာ ဖြစ်လေသည်။

အချစ်နှင့်ပတ်သက်၍ကား သွေးသားစပ်သော ပတ်ဝန်းကျင်၌သာ ပို၍ ထင်ရှားစွာ တွေ့ရှိရလေသည်။ ကလေးငယ်သည် မိခင်ကိုလည်း ကောင်း၊ ဖခင်ကိုလည်းကောင်း အတူတွေ့မြင်ရဖန်များသော အထိန်းတို အားလည်းကောင်း စွဲစွဲလမ်းလမ်း တွယ်တာ တတ်ပုံတို့ကို ကောင်းစွ တွေ့ရှိနိုင်ပေသည်။ သူစိမ်းများကောက်၍ချီလှင် ရှန်းကန်ငိုယိုတတ်သေ လည်း ခင်တွယ်သော မိခင်၊ ဖခင်၊ အထိန်းတို့က ကောက်ယူချီပိုးလျှ လိုလားစွာ လိုက်ပါတတ်သည်ကိုလည်း တွေ့ရှိနိုင်လေသည်။ ဤစိတ်သည တွယ်တာစိတ်ပင်ဖြစ်၍ ထိုမှတစ်ဆင့်တက်၍ အရွယ်ရောက်လာသည့်အခါ တွင် ပတ်ဝန်းကျင်ရှိ သွေးနီးစပ်သော သားချင်းများ၊ အိမ်သားများ ဆွေမျိုးများကို ခင်တွယ်လာတတ်သည်ကိုလည်း သတိပြုနိုင်ပေသည် ဤသို့ မိမိမှတစ်ပါး အခြားသူတို့အား တွယ်တာခင်တွယ်လာတတ်သေ စိတ်နှင့် အသိသည် ရင့်သန်နိုးကြား၍ လာသည့်အခါတွင် အချစ်ဟူ ထင်ထင်ရှားရှားခေါ်တွင်ရလောက်သော ပမာဏသို့ လှမ်းဝင်လာ ဖြစ်လေသည်။

ထို့ကြောင့် အချစ်သည် သဘာဝဇာတိစိတ်ပင်ဖြစ်သည်ဟု ဆိုနိ ပေသည်။ သို့ရာတွင် ပင်ကိုယ်သဘာဝစိတ်တွင် လိင်စိတ်များ အရွယ် အလျောက် မသိမသာ တိုးဝင်လွှမ်းမိုးလာသဖြင့် ငယ်ရွယ်သူတစ်ယောက်၏ အချစ်သည် အရွယ်ရောက်လာသော သူတစ်ယောက်၏ အချစ်နှင့် ကွဲပြ ခြားနားလာရပေသည်။ ထိုသို့ လိင်စိတ်၏ ပယောဂအနည်းအများ လွှမ်းမိုးခြင်းခံလာရသောအခါ မိမိသွေးသား၊ မိသားစုများအပေါ်တွ ချစ်ရာမှ အခြားသူစိမ်းများအပေါ်တွင် ချစ်ခင်တွယ်တာသောစိတ်မျာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာလေသည်။ ထိုအချစ်စိတ်သည် ဆန့်ကျင်ဘက်လိင်များနှင့် တွေ့ဆုံ ချုပ်းကပ်မိသောအခါ ကာမဂုဏ်စိတ်များ တပ်မက်တက်ကြွသော အချစ်စိတ်မျိုးသို့ ကူးပြောင်းသွားနိုင်လေသည်။

လူတစ်ဦးတစ်ယောက်တွင် အရွယ်မရောက်သေးမီအထိ သူစိမ်းများအပေါ်၌ ခင်မင်တွယ်တာတတ်သော စိတ်မျိုး ပေါ်ပေါက်နိုင်သော်လည်း ထိုစိတ်သည် တဏှာစိတ်သဘောသို့ နက်နဲစွာ ကူးဝင်ခြင်းမရှိနိုင်သေးပေ။ သို့ရာတွင် အရွယ်ရောက်လာ၍ ကိုယ်ခန္ဓာသွေးသားထဲ၌ ကာမဂုဏ်သာယာမှုများကို လိုလားတောင်းခံသည့် ခန္ဓာကိုယ်ပြုပြင်ပြောင်းလဲမှု ရှိလာသောအခါတွင် ထိုကိုယ်ခန္ဓာမှ ထွက်သော အချစ်စိတ်တို့တွင် တဏှာစိတ်များ ရာခိုင်နှုန်းပို၍ ထုပြောလာလေသည်။ ဥပမာအားဖြင့် အေးသောရေမှ အအေးငွေ့လွှင့်ပျံ၍၊ ပူသောရေမှ ပူသောအငွေ့လွှင့်ပျံသည့် သဘောပင် ဖြစ်လေသည်။ အရွယ်ရောက်သူတို့၏ စိတ်တွင် ကိန်းဝင်သည့် တွယ်တာမှုမျိုးသည် တွယ်တာတပ်မက်သည့် တဏှာသဘောနှင့် မကင်းလွတ်ချေ။ ထိုတွယ်တာမှုသည် ဆန့်ကျင်ဘက်လိင် တစ်ဦးတစ်ယောက်သို့ ဦးတည်သည် ဖြစ်ပါက ထိုအချစ်စိတ်သည် တဏှာရမက်မပါသော ရိုးသားစင်ကြယ်သည့် မေတ္တာဖြစ်ပါသည်ဟု မည်မျှပင်ပြောဆိုစေကာမူ ရိုးသားသော မေတ္တာမှုမမှန်နိုင်ချေ။ ကာယကံရှင်ကိုယ်တိုင် စိတ်၏ လှည့်စားခြင်းကို ခံနေရ၍ဖြစ်စေ၊ အချစ်စိတ်၏ နုနယ်သိမ်မွေ့မှုကို မထောက်မိသောကြောင့်သာဖြစ်စေ၊ ရိုးသားသော မေတ္တာဟူ၍ ယူဆနေခြင်း ဖြစ်ပေသည်။ ဆန်းပြားသော တဏှာသည် ထိုရိုးသားသော မေတ္တာမှုပင် သီးပွင့်လာခြင်းဖြစ်ပေသည်။

အချစ်စိတ်ကို လက်ခံမိကြသော ယောကျ်ား၊ မိန်းမ များစွာတို့သည် ပင်လျှင် မိမိတို့၏ အချစ်တွင် တဏှာအရိပ်အငွေ့ကင်းစင်သည်ဟူ၍ အထင်မှားခဲ့ကြဖူးလေသည်။ မူလအစကပင် သမုဒယနှောင်တွယ်၍ အိမ်ထောင်ဖူးစာဖက်ရန် စွဲမက်ချစ်ခင်ခြင်းမျိုး မစတည်ခဲ့ပါက၊ တစ်ဆင့်မှ တစ်ဆင့် ပွန်းတီးရင်းနှီး၍ တွယ်တာလာရသော အချစ်သည် သန့်စင်မှုနှင့် တဏှာကူးပြောင်းရာ နယ်နိမိတ်ကို ထင်ရှားစွာပြလေ့ မရှိပေ။ ကာယကံရှင်တို့ ကိုယ်တိုင်ပင်လျှင် ဖိုနှင့်မ ဖြစ်ပါလျက် ရိုးရိုးသားသား သို့မဟုတ် မောင်ရင်းနှမကဲ့သို့ ချစ်ခင်နေခြင်းသာ ဖြစ်သည်ဟု ထင်မြင်ယူဆနေမိတတ်လေသည်။

အိမ်ထောင်မှုလောကတွင် မောင်ရင်းနှမသဖွယ် နှစ်ကာလရှည်ကြာစွာ ဆက်ဆံနေခဲ့ကြပြီးမှ ကျူးလွန်ဖောက်ပြန်မိကြသော ဖိုနှင့်မတို့ ရှိကြပေသည်။ သာမန်ချစ်သူနှစ်ဦးတို့အနေဖြင့် အချိန်တိုတောင်းသော ကာလအတွင်း ချစ်ကြိုက်ပေါင်းသင်းကြမည်ဖြစ်သော်လည်း မောင်ရင်းနှမကဲ့သို့ ခင်မင်မှုရပ်တည်ခဲ့ရသူများမှာ ကာလအလွန်ကြာမြင့်မှပင် ချစ်ဖက်သင့်ကြခြင်း၌ အကြောင်းရင်း ရှိလေသည်။ တစ်ဦးနှင့်တစ်ဦး ရိုးသားစွာ ချစ်ရေး၊ ခင်ရေးကို မဖွင့်ဟဖြစ်ကြဘဲ ဆက်ဆံလာမိကြသည့်အခါဖိုမနှစ်ဦးလုံးတွင် မိမိတို့ကိုယ်ကိုမိမိတို့ ဟန့်တားနေသော အဟန့်စိတ်များ၏ နှိုးမိုးမှုကို ခံကြရမြဲ ဖြစ်လေသည်။

မိမိအချစ်ကို မိမိ ဇက်ပြန်၍ဆွဲထားမိတတ်လေသည်။ မိမိသည် ဖောက်ပြန်သော စိတ်ထားကို ဖော်ထုတ်မိပါက ဂိုးသားမှုကို ကျူးကျော်သည်ဟု ရှုံ့မုန်းကဲ့ရဲ့လေမည်ကိုလည်း ရှုံ့ကြောက်မိတတ်ပေသည်။ ထိုသို့ ဖွင့်ဟရမည်မှာ မောင်နှမရင်း အချင်းချင်းအပေါ်၌ ဖွင့်ဟပြောရမည်ကဲ့သို့ပင် မရဲမဝံ့၊ နှုတ်ရှုံ့စရာ ကြုံရတတ်လေသည်။ မိမိအပြုအမူမှာ မသင့်လျော်ကြောင်းကို အသိစိတ်က ပြင်းထန်ထင်ရှားစွာ သိနေသဖြင့် ဖွင့်ဟရမည့်ကိစ္စကို ဒုစရိုက်မှုကြီးသဖွယ် နှုတ်ဆွံ့၍ နေတတ်ပေသည်။ တက်ကြွလာသော စိတ်ကို ဖုံးဖိကာ အုန့်ပုန်းအနေဖြင့်သာ ရောင့်ရဲမိတတ်ကြလေသည်။ တွန့်ဆုတ်မှု လွန်ကဲပါက တွေးမိသော အတွေးကိုပင် ရပ်တံ့ပစ်မိတတ်လေသည်။ အခြားတစ်ဖက်ကလည်း ဤနည်းတူသဘောထားမိတတ်ပေသည်။ ဤသို့ ကိုယ့်လိပ်ပြာကို ကိုယ်အရှက်လွန်ကာ အချစ်လမ်းစဉ် မပြောင်းရဲသည်နှင့်ပင် အခြားသူများဖက်သို့ အချစ်ဦးလှည့်သွားတတ်ကြပေသည်။ အချို့လည်း အတက်ဖက်ကဖြစ်စေ၊ နှစ်ဖက်လုံးကဖြစ်စေ စိတ္တဇဝေဒနာ ခံစားရကာ နှစ်ရှွန်းအောင်ပင် ကြံစည်မိတတ်ကြပေသည်။ ဤသို့အားဖြင့် အချစ်ဦးကျိုး၍ တစ်ဖက်စိတ်တွင် မြဲသွားတတ်သော အချစ်မျိုးကြောင့် အိမ်ထောင်စိတ်များ ပျက်သုဉ်းခန်းခြောက်ရသည်လည်း ရှိလေသည်။





www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဆက်ဆံလာကြသူနှစ်ဦးတွင် တစ်ဦးဦးက ရေကြောင်းဖောက်ကာ အပေါ်ယံတင်းမာ၍နေသော အချစ်အခွံအကာကို ဖြိုခွဲပေးခြင်းဖြင့် အချစ်သားကောင်ကြီး ဖွံ့ဖြိုးလာရသော်လည်း ရှိလေသည်။ သို့ရာတွင် ထိုအချစ်မျိုး၏ ပေါက်ကွဲမှုသည် နှစ်ဖက်ချုပ်တီးစောင့်ထိန်းမှုများကြောင့် အချိန်ကြာညောင်းမှသာ ဖြစ်ပေါ်ရတတ်လေသည်။ တစ်ဖက်ဖက်က ချုပ်တီးမှု လွန်မင်းသောအခါတွင်မူ တစ်ဖက်က စတင်စေကာမူ ကျန်တစ်ဖက်က ရှက်ရွံ့မြဲ ရှက်ရွံ့ကာ တင်းမာခြင်းဖြင့် တစ်ဖက်သတ် အချစ်မျိုးတွင် အဆုံးသတ်ရသည်လည်း ရှိလေသည်။ ဤသဘောတရားသည် ချစ်လျက်နှင့်ပင် မိမိတို့ကိုယ်ကို လှည့်စား၍ ဖြစ်စေ၊ ပတ်ဝန်းကျင်၌ ဟန်ဆောင်မှုလွန်ကဲ၍ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် မချစ်ဟန်ဆောင်နေခြင်းမျိုး ဖြစ်လေသည်။ ထိုဟန်ဆောင်မှုမျိုးကို ကာယကံရှင်သည် မိမိကိုယ်တိုင်ပင် မသိရှိဘဲ ဟန်ဆောင်နေမိတတ်လေသည်။

အချစ်နှင့် မကင်းသူများစွာသည် မိမိတို့က တစ်စုံတစ်ဦးအား ချစ်မိသောအခါ တကယ် စတင်၍ချစ်သော ကာလထက် များစွာ ယွင့်နှောင်းလေပြီးမှ မိမိချစ်နေကြောင်းကို ရိပ်မိသိရှိတတ်လေသည်။ ချစ်သည်ဟု ဝန်မခံနိုင်သေးသော စတင်စိတ်ဝင်စားမိသည့် ကာလသည် အချစ်မျိုးစေ့ စတင်စိုက်ပျိုးခဲ့သည့် ကာလဖြစ်သည်ကို လူအများပင်လျှင် မစဉ်းစားမိတတ်ပေ။ ပိုင်ပိုင်နိုင်နိုင် ချစ်ရန် သို့မဟုတ် ချစ်ခွင့်ပေးရန် ဆုံးဖြတ်သော ကာလသည် အလွန်နှောင်းသော ကာလဖြစ်ကောင်းဖြစ်ပေမည်။ သို့ရာတွင် ကလေးတစ်ယောက် ဖွားမြောက်သည်ကို ဖွားမြင်စအချိန်မှစ၍ အသက်ရေတွက်စေကာမူ သန္ဓေစတင်ရာ ကာလသည်ကား ထို့ထက်သာ၍ စောပေလိမ့်မည်။ ချစ်လိုသည်၊ မချစ်လိုသည်၊ ချစ်သင့်သည်၊ မချစ်သင့်သည်ဟူသော အဆုံးအဖြတ်များသည် အချစ်သန္ဓေစွဲသည့်ကာလမှာပင် စဉ်းစားဦးတည်ရမည့်အရေးဖြစ်၍ မိမိစတင်ချစ်သောကာလကို မလှည့်ဖျား၊ မယောင်မဆောင်ဘဲ အတတ်သိအောင် ကြိုးစားရပေမည်။

ဖို,မနှစ်ဦးတို့ ရင်းနှီးခင်မင်နေကြသည်ကို မိတ်ဆွေတစ်ဦးက "ခင်ဗျားတို့ ကြိုက်နေကြသလား"ဟု မေးကြည့်လေသည်။





ထိုအခါ ကာယကံရှင် တစ်ဦးစီက "အို--ကြံကြီးစည်ရာ မဟုတ်ရပါဘူး"ဟူ၍ အဖြေပေးကြလေသည်။ ရက်အနည်းငယ်ကြာမြင့်သောအခါ ထိုသူနှစ်ဦးတို့ ခိုးရာလိုက်သွားကြလေသည်။ နောက်တစ်ကြိမ်တွေ့၍ မိတ်ဆွေဖြစ်သူက မေးမြန်းသောအခါ "ခင်ဗျား–မေးတဲ့အချိန်အထိ တကယ်ပဲ မကြိုက်မိကြသေးပါဘူး၊ ခင်ဗျားမေးတော့မှ လူတွေက ဒီလို ထင်ကုန်ကြပြီ မထူးပါဘူးဆိုပြီး နှစ်ဦးသား ကြိုက်မိကြတာပါ"ဟူ၍ ခဖြောင့်ချက်ပေးလေသည်။

စင်စစ်သော်ကား–မေးသည့်အခါမှ စ၍ကြိုက်ကြခြင်းကား မဟုတ်ချေ။ တစ်ဦးနှင့်တစ်ဦး အတိအလင်း ချစ်စကား ဖလှယ်မိကြစေကာမူ၊ တွယ်တာမှုများ ပျိုးခဲ့သည်မှာကား အမှန်ပင် ဖြစ်လေသည်။ ထိုတွယ်တာမှုပျိုးခြင်းသည် စတင်၍ ချစ်နေခဲ့ခြင်းပင် ဖြစ်လေသည်။ တစ်ဦးနှင့်တစ်ဦး ချစ် ကြိုက်စကားတစ်လုံးတစ်ပါဒမှ မပြောမိကြဘဲ ရင်းနှီးဆက်ဆံမိကြသော အိမ်ထောင်ရှင်များလည်း အများအပြားပင် ရှိလေသည်။ ထို့ကြောင့် အချစ်သည် ချစ်သည်ဟု ဝန်မခံမီကတည်းက စတင်အခြေစိုက်နေတတ်သည်ကို သတိပြုသင့်လေသည်။

"ငါ--ကိုများ ချစ်နေလေသလား"ဟူသော မေးခွန်းကို ကိုယ်တိုင်မေး၍ အချစ်၏အကဲကို စူးစမ်းဆင်ခြင်ရန် အခါခပ်သိမ်းလိုလေသည်။ သို့မှသာ မိမိ၏ အချစ်အမျိုးအစားကို ခွဲ၍ ကြိုကြိုတင်တင် ပြုပြင်နိုင်မည် ဖြစ်လေသည်။ အချစ်စိတ်၏ အစဉ်ကိုလည်း သတိကြီးစွာဖြင့် နယ်နိမိတ်သတ်မှတ်ရမည် ဖြစ်လေသည်။

မိန်းကလေးတစ်ယောက်သည် အဆိုတော်အမျိုးသားတစ်ဦး၏ သီချင်းများကို စွဲစွဲလန်းလန်း နှစ်သက်လေသည်။ ထိုနောက် အမှတ်မထင်အားဖြင့် ထိုအဆိုတော်၌ ဇနီးမယားရှိကြောင်းကို သိရှိရပြီးသောနောက်၌ ထိုအဆိုတော်၏ သီချင်းများ စိတ်ဝင်စားခြင်း မရှိတော့ပေ။ ထိုမိန်းကလေးသည် အဆိုတော်အား ချစ်ကြိုက်မိနေပါသလောဟု မေးလျှင် ထိုမိန်းကလေးသည် အနုပညာကို မြတ်နိုးခြင်းသာ ဖြစ်ပါသည်ဟူ၍ ဖြေဆိုပေလိမ့်မည်။ ထိုမိန်းကလေးသည် စိတ္တဇ ရူးသွပ်သွားခြင်းလည်း မရှိပေ။ မအိပ်နိုင်မစားနိုင်လည်း မဖြစ်ပေ။ ခါတိုင်းကဲ့သို့ပင် အမူအယာမပျက်ပင် ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူ၏စိတ်ထဲ၌ အမှတ်မထင် ချစ်စိတ်ဝင်မိသည်မှာကား အမှန်ပင်ဖြစ်ရပေမည်။ ဤသို့ မသိသာလောက်သော သိမ်မွေ့သည့် အချစ်အရိပ်အငွေ့များလည်း ရှိသည်ကိုကား သတိပြုရပေမည်။ သာမန်အားဖြင့် မထင်ရှားသော်လည်း အကြောင်းကိစ္စများ ပေါ်လာသောအခါ အထင်းသား ပေါ်လာတတ်ပေသည်။

ယောက်ျားတစ်ဦးသည် အခြားမိန်းကလေးတစ်ဦးအပေါ်တွင် မိမိအပေါ်မှာထက်ပို၍ အခွင့်အရေးပေးသည်ကို မြင်တွေ့ရသောအခါ စိတ်ထဲတွင် မနာလိုသလို၊ မကျေနပ်သလို ဖြစ်ပေါ်မိတတ်သည့်အခါ ထိုမိန်းကလေးသည် ထိုယောက်ျားကလေးအပေါ်တွင် စိတ်ဝင်စားမှုအတော်အတန် ပိုကဲ၍နေသည်ကို သတိပြုမိနိုင်လေသည်။ စင်စစ်အားဖြင့် ထိုယောက်ျားကလေးအား နှစ်နှစ်ကာကာ မချစ်မိသေးစေကာမူ ချစ်စိတ်လွှမ်းမိုးနေပြီ ဖြစ်သည်ကို သတိပြုမိနိုင်လေသည်။

အချုပ်အားဖြင့် အချစ်စိတ် ကိန်းဝင်လာသည်မှာ မောင်းထုကာ အောင်တံခွန်ထူ၍ ဝင်လာသည်မဟုတ်ဘဲ ကာယကံရှင် မသိနိုက်ပင်လျှင် အသဲနှလုံးသားထဲ၌ ပုန်းခိုဝင်ရောက်နေတတ်ခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် အရွယ်ရောက်သော ဖိုမတို့၏ သွေးသားမတော်စပ်ဘဲ ဆက်သွယ်မှုတွင် အချစ်စိတ်များ ထင်ထင်ရှားရှား မပေါ်ပေါက်သေးစေကာမူ ထိလေသာချစ်သို့ ဦးတည်နိုင်သော သမုဒယပေမမေတ္တာများ ထန်ပြင်းနေပါက မေတ္တာမှ ကိလေသာသို့ ကူးပြောင်းရာ နယ်နိမိတ်သည်လည်း ခံတပ်တံတိုင်းကြီးသဖွယ် ရပ်တည်နေလိမ့်မည် မဟုတ်ပေ။ ဤသို့ဆိုရာ၌ သွေးသားမတူသော ဖိုမတို့ ဆက်ဆံလေတိုင်း ချစ်ကြိုက်ကုန်ကြမည်ဟူ၍ ဆိုလိုသည်ကား မဟုတ်ပေ။ ညားလောက်အောင်၊ ချူးလွန်ဖောက်ပြန်လောက်အောင် ချစ်ခြင်းမရှိဘဲ အသက်ထက်ဆုံး ဆက်ဆံသွားကြသူများကား ရှိပေမည်။ သို့ရာတွင် အိမ်ထောင်ရှင်များ ဖြစ်ကြခြင်းတည်းဟူသော အတားအဆီး၊ အဟန့်အခြားမရှိသူများသည် အနုအရင့်အားဖြင့် ကွဲပြားစေကာမူ စိတ်ကစားနိုင်သော အလားအလာများစွာ ရှိ၍ ရိုးသားမှုနောက်ကွယ်တွင် ဖောက်ပြန်မှုများ၊ စိတ်ကူးယဉ်မှုများ၊ အုံ့ပုန်းတွယ်တာမှုများကား ရှိတတ်ပေသည်။ သိက္ခာသမာဓိ စသော ထောက်ထားဖွယ်ရာများသည်





စိတ်ခိုင်သူများ၏ အချစ်စိတ်ကို သိမ်းကွပ်စည်းတား၍ ပေးစေနိုင်ကာမူ ထိုစိတ်တို့ကို ရင့်ကျက်စွာ မထားနိုင်သူများအဖို့တွင် တွန်းလှန်နိုင်အား မရှိဘဲ နောက်ဆုံးတွင် အချစ်စိတ်၏ စေရာကိုသာ ပါတတ်လေသည်။

အချစ်သည် သာမန် ချစ်နေသူကို ပို၍ ချစ်မိလာစေလျက်၊ ချစ်စရာမကောင်းသူဟု သာမန်အားဖြင့် မှတ်ချက်ချခဲ့မိသူကိုပင်လျှင် ချစ်စရာကောင်းသူဖြစ်လာသည်အထိ တိုးတက်ရင့်သန်လာတတ်လေသည်။ အရွယ်မတူ၊ ရုပ်ခန္ဓာမလှ၊ အဆင့်အတန်း ကွာခြားသည်ဟူ၍ ရင်းနှီးဆက်ဆံခွင့်ပြုထားရာမှ မဖြစ်နိုင်ဟု ထင်ရသည်များမှာ ဖြစ်နိုင်လာကာ သံယောဇဉ်ငြိတွယ်ရသော သာဓကများသည် အချစ်လောကတွင် ရှားပါးသည် မဟုတ်ပေ။ ခဏာပန်းအားဖြင့် မဖြစ်နိုင်သော အရာများသည် အချစ်စိတ်က နှိုးဆွစေဆော်ပေးသောအခါ ဖြစ်နိုင်၍လာတတ်ကြလေသည်။ လွတ်လပ်သော ဖိုမနှစ်ဦးတို့၏ အကြားတွင် မည်သည့်ခြားနားမှုကြီးမျိုးပင် ရှိသည်ဖြစ်စေ၊ မငြိတွယ်တန်ရာဟူ၍လည်း စိတ်မချသင့်ပေ။ အရုပ်ဆိုးခြင်းသည် တဖြည်းဖြည်းပြယ်၍ အချစ်စိတ်များက လှအောင် ဖုံးအုပ်မှိုင်းတိုက်၍ ပေးနိုင်လေသည်။ အချစ်တိမ်သလ္လာတို့သည် ပကတိမျက်စိကို ဖုံးကွယ်လှည့်စားနိုင်စွမ်းလေသည်။ အသက်အရွယ်ခြားနားမှုသည်လည်း အချစ်ရောင်အောက်တွင် ပျောက်ကွယ်ရလေသည်။ ဘာသာအယူဝါဒ မတူခြင်း၊ မလွတ်လပ်ခြင်းတို့သည်လည်း အချစ်၏ အဟုန်ဖြင့် နစ်ငုတ်နေတတ်လေသည်။ ထို့ကြောင့်လည်း တစ်စုံတစ်ဦးအဖို့ ချစ်ရန် စဉ်းစား၍မျှ မရသော သူများသည် အခြားတစ်စုံတစ်ဦးအဖို့ အသည်းစွဲချစ်စရာများပင် ဖြစ်ရပေသည်။ ချစ်သောသူ၏ အပြုအမူ၊ အပြောအဆို၊ အရေးအသားတို့သည် စွဲမက်စရာပင် ဖြစ်ရတတ်ပေသည်။ ချစ်သူ၏ ချောင်းဟန့်သံကပင် မဟာဆန်၍၊ ချစ်သူ၏ ညစ်ထေးထေး အဆင်အပြင်သည်ပင် ကပိုကရို ချစ်စရာတစ်မျိုး ဖြစ်ရတတ်လေသည်။ သို့ဖြစ်သောကြောင့် “မချစ်မိတန်ရာ” ဟူသော ပေါ့ဆစွာ စိတ်ချယုံကြည်မှုမျိုးကိုကား လက်မခံသင့်ပေ။ မိုးသာလျှင် မပြိုဘူး၍ မပြိုဘဲ ရှိပေလိမ့်မည်။ အချစ်စိတ်ဟူသည်မှာကား တိုးတက်ရင့်သန်ခြင်း မဖြစ်နိုင်ဟူ၍ မဆိုသာပေ။

www.burmeseclassic.com

www.burmeseclassic.com



ပညာဉာဏ်ရှိ၍ ဆင်ခြင်စဉ်းစားတတ်သူပင် ဖြစ်လင့်ကစား အချစ်စိတ်ညှို့စားခြင်းခံရသောအခါ အဆုံးအဖြတ်မပိုင် ဖြစ်ရတတ်ပေသည်။ သိလျက်နှင့်လည်း အသိကိုပင် ဆန့်ကျင်မိတတ်လေသည်။ ခိုင်မာသော နှလုံးသားများသည် ပျော့ပျောင်းအရည်ပျော်တတ်လေသည်။ တစ်စက္ကန့်တွင် ဝင်လာသော အလင်းရောင်ကို အခြား တစ်စက္ကန့်တွင် ဝင်လာသော အမှောင်က ဖျက်ချေပစ်နိုင်စွမ်းလေသည်။ ဘက်လိုက်သောစိတ်သည် နောက်သို့ မပြန်ဘဲ ရှေ့သို့သာ တိုး၍ သွားတတ်လေသည်။

ထို့ကြောင့် အချစ် သမုဒ္ဒယငြိတွယ်မည့်အရေးကို မိုးမပြိုဘူး ပြိုခဲ့သော်ဟူ၍ မမှတ်ဘဲ၊ မိုးအခါရွာနေကျ မိုးကို ရွာကောင်းရွာမည်ဟူသော အသိဖြင့် ကြိုကြိုတင်တင်ပြင်ဆင်တွေးဆရန် လိုပေ သည်။ ချစ်မိလေပြီးမှ စဉ်းစားခြင်းသည် တစ်ကွက်ရှုံးပြီးဖြစ်၍ မချစ်မိမီက ကြိုတင်စဉ်းစားခြင်းသည်သာ ကောင်းမွန်လေသည်။ အချစ်သည် ငြိမ်သက်နေသောအရာ မဟုတ်ဘဲ လှုပ်ရှားနေသောအရာ သာလျှင် ဖြစ်ပေရာ တိုးရွေ့ပြောင်းလဲရန်မှာ ဘာမျှ ခက်ခဲမည် မဟုတ်ပေ။ သာမန်ခင်တွယ်ခြင်းမျိုးပင် ဖြစ်စေကာမူ တစ်နေ့နေ့တွင် ပြောင်းလဲမည့်အရေးကို ကြိုတင်တွက်ချက်ရပေမည်။

ချစ်ရေးအားဖြင့် ငြိတွယ်ဆက်ဆံရန် မသင့်သော သူတစ်ဦးအပေါ်တွင် သာမန်ခင်မင်ခြင်းဖြင့် အန္တရာယ်မဖြစ်နိုင်ဟူ၍ ကျူးရှေ့တွင် အတင့်ရဲခြင်းမျိုးဖြင့်ကား မစွန့်စားသင့်ပေ။ အကယ်၍ မိမိခင်မင်မှုကို တန်းမလွန်အောင် ထိန်းကိုင်နိုင်စွမ်းသည်ဟူ၍ ယုံကြည်မှုထက်သန်စေကာမူ၊ ထိုထိန်းကိုင်ရပ်တံ့နိုင်စွမ်းကို လျှော့ပေါ့တွက်ချက်ရပေမည်။ မေတ္တာလွှမ်းရစ်ခြင်းခံရသူသည်လည်း အမျိုးမျိုးအစားစားရှိပေမည်။ ယိုဖိတ်လာသော မေတ္တာကို အလိုက်သင့်လက်ခံသူမျိုးနှင့် မယိုဖိတ်သော မေတ္တာကိုပင် ယိုဖိတ်လာအောင် ချူယူနိုင်စွမ်းသူမျိုးလည်း ရှိပေသည်။ ထို့ကြောင့် တစ်ဖက်အင်အားကို ထည့်သွင်းစဉ်းစားရန်လည်း လိုပေသည်။ ထိုမှတစ်ပါး တစ်လ၊ နှစ်လအတွင်း မေတ္တာစည်း, လွန်ကျွံယိုစီးခြင်း မဖြစ်စေကာမူ တစ်နှစ်, နှစ်နှစ်အတွင်း ယိုစီးကောင်း ယိုစီးလာနိုင်မည်ကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။ လူတစ်ဦးတစ်ယောက်သည် ဖြစ်မလာသေးသော အချစ်အတွက် မည်မျှ





တောင့်ခံနိုင်မည်၊ ထိန်းချုပ်နိုင်မည် စသည်ကို ကြေနပ်တွက်ချက်ရန်ကား မလွယ်ကူပေ။ ထားမိသော မေတ္တာကို မည်မျှသော အဆင့်အထိ ဆန့်တန်းသင့်သည်ဟု ဆုံးဖြတ်ကာ ထိုဆုံးဖြတ်ချက် မလွန်အောင် ဆက်ဆံမှုကို သတိထားခြင်းဖြင့် ထားသင့်သော မေတ္တာ အမျိုးအစားတွင် တန့်ရပ်နေနိုင်ပေလိမ့်မည်။

အချစ်ဟူသည်မှာ ချစ်စရာပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံရာတွင် ပေါက်ပွားဖြစ်ပေါ်ရသဖြင့် မီးတောက်စေသည့် ယမ်းတစ်မျိုးတစ်စား နှင့် ပမာနိုင်းသင့်ပေသည်။ တစ်ဖက်သော ယမ်းနှင့်ထိခတ်မိပါက မီးတောက်ပွင့်ပေလိမ့်မည်။ သို့ရာတွင် တစ်ဖက်မှ ယမ်းနှင့် ထိတွေ့သောအခါမှ တောက်လောင်နိုင်စွမ်း ကိန်းအောင်းလာသည် မဟုတ်ဘဲ ယမ်းတစ်မျိုး တည်းအနေဖြင့်ပင်လျှင် တောက်လောင်မှု အရှိန်အဝါ ကြီးနိုင်၊ ငယ်နိုင် သော သဘောရှိပေသည်။ ရေစို၍နေသော ယမ်းသည် မီးမတောက် လောင်နိုင်စေကာမူ သွေ့ခြောက်နေပါက မီးစွဲလောင်နိုင်စွမ်း ပို၍ ပြင်းထန် ပေမည်။ တစ်ဖက်သောယမ်းနှင့် အားကြိုးလုံ့လ မပွတ်ခတ်ရဘဲ ထိတွေ့ ရုံမျှနှင့်ပင် တောက်လောင်နိုင်ပေမည်။ ထိုနည်းပင်လျှင် အချစ်စိတ်သည် ချစ်စရာ အာရုံ၊ ဝတ္ထုမပေါ်တွက်သေးစေကာမူ အရှိန်အဟုန် ကြီးမားပြင်းထန် နိုင်ပေသည်။

အရွယ်ရောက်လာသော ယောကျ်ားမိန်းမတို့တွင် ကိုယ်ကာယအား ဖြင့် ပြောင်းလဲမှုရှိသကဲ့သို့ စိတ်အနေဖြင့်လည်း ပြောင်းလဲမှု ရှိလာလေသည်။ မိဘသားချင်းတို့အပေါ်တွင် ထားရှိသောမေတ္တာ၊ သူငယ်ချင်းမိတ်ဆွေများ အပေါ်၌ ထားရှိသောမေတ္တာ စသည်တို့အပြင် ဖိုမ အားဖြင့် ဆန့်ကျင်ဘက် လိင်တို့အပေါ်တွင် တွယ်တာသာယာမှုများ ဖွံ့ဖြိုးတိုးတက်လာတတ်လေ သည်။ ထိုအဆင့်တွင် အိုးအိမ်ထူထောင်ကာ လင်မယားဟူသော ဆက်ဆံ ပေါင်းသင်းမှုမျိုးအထိ အာရုံစူးစိုက်ခြင်း မရှိစေကာမူ-ဆန့်ကျင်ဘက်လိင်တို့ အပေါ်တွင် ပို၍ တွယ်တာလာတတ်ပေသည်။ ငယ်စဉ်က တစ်လျှောက်လုံး ခင်မင်လာခဲ့သော အိမ်နီးနားချင်း၊ သူငယ်ချင်းများအပေါ်၌ပင် ခင်ချင်း ကွဲပြားပါက ဆက်ဆံမှုရှု၍ အတွေးအာရုံများ ထွေပြားလာတတ်လေသည်။ လိင်မတူသူများနှင့် ပြောဆိုဆက်ဆံရသည်ကို သာယာလိုလားမိတတ်လေ

www.burmeseclassic.com



သည်။ မည်သူမည်ဝါကို ချစ်သည်ဟူ၍ သီးသီးခြားခြား ရည်ရွယ်ချက် မရှိသေးစေကာမူ ဆန့်ကျင်ဘက်လိင်များနှင့် ဆက်ဆံရခြင်းကို ခုံမင်မှန်းမသိ ခုံမင်လာ၍ အပြောအဆို အမူအယာကအစ တစ်ဖက်သား၏ အာရုံကို ဆွဲဆောင်နိုင်အောင် ကြိုးစားမှုများ ပေါ်ပေါက်လာလေသည်။ အရွယ်မရောက်မီက ဆက်ဆံပြုမှုပုံများတွင် အာရုံထားမှု နည်းပါးသလောက် အရွယ်ရောက်ပြီးနောက်တွင် မိမိအသံကို တစ်ဖက်သားကြားစေလို၍ မိမိကလည်း တစ်ဖက်သားအသံကို နားစွင့်မိတတ်လေသည်။ မိမိကိုယ်ကို ပြုပြင်ချယ်သရာ၌ တစ်ဖက်သားအမြင်တွင် သာယာတင့်တယ်စေလိုသည့် ရည်ရွယ်ချက်သည် ပို၍ ကြီးမားလာလေသည်။ နေ့စဉ်နှင့်အမျှ အရွယ်ရောက်သူ၏ စိတ်တို့သည် ဆန့်ကျင်ဘက်လိင်တို့၏ ပတ်ဝန်းကျင်၌ လွင့်ပါးနေတတ်လေသည်။

ဤတွင် တစ်ဖက်သားသည် အိမ်ထောင်၏ အသက်အရွယ်ကြီးသူများလည်း ဖြစ်ကောင်းဖြစ်ပေမည်။ အရုပ်ဆိုးသူ၊ ဂုဏ်ရည်မတူသူများလည်း ဖြစ်ချင်ဖြစ်ပေမည်။ သို့ရာတွင် အချစ်စိတ် ကိန်းအောင်းနိုးကြွနေသူအဖို့ကား ယောကျ်ား၊ မိန်းမဟူသော အသိနှစ်မျိုးနှင့်သာ ဆက်ဆံပေလိမ့်မည်။ ရှဲ့စရာရှိလျှင် ရှဲ့ပေမည်၊ မာယာလုပ်စရာရှိလျှင် လုပ်ပေမည်၊ ဝင့်ဝါလိုသော် ဝင့်ဝါပေမည်။ မိမိက မည်သူကို ချစ်မည်ဟူ၍ လျာထားချက် ရှိထားသည်ဖြစ်စေ၊ မရှိသေးသည်ဖြစ်စေ၊ ဆန့်ကျင်ဘက်လိင်အားလုံးက မိမိအား ချစ်ခင်စေလိုပေသည်၊ တအံ့တသြ စိတ်ဝင်စားစေလိုပေသည်။ မိမိ၌ရှိသော အားကစားစွမ်းရည်၊ စွန့်စားမှုစွမ်းရည်၊ စေတနာစွမ်းရည်၊ အလှစွမ်းရည် စသည်များကို တစ်ဖက်သားက သတိပြုမိစေလိုပေသည်။ တအံ့တသြ ချီးမွမ်းစေလိုပေသည်။ ပုဂ္ဂလိက ချစ်ရေးမစတင်မီ၊ အားလုံးက ချစ်ခြင်းကို သာယာခံယူလိုပေသည်။

ဤသို့အားဖြင့် ပုဂ္ဂိုလ်တွင်းရှိ စိတ်ဓာတ်က နိုးကြွနေသော အချိန်တွင် ရှာသွေးစမ်းသကဲ့သို့ မေတ္တာလှမ်းတွယ်ရမည့် သူကို ရော်ရမ်းတောင်းတသော အသိစိတ်သည်လည်း ထက်ခြပ်ကပ်၍ ပါလာတတ်လေသည်။ ထိုလှုပ်ရှားသော အချစ်စိတ်တို့တွင် လိင်စိတ်ဟုခေါ်ဆိုသည့် ကာမရမက်စိတ်များလည်း ပါရှိလာတတ်လေသည်။ ထိုလှုပ်ရှားမှုသည် အသက်အရွယ်





အလိုက် နိုးကြွဖြစ်ပေါ်လာမြဲ မှန်သော်လည်း ပုဂ္ဂိုလ်၏ အတွင်းစိတ်နှင့် ပတ်ဝန်းကျင်အလျောက် တစ်ဦးနှင့် တစ်ဦး ကွဲပြားခြားနားမှု ရှိလေသည်။ အချုပ်အားဖြင့် အရွယ်ရောက်လာလျှင် တပ်မက်မှု၊ သာယာသော အာရုံကို ခံစားလိုမှုတို့ကို အခြေခံသော အချစ်စိတ်သည် ကိန်းအောင်း၍ တဖြည်းဖြည်း ရင့်သန်ပွားများလာသည်သာ ဖြစ်ပေသည်။ သာမန်မေတ္တာစိတ်တို့ထက် လွန်ကဲ၍ ကာမဂုဏ်အာရုံကို မျှော်မှန်းလျက် ထူးထူးကဲကဲ ရည်မှတ်သော မေတ္တာစိတ်တို့သည် ထက်သန်လာပေသည်။ ထိုစိတ်ကို မေတ္တာဟု ခေါ်သည်ဖြစ်စေ၊ တဏှာဟု ခေါ်သည်ဖြစ်စေ၊ ကာမဂုဏ်စိတ်ဟု ခေါ်သည် ဖြစ်စေ၊ ယေဘုယျအားဖြင့်ကား အချစ်ဟူသော အမည်အားဖြင့် လွန့်လူးပေါ်ထွက်လာရပေသည်။

ထိုစိတ်ကို အရင်းခံ၍ တစ်အိုးတစ်အိမ်အဖြစ် ထာဝရ ပေါင်းဖွဲ့လိုသော အိမ်ထောင်စိတ်နှင့် အိမ်ထောင်မှုက ပေါ်လာရပေသည်။ စိတ်ဆန္ဒကို အရင်းခံ၍ ပြုမူအားထုတ်မှုက ပေါ်ရမြဲဓမ္မတာပင် ဖြစ်လေသည်။ ထို့ကြောင့် တွယ်တာသောစိတ်၊ ကာမဂုဏ်ဆန္ဒ ရည်မှန်းသောစိတ်တို့ ပေါ်လာသောအခါ အတူတကွ ပူးတွဲ၍ ဘဝထူထောင်လိုသော အိမ်ထောင်ရေးအသိစိတ်နှင့် အိမ်ထောင်ပြုခြင်းဟူသော ဆောင်ရွက်မှုများ ပေါ်ပေါက်လာရပေသည်။

မေတ္တာမပါသော ကာမဂုဏ်စိတ်တစ်ခုတည်းသည် အိမ်ထောင်ဖွဲ့ခြင်းကို ရေးမရှုချေ။ ကာမဂုဏ်စိတ်မပါသော မေတ္တာသန့်သန့်မျှဖြင့် အိမ်ထောင်ဖွဲ့၍ ရပ်တံ့နိုင်သမျှ ရနိုင်စေကာမူ တစ်ဖက်တွင် ကာမဂုဏ်စိတ်များ လုံးဝ မပျောက်ကွယ်သေးသူများအဖို့တွင် မေတ္တာအိမ်ထောင်မှ ဖယ်ခွာကာ ကာမဂုဏ်ရှိရာသို့ ကူးပြောင်း၍ အိမ်ထောင်သစ်ဖွဲ့တတ်သည် ဖြစ်သောကြောင့် ထာဝရအရှည် တည်မြဲရန် မလွယ်ပေ။ တစ်ဖန် ကာမဂုဏ်တစ်ခုတည်းဖြင့် နှစ်ဦးဆန္ဒတူဖွဲ့စည်းသော အိမ်ထောင်တွင် မိမိတို့ ဆန္ဒပြည့်ရေးအတွက်သာလျှင် ထက်သန်၍ ကြင်နာခြင်း၊ သို့မဟုတ် သာယာမှုပျက်သောအခါ ငြီးငွေ့သောအခါ၊ အသစ်ပြောင်းလိုသောအခါတို့၌ အိမ်ထောင်ပျက်ပြားရပြန်လေသည်။

ထို့ကြောင့် လင်နှင့်မယားဟူ၍ အိမ်ထောင်မှုအတွက် ရည်မှန်းသောအခါ ကာမဂုဏ် ရည်မှန်းချက်တစ်ခုနှင့်သာ မပြီးဘဲ ကာမဂုဏ်နှင့် မေတ္တာ ကူးလူးပေါင်းစပ်ရာ ဖြစ်သော အချစ်စိတ်က ခိုင်မြဲစွာပါဝင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့က စေတနာမေတ္တာနှင့် ချစ်လွန်းသောကြောင့် မေတ္တာမှ တဏှာကျွံတတ်ကြသည် ဆိုတတ်ကြလေသည်။ စင်စစ်အားဖြင့်ကား တဏှာ မပါသော မေတ္တာသန့်သန့်သည် ကျွံစရာမရှိပေ။ ကာမဂုဏ်စိတ် အလျဉ် ပူးကပ်လာသော ဖိုမသွေးသားမစပ်သူတို့၏ မေတ္တာသည်သာ ကျွံနိုင်၍၊ ထိုကျွံသော မေတ္တာသည် ကြိုတင်၍ မမြင်သာ၊ မရိပ်မိလျှင်သာ ရှိရမည်၊ မူလကတည်းက တဏှာအမြစ်တွယ် အရင်းခံပြီး ဖြစ်သည်ကို သတိပြုနိုင်ပေသည်။

အချို့က တဏှာအရင်းမခံသော မောင်နှမတို့သည်လည်းကောင်း၊ သားအဖတို့သည်လည်းကောင်း၊ တဏှာသို့ ကူးပြောင်းမိကြောင်း အထောက် အထားအချို့ ပြပေလိမ့်မည်။ ဤသို့ ဖြစ်ရခြင်းမှာ သူစိမ်းဖိုမတို့၏ မေတ္တာ (တဏှာအခြေခံအမြစ်ပါသည်)မျိုးမှ တဏှာကျွံခြင်းမျိုး၊ ဝါ၊ တဏှာအမြစ်က ကြီးထွားလာခြင်းမျိုး မဟုတ်ပေ။ ရုတ်တရက် တဏှာ ကာမဂုဏ် ပူးဝင်ကာ ဖောက်ပြန်မှားယွင်းခြင်းမျိုးသာ ဖြစ်လေသည်။

အိမ်ထောင်ပြုမည့် ယောကျ်ား, မိန်းမတို့အနေဖြင့်ကား မိမိတို့ အိမ်ထောင်ဘက်၊ သို့မဟုတ် ရည်းစားလောင်းတို့အပေါ်တွင် သာမန်မေတ္တာ ခင်မင်မှုဖြင့် ရှေးဦးတည်သင့်၍ ထိုက်လျော်သူဖြစ်ကြောင်း ပိုမိုသိရှိလာသော အခါတွင်မှ အချစ်ဖြင့် ချစ်သင့်ပေသည်။ ချစ်ကြိုက်ကြ၍ ဘဝကို တကယ် ထူထောင်မိကြသည့်အခါတွင်လည်း စေတနာ၊ မေတ္တာချစ်ကို အခြေထားပြီးနောက် ကာမဂုဏ်တပ်မက်မှု တဏှာ၊ ကိလေသာ၊ ကာမစ္ဆန္ဒ တို့ကိုကား အခါအားလျော်စွာ မွှားနိုင်ထားနိုင်ကြသည်သာ ဖြစ်ပေ တော့သည်။

## အိမ်ထောင်ရေးနှင့် ကာမဂုဏ်ကိစ္စ

အိမ်ထောင်ရေးလမ်းညွှန် စာအုပ်တစ်အုပ်တွင် ကာမဂုဏ်မှုအတွက် ရှင်းလင်းတင်ပြချက်မပါဝင်ဘဲနှင့် ပြည့်စုံလုံလောက်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သာမန်လူများသည် အိမ်ထောင်ရေးဟူသည်၌





ထိုကိစ္စပင် အချက်တစ်ချက်ဖြစ်သည်ဟု သိနားလည်နေရုံသာမက အိမ် ထောင်ရေးတွင် မပြေလည်မှုများသည် ထိုကိစ္စတွင် မသိနားမလည်မှုများ ကြောင့် ဖြစ်ရသည်သာများကြောင်းကိုလည်း သိရှိထားရသောကြောင့်ပင် ဖြစ်ပေသည်။

ကာမဂုဏ်မှုကိစ္စကို အရွယ်ရောက်လာလျှင် မည်သည့် သင်တန်းမှု မတက်ရဘဲ သဘာဝအလျောက် နားလည်ဆောင်ရွက်ကြသည်သာ ဖြစ်လေ သည်။ သို့ရာတွင် ယောကျ်ားကလေးအချင်းချင်း၊ မိန်းကလေးအချင်းချင်း ဆွေးနွေးမေးမြန်း လေ့လာ၍ သိမြင်နားလည်မှု ပိုမိုပြည့်ဝသူများနှင့် သဘာဝအသိအတိုင်း ဆောင်ရွက်သူများတွင် အကျိုးအခွင့်ရရှိပုံချင်း မတူညီပေ။ စာအုပ်စာတမ်းများ လေ့လာမှတ်သားသူများက ပို၍ အိမ်ထောင် ၏ သာယာမှုကို ရရှိကြပေသည်။ အသိဟူသည်မှာ ပင်ကိုယ်သိနှင့် ပင်ကိုယ်အတွေ့အကြုံအရ သိမြင်လာချက်ကိုသာ စောင့်စားနေ၍ မပြည့်စုံနိုင် ပေ။ သိပ္ပံပညာတွင် တစ်စုံတစ်ဦး၏ တွေ့သိချက်ကို မှီ၍ ဆက်လက်ကြံဆ ကြခြင်းဖြင့် အဆင့်ဆင့် ကြီးမြင့်သော တိုးတက်အောင်မြင်မှုကို ရရှိသည် ဖြစ်ရာ မိမိတစ်ဦးတည်း သုညမှစ၍ အလုံးစုံသိအောင် စတင်ကြံစည်နေ၍ ခရီးရောက်မည် မဟုတ်ပေ။ ထိုနည်းတူပင် ကာမဂုဏ်မှုကိစ္စတွင် တစ်ဦး၏ အတွေ့အကြုံမှ စောင့်စားသင်ယူချက်သည် မပြည့်စုံနိုင်ပေ။ အခြားသူများ၏ အဆင့်ဆင့် စူးစမ်းတွေ့ရှိချက်များကို ပေါင်းလာသုံးသပ်ခြင်းအားဖြင့် လိုအပ် သော သိနားလည်မှုကို အသင့်ရရှိမည် ဖြစ်လေသည်။ မည်သည့်ကိစ္စတွင် မဆို ကျဉ်းမြောင်းကန့်သတ်သော အသိထက်၊ ကျယ်ပြန့်လုံလောက်သော အသိသည် တန်ဖိုးရှိသည်ဖြစ်ရာ၊ ထိုကိစ္စတွင်လည်း လုံလောက်သော အသိရှိရန် လိုပေသည်။ သိခြင်းကြောင့် အကျိုးမယုတ်နိုင်ဘဲ အကျိုးရှိအောင် အသုံးပြုနိုင်လေသည်။

အိမ်ထောင်ပြုမည့်သူများကို အပထား၍ လက်ရှိ အိမ်ထောင်သက် ရင့်ကြာသူများပင်လျှင် လေ့လာစူးစမ်းခြင်း မပြုပါက၊ ကာမဂုဏ်မှုကိစ္စ၌ ကျွမ်းကျင်စွာ မသိနားမလည်တတ်ပေ။ ငယ်ရွယ်သူများအတွက် သိထားရန် စောသေးသေးကာမူ အိမ်ထောင်ပြုမည့်သူများကား လုံလောက်စွာ သိနားလည် ရန် လိုပေသည်။ ယခုအခါတွင် သိပ္ပံပညာနှင့် ဆေးပညာမှအစ

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ကိုယ်တိုင် မသိရှိရသေးသော အသိများကို စာအုပ်စာတမ်းများမှ ရရှိနိုင်ပြီဖြစ်သဖြင့် စာအုပ်စာတမ်းများသည်လည်း သိအပ်သောအရာကို ရိုးသားစွာ သိစေသင့်သည်သာ ဖြစ်လေသည်။

အိမ်ထောင်ရှင်လင်နှင့်မယားတို့သည် သဘာဝအတိုင်း ကာမဂုဏ်မှု ပြုကြပေသည်။ ထိုသို့ပြုရာတွင် မိမိတို့ နားလည်သလို၊ တတ်သိသလို၊ အထူးသဖြင့် ဦးဆောင်သော လင်ယောကျ်ားက သိနားလည်သလို ဆောင်ရွက်ရာ၌ လင်ယောကျ်ားသည်လည်း ပြည့်ဝကျေနပ်မှု ရှိချင်မှ ရှိပေသည်။ မယားဖြစ်သူအတွက်မူကား သူတစ်ပါးပြုမှ နေရသည့်အခြေတွင်ရှိသဖြင့် မိမိဆန္ဒအရ ဖြေသိမ့်ကျေနပ်ခြင်းမရှိသည်သာ များတတ်ပေသည်။ သို့ရာတွင် ယောကျ်ားသည် ထိုထက်ပို၍ ဘာမျှ မသိမတတ်သဖြင့် ပြုပြင်ရန်၊ နည်းလမ်းတကျ ပြည့်မြောက်ရန် မည်သို့မျှ အားမထုတ်တတ်ပေ။ ထိုထက်ပို၍ အားထုတ်ရန်လည်း မလိုဟုယူဆတတ်လေသည်။ မိန်းမဖြစ်သူ အဖို့မှာကား ဘာမျှ မဆောင်ရွက်သာပေ။ သူ၏ မပြည့်ဝမှု၊ လိုလားချက် မပြည့်စုံမှုကို ဖွင့်ထုတ်ပြောပြမိပါမူကား လော်လည်သော မိန်းမဟူ၍ အထင်သေးခံရမည်စိုးသဖြင့် ယောင်၍မျှလည်း မဟရဲ၊ မိမိကလည်း ဦးမဆောင်ဝံ့၊ အထူးသဖြင့် အိမ်ထောင်ကျစတွင် တစ်ယောက်နှင့်တစ်ယောက် ရက်ရွံ့မှု ကြီးမားဆဲဖြစ်၍ နောက်ဆုံးတွင် ချုပ်တည်းမြိုသိပ်၍ ထိုကိစ္စကို ပေလာယျက်ထားလိုက်ကြရလေသည်။ ဤသို့အားဖြင့် နှစ်ဦးလုံးတွင် အကျိုးရှိသင့်သမျှ မရှိဘဲ သာမန်အားဖြင့်သာ ဆောင်ရွက်ကြရလေသည်။

ဤဆက်ဆံရေးအားဖြင့် ကာလကြာသော် ယောကျ်ားကလည်း ငြီးငွေ့၍၊ မိန်းမမှာလည်း ဆန္ဒသွေးအေး၍ ထူးခြားခံစားမှု မဖြစ်ပေါ်ဘဲ ဆန္ဒမြဲ၍ လာတတ်လေသည်။ ဤအခြေအနေသို့ ရောက်သောအခါ ကျန်သော ဆက်ဆံမှုများသည် မပြေလည်စပြုလာရုံမက၊ ပတ်ဝန်းကျင်၌ ပျော်မွေ့မှု ရှာသောစိတ်လွင့်မှုများ နှစ်ဦးလုံးတွင် ဖြစ်ပေါ်လာရလေသည်။

အိမ်ထောင်ဟူသည်မှာ ယောကျ်ား၊ မိန်းမ နှစ်ဦးလုံး၏ အပျော်မွေ့ဆုံး နေရာဌာနဖြစ်ရပေမည်။ အိမ်ထောင်၏ ပြင်ပတွင် အိမ်ထောင်ထက် သာလွန်သော ပျော်မွေ့မှုမရှိစေရပေ။ လင်သည်လည်းကောင်း၊ မယားသည်





လည်းကောင်း၊ တစ်ဦးကိုတစ်ဦး အိမ်ထောင်နယ်ထဲမှ ပြင်ပသို့ လွင့်ထွက် မသွားအောင် ဆွဲဆောင်ထားရပေမည်။ ထိုထက်ပို၍ဆိုပါမူ အိမ်ထောင်တွင် သာယာမှုလိုလေသေးမရှိ ပြည့်ဝ၍ ယောကျ်ားသည် ဤမယားကိုသာ လည်းကောင်း၊ မိန်းမသည် ဤလင်ကိုသာလည်းကောင်း မိမိ၏ စွဲမက် ကျေနပ်ဆုံးသောအဆောင်အယောင် စွဲစွဲလမ်းလမ်းရှိနေအောင် တစ်ဦးစီက အစွမ်းကုန် ကြိုးစားရပေမည်။ တစ်ဦးက တစ်ဦးကို ကာမဂုဏ်ကိစ္စ၌ စွဲစွဲမက်မက်ရှိအောင် ဆောင်ရွက်နိုင်ကြသည်နှင့်အမျှ ထိုအိမ်ထောင်သည် တော်ရုံတန်ရုံ မညီညွတ်သော အကြောင်းကိစ္စမျှနှင့် ကွာထွက်မသွားအောင် ဂဟေတွဲမိပြီး ဖြစ်နိုင်ပေသည်။

အိမ်ထောင်မှုလောကတွင် မိမိအိမ်ထောင်ဘက်မှတစ်ပါး အခြား ယောကျ်ား၊ မိန်းမတို့နှင့် အတိအလင်း ဖောက်ပြန်ခြင်း၊ တိတ်တခိုးဖောက် ပြန်ခြင်း၊ ပြင်ပ၌ အပျော်အပါးလိုက်စားခြင်း၊ ယောကျ်ားတို့ အငယ်အနှောင်း ယူခြင်း၊ အိမ်ထောင်ဖက်အချင်းချင်း အပေါ်တွင် တွယ်တာမှုလျော့နည်းခြင်း လင်မယားအကြောင်းကြီးငယ် မထင်ရှားဘဲ အဆက်အဆံပြတ်ခြင်း ကွာရှင်း၍ အိမ်ထောင်သစ်ရှာခြင်း စသော အိမ်ထောင်အတွက် မလိုလား အပ်သည့် ဖောက်ပြန်မှုဖွယ်များမှာ ကာမဂုဏ်ကိစ္စ၌ တစ်ဦးနှင့်တစ်ဦး ပြေလည်ကျေနပ်မှု မရှိရာမှပင် အခြေခံကြသည်ကို တွေ့နိုင်ပေသည်။ ဤတွင် လင်နှင့်မယား နှစ်ဦးသားတို့ လိုလားဆန္ဒ မပြည့်ဝကြခြင်းကို တစ်ဦးကိုတစ်ဦး ဖွင့်ဟပြောပြတတ်ကြသည်ကား မဟုတ်ပေ။ မိန်း မနှစ်သက်မကျေနပ်မှုကို မိမိစိတ်ထဲ၌သာထားကာ၊ ပြုပြင်၍ မရတော့သည် ချို့တဲ့မှုဟူ၍သာ သဘောပိုက်တတ်ကြလေသည်။ ယောကျ်ားအဖို့ ဖွင့် ပြောဆို၍ နည်းလမ်းရှာစေကာမူ နှစ်ဦးသိနားလည်စွာ ဆောင်ရွက်ရသော ကိစ္စလည်းမဟုတ်၊ သိကျွမ်းနားလည်ခြင်းလည်း မရှိသဖြင့် အောင်မြင်မှု ထူးခြားပြောင်းလဲမှု မရဘဲ ရှိတတ်လေသည်။ ထိုမှတစ်ပါး ပြောင်းလဲ၍မှ သော ထိုမှုကျ၍ ယူဆခြင်းကြောင့်ဖြစ်စေ၊ သို့တည်းမဟုတ် တစ်ဖက်ဖက်က လိုက်လျောခြင်းမရှိ၍ ဆက်လက်မပြေလည်ခြင်းကြောင့်ဖြစ်စေ လင်နှင့် မယားတို့သည် အိမ်ထောင်မှ စိတ်ကို ရုပ်သိမ်းဖယ်ခွာမိတတ်ကြလေသည်

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားနှင့် မိန်းမနှစ်ဦးသည် ကာမဂုဏ်ဆန္ဒ နည်းခြင်း၊ များခြင်း၌ တူညီကြသည်ကား မဟုတ်ပေ။ ကံအားလျော်စွာ နည်းပါးမှုခြင်း၊ လွန်ကဲမှုခြင်း တူညီသူ အိမ်ထောင်ဘက်များလည်း ရှိကြပေသည်။ မည်သို့ပင်ဖြစ်စေ အိမ်ထောင်ဘက်ဖြစ်လာသည့်အခါတွင် တစ်ဦးကိုတစ်ဦး ကဲ့ရဲ့ရန်၊ အထင်သေးရန်မလိုဘဲ တစ်ဦးကိုတစ်ဦး တတ်နိုင်သမျှ လိုက်လျောကာ ဝါသနာဆန္ဒတူညီအောင် ကြိုးစားရမည်သာ ဖြစ်လေသည်။ ဆန္ဒမတူညီခြင်းကြောင့် တစ်ဦးဦးက မလိုလားဘဲ အလျော့ပေးရခြင်း၊ လိုက်လျောရခြင်း စသည်တို့သည် မကြာမီပေါက်ကွဲမည့် အကြိတ်အခဲများသာ ဖြစ်လေသည်။

• လင်ရှိမယား၊ မယားရှိလင်တို့၏ ဖောက်ပြန်မှုကိစ္စများမှာ အိမ်ထောင်တွင်း၌ ကာမဂုဏ်မှုကိစ္စ မပြေလည်ရခြင်းသည်သာ အများဆုံးသော အကြောင်းပြ ဖြစ်လေသည်။ အခြားဆက်ဆံရေးကိစ္စကို မည်သို့ပင် အကြောင်းပြစေကာမူ အမှန်တရားသည်ကား ထိုကိစ္စကြောင့်ဖြစ်ကြောင်း သိသာပေသည်။ ဤသို့ တစ်ဦးဦးက မဖောက်ပြန်ဘဲနှင့် အိမ်နေ့ရစ္စာပင် အိမ်ထောင်ကို ပြတ်စဲ၍ တစ်ဖက်သို့ ခွာထွက်ကြခြင်းများလည်း ရှိလေသည်။ ဤကိစ္စတွင် အကြောင်းရင်းအခြေခံချင်း တူညီစေကာမူ ချုပ်တည်းနိုင်သူ၊ မချုပ်တည်းနိုင်သူ၊ အသိမှားနှင့် တစ်အိုးတစ်အိမ်ထောင် အသစ်ရှာသူနှင့် ပြောင်ပြောင်ပင် အိမ်ထောင်ပြောင်းလဲသူဟူ၍ ကွာခြားတတ်ပေသည်။ မည်သို့ပင်ဖြစ်စေ အိမ်ထောင်ပျက်ခြင်း၊ လင်မယားကွာရှင်းခြင်း၊ ဖောက်ပြန်ပြောင်းလဲခြင်းကိစ္စတို့သည် မကောင်းပေ။ လူမှုလောကအတွက် ဆုံးရှုံးခြင်းဖြစ်၍ ကုန်ထုတ်လုပ်မှုအတွက် အင်အားပျက်စီးစေပေသည်။ ကွာရှင်းမှုများသော နိုင်ငံတွင် လူမှုရေးကျင့်ဝတ်ပျက်ပြား၍ လူအချင်းချင်း အပြန်အလှန် စောင့်စည်းခင်တွယ်မှုလည်း အစည်းပြေရလေသည်။ ကွာရှင်းမှုများ၊ ဖောက်ပြန်မှုများကို မလိုလားသူများသည် အိမ်ထောင်ရေး၊ လူမှုရေး၊ ဆက်ဆံရေးသဘော၊ မေတ္တာသဘောတို့ကို မည်မျှပင် ဟောပြောစေကာမူ အရင်းခံပြဿနာအတွက် ဘဝင်ကျနိုင်ကြမည် မဟုတ်ပေ။ အမှန်အားဖြင့် ဘဝင်မကျသော ကိစ္စများတွင် ဘဝင်ကျအောင် ညွှန်ပြနိုင်ပါမှကား





ထိုကိစ္စကို အရင်းခံသော ကွာရှင်းမှု၊ ဖောက်ပြန်မှုများ လျော့နည်းရမည်မှာ သေချာပေသည်။

သဘောတရားမှာ ရှင်းရှင်းလွယ်လွယ်ပင် ဖြစ်လေသည်။ အိမ်ထောင်တွင် ပေါင်းဖွဲ့ပါဝင်သော ဖိုနှင့်မတို့သည် ဆန္ဒနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ပုထုဇဉ်ဘဝ ကာမဂုဏ်ချမ်းမြေ့သာယာမှုကို ဆောင်ရွက်ရယူကြပေသည်။ အချင်းချင်းပြေလည်၍ တစ်ဦးစီဆန္ဒ ပြည့်ဝလျှင် ထိုအတိုင်းပင် လူမှုစည်းကမ်း သတ်မှတ်ပေးထားသည့် တစ်လင်တစ်မယားစနစ်၊ တရားဝင်ထိမ်းမြားလက်ထပ်၍ ဆက်ဆံသောစနစ် တရားဝင်ထိမ်းမြားလက်ထပ်၍ ဆက်ဆံသောစနစ်၏ ဘောင်အတွင်း၌ ကျေကျေနပ်နပ် ဆက်လက်အားထုတ်ဆောင်ရွက်သွားကြပေမည်။ သူတို့အတွက် လိုလားချက်ကြီးတစ်ခု ပြည့်ဝနေကြသဖြင့် ထိုလိုလားချက်နှင့် ပတ်သက်၍ ပြဿနာကျန်မည် မဟုတ်ပေ။ ကျန်သောအချိန်၌ အိမ်ထောင်၏ စီးပွား၊ လူ့လောကစီးပွား၊ တိုင်းပြည်၏စီးပွားတို့အတွက် အေးအေးလူလူ ဆောင်ရွက် သွားကြရန်သာ ရှိပေမည်။ အုမတောင့်ပြီးသော် သီလစောင့်ကြဲရန်သာ ရှိပေတော့သည်။

သို့ရာတွင် အိမ်ထောင်ဘဝတွင် အမျှော်လင့်ကြီး မျှော်လင့်ထားသော သာယာပြည့်မြောက်မှုသည် အဆင်မပြေ ဆန္ဒရှိသလောက် မပြည့်ဝ၊ လိုလားသလောက် ထိရောက်ခြင်းမရှိသောအခါတွင်ကား၊ ထိုမပြည့်ဝမှုအတွက် တစ်နည်းတစ်လမ်းအားဖြင့် ပြည့်မြောက်မှု ရှာကြံကြစမြဲ ဖြစ်လေသည်။ တစ်ငွေ့ငွေ့တောက်စပြုသော မီးတောက်ကို ပတ်ဝန်းကျင်ဟူသော ဓာတ်ဆီက ပက်ဖျန်းလိုက်သောအခါ ပို၍ တောက်လောင်ရလေသည်။

အစားအစာဝအောင် စားရသော ကလေးသည် ခိုးစားရန် ကြိုးစားလိမ့်မည် မဟုတ်ပေ။ မဝမလင်ရှိလာသောအခါ ခိုး၍စားရန် စိတ်ကူးပေါက်လာရုံသာမက ဝေ်ပြတ်လွန်းသောလူသည် လုယက်၍ပင် စားပေလိမ့်မည်။ ထိုတွင် ဝလင်စွာ စားရပါလျက် ခိုး၍စားရမှု ရောင့်ရဲကျေနပ်သူမျိုးကား မရှိဟု မဆိုနိုင်ပေ။ သို့ရာတွင် ဝါသနာစရိုက် ဖောက်ပြန်သူ အနည်းငယ်မှ တစ်ပါး ကျေနပ်တင်းတိမ်လောက်အောင် ပြည့်ဝနေသူသည် ပြင်ပတွင် ရှာမှီးလိုစိတ်လည်း ရှိမည်မဟုတ်ပေ။ ရှာမှီးရန် လုံ့လထုတ်ချိန်လည်း ရှိမည်မဟုတ်ပေ။ ရှာမှီးရကောင်းသည်ဟူ၍လည်း စိတ်ကူးပင်ထုတ်မည် မဟုတ်ပေ။ အခွင့်အလမ်းကြုံလာလျှင်ပင် ပိုလျှံနေလွန်းသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားသေလိမ့်မည်။ ဤသဘောတရားမှာ ကာမဂုဏ်မှုကိစ္စတွင် အတော်အတန် မှန်ကန်သည်ကို သတိပြုသင့်ပေသည်။

ပါးနပ်ကျွမ်းကျင်သော လင်၏ မယားသည် လင်ငယ်ထားစရာအကြောင်း မရှိပေ။ အခြားအကြောင်းကြောင့် မှောက်မှားလျှင်သာ ရှိပေမည်။ လိုသည်ထက် ပိုအောင်ဝလင်နေသော ကာမဂုဏ်ကိစ္စအတွက်မူကား သွေးစမ်းစရာအကြောင်း မရှိနိုင်ပေ။ ထိုနည်းအတူပင် လင်အလိုသို့ ထူးကဲစွာ လိုက်လျောပြုစုထားသော မိန်းမ၏ လင်သည် အပျော်အပါးကို ထပ်မံလိုက်စားရန်အတွက် ကျန်လိမ့်မည် မဟုတ်ပေ။ လင်နှင့်မယားတို့၏ ကာမဂုဏ်ဖောက်ပြန်မှု ဟူသမျှကိုကား လင်နှင့်မယားတို့သည် အပြင်ဆေးမလိုဘဲ အတွင်းဆေးဖြင့် ပိရိနိုင်နင်းအောင် ထိန်းကိုင်ဆွဲဆောင်ထားနိုင်ကြပေသည်။ ဤသို့သော စွမ်းရည်တွင် အရေးကြီးသော အချက်အချာမှာ သိနားလည် ကျွမ်းကျင်မှုပင် ဖြစ်လေသည်။

အချို့သော ယောက်ျားများသည် ရုပ်ရည်၊ စီးပွားဥစ္စာ၊ ဂုဏ်ပကာသန မက်မောလောက်စရာ မရှိသည်သာမက လက်ရှိသားမယားတို့ပင် ရှိနေစေကာမူ ပြည့်စုံကုံလုံသော မိန်းကလေးတစ်ဦး တစ်ယောက်က တန်းတန်းစွဲမြတ်နိုးတွယ်တာနေသည်ကို တွေ့ရပေလိမ့်မည်။ အချို့ယောက်ျားများမှာ အလုပ်အကိုင် မယ်မယ်ရရမရှိဘဲ မယားတစ်ယောက်ထက်မက ယူထားရာ ထိုမယားတို့သည် နှိပ်စက်ရိုက်နက်သေးသော ထိုလင်ရမ်းကားကိုပင် မစွန့်နိုင်၊ မခွာရက် တွယ်တာစွဲရစ်နေကြသည်ကို တွေ့ရှိကြပေမည်။ ထိုနည်းတူပင် ချစ်လောက်စရာမရှိဟုဆိုသော မိန်းမ တစ်ယောက်ယောက်ကိုပင် ယောက်ျားတစ်ယောက်သည် စပါးကြီးမြွေ ညှို့ခံရသည့်အလား သူတစ်ပါးသည်းခံနိုင်ခဲသည်ကို သည်းခံကာ ပေါင်းသင်းနေသည်ကို တွေ့ရှိကြဖူးပေမည်။ ထိုသို့သော အိမ်ထောင်အတွဲများကို အချို့က "ဘဝကဝဋ်ကြွေးရှိလို့"ဟု ဆိုကြပေသည်။ အချို့က "မိုက်မဲလို့"ဟု ဆိုပေသည်။ အချို့က "နိုင်ကွက်ရှိနေလို့"၊ "အခြေပျက်မှာစိုးလို့"၊ "သည်းခံလို့"၊ "သံယောဇဉ်ကြီးလို့"စသည်ဖြင့် အမျိုးမျိုး အကြောင်းပြထင်မြင်ချက် ပေးတတ်ကြပေသည်။ အချို့ကမူနောက်ပြောင်ကာ "တစ်ခုကောင်းတော့ ရှိလိမ့်မယ်"ဟူ၍ ပြောဆိုကြပေမည်။ စင်စစ် အတွင်းကျကျ





လေ့လာစုံစမ်းခွင့်သာ ရပါမူကား၊ နောက်ပြောင်ပြောသည့် တစ်ခုကောင်းကိစ္စကြောင့်ပင် ဖြစ်သည်ကို တွေ့ရသည်သာ များပေသည်။ ထိုတစ်ခုကောင်းကား အခြားမဟုတ်ပေ။ မိမိအိမ်ထောင်ဘက်ကို ကာမဂုဏ်ကိစ္စ၌ ထူးကဲစွာ ပြည့်စွမ်းနိုင်သော ကျွမ်းကျင်သိနားလည်မှုပင် ဖြစ်လေသည်။

အိမ်ထောင်ဘက် ခိုင်မြဲရေးကိစ္စတွင် ကာမဂုဏ်ကိစ္စကို ပေါ့ဆစွာ သဘောမထားအပ်ပေ။ "ဒါဟာ–ဒါပဲ၊ ဘာလိုသေးသလဲ"ဟူ၍လည်း မသိနားမလည်မီ တုံးတိပြောဆို၍ မပြီးပေ။

သဘာဝအလျောက် တွဲဖက်မိသော လင်နှင့်မယားတို့တွင် အချစ်ချင်း၊ မျှော်မှန်းချက်ချင်း၊ ဝါသနာချင်း တူညီတွဲဖက်မိကြစေကာမူ၊ ကာမဂုဏ်ကိစ္စ၌ အလိုအလျောက် အတွဲအဖက်ညီပြီးဖြစ်သည်ကား မဟုတ်ပေ။ ထိုကိစ္စများကို လက်မထပ်မီက ညှိနှိုင်းလေ့လာခဲ့ခြင်း မရှိရုံသာမက၊ သိသာသိစေ၊ မဖွင့်ဟစေနှင့်ဟူ၍ စောင့်စည်းဆက်ဆံခဲ့ကြရသူများသာ ဖြစ်လေသည်။ အိမ်ထောင်မပြုမီ လွန်လွန်ကျူးကျူး ဆက်ဆံခွင့်ရရှိခဲ့ကြပြီး ဖြစ်စေကာမူ၊ ပွင့်လင်းစွာ ညှိနှိုင်းဆောင်ရွက်ခွင့်မျိုးကား ရရှိခဲ့ပေသည်။ သို့ဖြစ်ရာ လင်နှင့်မယား ဖြစ်လာသောအခါ၌ ကာမဂုဏ်ကိစ္စတွင် နှစ်ဦးနှစ်ဖက် ညှိစရာ၊ လိုက်လျောစရာ၊ စူးစမ်းစရာများ ရှိလာမည်သာ ဖြစ်ပေသည်။

လင်နှင့်မယားသည် အသက်ချင်း ကွာကောင်းကွာပေမည်။ ကိုယ်လုံးကိုယ်ထည် အရပ်နိမ့်မြင့်လည်း ခြားနားပေမည်။ သိကျွမ်းနားလည်မှုနှင့် ဆန္ဒချင်းလည်း တူညီချင်မှ တူညီပေမည်။ တစ်ဦး၏ အကြိုက်နှင့် တစ်ဦး၏ အကြိုက်သည်လည်း ထပ်တူကျမည် မဟုတ်ပေ။ ထို့မျှသာမက တစ်ဦး၏ လိုလားမှုမှစ၍ အချိန်ကာလ၊ အနိုက်အရှည်အကြာ၊ ဆက်ဆံမှုမှစ၍ တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်းတူညီမှုကို ညှိနှိုင်းရပေမည်။ မတူညီသော ကိစ္စများ၌ အဆင်ပြေအောင် စီမံရပေမည်။ တစ်ဦး၏ အလိုကို တစ်ဦးက လိုက်လျောဖြည့်တင်းပေးခြင်းဖြင့် သူလည်း လိုအင်ပြည့်ဝ၊ ကိုယ်လည်း လိုအင်ပြည့်ဝအောင် ဆောင်ရွက်ရပေမည်။ မိမိလိုသမျှ အတိုင်းအတာကို ရယူနိုင်ကြအောင်လည်း ပွင့်လင်းစွာ ညှိနှိုင်းမှု လိုပေသည်။

ဤကိစ္စမှာ အပြောလွယ်သလောက် ဆောင်ရွက်ရန် လွယ်သည် မဟုတ်ပေ။ ကျွမ်းကျင်နားလည်မှုများစွာ လိုလေသည်။ လူဟာထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သည်။ မည်သူမည်ဝါကို ချစ်သည်ဟူ၍ သီးသီးခြားခြား ရည်ရွယ်ချက် မရှိသေးစေကာမူ ဆန့်ကျင်ဘက်လိင်များနှင့် ဆက်ဆံရခြင်းကို ခံ့မင်မှန်းမသိ ခံ့မင်လာ၍ အပြောအဆို အမူအယာကအစ တစ်ဖက်သား၏ အာရုံကို ဆွဲဆောင်နိုင်အောင် ကြိုးစားမှုများ ပေါ်ပေါက်လာလေသည်။ အရွယ်မရောက်မီက ဆက်ဆံပြုမူပုံများတွင် အာရုံထားမှု နည်းပါးသလောက် အရွယ်ရောက်ပြီးနောက်တွင် မိမိအသံကို တစ်ဖက်သားကြားစေလို၍ မိမိကလည်း တစ်ဖက်သားအသံကို နားစွင့်မိတတ်လေသည်။ မိမိကိုယ်ကို ပြုပြင်ချယ်သရာ၌ တစ်ဖက်သားအမြင်တွင် သာယာတင့်တယ်စေလိုသည့် ရည်ရွယ်ချက်သည် ပို၍ ကြီးမားလာလေသည်။ နေ့စဉ်နှင့်အမျှ အရွယ်ရောက်သူ၏ စိတ်တို့သည် ဆန့်ကျင်ဘက်လိင်တို့၏ ပတ်ဝန်းကျင်၌ လှုပ်ပါးနေတတ်လေသည်။

ဤတွင် တစ်ဖက်သားသည် အိမ်ထောင်၏ အသက်အရွယ်ကြီးသူများလည်း ဖြစ်ကောင်းဖြစ်ပေမည်။ အရုပ်ဆိုးသူ၊ ဂုဏ်ရည်မတူသူများလည်း ဖြစ်ချင်ဖြစ်ပေမည်။ သို့ရာတွင် အချစ်စိတ် ကိန်းအောင်းနိုးကြွနေသူအဖို့ကား ယောကျ်ား၊ မိန်းမဟူသော အသိနှစ်မျိုးနှင့်သာ ဆက်ဆံပေလိမ့်မည်။ ရွံ့စရာရှိလျှင် ရွံ့ပေမည်၊ မာယာလုပ်စရာရှိလျှင် လုပ်ပေမည်၊ ဝင့်ဝါလိုသော် ဝင့်ဝါပေမည်။ မိမိက မည်သူ့ကို ချစ်မည်ဟူ၍ လျာထားချက်ရှိထားသည်ဖြစ်စေ၊ မရှိသေးသည်ဖြစ်စေ၊ ဆန့်ကျင်ဘက်လိင်အားလုံးက မိမိအား ချစ်ခင်စေလိုပေသည်၊ တအံ့တဩ စိတ်ဝင်စားစေလိုပေသည်။ မိမိ၌ရှိသော အားကစားစွမ်းရည်၊ စွန့်စားမှုစွမ်းရည်၊ စေတနာစွမ်းရည်၊ အလှစွမ်းရည် စသည်များကို တစ်ဖက်သားက သတိပြုမိစေလိုပေသည်။ တအံ့တဩ ချီးမွမ်းစေလိုပေသည်။ ပုဂ္ဂလိက ချစ်ရေးမစတင်မီ၊ အားလုံးက ချစ်ခြင်းကို သာယာခံယူလိုပေသည်။

ဤသို့အားဖြင့် ပုဂ္ဂိုလ်တွင်းရှိ စိတ်ဓာတ်က နိုးကြွနေသော အချိန်တွင် မျှောသွားစမ်းသကဲ့သို့ မေတ္တာလှမ်းတွယ်ရမည့် သူကို ရော်ရမ်းတောင်းတသော အသိစိတ်သည်လည်း ထက်ခြပ်ကပ်၍ ပါလာတတ်လေသည်။ ထိုလှုပ်ရှားသော အချစ်စိတ်တို့တွင် လိင်စိတ်ဟုခေါ်ဆိုသည့် ကာမရမက်စိတ်များလည်း ပါရှိလာတတ်လေသည်။ ထိုလှုပ်ရှားမှုသည် အသက်အရွယ်



အလိုက် နိုးကြွဖြစ်ပေါ်လာမြဲ မှန်သော်လည်း ပုဂ္ဂိုလ်၏ အတွင်းစိတ်န ပတ်ဝန်းကျင်အလျောက် တစ်ဦးနှင့် တစ်ဦး ကွဲပြားခြားနားမှု ရှိလေသည် အချုပ်အားဖြင့် အရွယ်ရောက်လာလျှင် တပ်မက်မှု၊ သာယာသော အာရုံ ခံစားလိုမှုတို့ကို အခြေခံသော အချစ်စိတ်သည် ကိန်းအောင်း၍ တဖြည်းဖြည်း ရင့်သန်ပွားများလာသည်သာ ဖြစ်ပေသည်။ သာမန်မေတ္တာစိတ်တို့ထက လွှမ်းကဲ၍ ကာမဂုဏ်အာရုံကို မျှော်မှန်းလျက် ထူးထူးကဲကဲ ရည်မှတ်သေ မေတ္တာစိတ်တို့သည် ထက်သန်လာပေသည်။ ထိုစိတ်ကို မေတ္တာဟု ခေါ်သည်ဖြစ်စေ၊ တဏှာဟု ခေါ်သည်ဖြစ်စေ၊ ကာမဂုဏ်စိတ်ဟု ခေါ်သည ဖြစ်စေ၊ ယေဘုယျအားဖြင့်ကား အချစ်ဟူသော အမည်အားဖြင့် လွှမ်းလူးမ ထွက်လာရပေသည်။

ထိုစိတ်ကို အရင်းခံ၍ တစ်အိုးတစ်အိမ်အဖြစ် ထာဝရ ပေါင်းဖွဲ့ သော အိမ်ထောင်စိတ်နှင့် အိမ်ထောင်မှုက ပေါ်လာရပေသည်။ စိတ်ဆန္ဒ အရင်းခံ၍ ပြုမူအားထုတ်မှုက ပေါ်ရမြဲမွေတာပင် ဖြစ်လေသည်။ ထို့ကြော တွယ်တာသောစိတ်၊ ကာမဂုဏ်ဆန္ဒ ရည်မှန်းသောစိတ်တို့ ပေါ်လာသောအ အတူတကွ ပူးတွဲ၍ ဘဝထူထောင်လိုသော အိမ်ထောင်ရေးအသိစိတ် အိမ်ထောင်ပြုခြင်းဟူသော ဆောင်ရွက်မှုများ ပေါ်ပေါက်လာရပေသည

မေတ္တာမပါသော ကာမဂုဏ်စိတ်တစ်ခုတည်းသည် အိမ်ထောင်ဖွဲ့ခြ ကို ရေးမရှည်။ ကာမဂုဏ်စိတ်မပါသော မေတ္တာသန့်သန့်မျှဖြင့် အိမ်ထော ဖွဲ့၍ ရပ်တည်နိုင်သမျှ ရနိုင်စေကာမူ တစ်ဖက်တွင် ကာမဂုဏ်စိတ်မျှ လုံးဝ မပျောက်ကွယ်သေးသူများအဖို့တွင် မေတ္တာအိမ်ထောင်မှ ဖယ်ခွာ ကာမဂုဏ်ရှိရာသို့ ကူးပြောင်း၍ အိမ်ထောင်သစ်ဖွဲ့တတ်သည် ဖြစ်သေ ကြောင့် ထာဝရအရှည် တည်မြဲရန် မလွယ်ပေ။ တစ်ဖန် ကာမဂုဏ် တစ်ခုတည်းဖြင့် နှစ်ဦးဆန္ဒတူဖွဲ့စည်းသော အိမ်ထောင်တွင် မိမိတို့ ဆ ပြည့်ရေးအတွက်သာလျှင် ထက်သန်၍ ကြင်နာခြင်း၊ သို့မဟုတ် သာယ ပျက်သောအခါ ငြီးငွေ့သောအခါ၊ အသစ်ပြောင်းလိုသောအခါတို့၌ အိ ထောင်ပျက်ပြားရပြန်လေသည်။

ထို့ကြောင့် လင်နှင့်မယားဟူ၍ အိမ်ထောင်မှုအတွက် ရည်မှန်းသေ အခါ ကာမဂုဏ် ရည်မှန်းချက်တစ်ခုနှင့်သာ မပြီးဘဲ ကာမဂုဏ် မေတ္တာ ကူးလူးပေါင်းစပ်ရာ ဖြစ်သော အချစ်စိတ်က ခိုင်မြဲ ပါဝင်ရပေမည

www.burmeseclassic.com

www.burmeseclassic.com



လင်နှင့် မယားတို့သည် ထိုသို့ ညှိနှိုင်းနိုင်ကြဦးမည် မဟုတ်ပေ။ အရှက်အကြောက် လွှမ်းမိုးချိန်ကိုကျော်ဖြတ်၍ ယဉ်ပါးပွင့်လင်းသည်အထိ ဆွဲဆောင်ရပေမည်။ အသိအမြင် နည်းပါးမှုကို ကျွမ်းကျင်ရင့်ကျက်စေရပေမည်။ ဆေးပညာသဘော၊ ခန္ဓာဗေဒသဘော၊ လိင်ပညာသဘောအားဖြင့် အသိတရားလည်း ပြည့်ဝစေရပေမည်။ လောကကြီးတွင် မိမိတို့နှစ်ဦးတည်းသာ ထူးကဲ၍ ယုတ်မာဖောက်ပြန်နေကြသည်မဟုတ်သော သဘာဝကိစ္စကိုလည်း အကျိုးအကြောင်းမျှစွာ မြင်သိလာစေရပေမည်။ လင်နှင့်မယားသည် ညားသည်နှင့်ပင် မျက်နှာစုံညီလာခံ ကျင်းပ၍ ညှိနှိုင်းရမည့်အရေးများကား မဟုတ်ပေ။ မသိမသာ တစ်စတစ်စ လမ်းကြောင်း၍ အသိချင်းဖလှယ်ရပေမည်။ မိမိတို့၌ ကြုံတွေ့သော အခက်အခဲကို ရင်းနှီးသူ၊ အတွေ့အကြုံရှိသူတို့ထံတွင် မေးမြန်းရပေမည်။ အရေးကြီးသည်မှာကား တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းခြင်းမရှိဘဲ စိတ်ကောက်ခြင်း၊ ဆန္ဒမပြည့်၍ စိတ်တိုခြင်း၊ တစ်ကိုယ်ကောင်းဆန်သည်ဟု ငြိုငြင်ခြင်း၊ အသိတရားခေါင်းပါးသည်ဟု အပြစ်ဆိုခြင်း၊ နုံအ,လွန်းသည်ဟု စိတ်ထဲတွင် ကဲ့ရဲ့ခြင်းမှစ၍ တစ်ဦးကိုတစ်ဦး မလိုမုန်းထားခြင်း၊ အရွဲ့တိုက်ခြင်း၊ ထိန်ချန်ခြင်း၊ အတွင်းကောက်အငြိုးထားခြင်း၊ အလင်သေးခြင်း၊ အိမ်ထောင်ကို စိတ်ပျက်ခြင်းများ မရှိရန် လိုပေသည်။

အိမ်ထောင်သည်တို့၏ ကာမဂုဏ်မှုကိစ္စတွင် အရင်းခံလိုအပ်ချက်မှာ နှစ်ဦးစလုံးဆန္ဒပြည့်ဝရေး၊ ထူးခြားသာယာမှုရရှိရေး၊ ငြီးငွေ့ခြင်းကင်းရှင်းရေး၊ စိတ်ဓာတ်ခန်းခြောက်မှုမရှိဘဲ လိုလားမှုထက်သန်ရေး၊ ကိုယ်စိတ်ကြံ့ခိုင်စွမ်းဆောင်နိုင်ရေး စသည်တို့ဖြစ်၍ တစ်ဦးနှင့်တစ်ဦး လိုလားဆန္ဒရှိသလောက် အခွင့်အရေးပေးကာ လိုလားစွာ လိုက်လျောနိုင်ရေးပင် ဖြစ်လေသည်။

လင်နှင့်မယား ဖြစ်လာလျှင် တွန့်တိုခြင်း၊ ငြင်းပယ်ခြင်းမရှိသင့်ပေ။ သို့ရာတွင် လူဟူသည်မှာ ကိုယ်နှင့်စိတ် ပေါင်းစပ်ထားသော အဖွဲ့အစည်းဖြစ်ရာ ဆန္ဒမရှိသောအခါ လိုက်လျောခြင်း မပြုနိုင်သောအခါများ ရှိပေမည်။ ထို့ကြောင့် တရားဥပဒေတွင် ဆန္ဒမတူမျှ ခွင့်မပြုပါက ဇနီးဖြစ်သူအား အနိုင်အထက် ဆက်ဆံခြင်းသည်ပင်လျှင် မုဒိန်းမှုအရာသို့ ရောက်ကြောင်း ဖော်ပြထားလေသည်။ တစ်စုံတစ်ယောက်သည် လူမှုကိစ္စ၊ လောကကြောင့်ကြ





အဝဝကြောင့်ဖြစ်စေ၊ ကျန်းမာရေးကြောင့်ဖြစ်စေ၊ ပင်ပန်းနွမ်းနယ်မှုကြောင့်ဖြစ်စေ၊ ဓမ္မတာသဘာဝနှင့် ကိုယ်ဝန်ဆောင်ခြင်း စသော ကိစ္စများကြောင့်ဖြစ်စေ၊ လိုက်လျောခြင်း မပြုနိုင်သောအခါတို့၌ တစ်ဦးက တစ်ဦးကို သက်ညှာခွင့်လွှတ်၍ မိမိဆန္ဒကို လျှော့ဖျက်ရန် တာဝန်ရှိပေသည်။

ကာမဂုဏ်မှုကိစ္စနှင့်ပတ်သက်၍ သိနားလည်ထားသင့်သော အချက်များကို အိမ်ထောင်ရှင်တိုင်း သိနားလည်ထားရန် လိုပေသည်။ အချို့သော အချက်များသည် အိမ်ထောင်ရှင်များ သိထားကြပြီး ဖြစ်စေကာမူ၊ အချို့အချက်များကိုကား သိသူသိ၍၊ မသိသူများလည်း မသိဘဲ ရှိပေလိမ့်မည်။

ကာမဂုဏ်ကိစ္စတွင် ပြင်ဆင်ခြင်း၊ ဆောင်ရွက်ခြင်း၊ ဖြည့်ဆောင်းခြင်းဟူသော အဆင့်သုံးဆင့်ရှိပေသည်။ ယောက်ျားနှင့်မိန်းမတို့သည် တစ်ချိန်တည်းတွင် ဆန္ဒတူပြိုင် ဖြစ်ပေါ်ခြင်းမရှိသည်သာမက၊ အချိန်ကာလအတူအညီအတွင်း၌ ဆန္ဒ ပြီးမြောက်ခြင်းရှိကြသည် မဟုတ်ပေ။ ထို့ကြောင့် တစ်ဦးဦးက ဆန္ဒဖြစ်ပေါ်သည့်အခါ ကျန်အိမ်ထောင်ဘက်တစ်ဦးနှင့် သဘာဝအလျောက် ဆန္ဒမပေါ်သည်ကို ဆန္ဒပေါ်လာအောင် နှိုးပေး၍ အသင့်ဖြစ်အောင်ပျိုးရန် တာဝန်ရှိပေသည်။ ထိုအခါ နှစ်ဦးလုံး ဆန္ဒတူညီဖြစ်ပေါ်လာပေမည်။ တစ်ဦးတစ်ဖက်၏ ဆန္ဒရှိရုံမျှဖြင့် တစ်ဖက်သားကို မငဲ့ဘဲ မိမိအလိုကိုသာ ဖြည့်စွမ်းခြင်းမှာ မျှတမည်မဟုတ်သည်သာမက သဘာဝလည်း မကျပေ။ ထိုမျှမက သာယာချောမွေ့ခြင်းလည်း မရှိနိုင်ပေ။ ဤကိစ္စများက ယောက်ျားများက ဆန္ဒရှိသည့်အခါတွင်သာ မိန်းမဖြစ်သူအား စေ့ဆော်ပေးရန် မဟုတ်ဘဲ၊ မိန်းမဖြစ်သူ၌ ဆန္ဒရှိသည့်အခါတွင်လည်း ထိုသို့ဆောင်ရွက်နိုင်ခွင့်ရှိကြောင်းနှင့် မိမိဆန္ဒရှိသောအခါတွင် မရှက်မကြောက် မဖုံးဝှက်ဘဲ၊ မိမိဆန္ဒအတိုင်း တောင်းခံနိုင်ခွင့် ရှိကြောင်းကို သိနားလည်ထား စေရပေမည်။ အများအားဖြင့် မိန်းမများသည် ဤသို့ မပြုဝံ့ကြဘဲ၊ ဆန္ဒကို မြိုသိပ်ထားကြသဖြင့် ကျန်းမာမှုနှင့် သာယာမှုကို ထိခိုက်စေလေ သည်။ လင်နှင့်မယားတွင် တူညီသော အခွင့်အရေးရှိ၍ ထိုသို့တောင်းခံရန် ရှက်ရွံ့ဖွယ်လည်း မရှိပေ။ လော်လည်လွန်းရာ၊ လွန်ကဲလွန်းရာလည်း မကျပေ။ တစ်ဖက်သားဆန္ဒရှိသောအခါမှ မိမိဆန္ဒရှိသည်ဖြစ်စေ၊ မရှိ သည်ဖြစ်စေ ရယူခွင့်ရှိခြင်းသည် တစ်ဖက်သတ်ကျပေလိမ့်မည်။ ဆာလျှင် စားချင်သည်၊ စားချင်ခိုက် စားရမှပင် မြိန်ရှက်သည်

www.burmeseclassic.com

ဟူသော သဘောကို သိနားလည်ရပေမည်။ ဆန္ဒဟူသည်မှာ စိတ်နှင့် သွေးနှင့် ပတ်ဝန်းကျင်အရ ရှိလိုခိုက်ရှိမည်ဖြစ်ရာ၊ ယောကျ်ားများက ဆန္ဒရှိလျှင် တောင်းခံနိုင်ခွင့်ရှိပြီး၊ မိန်းမများက ဆန္ဒရှိလျှင် ဣန္ဒြေနှင့် ဟန်ဆောင်နေရမည်ဆိုသည်မှာ မလွတ်လပ်၊ မပွင့်လင်း၊ မမျှတချေ။ ထို့ကြောင့် လင်နှင့်မယားအကြားတွင် မယားသည်လည်း လူသားတစ်ယောက်အနေနှင့် သူ့ရယူလိုခိုက်၌ ရယူခြင်းကို ယောကျ်ားသားတို့က လိုလားစွာ ဖြည့်စွမ်းပေးရပေမည်။ အထင်သေးဖွယ်ရာ မရှိသည့်ပြင် သဘာဝအတိုင်း ပွင့်လင်းစွာ ဆန္ဒပြသောအလေ့ကို ကျေနပ်စွာ အားပေးရပေမည်။ မိန်းမများမှာ အစစအရာရာတွင် အရှက်အကြောက်ကို အကြောင်းပြု၍ တစ်ဖက်သား၏ လက်ဝေခံကာ အမြဲတစေ အသုံးတော်ခံ ဘဝတွင် မရှိသင့်ပေ။ လူချင်းအတူတူ တစ်ဦးဆန္ဒကို တစ်ဦးက အညီအမျှ ဦးစားပေးသော အလေ့အထမျိုး၊ အခွင့်အရေးတူမျှသော အလေ့အထ တစ်မျိုး ရှိရပေမည်။ တစ်ဖက်သတ် ဆက်ဆံရေး အစဉ်အလာကြောင့် အမျိုးသမီးများမှာ အရှုံးဖက်ကချည်း ရပ်တည်ရခြင်းမျိုး မရှိစေသင့်ပေ။ လင်နှင့်မယားသည် တစ်ဦးကိုတစ်ဦး အခွင့်အရေးမယူဘဲ အမျှတဆုံး တန်းတူ အခွင့်အရေးအနေဖြင့် ညှိနှိုင်းဆောင်ရွက်ရမည်မှာ ကာမဂုဏ်ကိစ္စ အပါအဝင် အဖက်ဖက်တွင်ပင် ဖြစ်စေရပေမည်။ မိန်းမများကို ဘုန်းနိမ့်သည်၊ မီးနေ ထောက်ကြောင့် ဆေးပြယ်သည်၊ မိန်းမသည် ယုတ်ညံ့သည် စသည့် သိပ္ပံနည်းမကျသော တစ်ဖက်သတ်ဖိနှိပ်ခဲ့သည့် အယူအဆများကို တော်လှန်ခွင့် ပေးရပေမည်။

ပြင်ဆင်ခြင်းကိစ္စမှာ မုချလိုအပ်သော အဆင့်ပင် ဖြစ်လေသည်။ ထိုကိစ္စကို ဆောင်ရွက်ရာ၌ နှစ်ဦးလုံးက ကိုယ်ရောစိတ်ပါ အသင့်ဖြစ်ပါက ဆောင်ရွက်ရကျိုးနပ်ပေသည်။ သဘာဝအားဖြင့် ကိုယ်ခန္ဓာကို တည်ဆောက်ထားသည်မှာ ပြင်ဆင်မှုအသင့်မဖြစ်ပါက ဆောင်ရွက်၍ မရအောင် နိုးကြားခြင်းတွင် ယောကျ်ားမိန်းမနှစ်ဦးက အသင့်ဖြစ်အောင် စေ့ဆော်မှုလိုအပ်ကြောင်းကို ပြလေသည်။ ဤတွင် မိန်းမများသည် သဘာဝအားဖြင့် တက်ကြွမှုနှေးကွေးခြင်းကြောင့် ယောကျ်ားများထက် အချိန်ကြာရှည် လိုအပ်ပေသည်။ ဝင်တိုယ်က ဆန္ဒတက်ကြွခြင်းမရှိခဲ့လျှင် ပြင်ဆင်ရန်အချိန် လုံလောက်စွာ အသုံးပြုရပေမည်။ လူတစ်ဦးစီ၏ တုံ့ပြန်မှုအတိုင်းအဆ



အလျောက် မည်သည့်စေ့ဆော်မှုမျိုးကို ပြုလုပ်ခြင်းဖြင့် ပို၍ ထိရောက်နိုင်သည်ကို ပုံသေသတ်မှတ်ပေးထား၍ မရပေ။ ထို့ကြောင့် မိမိအိမ်ထောင်ဘက်အတွက် ကိုယ်တိုင်လေ့လာခြင်းဖြင့် စေ့ဆော်မှုအမျိုးမျိုးအနက် သင့်ရာကို ဆောင်ရွက်ရပေလိမ့်မည်။ မည်သို့စေ့ဆော်ရမည် စသည်တို့ကို အိမ်ထောင်ရှင်မဟုတ်သော လူငယ်လူရွယ်များ ဖတ်ရှုကောင်း ဖတ်ရှုမိမည်ဖြစ်သော်လည်း ဤစာအုပ်တွင် မလိုလားသော အကျိုးဖြစ်ပေါ်မည်ကို ငဲ့၍ အသေးစိတ် ဖော်ပြရန်လိုမည် မဟုတ်ပေ။ သိအပ်သောသဘောကို နားလည်ထားကြလျှင် မိမိတို့ဘာသာ လေ့လာစူးစမ်းဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ ဤမျှ အထိ ပွင့်လင်းစွာ ရေးသားပြခြင်းသည် သိသယောင်နှင့် မသိတတ်သော အိမ်ထောင်ရှင်များအတွက် အိမ်ထောင်မှုနှင့်ဆိုင်သမျှ သိစရာတို့ကို တစ်နေရာတည်းတွင် ပွင့်လင်းပြည့်စုံစွာ သိစေလိုသောကြောင့်သာ ဖြစ်ပေသည်။

ဆောင်ရွက်သော အဆင့်တွင်ကား အချိုးအစားအံကျမှု၊ အနေအထားနှင့် အားထုတ်မှုဟူသော အချက်သုံးရပ်ကို သိနားလည်ထားရန် လိုပေသည်။

လင်နှင့်မယားတို့ ဆက်ဆံရေးတွင် အချိုးအစားအံကျမှုသည် သာယာမှု၏ အခြေခံပင်ဖြစ်သည်ဟူ၍ အနောက်တိုင်းသျှတ္တရကျမ်းများတွင် တစ်ခန်းတစ်ကဏ္ဍ သီးခြားရေးပြကြပေသည်။ အမှန်အားဖြင့် လင်နှင့်မယားသည် အသက်အရွယ်၊ အရပ်အနိမ့်အမြင့်၊ ကိုယ်လုံးထွားခြင်း၊ ကျုံလှီခြင်း စသည်အားဖြင့် တစ်ဦးနှင့်တစ်ဦး တူညီသည်မဟုတ်ပေ။ ထိုသို့ အတိုင်းအရှည်ပမာဏ အစစအရာရာတွင် ကွဲပြားခြင်းရှိသည်ဖြစ်ရာ တစ်ဦးကိုတစ်ဦး ကြင်နာမြတ်နိုး၍ လိုက်လျောသောအားဖြင့် တစ်ဦးဦးအတွက် စိတ်ငြိုငြင်စရာ၊ အလိုမကျစရာ၊ ခံပြင်းစရာ၊ နာကျင်စရာ၊ ပေါ့ပျက်စရာ စသည်မဖြစ်ရအောင် သင့်တင့်လျောက်ပတ်စွာ နှစ်ဦးဆန္ဒတူရာအလိုက် အလျားသင့်ဖြစ်အောင် နည်းအမျိုးမျိုးဖြင့် ချိန်ညှိလိုက်လျော ဆောင်ရွက်ကြခြင်းဖြင့် ကျေနပ်ပြေလည်နိုင်စရာ ရှိပေသည်။

တစ်ဦးအလိုကို တစ်ဦးလိုက်လျောကာ သင့်တင့်ခံသာ သာယာတပ်မက်လောက်အောင် ဖြည့်စွမ်းပေးခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး လိုက်ဖက်ညီညွတ်၍ မပြေလည်သည်မရှိဘဲ ပြေလည်ရသည်သာ ဖြစ်ပေသည်။ အနောက်နိုင်ငံများတွင် ဆေးဝါး၊ ပစ္စည်းကိရိယာများကိုပင် တီထွင်၍ ဤကိစ္စတွင် အကူအညီပေးကြပေသည်။ အမှန်အားဖြင့် သဘာဝအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြေပြစ်ခြင်း မရှိတတ်သော ကိစ္စများတွင်လည်း ပြုပြင်ဖြည့်စွမ်းသော အကျပစ္စည်းတို့ဖြင့် မိန်းမ၊ ယောက်ျားတို့၏ အလိုဆန္ဒရှိသည့်အတိုင်း မငြိုမငြင်ရအောင် ဖြည့်စွမ်းနိုင်ကြလေသည်။ များသောအားဖြင့် အချိုးအစား လိုအပ်သလို လိုက်ဖက်အံကျမှု မရှိခြင်းအတွက် လိင်ကိစ္စဆိုင်ရာ ဆရာဝန်များ၊ ဆေးတိုက်များတွင် အကြံဉာဏ်တောင်းယူကြပေသည်။ သို့ရာတွင် ဤကိစ္စများကို ရေးကြီးခွင်ကျယ်လုပ်ခြင်း မရှိဘဲနှင့်ပင် သိကျွမ်းနားလည်သော ယောက်ျားကြီး၊ မိန်းမကြီးတို့၏ အကြံဉာဏ်ဖြင့်လည်း မိမိ၏ အိမ်ထောင်ဘက်၏ ကျေနပ်သည့် အခြေသို့ရောက်အောင် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်လေသည်။

သတိပြုရန်မှာ လိုအပ်ချက်၊ ပြုပြင်ရန်အချက်ရှိပါလျက် သဘာဝအတိုင်းထက် ဘာမျှမတတ်နိုင်ဟူ၍ အံကျပြေလည်နိုင်ရေးကို ကြိုးစားဆောင်ရွက်ခြင်း မပြုပါက တစ်ဖက်သားသည် လိုလားသော သာယာမှုမရှိဘဲ၊ မကျေမနပ်၊ မလိုမလား၊ မနှစ်သက်နိုင်တော့သည့် အခြေအနေသို့ ရောက်နိုင်ပေသည်။ ဤကိစ္စတွင်လည်း ပုံကိဖက်အံကျခြင်းမရှိပုံ အမျိုးမျိုးအစားစားပင်ရှိ၍ လိုရာလိုရာ၌ လိုအပ်သလို ပြုပြင်နိုင်သောကိစ္စများကို အသေးစိတ်ရေးသားဖော်ပြရန် လိုမည် မဟုတ်ပေ။ လင်နှင့်မယားသည် မိမိ၌ရှိသည့် ချို့ယွင်းချက်ရှိသည်၊ မည်သို့ မလိုလားဖွယ်ရှိသည်တို့ကို စိစစ်၍ တစ်ဖက်သား ကျေနပ်သာယာမှုအတွက် ချို့ယွင်းမှုကို ပြည့်တင်းစေရန်နှင့် မလိုလားဖွယ်ကို သက်တောင့်သက်သာ လိုလားသာယာဖွယ်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ကြာရှည် လေးမြင့်စွာ မြဲသော အိမ်ထောင်မှုဘဝ ဖန်တီးရန်သာ လိုပေသည်။ ထိုကိစ္စတွင် ပြဿနာမပေါ်သော ဇနီးမောင်နှံတို့အတွက်မှာကား အထူးအထွေမလိုပေ။ မည်သို့ပင်ဖြစ်စေ မိမိအိမ်ထောင်ဘက်အနေဖြင့် လိုလားနှစ်သက်မည့် အနေ၊ အဆုံးစွန်သာယာကြည်နူးနိုင်မည့်အနေသို့ ရောက်စေနိုင်အောင် အံကျမှုနှင့် ပတ်သက်၍ ဆောင်ရွက်ရပေမည်။

အနေအထားနှင့်ပတ်သက်၍လည်း စဉ်းစားဆင်ခြင်ခြင်းပြုရန် လိုအပ်ပေသည်။ အနေအထားဟုဆိုရာတွင် သတ္တဝါတို့၏ ကိုယ်ခန္ဓာဖွဲ့စည်းပုံကို လိုက်၍ သဘာဝကျသော သမားရိုးကျအနေအထား၊ သို့မဟုတ် လူမျိုးများ၏ ကျင့်သုံးမှုအနေအထား တစ်ရပ်ရပ်ရှိပေမည်။ သို့ရာတွင် ထိုအနေအထား





သည် ကိုယ်လုံးကိုယ်ထည်၊ အရပ်အမောင်း၊ အတိုင်းအဆ ပမာဏတို့ကို လိုက်၍ အိမ်ထောင်ဘက်တိုင်းအဖို့ ပုံသေကားကျ အထောက်အပံ့ဖြစ်စေလိမ့်မည်မဟုတ်ပေ။ လူ၏ စရိုက်ကိုလိုက်၍ ကျေနပ်နှစ်သိမ့်မှု အပြည့်အဝထည်းရချင်မှ ရပေမည်။ ထို့ကြောင့် အနေအထားနှင့် ပတ်သက်လျှင် နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ထိရောက်သော အနေအထား၊ လိုလားသော အနေအထား၊ သက်တောင့်သက်သာရှိမည့် အနေအထား၊ ကိုယ်လုံးကိုယ်ထည် အတိုင်းအဆပမာဏအလျောက် ဆီလျော်မည့် အနေအထား စသည်တို့ကို ရွေးချယ်စမ်းသပ်၍ သင့်ရာကို လိုက်နာလက်ခံနိုင်ပေသည်။

အနေအထားတစ်မျိုးတည်းကို အသုံးပြုခြင်းသည် ငြီးငွေ့စေနိုင်သဖြင့် အခါအားလျော်စွာ ပြောင်းလဲအသုံးပြုရန်လည်း လိုပေသည်။ ထို့မှတစ်ပါး တစ်ဦးအကြိုက်တွေ့သော်လည်း ကျန်တစ်ဦးအတွက် မလိုလားသည့်အနေအထားမျိုးလည်း ရှိပေရာ၊ နှစ်ဦးအကြိုက် မတာစေကာမူ တစ်ဦးကိုတစ်ဦး လိုက်လျောတန်သောအခါလည်း လိုက်လျောရပေလိမ့်မည်။ အားထုတ်မှု အဆင်ပြေမည့်အနေအထား၊ လူ၏ စရိုက်အတိုင်း အားထုတ်လိုသလို ဆောင်ရွက်ခွင့်ရနိုင်သော အနေအထားတို့ကိုလည်း လိုက်လျောရပေမည်။

ဤကိစ္စတွင် တစ်ဦးဦးကချည်း သက်သာမှုကို ဆုပ်ကိုင်ကာ ရွေးချယ်ခြင်း မပြုသင့်ပေ။ တစ်ဦး၏ အကြိုက်ဆုံးအနေအထားနှင့် ကျန်တစ်ဦး၏ အကြိုက်ဆုံးအနေအထားတို့သည်လည်း တူညီမည်မဟုတ်သဖြင့် လိုက်လျောသော အလှည့်တွင် လိုက်လျောရပေမည်။ ဤတွင် အနေအထားပြောင်းလဲခြင်းကို သာမန်ထက် ထူးကဲဖောက်ပြန်ခြင်းဖြစ်သည်ဟု အချို့ မိန်းမ၊ ယောက်ျားများက ထင်မှတ်တတ်ကြ၍ သမားရိုးကျဆက်ဆံကြသည်လည်း ရှိပေသည်။ သို့ရာတွင် နှစ်ဦးကျေနပ် လိုလားမှုရှိပါမူ ကာမဂုဏ်မှုကို မငြီးငွေ့စေရုံမက တိုးတက်သာယာသော နည်းလမ်းရှာဖွေဆောင်ရွက်ခြင်းအတွက် အန္တရာယ်ရှိစေနိုင်သော အနေအထားမဟုတ်ပါက လိုက်လျောသင့်သည်သာ ဖြစ်ပေသည်။ အနေအထားပြောင်းလဲဆောင်ရွက်ခြင်းမှာ တစ်ကမ္ဘာလုံး လိုက်စားသော ကိစ္စမျိုးပင်ဖြစ်၍ အချို့သောသူများ၏ ကိုယ်အင်္ဂါအချိုးအစားအတွက်လည်းကောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးအတွက်လည်းကောင်း၊ ဝေဒနာတစ်စုံတစ်ရာရှိသူအတွက် လည်းကောင်း၊ သားသမီးမလိုသူအတွက်လည်းကောင်း၊ အနေအထားတစ်မျိုးမျိုး ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရန် ဆရာဝန်များက ထောက်ခံအကြံပေးကြသည်သာ ဖြစ်ပေသည်။ ထို့ပြင်တစ်ပါး ကာမဂုဏ်ကိစ္စတွင် မိန်းမများက ဦးဆောင်လိုရာ၌လည်း သင့်တင့်သော အနေအထားဖြင့် ဆောင်ရွက်ခွင့်ပြုကြရသည်သာ ဖြစ်ပေသည်။

သတိပြုရန်မှာ အချို့သော အနေအထားတို့သည် ကျန်းမာရေးအတွက် လည်းကောင်း၊ အချို့သော ကိုယ်အင်္ဂါအချိုးအဆ ပမာဏအတွက် လည်းကောင်း၊ ထိခိုက်စေနိုင်၍ တစ်ဦးဦးကိုလည်း ပင်ပန်းစေလေသည်။ ထိုအနေအထားမျိုးကို ရံဖန်ရံခါမှသာ အသုံးပြုသင့်ပေသည်။ ဤကိစ္စတွင် လင်နှင့်မယားတို့ ပွင့်လင်းခြင်း၊ လိုက်လျောခြင်းရှိရန် လိုပေသည်။ အနေအထားအမျိုးမျိုးကိုကား ဤတွင် အသေးစိတ်ဖော်ပြ ဆွေးနွေးရန် လိုမည် မဟုတ်ပေ။ အားထုတ်မှုနှင့်ပတ်သက်၍လည်း အနေးအမြန်၊ အပြင်းအလျော့၊ အတွင်းအပြင်၊ အတိမ်အနက် စသည်တို့အပြင် အထက်အောက်၊ ရှေ့နောက်၊ ဝိုက်ဝန်း စသည့် အနည်းနည်းအဖုံဖုံပင် ရှိပေလိမ့်မည်။ အရေးကြီးသည်မှာ မည်သည့်အခိုက်အတန့်တွင် မည်သို့အားထုတ်ရန်နှင့် မိမိအိမ်ထောင်ဘက်သည် မည်သည့်အားထုတ်မှုမျိုးကို လိုလားနှစ်သက်သည်ကိုသိ၍ လိုလားသည့်အတိုင်း အလိုက်သိစွာ ဆောင်ရွက်ရန် လိုလေသည်။ တစ်ဖက်သား၏ ဆန္ဒကို ဖြည့်စွမ်းရန် အလှည့်ကျေပွန်လျှင်မူကား မိမိဆန္ဒရှိရာ ထူးခြားသာယာစေမည့် အားထုတ်မှုမျိုးကို ဆောင်ရွက်ရပေလိမ့်မည်။ အားထုတ်မှုတွင် ယောကျ်ားများဘက်၌သာ ရှိသည်မဟုတ်ဘဲ မိန်းမများကလည်း အားထုတ်ဆောင်ရွက်ရသော အပိုင်းရှိလေသည်။ မိန်းမသည်လည်း ကာမဂုဏ်ကိစ္စတွင် သဘောတူ ပါဝင်ဆောင်ရွက်သူဖြစ်၍ နှစ်ဦးပေါင်း၏ ဖြည့်စွမ်းမှုဖြစ်ပေရာ မိမိတာဝန်ကို စိတ်အားထက်သန်စွာ ဆောင်ရွက်တုံ့ပြန်ရပေမည်။

အများအားဖြင့် မိန်းမတို့က တုံ့ပြန်အားထုတ်ခြင်းကို လော်လည်ရာ ရောက်သည်၊ ရှက်စရာဖြစ်သည်ဟူ၍ ထိန်းချုပ်နေတတ်ကြသဖြင့် သာယာမှုသည် ပြည့်ဝသင့်သလောက် ပြည့်ဝခြင်းမရှိပေ။ ဤကိစ္စသည် ရှက်ဖွယ်ကိစ္စမဟုတ်ပေ။ ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေ့ဖွယ်မရှိပေ။ မိန်းမသည် ကာမဂုဏ်ကိစ္စကို မဆောင်ရွက်ရဟူ၍ မဆိုသာပေ။ သူလည်းလူသားဖြစ်၍ သူ့ဆန္ဒရှိရာ၊ သဘာဝအတိုင်း လွတ်လပ်စွာ





တုံ့ပြန်ခွင့်ရှိပေသည်။ သူ့စိတ်၊ သူ့တက်ကြွမှုအတိုင်း၊ သူ အားယူချင်သလို ယူပေမည်၊ သူမှုနွဲ့ချင်သလို နွဲ့ပေမည်၊ သူပရိယာယ်ဆင်ချင်သလို ဆင်ပေမည်၊ သူ့လွတ်လပ်မှု အပြည့်အဝဖြင့် သူ့လင်နှင့် နှစ်ဦးချင်းကိစ္စတွင် သူ့ဆန္ဒရှိရာ လွတ်လပ်စွာ ပြုမူခွင့် ရှိစေရပေမည်။ ဤအပြုအမူ ဤအခွင့်အရေးအတွက် သူ့အား ရှုတ်ချကဲ့ရဲ့ခြင်း၊ သရော်ခြင်း၊ တားမြစ်ခြင်း မပြုသင့်ပေ။ ထို့ပြင်တစ်ပါး ယောကျ်ား၏ အားထုတ်မှုနှင့် ပတ်သက်၍လည်း လင်သား၏ ဆန္ဒအတိုင်း လွှတ်ထားရန် မလိုဘဲ မိမိဆန္ဒရှိရာ အားထုတ်စေနိုင်ခွင့် ရှိပေသည်။ မည်သို့အားထုတ်ရန် တောင်းခံနိုင်ခွင့် ရှိပေသည်။ ချစ်မြတ်နိုးသော လင်နှင့် မယားကိစ္စတွင် ဤအချက်များသည် အသေးအဆန်း မဟုတ်ပေ။

ထို့ပြင်တစ်ပါး မိန်းမတို့က သဘာဝအတိုင်း တုံ့ပြန်အားထုတ်သည်ကို ယောကျ်ားများကလည်း လိုလားနှစ်သက်သည်သာ ဖြစ်လေသည်။ လင်အပေါ်၌ မိန်းမတစ်ယောက်၏ လွတ်လပ်စွာ ပြုမူခွင့်မှန်သမျှကို အားပေးရပေမည်။ ပြည့်တန်ဆာ စသည်တို့နှင့် ဆက်ဆံဖူးသော ယောကျ်ားတို့သည် တုံ့ပြန်မှု၏ ထိတွေ့ချက်ကိုခံစားရသဖြင့် ငြိမ်သက်သော မိမိတို့၏ ဇနီးမယားတို့အပေါ်တွင် အားမရနိုင်ဘဲ သာယာမှု ပျက်ပြယ်တတ်လေသည်။ လင်သားအပေါ်တွင် အလိုတကျ တုံ့ပြန်တတ်သော မိန်းမမျိုးမှာကား ပီယဆေးမဆောင်ဘဲ လင်၏ စွဲမက်ခြင်းခံရသည်သာ ဖြစ်တတ်ပေသည်။

အားထုတ်မှုနှင့် ပတ်သက်၍ မိန်းမများသည် ဆန္ဒပြည့်ဝမှု အတိုင်းအတာ ကြာရှည်တတ်သည်ဖြစ်ရာ ယောကျ်ားဖြစ်သူသည် မည်သည့်အခါမျှ မိမိဆန္ဒ ပြည့်ဝမှုကို ဦးစွာ မဆောင်ရွက်သင့်ပေ။ မယားဖြစ်သူ ဆန္ဒ ပြီးမြောက်သည်အထိ သူလိုနည်းအတိုင်း ဆောင်ရွက်ပေးရပေမည်။ သူ့ဆန္ဒ ပြည့်မြောက်သွားပြီးနောက်တွင်ကား မိမိအလှည့်ဖြစ်၍ သူ့အတွက် ငဲ့တွက်လိုက်လျောရန်မလိုဘဲ မိမိဆန္ဒ ရှိရာနည်းဖြင့် မိမိဆန္ဒကို ဖြည့်စွမ်းနိုင်ပေသည်။ အခါများစွာတွင် မိန်းမဖြစ်သူသည် ဆန္ဒအသင့် ဖြစ်ပေါ်၍ အသင့်ပြင်ဆင်ပြီး ဖြစ်ပါက လင်ယောကျ်ားသည် မိန်းမနှင့် တစ်ပြိုင်တည်း ဆန္ဒပြီးမြောက်သွားအောင် ညှိ၍ ချိန်ဆဆောင်ရွက်နိုင်လေသည်။ သို့မဟုတ် ပါကလည်း ယောကျ်ားသည် မိမိအလှည့်ဖြည့်စွမ်းချိန်တွင် မိန်းမလည်း နောက်တစ်ကြိမ် ဆန္ဒပြည့်မြောက်ပြန်ကာ ဒုတိယအကြိမ်နှင့် တစ်ပြိုင်တည်း

www.burmeseclassic.com

www.burmeseclassic.com



ညှိ၍ ဆန္ဒပြီးစေနိုင်လေသည်။ မိန်းမ၏ စိတ်တက်ကြွမှုနှင့် ယောက်ျား၏ ကြာရှည်ထိန်း၍ အားထုတ်နိုင်မှုအရ၊ တစ်ခါတစ်ရံတွင် ယောက်ျားတစ်ကြိမ် ဆန္ဒပြည့်ရာ၌ မိန်းမက ၂-ကြိမ်မှ သုံးကြိမ်အထိပင် ဆန္ဒပြည့်မြောက်နိုင်လေသည်။

မည်သို့ပင်ဖြစ်စေ မိန်းမတစ်ကြိမ်မပြည့်မြောက်သေးမီ ယောက်ျားက မထိန်းချုပ်နိုင်ဘဲ ဆန္ဒပြီးစီးသွားခြင်း မဖြစ်စေသင့်ပေ။ ဆန္ဒပြီးမြောက်သွားပါက ဆက်လက်၍ တစ်ရှိန်တည်း အားထုတ်ခြင်း မပြုနိုင်ဘဲ ရှိတတ်ပေရာ မိန်းမအဖို့တွင် တက်ကြွလေပြီးမှ ဆန္ဒမပြည့်မြောက်ဘဲ လွတ်ဟာသွားရခြင်းကြောင့် ချဉ်ရဲမပြေ၊ မကျေမနပ်ဖြစ်ရတတ်လေသည်။ ထိုသို့ မိန်းမ၏ ဆန္ဒကို မငဲ့ဘဲ တစ်ကိုယ်ကောင်းပြုကျင့်ဖန်များလျှင် မိန်းမဖြစ်သူသည် သည်းမခံနိုင်ဘဲ ရှောင်လွှဲခြင်း၊ ဖောက်ပြန်ခြင်း ပြုတတ်ပေသည်။ အခြားအကြောင်းများကြောင့် အိမ်ထောင်မကွဲပျက်လျှင်လည်း စိတ်ဆင်းရဲကြီးစွာနှင့် နေရတတ်လေသည်။ ကြာလျှင် ကာမဂုဏ်အားနည်း၍ မြဲသောရောဂါ၊ သွေးလေ မမှန်သောရောဂါများပင် ရတတ်လေသည်။

ယောက်ျားဖြစ်သူသည် မိန်းမက လိုက်လျော၍ ထိန်းချုပ်ရသဖြင့် သာယာမှု ပျက်ပြားရသည့်အခါ ရှိကောင်းရှိပေမည်။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် အလိုက်ဒ႑လျော ရှိရပေမည်။ အကယ်၍ မိန်းမအား အသင့်ပြင်ဆင်ပြီးမြောက်အောင် စေ့ဆော်ပေးနိုင်လျှင်လည်း ထိုအခက်အခဲ ရှိနိုင်ပေ။

ယောက်ျားများသည် အားထုတ်မှုကို လိုအပ်သလို အချိန်ဆွဲခြင်း၊ ထိန်းချုပ်ခြင်း လုပ်နိုင်စွမ်း ရှိရပေမည်။ ဤအစွမ်းကိုလေ့ကျင့်ခြင်း၊ စိတ်ကိုအာရုံပြောင်းလဲပေးခြင်း၊ ဆန္ဒမစောခြင်း စသည်အားဖြင့် ရရှိနိုင်ပေသည်။ ကာမဂုဏ်မှ ရှောင်ကြဉ်ချိန်ကာလ ရှည်လျားပြီးနောက် ဦးစွာဆောင်ရွက်ချိန်မျိုးတွင် သွေးသားထက်သန်မှုကြောင့် ထိန်းချုပ်ရန် ခက်ခဲတတ်ပေသည်။ သို့ရာတွင် တစ်ကြိမ်ဆောင်ရွက်ပြီးနောက်၌သာ သာမန်အတိုင်း ထိန်းနိုင်စွမ်းရှိလာရပေသည်။

ကာမဂုဏ်ကိစ္စတွင် မိန်းမများသည် မည်သည့်ပမာဏ၊ မည်သည့်အချိန်ကာလ ပတ်ဝန်းကျင်၊ မည်သည့်အနေအထား၊ မည်သည့်အားထုတ်မှု၊ အကြိမ်မည်မျှ စသည့် လိုအင်အားလုံးကို သိရှိအောင် ကြိုးစား၍ အထူးသဖြင့် မိမိမယား၏ လိုအင်အတိုင်းအဆကိုကောင်းစွာ နားလည်ထားမည်ဆိုပါက သူ၏ အလိုကို အပြည့်တင်းနိုင်ဆုံးသော တစ်မိုးအောက်ထစ်ယောက်ဖြစ်လာနိုင်ပေသည်။ မိန်းမများအတွက်လည်း ထို့အတူပင် လင့်အကြိုက်ကို အလိုက်နိုင်ဆုံး ဖြည့်စွမ်းပေးပါက ထိုလင်သည် မိမိကိုသာလျှင် အကဲလွန်ဆုံး ချစ်မြတ်နိုးပေလိမ့်မည်။ ဤသည်တို့မှာ အိမ်ထောင်ပြုသူတို့ မျှော်မှန်းဆုံးသော၊ ရလည်းရထိုက်သော ပြည့်စုံမှုပင် ဖြစ်ပေမည်။ ထိုသို့ အလိုပြည့်နိုင်အောင် လေ့လာရပေမည်။ သိနားလည်ထားရပေမည်။ ချစ်သည် ကြိုက်သည်ဟု တွတ်တီးတွတ်တာ ပြောကြရုံနှင့်ကား ပြီးမည်မဟုတ်ပေ။

အမှန်အားဖြင့် အိမ်ထောင်ရှင် ယောက်ျား၊ မိန်းမတို့ သိထားသင့်သော ဤအိမ်ထောင်မှုအတွင်းရေးတို့ကို မြန်မာစာအုပ်စာတမ်းများတွင် အတွင်းကျကျ ရေးရန် ဝန်လေးခဲ့ကြသောကြောင့်၊ ယောက်ျားအချင်းချင်း၊ မိန်းမအချင်းချင်း နှုတ်ဆော့သူ၊ အတင့်ရဲစွာ ကျီစားနောက်ပြောင် ပြောဆိုနေကြသည့် အတင်းအဖျင်းလောကမှသာ သိရ၊ နာရ၊ လေ့လာမှတ်သားကြရလေသည်။ လှို့ဆော်မှုမပါ၊ ညစ်ညမ်းမှုမပါ၊ ဖောက်ပြန်ပျက်စီးလော်လည်အောင် သွေးဆောင်မှုမပါဘဲ၊ မှန်ကန်သော အချက်အလက်များကို ရိုးသားစွာ သိစေ၊ နားလည်စေရန် သိနားလည်သူတို့က ရေးသားညွှန်ပြရန်ကား မုချလိုအပ်ပေသည်။ သိသည်ထင်၍ မသိကြခြင်းကြောင့်၊ အချိန်လွန်မှ သဘောပေါက်ကြရ၍ အများကို နောင်မှ နောင်တရကြပေမည်။ တစ်ဦးနှင့်တစ်ဦး ဖွင့်ဟဆွေးနွေးရန် မလွယ်သော အိမ်ထောင်ရှင်အမျိုးသမီးများမှာ နံအကန်းတီး၍ နေကြရပေမည်။ သိသူဖော်စားချိန်၌ မသိသူခံစား၍ နေရပေမည်။ ယောက်ျားကလေးများ အကင်းမပါးမှုကြောင့်လည်း မိန်းကလေး ဣန္ဒြေရှင်များ အခွင့်အရေး ဆုံးရှုံးရလေသည်။ မိန်းကလေးက စ၍ ဖွင့်၍မပြောနိုင်သည့် ကိစ္စများတွင် ကူညီပြောပေးမည့်သူများ မရှိ၍ ကြိတ်မှိတ်ခံစားရပေမည်။ မသိနားမလည်ရှာသော အိမ်ထောင်ရှင်မများမှာလည်း စေတနာရှိပါလျက် လင်၏ အလိုကိုမသိ၊ သဘာဝကိစ္စကို သဘောမပေါက်၍ ငြင်းဆန်မြဲသိပ်ရကာ အလိုလိုက်တန်သမျှ မလိုက်ရာဘဲ ရှိပေလိမ့်မည်။ ယောက်ျားကလေးများအတွက် သိရန်လွယ်ပြီး ဦးဆောင်ရသူဖြစ်သဖြင့် မထောင်းတာသော်လည်း သဘာဝကို မသိသော လင်တို့၏ လက်ဝယ်၌ ညွှန်းမပြတတ်သော အိမ်ရှင်မတို့မှာ နာဘက်သာ ရှိခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရနေသည်။

ကာမဂုဏ်မှုကိစ္စသည် လူ့ကိစ္စသာဖြစ်၏၊ သူတော်စင်များ၊ ဘဝလွတ်မြောက်ကြောင်း ရှာသူများ၏ အလုပ်မဟုတ်ပေ။ ကိလေသာကာမတဏှာသည် ပူလောင်၏၊ ဘဝကို အဖန်ဖန်လည်စေ၏၊ ဒုက္ခအပေါင်းကို သာအရင်းခံ၏။ ထို့ကြောင့် လောကုတ္တရာအားထုတ်သူများအတွက် အညစ်အကြေးမျှသာ ဖြစ်၍ ရွံရှာစက်ဆုတ်အပ်၏၊ ပယ်အပ်၏၊ စကားအရာ၌ လူသုထဲတွင် ထည့်သွင်း၍ ပြောကောင်းသည် မဟုတ်ချေ။ မွန်မြတ်မှုအတွက် ကိလေသာနည်းအောင်၊ ကင်းအောင် အားထုတ်သင့်ကြပေသည်။ ကာမဂုဏ်၏ အလိုသို့လည်း အတိုင်းအဆမရှိ မလိုက်အပ်ပေ။

သို့ရာတွင် လူ့လောက ကာမဝဋ်နှောင်တွင်း၌ ရှိနေရသေးခိုက်တွင် ထိုဝဋ်နှောင်၏ အကြောင်းကိုပင် သိရန်လိုပေသည်။ မျက်စိမှိတ်၍ သွားနေသည်ထက်၊ မျက်စိဖွင့်၍ သွားခြင်းက ကောင်းပေမည်။ အဆိုးထဲ၌ အကောင်း၊ ဒုက္ခထဲမှ သုခကိုပင် ရှာရချေမည်။ သို့မှလည်း လောကလူသားတို့အတွက် ဆောင်ရွက်ရန် ကုန်ထုတ်လုပ်မှုတာဝန်များကိုလည်း ပျင်းတွဲလေးဖင့်၊ နှောက်တွန့်ခြင်း မရှိဘဲ ဆောင်ရွက်နိုင်ပေမည်။ ကစားချိန်၌ အစွမ်းကုန် ကစားပြီးသော် အလုပ်လုပ်ချိန်၌ အစွမ်းကုန် အလုပ်လုပ်ရပေမည်။ ဝမ်းမဝသေး၍ အလုပ်တွင် ဖင့်နေသည်ထက်၊ ဝမ်းဝပြီးနောက် အလုပ်တာဝန်တွင် အားသွန်ကြရပေလိမ့်မည်။ အိမ်ထောင်ရေး မပြေလည်မှုများကို ညဥ့်၏ အမှောင်တွင် အစွမ်းကုန်ပြေလည် ကျေနပ်စေပြီး၍ နေ့၏ အလင်းဝယ်လူမှုတာဝန်များကို ထမ်းဆောင်ကြရပေမည်။ အမှောင်မှ ပြဿနာများကြောင့် အလင်းတွင် ထိုင်းမှိုင်းတွေဝေ၊ မကျေမချမ်း ဖြစ်မနေသင့်ပေ။

ဘုရားလူ့ဘ၊ မုနိန္ဒပင်လျှင် လောကီကိစ္စ၊ လူ့လောက၏ မကြားကောင်း မဆိုကောင်းကို အကြောင်းဆောင်သွေး၊ ဆိုရပေသေး၏။ ဝိနည်းပညပ်ရာ၌ ကာမဂုဏ်ကိစ္စနှင့် ပတ်သက်သော နိုက်နိုက်ချွတ်ချွတ် ကိစ္စများကို ဘိက္ခု၊ ဘိက္ခုနီတို့အား စစ်မေး၍ လိုအပ်သော ပညပ်ချက်များ ထားရှိခဲ့ပုံကို ဝိနည်းဒေသနာ၌ တွေ့ရှိနိုင်ကြပေသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်ဘာသာ၌ အပွင့်အလင်းရေးသား ပညာပေးလျက်ရှိသော လူမှုကိစ္စ သိစရာများကို အင်္ဂလိပ်ဘာသာတတ်သူသာ သိစေ၊ မြန်မာဖြင့်ကား





မရေးအပ်ဟူ၍ ချွင်းချက်မထားထိုက်သည့် အားလျော်စွာ သိစရာကို သိအောင် အတွင်းကျကျ ဖော်ပြရေးသားလိုက်ခြင်းပင် ဖြစ်၏။ ဤကိစ္စများကို သိရန်မလို၊ မသိအပ်ဟု ယူဆသူများ၊ သို့မဟုတ် တစ်ခန်းတနား လူသိနတ်ကြားအသိပေးအပ်သော ကိစ္စမဟုတ်၊ သိလိုသူချင်းကြိတ်ပြီး လက်တို့ပြောရမည့်ကိစ္စဟူ၍ ယူဆသူများအတွက် ချန်လှပ်ထားနိုင်ပေသည်။ ဤမျှသော လိင်ပညာအသိသည် မှောင်ခို၍ ဖြန့်ဖြူးရမည့် စာအုပ်ပြာများတွင်မှသာပါရှိရမည့် ကိစ္စမျိုးမဟုတ်ပေ။ လူ၏ သဘာဝစရိုက်ကို တင်ပြချက်များသာဖြစ်၍ လူ့ကိစ္စ၊ လူ့အကြောင်းထက် ပိုလွန်သည်၊ ညစ်ညမ်းသည်ဟူ၍ကား မယူဆသာချေ။ ထို့ကြောင့်ပင် အိမ်ထောင်ရေး နယ်နိမိတ်အတွင်း၌ ပိုအံ့၊ အသေးစိတ်အံ့၊ အန္တရာယ်မကင်းအံ့သော အရာတို့ကို ဖယ်ချန်၍ တင်ပြဆွေးနွေးခဲ့ပေသည်။

ကာမဂုဏ်ကိစ္စတွင် အိမ်ထောင်ရှင်များအနေနှင့် သိအပ်သော အချက် အနည်းငယ်ကျန်ရှိနေပေသည်။ ကာမဂုဏ်မှုသည် မျိုးရိုးဆက်တည်မှုအတွက် လူသားတို့ရှောင်ဖယ်ခြင်း မရှိရလေအောင် သာယာမှုများနှင့် သဘာဝက ဆက်စပ်ပေးထား၍ ယောက်ျား၊ မိန်းမတို့တွင်လည်း ထိုကိစ္စသို့ ဦးတည်အောင် ဆွဲဆောင်မှုများ ပေးသွင်းထားသည်ဟု ယူဆစရာရှိပေသည်။ ဤကိစ္စသည် သဘာဝကိစ္စပင်ဖြစ်ပေသည်။ ထို့ကြောင့် ကာမဂုဏ်မှုကို လင်နှင့်မယားတို့ မှန်ကန်စွာ အတိုင်းအဆနှင့် ဆောင်ရွက်ပါမူကား ကျန်းမာရေးကို ထိခိုက်နိုင်စရာ မရှိပေ။ သို့ရာတွင် အလွန်အကျူးလိုက်စားခြင်း၊ သဘာဝမဟုတ်သော နည်းဖြင့် ဆောင်ရွက်ခြင်း စသည်တို့အတွက်ကား အားအင်ကုန်ခမ်းခြင်း၊ ဉာဏ်အား ဆုတ်ယုတ်ခြင်း၊ ကျန်းမာရေး ချို့တဲ့ခြင်း၊ စိတ်ဓာတ် ညှိုးဖျင်းခြင်း ဖြစ်တတ်ပေသည်။

ထို့ကြောင့် လင်နှင့်မယား စိတ်သာယာသောအခါမျိုးတွင် အတိုင်းအဆထက် မလွန်အောင် ဖြည့်ကျင့်ကြရန်လိုပေသည်။ ထိုမှတစ်ပါး ကုန်ခမ်းသော အားအင်ပြန်လည်ပြည့်ဝစေရန် အနားယူအိပ်စက်ခြင်း၊ အာဟာရဖြစ်စေသော အစားအစာကို စားသောက်ခြင်း၊ ခွန်အားဖြစ်စေသော ဆေးဝါး စားသုံးခြင်း၊ သန့်ရှင်းစွာ နေထိုင်ခြင်း စသည်ဖြင့် လိုက်နာရန် လိုအပ်ပေသည်။ သဘာဝအတိုင်း မဖြစ်ပေါ်သော ဆန္ဒကို အတင်းစေစားခြင်း၊ အိပ်ပျက်ခံခြင်း၊ အကြိမ်များစွာ လွန်ကျူးခြင်း၊ စောင့်စည်းအပ်သော

www.burmeseclassic.com

www.burmeseclassic.com



အခါကို မစောင့်စည်းခြင်း၊ အချိန်မဟုတ်သည့်၌ ကိလေသာ ထုပြောစေသည့် ရုပ်ပုံ၊ စာပေတို့ကို မကြည့်ရှုခြင်း စသည်ဖြင့် လိုက်နာအပ်ပေသည်။ ကာမဂုဏ်စိတ်မှာ လူတို့သဏ္ဍာန်တွင် အချိန်ရှိသမျှ ကိန်းအောင်းမနေစေသင့်ပေ။ ထိုသို့ ကိန်းအောင်းနေပါက ကျန်းမာရေးလေ့ကျင့်ခန်း၊ ဝါသနာ လုပ်ငန်း၊ အပေါင်းအဖော်ကောင်းများ စသည်အားဖြင့် ဖျောက်ဖျက်ပစ်ရပေမည်။ ဤကိစ္စတွင် **"နည်းနည်းခံစားပါ၊ ကောင်းကောင်းခံစားပါ၊ အချိန်နှင့် ခံစားပါ"**ဟူသော ဆောင်ပုဒ်ကိုပင် လိုက်နာအပ်ပေသည်။

ကာမဂုဏ်ကိစ္စတွင် ကြော်ငြာကောင်းသော အားတိုးဆေးများ၊ ဓာတ်စည်းကိရိယာများကို အားကိုးတစ်ခု မပြုမိရန်လည်း သတိပြုသင့်ပေသည်။ သာမန် ကျန်းမာခွန်အားပြည့်ဝမှုရှိခဲ့လျှင် အတိုင်းအဆနှင့်ဖြစ်သော ကိစ္စကို ဆောင်ရွက်နိုင်သည်သာဖြစ်ရာ၊ ထိုထက်ပို၍ ကြိုးစားရန် ဆေးဝါးအမှီ အားကိုးနှင့်မှုကား ထင်တိုင်း မကြဲသင့်ပေ။ ကိုယ်ခန္ဓာနှင့် သွေးအားသည် သူ့အချိန်နှင့်မှသူ ပြန်လည်ဖြည့်ဝင်းနိုင်သည်ဖြစ်၍ သဘာဝကျန်းမာမှုထက် ပို၍ တန်ဖိုးထားရန် မသင့်ပေ။ ချို့ယွင်းချက်နှင့် ရောဂါဝေဒနာတစ်စုံတစ်ရာ ရှိလျှင်လည်း ကျွမ်းကျင်သော ဆရာသမားတို့အား တိုင်ပင်ကုသခြင်းသာ ပြုသင့်ပေသည်။ ဝေဒနာကို အထင်သေးပေါ့ဆခြင်း၊ တတ်ယောင်ကားဆေးနည်းများဖြင့် လက်တည့်စမ်းခြင်းများ မပြုသင့်ပေ။

ကာမဂုဏ်ကိစ္စတွင် ဖြည့်ဆောင်းခြင်းဟူသော တတိယအဆင့်ကို ဖော်ပြခဲ့လေသည်။ ထိုတာဝန်မှာ အခြားမဟုတ်ပေ။ ဆန္ဒပြီးစီးသည့်နောက်တွင် ဆက်လက်ဆောင်ရွက်ရန် တာဝန်ပင်ဖြစ်လေသည်။ အများအားဖြင့် ယောက်ျားတို့သည် မိမိတို့၏ ဆန္ဒပြီးမြောက်ပါက ကိစ္စပြီးစီးပြီဟူ၍ အားထုတ်မှု ရပ်စဲကာ ပြီးပြတ်လေ့ရှိကြပေသည်။ အာရုံခံစားချိန်သည် မိန်းမနှင့် ယောက်ျားတို့တွင် မတူညီပေ။ မိန်းမတို့မှာ တက်ကြွသော အချိန်နှေးကွေးစေကာမှ အာရုံခံစားသော အခိုက်အတန့်သည် ပို၍ ရှည်လေသည်။ သုတေသနပြုလုပ်သော လိင်ပညာရှင်များက အချိန်မှတ်နာရီဖြင့် တိုင်းတာစစ်ဆေးရာတွင် သာယာမှုခံစားရသောအခိုက်အတန့်သည် မိန်းမများတွင် ယောက်ျားများထက် ရှည်ကြာ၍ တစ်မိနစ်မှ သုံးမိနစ်အထိ ရှည်ကြာသည်ဟု ဆိုလေသည်။ သို့ဖြစ်ရာ မိန်းမသည် သူ၏ သာယာမှုကို စတင်ခံစားခိုက်တွင်ပင် ယောက်ျား၏ မသိနားမလည်မှုအရ အားထုတ်မှု ရပ်စဲလိုက်ခြင်းကြောင့် ရရှိနေသော အာရုံများပြန်၍ ကျဆင်းလွင့်ပြယ်သွားရတတ်လေသည်။ သူတို့အာရုံခံစားနေခိုက်တွင် ထိုအာရုံကို ထိန်းဆောင်ပေးထားရန်တာဝန်သည် ယောက်ျား၏ တာဝန်ဖြစ်သဖြင့် သူတို့ ရပ်စဲစေလိုသည် အထိ ဆက်လက်၍ ဆောင်ရွက် လှုပ်ရှားရပေမည်။

ထိုမှတစ်ပါး နှစ်ဦးလုံး သာယာမှုခံစားပြီးသည့်အခါ ချက်ချင်း ခွဲခွာလိုက်တတ်ကြသည်မှာလည်း ငြီးငွေ့မှု၊ ကြင်နာကင်းမဲ့မှု၊ ဆန္ဒဖြည့်မှုတွင်သာ အာရုံထားမှုပေါ်လွင်စေပေသည်။ ထို့ကြောင့် ဆက်ဆံမှုပြီးသည့် နောက်တွင် ကြင်နာချစ်ခင် ယုယပိုက်ဖြားခြင်း၊ ကြည်နူးခြင်းများ ရှိရန် လိုပေသည်။ များစွာသော အိမ်ထောင်ရှင်များမှာ ပထမပြင်ဆင်မှုကို အရေးမထားဘဲ အားထုတ်မှုတစ်ခုကိုသာ အဓိကလုပ်ငန်းအဖြစ် သဘောထားတတ်ကြသကဲ့သို့ တတိယအဆင့်ဖြစ်သော ဖြည့်ဆောင်မှု တာဝန်ကိုလည်း မသိနားမလည်စွာ ချန်လှပ်မိတတ်ကြလေသည်။ ထိုသို့အားဖြင့် ကာမဂုဏ်မှု၏ သုခချမ်းသာကို ပြည့်ဝစွာ မခံစားကြရဘဲ ရှိလေသည်။

ဖော်ပြခဲ့သည့်အတိုင်း အိမ်ထောင်ရှင်တို့သည် သာယာမှုကို ခံစားရာတွင်လည်း တစ်ဦးအပေါ်တစ်ဦး ကြင်နာလိုက်လျောကာ ညီညီမျှမျှ ဆန္ဒဖြည့်စွမ်းကြလျှင် အိမ်ထောင်၏ ခိုင်မြဲခြင်း၊ စိတ်မချမ်းမသာမှုနှင့် အခက်အခဲများကို ရပ်ခံနိုင်ခြင်း၊ ဘဝထူထောင်ရေးတွင် စိတ်သဘောတူညီခြင်း၊ အိမ်ထောင်တည်မြဲခြင်း စသော အကျိုးများကို ခံစားရမည်ပင် ဖြစ်လေသည်။

## အတိတ်မတူသော အိမ်ထောင်ရေး

ယောက်ျားနှင့် မိန်းမတို့သည် အိမ်ထောင်ပြုရာ၌ တစ်ဦးအပေါ်၌ တစ်ဦး အစွဲအလမ်းဟောင်းများ မထားသင့်ပေ။ မိန်းမများကို အထင်သေး နေသူသည် မယားမယူသင့်ပေ။ ယောက်ျားများကို လူရိုင်းလူကြမ်းများဟူ၍ အထင်ရှိနေသော မိန်းမသည်လည်း လင်မယူသင့်ပေ။ မိမိအိမ်ထောင်ဘက်အပေါ်၌ တကယ်ဖြစ်တည်သော အခြေအနေ၊ သဘောအမြင်ပေါ်၌သာ ဆုံးဖြတ်ရပေလိမ့်မည်။ မိန်းမဟူသည်မှာ ကောက်ကျစ်ယုတ်မာသည်ဟူ အဆိုရှိသော်လည်း မိမိမယားသည် မိန်းမယုတ်ဖြစ်ကောင်းမှ ဖြစ်ပေမည်။

www.burmeseclassic.com

မိန်းမတိုင်း ယုတ်မာသည်ဟု မဆိုသာပေ။ ထိုနည်းအတူ ယောက်ျားများအတွက် မည်မျှပင် ယေဘုယျကျသော ကောက်ချက်ပင်ဖြစ်စေကာမူ မိမိလင်ယောက်ျားသည် ထိုသဘောအတိုင်း ဖြစ်ကောင်းမှ ဖြစ်ပေမည်။ မိမိအမြင်အတွေ့ကို အခြေတည်၍ ဆုံးဖြတ်သိနားလည်ထားရပေမည်။

အချို့သည် မိမိနှင့်အတူ နီးကပ်စွာ ပေါင်းသင်းဆက်ဆံနေသော လူတစ်ယောက်လုံးကို ကျော်လွန်၍ မိန်းမအကြောင်း၊ ယောက်ျားအကြောင်းများကို သူတကာပြောသည်နှင့်ပင် ကောက်ချက်ချမှတ်သားထားမိတတ်ပေသည်။ လက်တွေ့နှင့် စာတွေ့ကို ပေါင်းစပ်ရပေမည်။ စာတွေ့ကို လက်တွေ့ဖြင့် ပြန်လည်တိုက်ဆိုင်စီစစ်ရပေမည်။ ကြိုတင်သိထားသော အသိနှင့် လူတစ်ယောက်အပေါ်တွင် အထင်ကြီးခြင်း၊ အထင်သေးခြင်းတို့သည် နည်းလမ်းမကျ၊ မှန်ကန်လိမ့်မည်လည်း မဟုတ်ပေ။ ဆင်ကောင်ကြီးတွေ့ပြီးမှ ဆင်ခြေရာကို ရှာဖွေသည်နှင့် တူပေလိမ့်မည်။ မိမိ၏ အိမ်ထောင်ဘက်သည် ည်သို့သဘောရှိသည်ကို မိမိတို့ ကိုယ်တွေ့လက်တွေ့ လေ့လာသတိပြု၍ ကောက်ချက်ချထားရပေလိမ့်မည်။

အိမ်ထောင်ရေးတွင် အများအားဖြင့် ရည်ညွှန်းသည်မှာ လူပျို၊ အပျိုများအတွက်ပင် ဖြစ်ပေသည်။ အိမ်ထောင်ရေး အတွေ့အကြုံ လုံးဝမရှိသေးသောသူများအဖို့ သိအပ်သိသင့်သောအရာ ဟူသမျှကို ညွှန်ပြထားပေသည်။ အိမ်ထောင်ပြုဖူးသူ၊ အိမ်ထောင်သက်ရှည်လာသူနှင့် အမှတ်မဲ့မနေဘဲ စိတ်ဝင်စားစွာ လေ့လာသူများကား အိမ်ထောင်ရေးပြဿနာများကို အတော်အတန် သိရှိထားကြပြီးပင် ဖြစ်ပေလိမ့်မည်။

လူပျိုနှင့် အပျိုတို့၏ အိမ်ထောင်ရေးမှာ မသိနားမလည် မကြုံတွေ့ဘူးသူချင်း နဖူးတွေ့ဒူးတွေ့ ဆက်ဆံလာကြရသဖြင့် တစ်မျိုးပြဿနာများရှိနိုင်သကဲ့သို့ အိမ်ထောင်ပြုဖူးသော ယောက်ျားနှင့်အပျို၊ အိမ်ထောင်ပြုဖူးသော မိန်းမနှင့် လူပျိုတို့တွင်လည်း ပြဿနာများ ရှိတတ်လေသည်။ ထိုပြဿနာများမှာ အိမ်ထောင်အတွေ့အကြုံရှိသူများ၌—

၁။ မိမိက အတွေ့အကြုံပို၍ရှိသဖြင့် တစ်ဖက်သားသည် မိမိလောက် နားမလည်၊ မိမိကသာ ရှေ့ဆောင်ခွင့်ရှိရမည် ဟူသော အယူအဆ၊

၂။ တစ်ဖက်သားသည် အတွေ့အကြုံမရှိသေးသော အစိမ်းသက်သက် ဖြစ်၍ မိမိလုပ်သည့်ကိစ္စကို ပြုမူသမျှ ကျေနပ်လိမ့်မည်ဟူသော အထင်သေးစိတ် နှင့်





၃။ ရှေးအထက်က အိမ်ထောင်ဘက်နှင့် နှိုင်းဆချိန်ထိုးကာ မကျေနပ်မှုများစသည်ကိန်းအောင်းနေတတ်ပေသည်။ ထို့ကြောင့်လည်း လင်နှင့်မယားတို့၏ ဆက်ဆံရေးမှာ ပြေလည်သင့်သလောက် မပြေလည်ရဘဲ ဖြစ်လာတတ်လေသည်။

ဖြစ်သင့်သည်မှာ အတိတ်ကို အတိတ်မှာပင် ထားခဲ့ခြင်းပင် ဖြစ်ပေသည်။ အိမ်ထောင်ဟောင်းမှ အတွေ့အကြုံနှင့် သင်ခန်းစာကို ယူနိုင်ပေသည်။ သို့ရာတွင် အိမ်ထောင်ဟောင်းနှင့် ဝေဖန်ချိန်ထိုး၍ ဤသို့ မဖြစ်ကောင်းလား၊ ထိုသို့ မတတ်သိကောင်းလားဟူ၍ အပြစ်တင်ရန် မသင့်ပေ။ လူတစ်ဦးတစ်ယောက်နှင့် တစ်ဦးတစ်ယောက်သည် တူညီမည် မဟုတ်ပေ။ ထိုတစ်ယောက်က ဤသို့ အပြစ်ရှိခဲ့သဖြင့် ဤတစ်ယောက်သည်လည်း ထိုသို့အပြစ်ရှိလိမ့်မည်ဟု ပုံသေမှတ် ယူ၍ မရပေ။ တစ်ဖက်သားသည် မိမိနှင့်မှ မတူသော သူတစ်ယောက်နှင့် ချိန်ထိုး၍ အပြစ်တင်ခြင်းကို ခံယူလိုလိမ့်မည်မဟုတ်ပေ။ အမှန်အားဖြင့် မိမိအများနှင့် အပြစ်ရှိခဲ့လျှင်သာ ပြန်လည်ဝေဖန်စစ်ဆေး၍ နောက်ထပ်မမှားအောင် ကြိုးစားရပေလိမ့်မည်။

အိမ်ထောင်ပြုဖူးသူတစ်ယောက်နှင့် လက်ထပ်ရသော အပျို၊ လူပျိုတို့တွင် စိတ်ငယ်မှုများ၊ အားမလိုအားမရမှုများ ရှိတတ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဖက်အိမ်ထောင်ရှင်သည် အိမ်ထောင်မှုကိစ္စအဝဝတွင် အတွေ့အကြုံရှိခဲ့ပြီးသူဖြစ်သောကြောင့် မိမိပြုစုသမျှသည် ကျေနပ်မှုရမှု ရစေနိုင်ပါမည်လော၊ ယခင်အိမ်ထောင်နှင့် ချိန်ထိုးကာ မိမိအပေါ် အထင်သေးလေမည်လော၊ အတွေ့အကြုံရှိခဲ့ပြီလေသောကြောင့် နှိုင်းယှဉ်ချက်ကို ရရှိနိုင်သူဖြစ်သည့်အတွက် မိမိအပေါ်တွင် စွဲမက်မှု စွဲမက်နိုင်ပါမည်လော။ တွေ့ကြုံခဲ့သည့် သာလွန်မှု၊ မြတ်နိုးမှုများကို မိမိကသာ သာလွန်အောင် ဖန်တီးမှု ဖန်တီးနိုင်ပါမည်လော။ မိမိအပေါ်တွင် ယခင်အိမ်ထောင်ထက်ပို၍ မြတ်နိုးမှု မြတ်နိုးပါလေမည်လော စသည်ဖြင့် သံသယဝင်စရာများ၊ စိတ်ငယ်စရာများ၊ အထင်လွဲစရာများ ရှိနေတတ်ပေသည်။

တစ်ဖက်သားတွင် အလိုအလျောက် ကိန်းဝင်နေတတ်သော သံသယများ၊ စိတ်ငယ်မှုများ ပ,ပျောက်သွားအောင် ဆောင်ရွက်ရမည်မှာ အတွေ့အကြုံရှိပြီးသော အိမ်ထောင်ရှင်၏ တာဝန်ပင်ဖြစ်လေသည်။ သံသယနှင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ငယ်မှုများ တစ်ဖက်သတ်ဝင်နေသော အိမ်ထောင်ဘက်သည် စိတ်၏ ဖမ်းစားမှု ဥပါဒါန်အရ မေတ္တာအားလည်း ယုတ်လျော့ပေလိမ့်မည်။ စိတ်ဓာတ်လည်း ကျဆင်းပေမည်။ ကျန်းမာရေးလည်း ပျက်ပြားပေမည်။ ဆောင်ရွက်လုပ်ကိုင်ရသမျှတွင်လည်း အလွဲလွဲအမှားမှား ဖြစ်နေပေလိမ့်မည်။ ထိုထက်ပို၍ မိမိကိုပင်စွန့်ခွာပြန်လေဦးမည်လောဟု မယုံကြည်စိတ်ဝင်လာတတ်လေသည်။ ဤအိမ်ထောင်မှုမျိုးသည် အကြောင်းမရှိဘဲလျက် သာယာမှု ဆိတ်သုဉ်းလာတတ်ပေသည်။

ထို့ကြောင့် အပျို၊ လူပျိုချင်းမဟုတ်သော အိမ်ထောင်ဘက်တွင် တစ်ဖက်သူသည် မိမိစိတ်တွင် အပျို၊ လူပျိုချင်းအဖြစ် စိတ်ဝင်စားအောင် ဖန်တီးရပေမည်။ အတိတ်ဟောင်းကို ဖုံးဝှက်ရန် မဟုတ်စေကာမူ၊ အတိတ်ဟောင်းနှင့် ချိန်ထိုးသော အပြုအမူ၊ အပြောအဆိုများ ကင်းစင်အောင် ရှောင်ကြဉ်၍ တစ်ဖက်သားကိုလည်း ဘဝတွင် ယုံကြည်စိတ်ဖြင့် စိတ်ငယ်ခြင်း၊ သံသယဝင်ခြင်းမရှိရအောင် ပြုမူနေထိုင်ရပေမည်။ ရဲတင်းအောင်နှင့် မိမိကိုယ်ကို အထင်သေးမှု၊ မကျေနပ်မှု မရှိအောင်လည်း အားပေးဆက်ဆံရပေမည်။ စိုးရိမ်မှုလွန်ကဲခြင်းလည်း မဖြစ်သင့်ပေ။

ထိုမျှသာမက မိမိအပေါ်တွင် ပိုလွန်မြတ်နိုးခြင်းရှိသည်ဟူ၍လည်း တစ်ထစ်ချ မယူဆသင့်ပေ။ မိမိကို ပိုလွန်မြတ်နိုးသည်ဟူသော မာနနှင့် ဆက်ဆံခြင်းမျိုးကြောင်း အမှားဖြစ်တတ်ပေသည်။ လူတိုင်းတွင် ချို့တဲ့ချက်များ ရှိပေလိမ့်မည်။ သို့ရာတွင် အခြားသူထက်သာလွန်သော အချက်များလည်း ရှိနိုင်ပေသည်။ ထို့ကြောင့် မိမိအပေါ်တွင် ပိုမို ခင်မင်စွဲလန်းစရာ မရှိဟူ၍ မဆိုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ မိမိသည် တတ်စွမ်းသမျှ မိမိအိမ်ထောင်ဘက်အပေါ်၌ ပြုစုဆောင်ရွက်ရပေမည်။ မိမိမစွမ်းဆောင်နိုင်သည့် ကိစ္စအတွက်မူကား စိတ်မောနေရန် အကြောင်းမရှိပေ။

အချို့သော အိမ်ထောင်တွင် နှစ်ဦးနှစ်ဖက်လုံးသည် အိမ်ထောင်ပျက် (ဝါ) အိမ်ထောင်ကြီးများ ဖြစ်တတ်ပေသည်။ တစ်ဖက်စီတွင် သားကြီး၊ သမီးကြီးများလည်း ရှိကောင်း ရှိတတ်ပေသည်။ နောက်ပိုင်းတာဝန်များလည်း ရှိတတ်ပေသည်။ မည်သို့ပင်ဖြစ်စေ အိမ်ထောင်အဖြစ် ဖွဲ့စည်းထူ စိုက်မိကြလျှင် သာမန်ပျော်မှုပါးမှု ယှဉ်တွဲမှုလောက်သာ သဘောမထားဘဲ၊ ကျန်ရှိသော အသက်ပိုင်းအတွက် တစ်သက်တာ၏ တာဝန်များကိုပါ ပေါင်းစပ်၍ ဘဝတစ်ခု ထူထောင်သည်ဟု သဘောထားရပေမည်။ တတ်နိုင်က နှစ်ဦးလုံး လူပျို၊ အပျိုများအဖြစ် သဘောထားကာ အတိတ်၏တာဝန်မှတာ… ချစ်ရေးနှင့် ဘဝကို မေ့ဖျောက်ကာ ပျော်ရွှင်ချမ်းမြေ့မှုရှာရပေလိမ့်မည်။ တစ်ဦးက တစ်ဦးကို အတွေ့အကြုံ မရင့်ကျက်သေးသူတစ်ဦးအဖြစ် သဘောထားရပေလိမ့်မည်။

BURMESE CLASSIC .com

နှစ်ဦးလုံးသည် မိမိတို့၏ အတိတ်က ကာမဂုဏ်ကိစ္စများတွင် အတွေ့အကြုံများကို ပေါင်းစပ်အသုံးချနိုင်မည်ဖြစ်စေကာမူ၊ တစ်ဦးကို တစ်ဦး ထုတ်ဖော်ပြောဆိုခြင်း၊ တစ်ဦးက တစ်ဦးကို အနိုင်ယူ၍ ပြောဆိုခြင်း၊ တစ်ဦးကို တစ်ဦး အထင်သေးခြင်းများ မပြုသင့်ပေ။ အခြားကိစ္စအလုံးစုံ၌လည်း တစ်ဦးနှင့်တစ်ဦး စိတ်သဘောချင်း တိုက်ဆိုင်အောင် ကြိုးပမ်း၍ တစ်ဦးဆန္ဒကို တစ်ဦး လိုက်လျောရပေလိမ့်မည်။ နှိုင်းယှဉ်ချိန်ထိုး၍ တစ်ဦးကိုတစ်ဦး အပြစ်ဆိုနေကြခြင်းဖြင့် စိတ်နာစရာ၊ ရွံ့မုန်းစရာများသာ ဖြစ်လာပေမည်။ အတိတ်ကို ပြန်လည်၍စကားနာထိုးခြင်း၊ အပြစ်တင်ခြင်းမျိုးလည်း မပြုလုပ်သင့်ပေ။ ထိုမှတစ်ပါး တစ်ဦး၏ ဘဝကို တစ်ဦးက ပုတ်ခတ်ခြင်း၊ အထင်သေးခြင်းလည်း မပြုအပ်ပေ။ အရေးကြီးသည်မှာ လက်ငင်းဆက်ဆံရေးနှင့် အနာဂတ်ဘဝထူထောင်ရေးသာဖြစ်ကြောင်းကို သတိပြုရပေလိမ့်မည်။ တစ်ဦးစီ၏ အတွေ့အကြုံမှ ကောင်းသော တတ်သိလိမ္မာမှုကို ပေါင်းစပ် အသုံးပြုရလိမ့်မည်သာ ဖြစ်ပေသည်။

❤ ❤ ❤

❤ တူနှစ်ကိုယ်ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေ ❤

လှသမိန်



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင်ရှင်၊ ကိုယ်ဝန်ဆောင်နှင့် သားသမီးမွေးဖွားသော မိခင်များ ဖတ်သင့်သော အင်္ဂလိပ်ကျမ်းစာအုပ်များ

1. Child Kare (J.H. Kenyon, M.D. and R.K. Russell, M.D.)
2. Childbirth without Fear (Grantly Disk-Read)
3. Having A baby (Dr. Alan F. Guttmacher)
4. Pregnancy and Birth ( do )
5. Primery for Pregnancy (Eve S. Featheringill)
6. Natural Child Birth (Frederick W. Good[illegible])
7. Feeding Your Baby and Child (Benjamin [illegible] Spock, M.D)
8. Wise Parenthood (Marie Stopes)
9. The Teenage Years (Arthur Roth, M.D.)
10. How to Train Boys and Girls (M. N. Ganesa Alyar)
11. The Normal Child (C.W. Valentine)
12. Patterns of Infant care (John and Elizabeth Newson.)
13. Mathercraft Manual (Mabel Liddiart)
14. Revelation of Childbirth (Grantly Dick-Read)
15. Childhood and Society (Erik H. Erikson)
16. The Power to Love (Edwin W. Hirsch. M.D.)
17. A History of Sexual Customs (Richard Lewinsohn. M.D.)
18. Sex and Marriage (Havelock Ellis)
19. The Secret of Sexual Bliss M.N. Ganesa Aiyer)
20. Sex Knowledge Norah March, B.Sc.
21. Psychology of Sex. (Have Lock Ellis)
22. The Science of Sexes C.M. Sreenivasan. (B.A., B.L.)
23. Marriage Technique. (C.H. Rai)
24. Lessons in Married Love (Dr. R. Swaroop)
25. Married Love (Dr. Marie Stopes)
26. A manual for Husband and Wife. (Dr. B. N. Basu, M. B.)
27. Psychology of Love (Dr. Jacobus Sutor M.D.)
28. Love Without Fear (Eustace Chesser, M.D.)
29. The sexually Adequate Female and Male (Frank S, Capprio, M.D.)
30. Change of Life in Men and Women (Marie C. Stopes)
31. Sex and Social Order (Georgene H. Seward)
32. Practical Birth-control Methods. (Norman E. Himes)
33. Emotional Adjustment in Marriage. (Le Mon Clark, M.S., M.D.)
34. The Hygiene of Marrige (Millard S. Everett)
35. A Marriage Manual (Hannah M.. Stone and Abraham Stone)
36. Happy Marriage (Norman E. Himes)
37. A thousand Marriages (Robert L. Dickinson M.D.)
38. Reproduction and Sex (G.I.M. Swyer M.A., D.M.)
39. Kama Sutra of Vatsyayana (Prof. H.S. Gambers)

BURMESE CLASSIC .com

www.burmeseclassic.com